PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝိမုတ္တိစာပေ

# အိုင်ဒီယိုလိုဂျီ

## မင်းခက်ရဲ

Min Khet Yei

IDEOLOGY

Michael Freeden

IDEOLOGY a very short introduction

MGKartz

မင်းခက်ရဲ အိုင်ဒီယိုလိုဂျီ

## ဒို့တာဝန်အရေး (၃) ပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အိုင်ဒီယိုလိုဂျီ

## မင်းခက်ရဲ

Michael Freeden
IDEOLOGY
A Very Short Introduction

ဖြန့်ချိရေး

စိမ်းရာ စာအုပ်တိုက်

ပုံနှိပ်မှတ်တမ်း -

အိုင်ဒီယိုလိုဂျီ - မင်းခက်ရဲ

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၇၀၁၀၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၄၈၀၂၁၂

ပုံနှိပ်ခြင်း - ဝိမုတ္တိ (ပထမအကြိမ်) မတ်၊ ၂၀၁၂

မျက်နှာဖုံးဒီဇိုင်း - MGKartz

ကွန်ပျူတာစာစီ - တိုးဝင်းနိုင်

ထုတ်ဝေသူ - ဒေါ်သင်းသင်းမော် (သင်းစာပေ)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်တိုက် - ဦးဇော်မြင့်ဝင်း၊ ကာလာဇုံပုံနှိပ်တိုက်၊
၁၈၄၊ ခ ၃၁ လမ်း၊ ပန်းဘဲတန်း

တန်ဖိုး - ၂၀၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း CIP

မင်းခက်ရဲ ၁၀၂
အိုင်ဒီယိုလိုဂျီ
မင်းခက်ရဲ - ရန်ကုန်
သင်းစာပေ ॥ ၂၀၁၂
၁၇၀ စာ ၁၃×၂၁စင်တီ
(၁) အိုင်ဒီယိုလိုဂျီ

# မာတိကာ

| | စာမျက်နှာ |
|---|---|
| အခန်း (၁) အိုင်ဒီယိုလိုဂျီ | ၈ |
| အခန်း (၂) အိုင်ဒီယိုလိုဂျီတည်ဖြလာပုံအကြောင်း | ၂၂ |
| အခန်း (၃) သီအိုရီလမ်းဆုံပေါ်က အိုင်ဒီယိုလိုဂျီ | ၄၄ |
| အခန်း (၄) နိုင်ငံရေး ဘာသာစကားအတွင်းက တိုက်ပွဲ | ၆၂ |
| အခန်း (၅) နိုင်ငံရေးအကြောင်း တွေးခြင်း | ၉၀ |
| အခန်း (၆) မတ်ခရို အိုင်ဒီယိုလိုဂျီများ | ၁၀၆ |
| အခန်း (၇) မိုက်ခရို အိုင်ဒီယိုလိုဂျီများ | ၁၂၄ |
| အခန်း (၈) ရေးသားပို့ချမှုဆိုင်ရာ အရှိတရားများ | ၁၃၈ |
| အခန်း (၉) အမြင်အာရုံနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ အိုင်ဒီယိုလိုဂျီ | ၁၅၂ |
| အခန်း (၁၀) အိုင်ဒီယိုလိုဂျီမရှိရင်နိုင်ငံရေးဟာ ဘာကြောင့်အလုပ်မလုပ်နိုင်ရတာလဲ | ၁၆၂ |

## ဘာသာပြန်သူ၏ အမှာ

ဒီစာအုပ်ဟာ သာမန်အားဖြင့် 'နိဒါန်း' စာအုပ်တစ်အုပ်ဆိုပေမယ့် အခြားသော နိဒါန်းစာအုပ်တွေနဲ့ မတူပါဘူး။ အောက်စဖို့ဒ်တိုက်ထုတ် Very Short Inrtoduction စီးရီးများဟာ နိဒါန်းစာအုပ်တွေ ရင်ဆိုင် ရတဲ့ ပြဿနာတစ်ရပ်ကို ကျော်လွှားနိုင်ဖို့ ကြိုးစားထားတယ်။ ဒီစီးရီးတွဲတွေ ဟာ သက်ဆိုင်ရာ ပညာရပ်ကို ရေးသားတင်ပြသူရဲ့ အသိပညာအတွင်းက လိုအပ်သလို ခြုံငုံဖော်ပြရခြင်း (Simplyfying) မှာ အံ့ဩဖွယ်ကောင်းအောင် သေသပ်ကောင်းမွန်တယ်။ ဒါတင်မကဘူး။ နိဒါန်းစာအုပ်တွေရဲ့ အပြစ်အနာ အဆာလို့ဆိုရမယ့် အလွန်အကျွံခြုံငုံဖော်ပြခြင်း (Oversimplyfying)၊ အစွန်းရောက်အနက်ယူ တင်ပြခြင်း (Vulgarising)တို့ကနေ ကင်းလွတ်အောင် ကြိုးစားထားတယ်။

သာမန်နိဒါန်း စာအုပ်များနဲ့ ကွဲတဲ့ နောက်ထပ်အချက်တစ်ချက်က နိဒါန်းစီးရီးမှာ ရေးသားသူများရဲ့ ကျမ်းအများစုဟာ 'နိဒါန်း'စာအုပ်တွေ အတွက် လွယ်ကူအောင် အတင်းလျှော့ရေးထားတာမျိုး မဟုတ်ဘူး။ နဂို ကတည်းက ခမ်းနားထည်ဝါတဲ့ ကျမ်းကြီးကျမ်းခိုင်အဖြစ် တည်ရှိပြီးသားပါ။ အဲဒီလို တည်ရှိပြီးသား၊ ထွက်ရှိခဲ့ဖူးပြီးသား အရေးအသားကို VSI စီးရီး အဖြစ် ပြန်လည်ထုတ်ပေးခြင်းသာ ဖြစ်တယ်။ ဥပမာ ဂျွန်နသန်ကာလာရဲ့ ဘာ့သ်(Barthes)စာအုပ်ဟာ အဆောက်အအုံလွန်ဝါဒ ဖွံ့ဖြိုးချိန် ၁၉၈၃ ခုနှစ်ကတည်းက ရေးသားထုတ်ဝေခဲ့ပြီးသား စာအုပ်ပါ။ ဘာ့သ်ရဲ့ အကြောင်း၊ အဆောက်အအုံဝါဒနဲ့ အဆောက်အအုံလွန်ဝါဒ အကြောင်းကို ပြောဆိုရာမှာ အကိုးအထောက် အပြုအရဆုံးသော ကျမ်းတွေထဲက ကျမ်းတစ်ကျမ်း ပါပဲ။ ဒါပေမယ့် ဒီစာအုပ်ကို VSI စီးရီးရဲ့ ဘာ့သ်နိဒါန်းစာအုပ်အဖြစ် ထုတ်ဝေခဲ့တဲ့သဘောကိုကြည့်ရင် ဒီစီးရီးရဲ့ လေးနက်မှုကို ချိန်ကြည့်နိုင်တယ်။

စာဖတ်အတွေ့အကြုံရင့်ကျက်သူများဟာ 'နိဒါန်း' စာအုပ်ရယ်လို့ ကြားရင် လက်တွန့်သွားလေ့ရှိတယ်။ အလွန်အကျွံ ခြုံငုံဖော်ပြထားမယ်၊ အစွန်းရောက် အနက်ယူတင်ပြထားမယ် ထင်တဲ့အတွက်ပဲ။ ဒါပေမယ့် တစ်ခါ တစ်ရံ ကျွန်တော်တို့ဟာ ကျမ်းကြီး ကျမ်းခိုင်အများစုကို ဖတ်ရှုလေ့လာပြီး တာတောင်မှ သာမန်ဗဟုသုတလိုက်စားသူရဲ့ အသိပညာမျိုးလောက်ကိုသာ ရရှိလိုက်တဲ့အတွက် ကိုယ့်ကိုယ်ကို မကျေနပ်မိတာမျိုး ဖြစ်ကောင်းဖြစ်နေ တတ်တယ်။ VSI စီးရီးနဲ့ မိုက်ကယ်ဖရီဒမ်ရဲ့ စာအုပ်က စာဖတ်သူကို ကျေနပ် သာယာမှု အပြည့်အဝပေးအပ်လိမ့်မယ်။ အကြောင်းကတော့ ဒီစာအုပ်ဟာ အိုင်ဒီယိုလိုဂျီ၊ အိုင်ဒီယိုလိုဂျီလေ့လာမှုပညာရပ်ရဲ့ နယ်နိမိတ်နဲ့ သဘော သဘာဝတို့ကို အပြည့်အဝ နားလည်စေမှာဖြစ်တဲ့အတွက်ပါပဲ။

မင်းခက်ရဲ

PDF CREATOR - NYEYADHAMMA@GMAIL.COM



## အခန်း(၁)
## အိုင်ဒီယိုလိုဂျီ

အိုင်ဒီယိုလိုဂျီဆိုတာ ပြင်းထန်တဲ့ စိတ်လှုပ်ရှားတုံ့ပြန်မှုတွေ ဖြစ်ပေါ်လာအောင် နှိုးဆွပေးနိုင်တဲ့ စကားလုံးတစ်လုံးပါပဲ။ တစ်ခါက နိုင်ငံရေး အိုင်ဒီယိုလိုဂျီ အသုံးကျပုံအကြောင်း အမိကထားပြောတဲ့ လက်ချာတစ်ခု ကျွန်တော်ပေးပြီးတဲ့နောက်မှာ ပရိသတ်နောက်နားခပ်ကျကျက လူတစ်ယောက် မတ်တပ်ထရပ်လာတယ်။ ခြေဖျားထောက်ပြီး ကျွန်တော့်ကို လက်ရမ်းပြတယ်။ သူ့ပုံက ကျွန်တော်ပြောတာကို သဘောကျသလိုလို မကျသလိုလိုနဲ့ ပြီးတော့ "ဆရာ၊ ခင်ဗျားက ကျွန်တော့်ကို အိုင်ဒီယိုလိုဂျီသမား"လို့ ဆိုလိုသလားတဲ့။ လူတွေက "အိုင်ဒီယိုလိုဂျီ"ဆိုတဲ့ စကားကိုကြားရင် ကွန်မြူနစ်ဝါဒ၊ ဖက်ဆစ်ဝါဒ၊ ဒါမှမဟုတ် မင်းမဲ့ဝါဒလိုမျိုး "ဝါဒတွေ"နဲ့ မကြာခဏဆိုသလို တွဲဖက်မြင်တတ်ကြတယ်။ ဒီစကားလုံးတွေဟာလည်း အိုင်ဒီယိုလိုဂျီကို ထုတ်ဖော်ပြနေတာပါပဲ။ ဒါပေမယ့် သတိထားစရာတစ်ခုတော့ ရှိတယ်။ "ဝါဒ" ဆိုတာက သိပ်ပြီး ရင်းနှီးကျွမ်းဝင်တဲ့ ဝေါဟာရမဟုတ်ဘူး။ အဖျက်သဘောကလည်း မထင်မရှား ကပ်ပြီးပါနေတတ်တယ်။ အမေရိကန်ပြည်ထောင်စုမှာတောင် "လစ်ဘရယ်ဝါဒ"ဆိုတဲ့ ဝေါဟာရမှာ နိမ့်ကျတဲ့ ပညာရပ်ဝေါဟာရနည်းနည်းကလေး ပါနေသေးတယ်။ "ဝါဒ"လို့ဆိုကတည်းက လူကနေတည်ဆောက်ထားတဲ့ အတွေးအခေါ် အစုအဝေး၊ နေ့စဉ်လူနေမှုဘဝကနေ ဝေးကွာနေတဲ့အရာ၊ အာဏာရှိသူတွေ၊ အာဏာရှိချင်သူတွေသာ ခြယ်လှယ်ထားတဲ့ အရာလို့ ပြောနေတာပဲ။ ဝါဒကိုလုပ်သူတွေက နိုင်ငံရေးလောကကို ထိန်းချုပ်ဖို့ ကြိုးစားမယ်၊ ပြီးတော့ ကျွန်တော်တို့ကို သူတို့တည်ဆောက်ထားတဲ့ အယူဝါဒနဲ့ တွေးခေါ်ပုံအောက်ရောက်သွားအောင် အတင်းတွန်းပို့မယ်။ ဒါပေမယ့် "ဝါဒ"တိုင်းဟာ အိုင်ဒီယိုလိုဂျီ မဟုတ်ဘူး။ ဥပမာ အကောင်းမြင်ဝါဒဟာ အိုင်ဒီယိုလိုဂျီ မဟုတ်ဘူး။ ပြီးတော့ အိုင်ဒီယိုလိုဂျီတိုင်းဟာလည်း ဘာအလိုဆန္ဒမှမရှိတဲ့ လူ့အဖွဲ့အစည်းရဲ့ အမြင့်တစ်နေရာက ကျလာတာမဟုတ်ဘူး။ ကျွန်တော်တို့ဟာ ကျွန်တော့်ရဲ့ဘဝမှာ သိလျက်နဲ့ဖြစ်စေ၊ သတိမထားဘဲနဲ့ဖြစ်စေ အိုင်ဒီယိုလိုဂျီကို ထုတ်လုပ်တယ်။ ပျံ့နှံ့စေတယ်။ ပြီးတော့ စားသုံး



တယ်။ ဟုတ်တယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ကိုယ်ရှင်သန်ပါဝင်နေတဲ့ နိုင်ငံရေးပတ်ဝန်းကျင်ကို နားလည်မယ်ဆိုရင် ပြီးတော့ အဲဒီပတ်ဝန်းကျင်ရဲ့ အကျိုးဖြစ်ထွန်းမှုတွေ ကျရှုံးမှုတွေနဲ့ပတ်သက်ပြီး အမြင်တွေရှိမယ်ဆိုရင် ကျွန်တော်တို့ဟာ အိုင်ဒီယိုလိုဂျီသမားတွေလို့ပဲ ဆိုရမယ်။

ခင်ဗျားကိုယ်ခင်ဗျား မြို့ထဲမှာ လမ်းလျှောက်နေတယ်လို့ စိတ်ကူးကြည့်လိုက်။ လမ်းထောင့်တစ်ခုမှာ စိတ်လှုပ်ရှားမှုအပြည့်နဲ့ လူအုပ်စုတစ်စုကို ခင်ဗျား တွေ့မယ်။ သူတို့က အလံတွေကိုင်ပြီး ကြွေးကြော်သံတွေ အော်နေမယ်။ အုပ်စုရဲ့ လှုပ်ရှားမှုကို ထိန်းသိမ်းပေးဖို့ ယူနီဖောင်းဝတ် လူတစ်ချို့ကလည်း ရံထားမယ်၊ တစ်ယောက်ကလည်း မိုက်ခရိုဖုန်းနဲ့ စကားပြောမယ်။ လုထုကလည်း အားပေး နေမယ်။ အခြေအနေကို ခင်ဗျား ချက်ချင်းပဲ လျှင်လျှင်မြန်မြန် တုံ့ပြန်ရမှာဖြစ်တယ်။ ဆိုလိုတာက အခြေအနေကနေ ခင်ဗျား ရှောင်ထွက်မလား၊ ပူးပေါင်းပါဝင်မလား၊ ဒါမှမဟုတ် ဒါကို လစ်လျူရှုမလား? ပြဿနာက ဒီအခြေအနေအပေါ် ခင်ဗျား ဘယ်လိုအနက်ပြန်မလဲဆိုတဲ့အပေါ် မှီခိုနေတယ်။ တံကောင်းတာက ကျွန်တော်တို့အများစုဟာ သိစိတ်ရှိရှိဖြစ်စေ၊ မသိစိတ်ထဲကဖြစ်စေ ကိုယ်လေ့လာနေတဲ့ အဖြစ်အပျက်တွေပါဝင်တဲ့ လမ်းညွှန်မြေပုံတစ်ခုကို ပိုင်ဆိုင်ထားတယ်။ မြေပုံအရ အဖြစ်အပျက်ကို ကိုယ်လိုချင်သလို ကိုယ်အနက်ပြန်မယ်။ တကယ်လို့ ခင်ဗျားဟာ အမ်နားခစ်တစ်ဦးဖြစ်မယ်ဆိုရင် လမ်းညွှန်မြေပုံက "ဒါဟာ လူထုရဲ့ဆန္ဒကို ဒလစပ်ထုတ်ဖော်နေတာ၊ ဖိနှိပ်တတ်တဲ့၊ ရှေ့ကနေချပေးတတ်တဲ့ အီလစ်တွေထံကနေ နိုင်ငံရေးကိုဆွဲထုတ်ဖို့ တိုက်ရိုက်ကျကျ ဆန္ဒပြ ထုတ်ဖော်ရမယ်။ အာဏာဟာ ပြည်သူတွေဆီမှာပဲ ရှိရမယ်။ အစိုးရတွေဟာ လူထုရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ပြီး သူတို့ရဲ့ အကျိုးအမြတ်အတွက်သာလုပ်တယ်"လို့ ဆိုမှာဖြစ်တယ်။ တကယ်လို့ ခင်ဗျားဟာ ကွန်ဆာဗေးတစ်တစ်ယောက်ဆိုရင်တော့ မြေပုံက "ဒါဟာ အန္တရာယ်ရှိတဲ့ အဖြစ်အပျက်ပဲ။ တစ်ဦးချင်းစုထားတဲ့ လူစုလူဝေးဟာ သူတို့ရဲ့ မအောင်မြင်တဲ့ ရည်ရွယ်ချက်တွေအတွက် အကြမ်းဖက်မှုတွေနဲ့ ဆက်သွယ်သွားဖို့များတယ်။ ဒီလို တရားမဝင်တဲ့အပြုအမူကို အခြေအနေ ခိုင်မာတဲ့ အုပ်စုနဲ့ ထိန်းသင့်တယ်။ ဒီအုပ်စုကြီး ပြန့်ကျဲသွားဖို့ လိုတယ်။ သူတို့တွေ ရန်လိုလာရင် ဖမ်းရမယ်။ တရားစွဲရမယ်"လို့ ညွှန်ပြ

PDF CREATOR - NYEYADHAMMA@GMAIL.COM

ကောင်း ညွှန်ပြမယ်။ တကယ်လို့ ခင်ဗျားဟာ လစ်ဘရယ်တစ်ဦးဆိုရင်တော့ ဖြေပုံက "ဒီအခြေအနေကို ကောင်းချီးပေးရမယ်။ ဆန္ဒပြမှုကို ကျွန်တော်တို့ဟာ ဂုဏ်ယူသင့်တယ်၊ ဒါဟာ ဗဟုသဘောကို အကောင်းဆုံး သရုပ်ဖော်ပြမှုတစ်ခုပဲ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ပွင့်လင်းတဲ့သဘာဝပဲ။ သဘောမတူညီမှုရဲ့ အရေးပါပုံကို ကျွန်တော်တို့ တန်ဖိုးထားရမယ်။ တကယ်တော့ လွတ်လပ်စွာ ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်ဆိုတဲ့ အကြောင်းတွေကြောင့် ဒါကို ကျွန်တော်တို့ အားပေးရမယ်"လို့ ဆိုမယ်။

ကျွန်တော်တို့ သိကြတဲ့အတိုင်းပဲ အိုင်ဒီယိုလိုဂျီက ကျွန်တော်တို့အတွက် နိုင်ငံရေးနဲ့ လူမှုရေးလောကတွေကို လမ်းညွှန်ပြသတယ်။ အိုင်ဒီယိုလိုဂျီမရှိဘဲ ကျွန်တော်တို့ ဘာမှုမလုပ်နိုင်ဘူး။ အကြောင်းကတော့ ကိုယ်နေထိုင်တဲ့ လောကတွေထဲက အဓိပ္ပာယ်တွေကိုမသိဘဲ ကျွန်တော်တို့ ဘာမှမဆောင်ရွက်နိုင်လို့ပဲ။ ပြောရရင်တော့ "အဓိပ္ပာယ်တွေကိုသိခြင်း"ဆိုပေမယ့် ကောင်းတဲ့၊ ဒါမှမဟုတ် မှန်ကန်တဲ့အသိကို သိခြင်းလို့တော့ မဆိုလိုဘူး။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီမှာ သာမန်သိအများစုက မကြာခဏ ပါဝင်နေတတ်တယ်။ ဘယ်လိုပဲဖြစ်နေဖြစ်နေ နိုင်ငံရေးအချက်အလက်တွေဟာ သူတို့ဘာသာသူတို့ ဘယ်တော့မှ စကားမပြောနိုင်ဘူး။ အိုင်ဒီယိုလိုဂျီအမျိုးမျိုးကနေ တစ်ဆင့်သာလျှင် ပြောနိုင်တာပါ။ အချက်အလက်တွေဟာ ဘာကိုဆိုလိုသလဲဆိုတဲ့ အနက်ပြန်မှုအမျိုးမျိုးကို ကျွန်တော်တို့ကသာ ပေးအပ်တာ။ အိုင်ဒီယိုလိုဂျီတိုင်းဟာ အဖွဲ့အစည်း(ဝါ)အဆောက်အအုံပုံသဏ္ဌာန်တစ်မျိုးဖြစ်ပြီး ကိုယ်လိုချင်တဲ့ အစဉ်ပုံစံ တစ်ခုပါပဲ။ အိုင်ဒီယိုလိုဂျီဟာ နိုင်ငံရေးအချက်အလက်တွေ၊ အဖြစ်အပျက်တွေ၊ ဖြစ်ပေါ်မှုတွေ၊ အပြုအမူတွေကို ကျွန်တော်တို့ ဘယ်လိုဖတ်ရှုအနက်ပြန်မလဲ ဘယ်လိုမြင်ကြည့်မလဲ ဆိုတာပါပဲ။ အိုင်ဒီယိုလိုဂျီက ပြင်ပလောကထဲက အရှိတရားတွေကို ကိုယ်စားပြုမပေးပါဘူး။ ကျွန်တော်တို့ဖန်တီးထားတဲ့ အစဉ်ပုံစံတွေ၊ ဒါမှမဟုတ် တခြားကနေခံယူထားတဲ့ အစဉ်ပုံစံတွေဟာ ရုပ်ထွေးဆန်းပြားနေတာမဟုတ်ဘူး။ ဒါပေမယ့် အစဉ်ပုံစံမရှိဘဲနဲ့ ဘယ်အချက်အလက်ကိုမှ ကျွန်တော်တို့ နားလည်နိုင်မှာ မဟုတ်ဘူး။ နိုင်ငံရေးအချက်အလက်နဲ့ အဖြစ်အပျက်တွေဟာ ဆင်ခြင်မှုရှိရှိ(ဝါ)အချိုးကျကျမဖြစ်တော့ဘဲ အချက်



အလက်တွေသက်သက် ကြုံရာကျပန်း လက်ခံထားသလို ဖြစ်နေမှာပါပဲ။

ဒါဖြင့်ရင် ဘာကြောင့် အိုင်ဒီယိုလိုဂျီတွေအပေါ်ကို သံသယကြီးနေကြပြီး၊ မယုံမကြည်ဖြစ်နေကြရသလဲ? ဘာကြောင့် အရှိတရားကို ပုံဖျက်ထားတာအဖြစ် စဉ်းစားခံခဲ့ရသလဲ? အိုင်ဒီယိုလိုဂျီလောက် နားလည်မှုလွဲမှားစေတဲ့ နိုင်ငံရေးဝေါဟာရ မရှိသလောက်ပါပဲ။ နိုင်ငံရေးရဲ့ လက္ခဏာနဲ့အရေးပါမှုမှာလည်း "အိုင်ဒီယိုလိုဂျီ"လောက် အရေးပါတဲ့ဝေါဟာရဟာ မရှိသလောက်ပါပဲ။

အိုင်ဒီယိုလိုဂျီတွေအကြောင်း ဆွေးနွေးရာမှာ ဒီစာအုပ်ဟာ နိုင်ငံရေးအိုင်ဒီယိုလိုဂျီတွေကို အဓိကရည်ညွှန်းတယ်။ အိုင်ဒီယိုလိုဂျီတွေဟာ နိုင်ငံရေး ကိရိယာတန်ဆာပလာပဲလို့ အဓွန့်တက်မှာပါ။ အင်ပရက်ရှင်းနစ် အိုင်ဒီယိုလိုဂျီ၊ ဂျိမ်းဘော်စတင်ရဲ့ အိုင်ဒီယိုလိုဂျီစသဖြင့် အိုင်ဒီယိုလိုဂျီကိုတခြားအသိနဲ့လည်း သုံးတတ်တယ်။ ဒီအသုံးဟာ သူတို့ရဲ့ သက်ဆိုင်ရာနယ်ပယ်က ယဉ်ကျေးမှုဆိုင်ရာ အတွေးအခေါ်တွေနဲ့ ပတ်သက်ပြီး မထင်ရှားတဲ့အသိတွေကို ထောက်ပြဖို့ရာ ယေဘုယျခြုံငုံပြောဆိုတဲ့ စကားလုံးပါပဲ။ "အိုင်ဒီယိုလိုဂျီ" ဝေါဟာရအတွက် ပြဿနာတစ်ခုက သုံးစွဲသူမြောက်မြားစွာဟာ အကြောင်းအကျိုး ညီညွတ်ပြီး တိတိကျကျ အသုံးဝင်တဲ့ အဓိပ္ပာယ်ကို ပေးအပ်ဖို့ရာကနေ ရှောင်ခွာနေကြတာပါပဲ။

အိုင်ဒီယိုလိုဂျီဝေါဟာရကို သုံးသူက ဒေးတုဒီထရေစီဖြစ်ပြီး ပြင်သစ်တော်လှန်ရေးနောက်ပိုင်းအရေးအသားတစ်ခုမှာ စတင်သုံးစွဲခဲ့တယ်။ သူက အတွေးစိတ်ကူးတွေနဲ့ ပတ်သက်ပြီး လေ့လာတဲ့ ပညာရပ်အကိုင်းအခက်အတွက် ရည်ရွယ်တယ်။ လက်တွေ့စမ်းသပ်လုပ်ကိုင်မှုအပေါ် အခြေခံရင်းထွက်လာမယ့် အတွေးနဲ့ ပြုမူလုပ်ဆောင်ချက်တွေရဲ့ စံပြပုံစံကို တည်ဆောက်ရှာဖွေတယ်။ အဲဒီကနေမှ သိပ္ပံအတွေးအခေါ် ထွက်လာမယ်ပေါ့လေ။ သူ့ရဲ့အားထုတ်မှုက ၁၉ ရာစုပြင်သစ်ရဲ့ ပေါ့ဇစ်တစ်ဗစ်ဇင်တွေနဲ့ တပြိုင်နက်တည်းပဲ။ သူက သဘာဝသိပ္ပံကနေရတဲ့ လက္ခဏာအချို့နဲ့ လူ့အဖွဲ့အစည်းကိုလေ့လာဖို့ ကြိုးစားတယ်။ ပေါ့စတစ်ဗစ်ဇင်(ဝါ)အလုပ်အခြေပြုဝါဒ နှောင်းပိုင်းခေတ်မှာတော့ လူသားရဲ့ အတွေးနဲ့ စိတ်ကူးကွန့်မြူးမှုကို တိတိကျကျနဲ့ စွဲစွဲမြဲမြဲ ဖော်ထုတ်ပြနိုင်လိမ့်မယ်လို့ မယူတော့ဘူး။ ဒါပေမယ့် အကြွင်းအကျန်

တွေကို ရှာဖွေဖို့တော့ ပြင်းပြင်းထန်ထန် လိုအပ်နေတယ်။ ထရေစီရဲ့ ရည်ရွယ်ချက်က ယနေ့ခေတ်ပညာရှင်တွေ အိုင်ဒီယိုလိုဂျီ လေ့လာပုံကို ထင်ဟပ်နိုင်ခဲ့တယ်။ အိုင်ဒီယိုလိုဂျီ ဝေါဟာရကို ပထမဆုံး သုံးသူ ထရေစီနဲ့ သူ့ရဲ့ အလုပ်ကို လေးစားသမှုနဲ့ ချီးကျူးဂုဏ်ပြုမှုလုပ်ပြီးတဲ့အခါ ကျွန်တော်တို့ဟာ ထရေစီနဲ့မတူတဲ့ လမ်းကြောင်းကနေ အိုင်ဒီယိုလိုဂျီကို ဖွံ့ဖြိုးအောင် လုပ်ခဲ့သူ ကားလ်မာ့က်စ်နဲ့ အိန်ဂျယ်အကြောင်း ဆက်ရမယ်။

မာ့က်စ်ဝါဒီရဲ့ထိန်းချုပ်မှု

ဂျာမန်အိုင်ဒီယိုလိုဂျီစာအုပ်မှာ ကားလ်မာ့က်စ်နဲ့ အိန်ဂျယ်တို့က သူတို့တွေ့ကြုံခံစားရတဲ့ လွှမ်းမိုးကြီးစိုးဆဲ ဂျာမန်ယဉ်ကျေးမှုနဲ့ ဒဿနဖက်ရှင်တွေကို ပြန်လည်တုံ့ပြန်တယ်။ ဂျာမန်စိတ်ကူး စံအတွေးအခေါ်ရဲ့ စိတ်ဝိညာဉ်နဲ့ ရှိမန့်တစ်သဘာဝဟာ မှားယွင်းတဲ့ ယူဆချက်တွေနဲ့ ပြည့်နှက်နေတယ်လို့ သူတို့နှစ်ဦးက ဆိုတာ။ သူတို့က သိစိတ်၊ စိတ်ကူး၊ အတွေးတို့ထံကနေ ထွက်လာတဲ့ လွတ်လပ်တဲ့ တည်ရှိမှုဆိုတာကို ထည့်ဝင်တယ်။ ဒီလိုလုပ်ရင်းနဲ့က မာ့က်စ်နဲ့အိန်ဂျယ်က ဂျာမန်ဒဿနပညာရှင်တွေဟာ တကယ့်အရှိတရားလောကထဲက ဝေါဟာရတွေဆီ ရောက်လာရမယ့်အစား စကားအပိုင်းအပြတ်တွေကိုသာ ဆန့်ကျင်တယ်လို့ အမွှန့်တတ်လိုက်တာ။ ဒါကြောင့် ဒဿနပညာဆိုတာ အရှိတရားကို ဖုံးအုပ်ထားတာဖြစ်ပြီး မာ့က်စ်နဲ့အိန်ဂျယ်တို့ရဲ့ အခေါ်အရတော့ အိုင်ဒီယိုလိုဂျီသာ ဖြစ်တယ်ပေါ့လေ။ သူတို့က "အိုင်ဒီယိုလိုဂျီတွေ အားလုံးထဲမှာ လူနဲ့ သူတို့ရဲ့ ဘဝအခြေအနေဟာ ကင်မရာပုံမှာပေါ်သလို၊ ပြောင်းပြန်ပေါ်နေတာ"လို့ မြင်တယ်။ သူတို့ဆိုလိုချင်တဲ့ ဒီအမြင်အခြေခံ ခပ်ဆင်ဆင်အမြင်က အိုင်ဒီယိုလိုဂျီတွေဟာ ပြင်ပရုပ်လောကကိုပါ ပြောင်းပြန်ပေါ်စေတယ်။ အရင်းရှင်ဝါဒ အိုင်ဒီယိုလိုဂျီအောက်မှာ လူသားသဘာဝလျော့ကျနေတဲ့ လူမှုရေးဆက်သွယ်ချက်တွေအဖြစ် ရုပ်လောကဟာ ပုံဖျက်ခံထားရတယ် ဆိုတာပဲ။ ဒီတော့ အိုင်ဒီယိုလိုဂျီရဲ့ အခန်းကဏ္ဍက ပဋိပက္ခတွေကို ချောမွတ်အောင်လုပ်ပြီး ဒါတွေဟာ တကယ်လိုအပ်တဲ့အရာတွေ၊ သာမန်ကိစ္စ တွေရယ်လို့ဖြစ်လာအောင် လုပ်တာပဲ။ ဒီလိုနည်းနဲ့ လူမှုရေးစုစည်းညီညွတ်မှုကို ထိန်းသိမ်းတယ်၊ ပြီးတော့ တိုးမြှင့်ပေးတယ်။ အိုင်ဒီယိုလိုဂျီဆိုတာ ရုပ်ပိုင်းဆိုင်ရာဘဝကို ပိုကြီး



ကျယ်လာအောင်လည်း လုပ်တာပါပဲ။ အိုင်ဒီယိုလိုဂျီက ကိုယ်ကျင့်တရား၊ ဘာသာရေးစတဲ့ မျက်နှာဖုံးတွေအုပ်ထားတော့ကာ လူ့ဘဝကို ပိုပြီးကြီးကျယ်မြင့်မြတ်လာသယောင် ဖြစ်စေတယ်။ ဒါ့အပြင် စိတ်ပိုင်းဆိုင်ရာ မြင့်မြတ်ခြင်းကို အထူးပြုထားသူတွေကလည်း အိုင်ဒီယိုလိုဂျီကို ပျံ့နှံ့လာအောင်လုပ်တယ်။ ဥပမာ ဘုန်းတော်ကြီးတွေပြောတဲ့ 'ဘုရားသခင်ရဲ့ ကယ်မတော်မူခြင်း'ဟာ အရှိတရားလောကကနေ လွတ်မြောက်သွားအောင်ပြုလုပ်လိုက်တဲ့ အိုင်ဒီယိုလိုဂျီ အသိအမြင်ပဲ။ ဒီလို စိတ်ပိုင်းဆိုင်ရာအရ လွတ်မြောက်လာအောင်လုပ်ခြင်းဟာ ရည်ရွယ်ချက်ရှိရှိ ထိန်းချုပ်တဲ့ အပြုအမူတစ်ရပ်ဖြစ်နိုင်တယ်။ အသိအမြင်ပေးအပ်ခြင်းပင်လျှင် တမင်ရည်ရွယ်ချက်ရှိရှိ ထိန်းချုပ်ခြင်းဆိုင်ရာ အပြုအမူတစ်ရပ် ဖြစ်နိုင်တယ်။ ဒါတင်မကဘူး။ အိန်ဂျယ်ရဲ့အဆိုမသိစိတ်ရဲ့ဖြစ်စဉ် ဒါမှမဟုတ် ကိုယ့်ကိုယ်ပြန်လှည့်ဖျားတဲ့ဖြစ်စဉ်လည်း ဖြစ်နိုင်တယ်။ မာ့က်စ်နဲ့ အိန်ဂျယ်တို့ရဲ့ အိုင်ဒီယိုလိုဂျီဟာ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းမှာ အန္တရာယ်ရှိတဲ့ အကျိုးသက်ရောက်မှုရှိကြောင်း ထုတ်ဖော်ပြသတယ်။ အလုပ်ခွဲခြား လုပ်ကိုင်ခြင်းက လူသားရဲ့အတွေးကို ရုပ်လောကကနေ ဖယ်ခွာပြီး ဒြပ်မဲ့စိတ္တဇဆန်သွားစေတာ။ ပြီးတော့ တကယ်အရှိတရားလောကကနေ ကင်းကွာနေတဲ့ ဒြပ်မဲ့ဆန်ဆန် သီအိုရီ ဒါမှမဟုတ် ကျင့်ဝတ်၊ ဒဿနတို့ကို ထုတ်လုပ်တော့တာပါပဲ။

မာ့က်စ်နဲ့အိန်ဂျယ်က ဒီလို အိုင်ဒီယိုလိုဂျီအမြင်ကို နောက်ထပ်ဒိုင်မင်းရှင်းတစ်ခုကနေ ထည့်ဝင်တယ်။ အကြီးအကျယ် လွှမ်းမိုးနိုင်ခဲ့တယ်။ သူတို့က အိုင်ဒီယိုလိုဂျီနဲ့ လူတန်းစားတွေကို တွဲဖက်လိုက်ပြီး အုပ်စိုးသူလူတန်းစားရဲ့ အတွေးအခေါ်ဟာ လွှမ်းမိုးကြီးစိုးဆဲ အတွေးအခေါ်တွေပဲလို့ဆိုလိုက်တာ။ အိုင်ဒီယိုလိုဂျီအခြေခံပုံမှားရိုက်ခြင်းဟာ အုပ်စိုးသူတွေရဲ့လက်ထဲက ကိရိယာတစ်ခုဖြစ်ပြီး နိုင်ငံတော်ကနေ ထွက်လာတယ်။ လွှမ်းမိုးထိန်းချုပ်ဖို့ရာ အသုံးချတယ်၊ တကယ်တမ်းကတော့ သူတို့ရဲ့ အကျိုးအမြတ်အတွက် သမိုင်းကိုထုတ်လုပ်တာပဲ။ ဒါ့အပြင် အိုင်ဒီယိုလိုဂျီသေတ္တာကြီးကနေတစ်ဆင့် အကျိုးအမြတ်ကို စစ်ထုတ်ဖို့လုပ်ဆောင်တယ်။ ပြီးတော့ အိုင်ဒီယိုလိုဂျီကိုယ်၌က သူတို့ဟာ အမှန်တရားကို လိုလားတောင်းဆိုသလိုမျိုး၊ အကြွင်းမဲ့ယူနီဗာဆယ်သဘောနဲ့ ကြောင်းကျိုးဆင်ခြင်မှု ပုံစံအပြည့်အဝ

ရှိသလိုမျိုး ကိုယ်စားပြုထားတယ်။ ဒီကိုယ်စားပြုခြင်းက ကွဲပြားခြားနားမှုကို လစ်လျူရှုတတ်တဲ့ နိုင်ငံရေးအသိုင်းအဝိုင်း၊ အာရုံ မှောက်မှားစေတဲ့ ဥပဒေ၊ ယဉ်ကျေးမှုဦးတည်ချက်နဲ့အတူ အိုင်ဒီယိုလိုဂျီ ဆုပ်ကိုင်သူတွေကို အကူအညီပေးတယ်။

လူသားရဲ့အပြုအမူနဲ့ အတွေးအခေါ်တွေကို ထိန်းချုပ်ထားသူတွေဟာ သူတို့ရဲ့ လက်အောက်ခံလူတန်းစားဖြစ်တဲ့ ပစ္စည်းမဲ့အလုပ်သမားတွေကို လွှမ်းမိုးကြီးစိုးဆဲ ဘူဇွာ အိုင်ဒီယိုလိုဂျီဆိုတာ ပစ္စည်းမဲ့တွေရဲ့ အတွေးအခေါ်လိုလို ယုံကြည်လာစေတယ်။ ခေါင်းပုံဖြတ်ခံရတဲ့ အလုပ်သမားတွေကိုယ်၌ကိုယ်က မနက်စောစောထတာကောင်းတယ်။ ပြီးတော့ အလုပ်ရှင်ရဲ့ စက်ရုံမှာ ပိုက်ဆံတစ်ပဲ ခြောက်ပြားနဲ့ ၁၄ နာရီလောက် အလုပ်လုပ်တာဟာ ကောင်းတဲ့အတွေးအခေါ်ပဲလို့ ယုံကြည်လာတယ်။ အလုပ်သမားဟာ လူသားသဘာဝကို လျော့ကျစေတဲ့ ဒီလိုအလုပ်ကို လုပ်နေရင်းက သူတို့ဟာ စက်မှုအရင်းရှင်အစီအစဉ်ထဲက မရှိမဖြစ် အစိတ်အပိုင်းကြီး၊ ဒါကို သူတို့ ဘာသာသူတို့ လွတ်လွတ်လပ်လပ် လုပ်ဆောင်နေတာ၊ ဈေးကွက်က လူတိုင်းကို တူညီတဲ့အခွင့်အရေး ပြုလုပ်ဖန်တီးပေးတာ၊ ပြီးတော့ တခြားသူတစ်ယောက်ရဲ့ လုပ်အားကိုငှားရမ်းပြီး အခြားသူတွေဆီ ပုံစံတစ်မျိုးနဲ့ ပြန်လည်ရောင်းချ အသက်မွေးခြင်းဟာ လူသားရဲ့ဂုဏ်သိက္ခာပဲစတဲ့ အိုင်ဒီယိုလိုဂျီအမြင်တွေနဲ့ လှိုက်စားခံနေရတယ်။ ဒါကြောင့် အိုင်ဒီယိုလိုဂျီက မာ့က်စ်တို့ရဲ့ အမြင်အရဆိုရင် အဓိကအနှစ်သာရကို အမှန်တကယ် နားလည်လာခြင်းအပေါ်မှာ အာရုံမစိုက်ဘဲ၊ ပြင်ပသွင်ပြင်တွေအပေါ်မှာ အာရုံစိုက်ထားတယ်။ အိုင်ဒီယိုလိုဂျီရဲ့ လက်ကြမ်းကြီးထဲမှာ ကုန်ပစ္စည်းလျော့ချခြင်း၊ ဈေးကွက်လည်ပတ်မှုဆိုတာတွေကနေတစ်ဆင့် ပုံမှန်မဟုတ်တာကို ပုံမှန်လိုဖြစ်လာအောင် လုပ်တယ်။ ဥပမာ လူတွေဟာ နေဥစ္စာကို တိုးပွားစေနိုင်တဲ့ တကယ့်စစ်မှန်တဲ့ ထုတ်လုပ်မှုဖြစ်စဉ်ကို ကိုးကွယ်ရမယ့်အစား ပိုက်ဆံကိုသာ ကိုးကွယ်နေကြတယ်။ မာ့က်စ်က သူ့ရဲ့ အရင်းကျမ်းမှာ အရင်းရှင်အိုင်ဒီယိုလိုဂျီ ထွက်လာစေမယ့် အလေ့အကျင့်တွေကို အဓိကဦးတည်ထားတယ်။ အိုင်ဒီယိုလိုဂျစ်တွေနဲ့ ဒဿနပညာရှင်တွေရဲ့ ပုံဖျက်ထားတဲ့ အတွေးအခေါ်ကို ဦးမတည်ဘူး။ ကျွန်တော်တို့နားလည်နိုင်တာက မာ့က်စ်ဝါဒလို့ နောက်ပိုင်းမှာ



သိလာတဲ့ မာ့က်စ်ဝါဒရဲ့ အဓိကမစ်ရှင်က အိုင်ဒီယိုလိုဂျီရဲ့ ပုံဖျက်တတ်တဲ့ သဘာဝကို မျက်နှာဖုံးခွာချဖို့ပဲ။

ကျွန်တော်တို့ဟာ မာ့က်စ်ဝါဒချဉ်းကပ်ပုံကနေ အိုင်ဒီယိုလိုဂျီရဲ့ ဆွဲဆောင်စည်းရုံးတတ်ပုံကို မြင်နိုင်တယ်။ အိုင်ဒီယိုလိုဂျီဟာ အခြေခံအကြောင်းတရားတွေရဲ့ ထုတ်ကုန်ဖြစ်တယ်။ ပထမအကြောင်းတရားတစ်ခုက သူ့အကြောင်းပြောတဲ့အခါ လွယ်ကူရှင်းလင်းအောင် ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်က ဈေးကွက်အကြောင်းဖော်ပြချက်တွေ လိုအပ်တယ်။ ဒုတိယက လူတစ်မျိုးနဲ့ အုပ်စုအချို့ရဲ့ တခြားသူတွေအပေါ် ထိန်းချုပ်စိတ်၊ ပါဝါသုံးလိုစိတ်တွေ လိုအပ်တယ်။ တတိယက လူသားရဲ့ ပြုမူဆောင်ရွက်ချက်ကို ခွဲခြားပစ်ဖို့ တဖြည်းဖြည်း ကြီးပွားတိုးတက်လာတဲ့ လမ်းကြောင်းတစ်ခုလိုတယ်။ ဥပမာ အလုပ်ခွဲခြား လုပ်ကိုင်ခြင်းလိုမျိုးပဲ။ ပြီးတော့ လုပ်သားဟာ သူတို့အတွေးတွေ သူ့ရဲ့အပြုအမူတွေနဲ့ပြန်ပြီး ကင်းကွာနေရမယ်။ အိုင်ဒီယိုလိုဂျီက ဒါကို ပြန်အားဖြည့်တယ်။ အရင်းရှင်လူ့အဖွဲ့အစည်းကို မောဟအမှောင်တိုက်နဲ့ နာကျင်ခံစားမှုအခြေအနေထဲမှာ သိမ်းဆည်းထားလိုက်တယ်။ မာ့က်စ်ဝါဒက စိတ်ကူးအတွေးအခေါ် (ဝါ) အိုင်ဒီယာတွေကို ပါဝါအဖြစ်ထားပြီး စဉ်းစားတယ်လို့ ကောင်းကောင်း ဆုံးဖြတ်ချက်ချနိုင်ပါတယ်။ တကယ်လည်း ဒီဆုံးဖြတ်ချက်အတိုင်းပါပဲ။ စိတ်ကူးအတွေးအခေါ်တွေဟာ အိုင်ဒီယိုလိုဂျီပုံသဏ္ဌာန်ထဲမှာ ပေါ်ပေါက်လာတာပါပဲ။ ကားမာ့က်စ်ကတော့ ဒီပြင်းထန်တဲ့ ပါဝါဟာ မှားတယ်၊ လူသားရဲ့လွတ်မြောက်မှုကို တားဆီးပိတ်ပင်တယ်လို့ ယူတယ်။ အထက်ပါအမြင်တွေဟာ မာ့က်စ်ရဲ့ အရေးအသားထဲမှာ ရှုပ်ထွေးဆန်းပြားတဲ့ အခြင်းအရာအနေနဲ့ ပေါ်ပေါက်နေတယ်။ ဒါပေမဲ့ ဒီအမြင်တွေကို နောက်ပိုင်းမှာတော့ မာ့က်စ်ရဲ့အမြင်ကို အစွန်းရောက် အနက်ပြန်ထားတဲ့အမြင်အဖြစ် ယူလာကြတယ်။ အိုင်ဒီယိုလိုဂျီဆိုတာမှာလည်း ဒီအမြင်ကပဲ လွှမ်းမိုးနိုင်စွမ်းရှိတဲ့အမြင် ဖြစ်လာတယ်။

မာ့က်စ်ဝါဒဆိုင်ရာ သီအိုရီရဲ့ အိုင်ဒီယိုလိုဂျီကို အပြစ်တင်တာ၊ ချီးကျူးတာမလုပ်ခင် ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ မေးဖို့လိုတာက အိုင်ဒီယိုလိုဂျီအပေါ် အငြင်းပွားထားတဲ့ အထက်ပါအမြင်တွေရဲ့ အဖြေတစ်စုံတစ်ရာကို ကျွန်တော်တို့ နားလည်ဖို့အခြေခံက ဘာတွေလဲ? ပထမဆုံး၊

အိုင်ဒီယိုလိုဂျီဆိုတာ ပုံဖျက်ထားတဲ့ မှားယွင်းတဲ့ယုံကြည်မှုတွေနဲ့ အိုင်ဒီယိုလိုဂျီဆိုတာ စစ်မှန်တဲ့သိမှုကြားထဲက အရေးကြီးတဲ့ ကွဲပြားခြားနားချက်အပေါ် မှီခိုရမယ်။ အိုင်ဒီယိုလိုဂျီဆိုတာ (နိုင်ငံရေး)လောကအပေါ် ကျွန်တော်တို့ရဲ့ နားလည်မှုဟာ အာရုံမှောက်မှားခြင်းအပေါ် အခြေခံထားတယ်လို့ဆိုမယ်ဆိုရင် အာရုံမှောက်မှားခြင်းမရှိတဲ့ အသိပညာဆိုတာလည်း ရှိနေသေးတယ်လို့ ယုံကြည်ရပါမယ်။ မာ့က်စ်ဟာ ပုံဖျက်ထားခြင်းကို ဖယ်ရှားလိုက်တာနဲ့ အမှန်တရားထွက်ပေါ်လာလိမ့်မယ်လို့ ယုံကြည်တယ်။ အခြားစကားလုံးနဲ့ ပြောရရင်တော့ လူသားနဲ့ရုပ်လောကတို့ရဲ့ စစ်မှန်တဲ့ ဆက်ဆံရေးဟာ လူမှုရေးနဲ့ အိုင်ဒီယိုလိုဂျီဆိုင်ရာ ပုံဖျက်ခြင်းတွေကြောင့် မှားယွင်းတဲ့အနေအထားကို ရောက်သွားရတယ်ပေါ့လေ။ အဆုံးမှာတော့ စစ်မှန်တဲ့ဆက်ဆံရေးကို တူးဆွနိုင်တယ်ဆိုတာ မာ့က်စ်ရဲ့ ယတိပြတ်အမြင်ပဲ။ ကားမာ့က်စ်ရဲ့ ဒီလိုဆင်ခြင်မှုကြောင့်ပဲ မာ့က်စ်ကိုဝေဖန်သူတွေက မာ့က်စ်ရဲ့ အိုင်ဒီယိုလိုဂျီအမြင်ဟာ အိုင်ဒီယိုလိုဂျီကို ဝေဖန်ရင်း အိုင်ဒီယိုလိုဂျီပြန်ဖြစ်သွားတယ်လို့ တံဆိပ်ကပ်တာပါ။ ဒါပေမဲ့ လူမှုရေး အမှန်တရားတွေတည်ရှိမှုက အဲဒီလောက် ထင်ထင်ရှားရှား မဟုတ်ပါဘူး။ တစ်ချို့အချက်အလက် အခြေခံအသိပညာတွေက ထင်ရှားတယ်။ ဥပမာအားဖြင့် ကန့်ကွက်ဆန္ဒပြပွဲကို ကျွန်တော်ကြည့်နေတယ်ဆိုတဲ့ အချက်အလက်မျိုးပေါ့လေ။ ဒါပေမယ့် ကျွန်တော်ပြောခဲ့သလိုပဲ ဆန္ဒပြအုပ်စုနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ သဘောထားကတော့ ကိုယ်အသုံးပြုတဲ့ အနက်ပြန်မြေပုံအရ ကွဲပြားခြားနားနေမှာပါ။ နာမည်ကြီး စာသားတစ်ချို့ ရှိပါတယ်။ ပြဿနာကို ပြဿနာရဲ့ အကျိုးအမြတ်အခြေခံပြီး စီရင်ဆုံးဖြတ်ကြရအောင်ဆိုတဲ့ စာသားပါ၊ "ပြဿနာရဲ့ အကျိုးအမြတ်"လို့ ဆိုရအောင် ပြဿနာမှာ အကျိုးအမြတ်က ကပ်ပါတာမဟုတ်ဘူး ပြဿနာပေါ်ကနေ ကိုယ်က အကျိုးအမြတ်ထုတ်ယူတာ၊ ကျွန်တော်တို့ရဲ့ မြေပုံအပေါ် အခြေခံထားတဲ့ ယုံကြည်မှုတွေ တန်ဖိုးစံတွေနဲ့ယှဉ်ပြီး အကျိုးအမြတ် ထုတ်ယူတာပါ။

ဒုတိယအကျိုးဆက်တစ်ခုလို့ပြောရမယ့် အရာကတော့ အိုင်ဒီယိုလိုဂျီအကြောင်း ဆွေးနွေးငြင်းခုံမှုတွေဟာ သူ့ရဲ့ ရှုပ်ထွေးတဲ့သဘာဝအပေါ် မှီခိုနေရတာပဲ။ တကယ်လို့ အိုင်ဒီယိုလိုဂျီဆိုတာ ပုံဖျက်ခြင်းဆိုရင် စစ်မှန်တဲ့



လူမှုရေးဆက်နွယ်မှုတစ်ခုတစ်လေလောက်ကိုတောင်မှ ကားလ်မာ့က်စ်လုပ်ချင်သလို ပြန်ဖော်ထုတ်လို့မရတော့လောက်အောင် ပျောက်ကွယ်သွားပါလိမ့်မယ်။ တကယ်လို့ အိုင်ဒီယိုလိုဂျီဟာ စိတ်နဲ့ရုပ်ကြားထဲက ကင်းကွာမှုရဲ့ထုတ်ကုန်လို့ဆိုရင် စိတ်ရဲ့ ရုပ်ပိုင်းဆိုင်ရာအခြေခံအရင်းအမြစ်ကို တစ်ချိန်က အသိအမှတ်ပြုထားတာ ပျောက်ကွယ်သွားပါလိမ့်မယ်။ တကယ်လို့ အိုင်ဒီယိုလိုဂျီဆိုတာ အုပ်စိုးသူနဲ့ အအုပ်ချုပ်ခံလူတန်းစားတွေကြားထဲက ပါဝါဆက်သွယ်ချက်ကို အားဖြည့်ပေးတာလို့ဆိုရင် ဒီပါဝါဆက်သွယ်ချက်ဟာ တစ်ချိန်က ဒီမိုကရက်တစ်အသိနဲ့ ညီမျှမှုအထိ ပုံသဏ္ဍာန်ပြောင်းလဲသွားဖူးတာကို ပယ်ရာရောက်ပါမယ်။ ဒါကြောင့် အိုင်ဒီယိုလိုဂျီဟာ ထုတ်လုပ်ပွားများမှုဆိုင်ရာ သဘောရှိပြီး သမိုင်းဆိုင်ရာအခြေအနေရဲ့ ထုတ်ကုန်ပဲ။ တဖြည်းဖြည်း ညိုးနွမ်းတွန့်ကြေသွားစဉ်မှာပဲ အဖူးအညွန့်တွေ ထပ်ပြီးဖြစ်ပေါ်နေတယ်။

တတိယအချက်ကတော့ မာ့က်စ်ဝါဒီတွေရဲ့ ယူဆချက်က အိုင်ဒီယိုလိုဂျီကို အကြွင်းမဲ့ သဘောထည့်ဝင်ထားတာပဲ။ တကယ်လို့ အိုင်ဒီယိုလိုဂျီဟာ အရှိတရားကို ဖုံးအုပ်တဲ့ မီးခိုးငွေ့တွေဆိုရင် အဲဒီဖုံးအုပ်မှုကို မြန်မြန်ဖော်နိုင်လေ ပိုကောင်းလေပါပဲ။ အထူးသဖြင့် အိုင်ဒီယိုလိုဂျီဟာဘာဖြစ်တယ်နဲ့ အိုင်ဒီယိုလိုဂျီတွေ အကွဲကွဲအပြားပြားကြား ဘယ်လိုကွဲပြားသလဲဆိုတာကို စစ်ဆေးနိုင်တဲ့ အသိမရှိပါဘူး။ မာ့က်စ်ဝါဒီအများစုကတော့ အိုင်ဒီယိုလိုဂျီဟာ အတွင်းတန်ဖိုးမရှိတဲ့ အပေါ်ထပ်အဆောက်အအုံရဲ့ အစိတ်အပိုင်းအဖြစ် မြင်တယ်။ အကျိုးဆက်ကတော့ သူတို့ရဲ့ အိုင်ဒီယိုလိုဂျီအပေါ် ချဉ်းကပ်ပုံဟာ အရှိတရားအပေါ်ဖုံးအုပ်ထားတယ်လို့ သူတို့ယူဆထားတဲ့ အရာတွေ၊ သဘာဝအတွင်းမှာရှိတဲ့ အကျိုးအမြတ်တွေကို တန်ဖိုးမဲ့အောင် လုပ်တာပဲ။ မာ့က်စ်ယုံ ကြည်တာက ပုံဖျက်မခံထားရတဲ့ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းဖြစ်လာဖို့က ယခု ပစ္စုပ္ပန်ထဲက ချို့ယွင်းချက်တွေကို ရှာဖွေစူးစမ်းဖို့မဟုတ်ဘဲ ကန့်ကွက်ဖို့ပါပဲ။ ဒီယုံကြည်မှုက နိုင်ငံရေးသိပ္ပံကျောင်းသားတစ်ဦးက အထက်လွှတ်တော်ကို လေ့လာတာဟာ အချိန်ဖြုန်းတာပဲလို့ ယုံကြည်မှုနဲ့ အတူတူဖြစ်တယ်၊ အကြောင်းက အထက်လွှတ်တော်ဆွေးနွေးမှုဆိုတာ နိမ့်ကျတဲ့နိုင်ငံရေးအလေ့အကျင့်သာဖြစ်တယ်လို့

အပေါ်ထပ်အဆောက်အအုံအပေါ် ဆုံးဖြတ်ပုံနဲ့ တူနေတယ်။

စတုတ္ထက မာ့က်စ်ဝါဒ အိုင်ဒီယိုလိုဂျီရဲ့ နောက်ထပ်မျက်နှာစာ တစ်ခုအရ အိုင်ဒီယိုလိုဂျီဟာ နိုင်ငံရေးလောကကို ပုံဖော်တဲ့နေရာမှာ တစ်ခုတည်းသောအရာရဲ့ အစိတ်အပိုင်းအဖြစ် ပုံဖော်မယ်၊ ဒါမှမဟုတ် နိုင်ငံရေးလောကတစ်ခုလုံးကို ခြုံငုံနိုင်တဲ့အရာအဖြစ် ပုံဖော်မယ်။ နိုင်ငံရေးလောကကို တစ်ခုလုံးသဘော ခြုံငုံမှုရဲ့ ပုံရိပ်ဟာ အိုင်ဒီယိုလိုဂျီရဲ့အပေါ် အချိန်ကာလကြာကြာ လွှမ်းမိုးပုံဖော်ထားတယ်။ ဒီတော့ အိုင်ဒီယိုလိုဂျီဟာ အထက်အောက်ဖိစီးတဲ့ သဘောရှိတယ်။ အထက်အောက်ဖိစီးတဲ့အမြင်တွေ တည်ရှိနေရုံသာမကဘူး။ ဆွဲဆောင်သိမ်းသွင်းဖိအားပေးတယ်ဆိုတာကို ကျွန်တော်တို့ ယုံကြည်ပေးဖို့လိုအပ်လာတယ်။ ဆွဲဆောင်သိမ်းသွင်းဖိအားပေးမှု မရှိတော့ဘူးဆိုရင်တော့ ရုပ်ပိုင်းဆိုင်ရာ အတင်း အဓမ္မဖိအားပေးမှုဟာ အိုင်ဒီယိုလိုဂျီကို သူ့နေရာမှာပြန်ထားဖို့ မကြာခဏဆိုသလို လိုအပ်လာခဲ့ရတော့တာပါပဲ။

ပဉ္စမတစ်ခုကတော့ အိုင်ဒီယိုလိုဂျီရဲ့ အခန်းကဏ္ဍကို ပုံကြီးချဲ့ခဲ့ကြတာပါ။ မာ့က်စ်ဝါဒလောဂျစ်က အိုင်ဒီယိုလိုဂျီရဲ့ လူမှုရေးနယ်ပယ်ကို ထောက်ပြပေမယ့်လည်း သူ့ရဲ့ အရင်းအမြစ်က လူတန်းစားတစ်ရပ်လုံးထက် အများကြီးသေးငယ်တဲ့ အရာတွေဆီ မကြာခဏဆိုသလို ပြန်လှည့်သွားတတ်တယ်။ မာ့က်စ်ဝါဒီတွေရဲ့ အိုင်ဒီယိုလိုဂျီကို ပါဝါဆက်သွယ်ချက်တွေ၊ လူထုအပေါ် ထိန်းချုပ်ကိုင်တွယ် ပုံတွေအဖြစ်မြင်တာဟာ မကြာခဏဆိုသလို ပရော်ဖက်ရှင်နယ်အုပ်စုတစ်ခုရဲ့ အိုင်ဒီယိုလိုဂျီကို ထပ်တူစွဲထားတာကနေ အခြေခံထွက်လာတာ ဖြစ်တယ်။ တစ်သီးပုဂ္ဂလလူသားတွေ သက်ရောက်မှုတစ်စုံတစ်ရာဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ စစ်ဆေးချက်တွေထဲကတောင်မှ ထွက်လာတယ်။ တစ်ချို့ပညာရှင်တွေအတွက်တော့ အိုင်ဒီယိုလိုဂျီထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ အန္တရာယ်ရှိတဲ့ အသိနဲ့ မစ်ရှင်တစ်ခုခုကို ဖော်ဆောင်တော့မယ့် အသိပညာရှင်ပဲ။ ဆိုလိုတာက ကမ္ဘာလောကကြီးကို အစွန်းရောက်အမြင်ကနေမှတစ်ဆင့် ပြောင်းလဲဖို့ လုပ်သူတွေပေါ့လေ။ ဒီအမြင်ကပဲ ကမ္ဘာကြီးအတွင်း အထက်အောက်ဖိစီးတဲ့ အမြင်ကိုဖြစ်စေတာ။ ယင်းက အသိပညာဆိုင်ရာ ပစ္စည်းအပေါ် သိမြင်ပျံ့နှံ့လာစေခြင်းနဲ့ ထုတ်



လုပ်ခြင်းနှစ်ခုစလုံးဟာ လက်ဝါးကြီးအုပ်ခြင်းလို့ အကြံပြုနေတယ်။ ဂန္ထဝင်မာ့က်စ်ဝါဒီတွေရဲ့ သီအိုရီတွေက ဒီအမြင်တွေကို အထောက်အပံ့ပေးတယ်။ ဒီသီအိုရီတွေကြောင့် ထင်ရှားတဲ့ ပညာတတ်တွေဟာ တစ်ခါတစ်ရံမှာ လွတ်လပ်စွာ ပြုမူလုပ်ဆောင်တတ်ပေမယ့် မာ့က်စ်ဝါဒီတွေလို ရုပ်ဝတ္ထုအခြေခံအမြင်ကတော့ လွှမ်းမိုးခံရတယ်။ အိုင်ဒီယိုလိုဂျီဝေါဟာရကို ပညာတတ်ဝေါဟာရနဲ့ တွဲဖက်လိုက်ခြင်းက အိုင်ဒီယိုလိုဂျီဟာ ဖြစ်မဲ့ဆန်ပြီး လက်တွေ့စမ်းသပ်လုပ်ကိုင် လို့မရဘူးဆိုတဲ့ အမြင်မျိုးကို ထည့်သွင်းလိုက်တာပဲ။ ဒါကို ယနေ့နိုင်ငံရေးသမားတွေ၊ သတင်းစာနဲ့ အင်္ဂလိပ်စကားပြောလောကထဲက ပညာရှင်တစ်ချို့က ယုံကြည်ကြတယ်။ ဂျာမန်စကားပြော ကမ္ဘာထဲမှာဆိုရင် သူတို့နိုင်ငံသား ကားလ်မာ့က်စ်ရဲ့ ဝေါဟာရတွေ လွှမ်းမိုးမှုအောက်မှာ ရှိနေဆဲပါပဲ။

အိုင်ဒီယိုလိုဂျီမျက်နှာဖုံးကို ချွတ်ချဖို့ အလေးအနက်ထားပြောကြတဲ့ မာ့က်စ်ဝါဒအမြင်ထဲမှာ တန်ဖိုးထားနေရဆဲအရာကရော ဘာလဲ။ လေးခုလောက်တော့ ရှိကောင်းရှိပါမယ်။ ပထမတစ်ခုအဖြစ် လူမှုရေးနဲ့သမိုင်းဆိုင်ရာ အခြေအနေတွေက ထွက်လာသမျှ အနက်အဓိပ္ပာယ်တွေကို နိုင်ငံရေးအတွေးအခေါ် ပုံစံခွက်ထဲထည့်ထားတာကို ကားလ်မာ့က်စ်ထံကနေ ရပြီးပါပြီ။ ဒီ သဘောကိုပဲ လူတွေဟာ ပတ်ဝန်းကျင်ရဲ့ ထုတ်ကုန်အဖြစ် အရေးတကြီး ထွက်လာတယ်လို့ ကျွန်တော်တို့လက်ခံမိတယ်။ ပတ်ဝန်းကျင်ရဲ့ နှိုင်းရသဘော၊ မျိုးရိုးဗီဇ၊ ရွေးချယ်မှုအတွက် ပုဂ္ဂလိကလူသားရဲ့ စွမ်းရည်အစရှိသဖြင့် ဆွေးနွေးစရာတွေတော့ ရှိနေပေါ့လေ။ မာ့က်စ်ဝါဒမှာတော့ အတွေးအခေါ် အိုင်ဒီယာနဲ့ အိုင်ဒီယိုလိုဂျီဟာ အုပ်စုတူတွေကနေထွက်လာတဲ့ ထုတ်ကုန်အဖြစ် နားလည်နိုင်တယ်။ သူတို့ကိုပုံဖော်တဲ့ ယဉ်ကျေးမှုဆိုင်ရာတွေရဲ့ အစိတ်အပိုင်းဖြစ်သလို၊ ကျွန်တော်တို့ရဲ့ ပြုမူလုပ်ဆောင်ချက်တွေရဲ့ ပုံဖော်မှုကိုလည်း ခံရတာပဲ။

ဒုတိယအချက်က အတွေးအခေါ်အိုင်ဒီယာတွေရဲ့ ပြဿနာပဲ။ မာ့က်စ်က အိုင်ဒီယိုလိုဂျီကို အန္တရာယ်ရှိတဲ့ အာရုံမှောက်မှားမှုတစ်ခုအဖြစ် မြင်ကောင်းမြင်ပေမယ့် အတွေးအခေါ်အိုင်ဒီယာကတော့ စကားအလှအလင်္ကာဆိုင်ရာသက်သက် မဟုတ်ဘူးလို့ သုံးတယ်။ တကယ်လို့ အိုင်ဒီယာတွေက

အမှန်တရားအဖြစ် ပုံပေါ်လာတယ်ဆိုရင် အဲဒီအယောင်ဆောင်မှုဟာ အိုင်ဒီယာကို အိုင်ဒီယိုလိုဂျီ ဖြစ်လာစေတာပဲ။ သူတို့ကို ပြင်းပြင်းထန်ထန်လေ့လာဖို့ လိုအပ်လာမယ်။ မာ့က်စ်ကိုယ်တိုင် လုပ်ခဲ့တဲ့အလုပ်ထက်တောင် ပိုပြီးအရေးပါတဲ့ အခန်းကဏ္ဍကို ယူသွားမယ်။

တတိယတစ်ခုက အိုင်ဒီယိုလိုဂျီကို အရေးကြီးတဲ့ နိုင်ငံရေးလုပ်ငန်းတွေအဖြစ် မြှင့်တင်တာပဲ။ အိုင်ဒီယိုလိုဂျီဟာ လူမှုရေးလောကကို စီစဉ်မယ်၊ တစ်ခုခုပြုမူလုပ်ဆောင်ဖို့ ညွှန်ကြားမယ်၊ ပြီးတော့မှ အဲဒီအလေ့အကျင့်တွေကို တရားဝင်ကြောင်း၊ ဒါမှမဟုတ် တရားမဝင်ကြောင်း ဆုံးဖြတ်ပေးမယ်။ အိုင်ဒီယိုလိုဂျီက ပါဝါထွက်လာအောင် လုပ်တယ်။ အနည်းဆုံးအနေနဲ့ ပါဝါကို လူ့အဖွဲ့အစည်းထဲ မလည်ပတ်ရင်တောင်မှ အဲဒီလိုလည်ပတ်ဖို့ ပါဝါရဲ့ ဘောင်ကိုဖန်တီးပြီး အဲဒီဘောင်အတွင်း ဆုံးဖြတ်ချက်တွေပြုလုပ်ဖို့ ဆုံးဖြတ်ချက်တွေကို နားလည်လာစေဖို့ လုပ်ပေး တယ်။ ပါဝါက ခေါင်းပုံဖြတ်တာ၊ လူသားဘဝလျော့ကျစေတာမျိုးမရှိဘူး၊ ဒါပေမယ့် အမ်နားခစ်တွေကတော့ ပါဝါဟာ အဲဒီလိုလုပ်တယ်လို့ ယတိပြတ်ယူကြလိမ့်မယ်။

စတုတ္ထအချက်က မာ့က်စ်ဝါဒနည်းလမ်းတွေက မာ့က်စ်ဝါဒီမဟုတ်သူတွေကိုတောင်မှ အရေးကြီးတဲ့ တစ်စုံတစ်ရာကို အမွေပေးခဲ့တယ်။ အဲဒါကတော့ ခင်ဗျားမြင်တဲ့အရာ၊ ခင်ဗျားရလိုက်တဲ့အရာနဲ့ အမြဲတူနေချင်မှ တူမယ်။ တကယ်လို့ ကျွန်တော်တို့ဟာ အိုင်ဒီယိုလိုဂျီတွေကို နားလည်ချင်တယ်ဆိုရင် သူတို့မှာ သူတို့ကို စားသုံးသူတွေမသိအောင် ဖုံးကွယ်ထားတဲ့ အဓိပ္ပာယ်အဆင့်ဆင့် ပါဝင်နေတာ။ သူတို့ကို ထုတ်လုပ်သူတွေထံကနေတောင် ပြန်ဖုံးကွယ်ထားတဲ့ အဓိပ္ပာယ်တွေတောင်မှ မကြာခဏဆိုသလို ပါဝင်နေတာကို လက်ခံပေးရမယ်။ ဒါကြောင့် အိုင်ဒီယိုလိုဂျီလေ့လာမှုမှာ အနက်ပြန်ခြင်း၊ လွယ်လွယ်ကူကူမမြင်နိုင်တဲ့ သူ့ရဲ့ဦးတည် ချက်တွေ၊ အဆက်အစပ်တွေ၊ အဆောက်အအုံတွေကို ခွဲခြားသတ်မှတ်ခြင်းတွေက အစိတ်အပိုင်းကြီးကြီးမားမား အနေနဲ့ ပါဝင်တယ်။

## အခန်း(၂)
## အိုင်ဒီယိုလိုဂျီတည်ဖြလာပုံအကြောင်း

PDF CREATOR - NYEYADHAMMA@GMAIL.COM



## အခန်း(၂)
## အိုင်ဒီယိုလိုဂျီတည်မြဲလာပုံအကြောင်း

မာ့က်စ်ဝါဒအခြမ်းကနေထွက်လာတဲ့ အိုင်ဒီယိုလိုဂျီအယူအဆဟာ ရှုပ်ထွေးပြီး အဆုံးသတ်နိဂုံး မရောက်ပါဘူး။ ဒါပေမယ့် ၂၀ ရာစုအတွင်း သီးခြားပုဂ္ဂလိကအနေနဲ့ ထည့်ဝင်ခဲ့ကြတဲ့ ကားလ်မန်းဟိမ်း၊ ဂရမ်ရှီနဲ့ လူဝီ အာသူဆေတို့ရဲ့ အိုင်ဒီယိုလိုဂျီအသိအပေါ် ထည့်ဝင်မှုကတော့ နောက်ထပ်ကြီးမားတဲ့ အကျိုးဆက်ဖြစ်လာခဲ့တယ်။ သူတို့သုံးဦးရဲ့ အိုင်ဒီယိုလိုဂျီအပေါ် ပြန်အာရုံစိုက်ပြီး နားလည်အောင်ကြိုးစားခဲ့ကြခြင်းကပဲ နောက်ထပ်ဆွေးနွေးစရာတွေ ထပ်ဖြစ်လာခဲ့တာ။ သူတို့ရဲ့ ဝင်ရောက်စွက်ဖက်မှုမှာ အထင်ရှားဆုံးကတော့ မာ့က်စ်ရဲ့ တစ်ယူသန်အစွန်းရောက်လက်ခံထားတဲ့ အိုင်ဒီယိုလိုဂျီအယူအဆကို ပုံသဏ္ဍာန်ပြောင်းလဲခဲ့တာပဲ။

### အိုင်ဒီယိုလိုဂျီ၏လူမှုရေးအရင်းအမြစ်များ-ကားလ်မန်းဟိမ်း

လူမှုရေးဗေဒနဲ့ ဒဿနပညာရှင် ကားလ်မန်းဟိမ်း (၁၈၉၃-၁၉၄၇) ရဲ့ အသိပညာဆိုင်ရာအောင်မြင်မှုကတော့ မာ့က်စ်ဝါဒဆိုင်ရာ ချဉ်းကပ်ပုံထဲက သော့ချက်အမြင်ကို ထုတ်ယူလိုက်နိုင်တာပါပဲ။ ဒါကတော့ အိုင်ဒီယိုလိုဂျီဆိုတာ သမိုင်းနဲ့လူမှုရေးဆိုင်ရာ ပတ်ဝန်းကျင်မှန်သမျှကို ထင်ဟပ်တယ်ဆိုတာပဲ။ ကားလ်မာ့က်စ်က အရင်းရှင်ဝါဒအောက်က လူမှုရေးအခြေအနေတွေကို အိုင်ဒီယိုလိုဂျီဆိုင်ရာ အာရုံမှောက်မှားခြင်းရဲ့ အဓိကအရင်းအမြစ်အဖြစ် ယူခဲ့တယ်။ မန်းဟိမ်းကတော့ အိုင်ဒီယိုလိုဂျီဆိုတာ လူသားရဲ့ အတွေးဖြစ်စဉ်ကို လွှမ်းမိုးဖို့ လူမှုရေးပတ်ဝန်းကျင်မှန်သမျှမှာရှိနေတဲ့ လက္ခဏာတစ်ရပ် ဖြစ်တယ်။ ဒါ့အပြင် အိုင်ဒီယိုလိုဂျီကပေးအပ်တဲ့ အသိပညာဆိုတာ အုပ်စုအတွင်းက လူတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်တဲ့ဖြစ်စဉ်ကနေ ထွက်ပေါ်လာတာလို့ နားလည်ထားတယ်။ အိုင်ဒီယိုလိုဂျီဆိုတာ အဖျက်သဘောဆောင်တဲ့ လွှမ်းမိုးဖိနှိပ်မှုသက်သက် မဟုတ်တော့ပါဘူး။ ဒါ့အပြင် ဗဟုဝါဒအမြင်ကပါ အိုင်ဒီယိုလိုဂျီကို ပြောင်းလဲသွားစေတယ်။ ဆိုလိုတာက လူ့အဖွဲ့အစည်းတွေထဲမှာ အကွဲကွဲအပြားပြားဖြစ်နေတဲ့ လူမှုရေးအုပ်စုနဲ့



လူတန်းစားပတ်ဝန်းကျင်တွေ အများကြီးရှိပြီး ဒီသဘောကပဲ တွေးခေါ်ပုံ၊ ပုံစံများစွာကို ထုတ်ပေးတဲ့အတွက် စုစည်းညီညွတ်သော အိုင်ဒီယိုလိုဂျီတစ်ခုထက် ပိုရှိနေတယ်ဆိုတာ သိသာတယ်။ အိုင်ဒီယိုလိုဂျီ မြောက်မြားစွာရှိတယ်ဆိုတဲ့ ဗဟုဝါဒအမြင်ဟာ နောက်ပိုင်း အိုင်ဒီယိုလိုဂျီ သီအိုရီတွေမှာ အထင်အရှားတွေ့ရမယ်။ အိုင်ဒီယိုလိုဂျီကို ပညာရှင်ဆန်ဆန် လေ့လာပြီး အခြေခံတွေပေးပြီးတဲ့နောက်မှာ မန်းဟိမ်းဟာ အိုင်ဒီယိုလိုဂျီကို သူ့အတွင်းပိုင်းထဲကနေပဲ မာ့က်စ်နဲ့အိန်ဂျယ်တို့ လစ်လျူရှုထားခဲ့တဲ့ ဒူစတပ်ဒီထရေစီကိုယ်စားလှယ်အဖြစ်နဲ့ ပြန်လည်ရှင်သန်ထမြောက်လာစေတာပါပဲ။

မန်းဟိမ်းအတွက်ကတော့ အိုင်ဒီယိုလိုဂျီမှာ လူမှုရေးနဲ့စိတ်ပိုင်းဆိုင်ရာ ထုတ်ဖော်ပြသမှု နှစ်ခုစလုံးရှိတယ်။ အိုင်ဒီယိုလိုဂျီက သူ့ရဲ့ထိန်းချုပ်မှုအောက်က လူတွေကို ရည်ရွယ်ချက်ရှိရှိ ထိန်းချုပ်ပဲ့ကိုင်ဖို့ အသုံးချရုံသာမကဘူး၊ သူက လူသားရဲ့အတွေးအခေါ်ကို လမ်းညွှန်ပေးတယ်။ မသိစိတ်အဆိုပြုချက်တွေနဲ့ ကြောင်းကျိုးဆင်ခြင်မှုချုပ်နှောင်မှုကနေ ကင်းလွတ်တဲ့ အခြေခံအုတ်မြစ်တွေကိုပါ အလေးအနက်ကိုင်တွယ်တယ်။ အဲဒီနောက်မှာတော့ လူမှုရေးအုပ်စုတွေဟာ သူတို့ချင်းမျှဝေတွေကြုံနေတဲ့ ဓလေ့ထုံးတမ်းတွေ၊ ကြိုက်နှစ်သက်မှုတွေ၊ ဇာတ်လမ်းတွေ၊ ၊ သမိုင်းတွေစတဲ့ အိုင်ဒီယိုလိုဂျီပူးဝင်နိုင်တဲ့အရာတွေကို အခြေခံပြီး လည်ပတ်လုပ်ဆောင်နေရတော့တာပါပဲ။ ကျွန်တော်တို့အများစုအတွက်ကတော့ ကွဲပြားခြားနားတဲ့ ရှုထောင့်ကနေ ဒီသဘောကိုမြင်ဖို့ ခက်ခဲမယ်။ ကျွန်တော်တို့ရဲ့အတွင်းပိုင်းမှာ တွေးခေါ်စရာမလိုဘဲ၊ ခွဲခြားဝေဖန်စရာမလိုဘဲဖြစ်နေတဲ့ ဓလေ့နဲ့ အလေ့အကျင့်တွေကို ဖော်ပြနိုင်ဖို့ရာ ခက်ခဲပါမယ်။ မသိစိတ်နဲ့ ကြောင်းကျိုးဆင်ခြင်မှုကင်းမဲ့ခြင်းဟာ လူမှုရေးပိုမိုဖွံ့ဖြိုးလာတဲ့ အဆင့်တွေမှာ သူတို့ရဲ့ မျက်နှာဖုံးကွာကျသွားပါတယ်။ ဒါတောင်မှ သူတို့ဟာ ကြောင်းကျိုးဆင်ခြင်မှုရှိတယ်လို့ ကြိုးစားအားထုတ်မှုတွေရှိနေသေးတယ်။ မန်းဟိမ်းက မာ့က်စ်ဝါဒရဲ့ အိုင်ဒီယို လိုဂျီအမြင်ကို ခံယူရင်း သူတို့နှစ်ခုရဲ့ အကျိုးသက်ရောက်မှုဟာ မကြာခဏ အကန့်အသတ်ခံထားရတယ်လို့ မြင်တယ်။ ဒါကလည်း မန်းဟိမ်းက ကြောင်းကျိုးဆင်ခြင်မှု ကင်းခြင်းနဲ့ မသိစိတ်နှစ်ခုဟာ လူ့အဖွဲ့အစည်းရဲ့ တကယ့်အခြေအနေမှန်လို့မမြင်ဘဲ အုပ်စိုးသူလူတန်းစားရဲ့ အကျိုးနဲ့ နှီးနွယ်

PDF CREATOR - NYEYADHAMMA@GMAIL.COM

သွားတယ်ဆိုတဲ့ မာ့က်စ်ဝါဒအမြင်ကို ခံယူထားလို့ပါပဲ။ ဒါပေမယ့် လှုပ်ရှားမှုကင်းမဲ့တဲ့ အိုင်ဒီယိုလိုဂျီအမြင်ထဲကို မန်းဟိမ်းက ယူတိုးပီးယားအသိကို အပြိုင်သဘော ပေါင်းထည့်လိုက်တယ်။ ယူတိုးပီးယားဆိုတာက အဖိနှိပ်ခံလူစုက တည်ရှိဆဲ လူ့အဖွဲ့အစည်းကိုဖြိုဖျက်ပြီး ပြီးပြည့်စုံတဲ့ အနာဂတ်လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်မယ်ဆိုတာပဲ။ ဒါပေမဲ့ မန်းဟိမ်းရဲ့ယူတိုးပီးယားထဲက အဖိနှိပ်ခံလူအုပ်စုက တည်ရှိဆဲ လူ့အဖွဲ့အစည်းထဲက အဖျက်သဘောဆောင်တဲ့ ရှုထောင့်တွေသာရှိပြီး အမှန်တကယ် ဖြစ်ပျက်နေတဲ့ အခြေအနေကို တိတိကျကျမမြင်နိုင်ဘူးလို့ ယူလိုက်တယ်။ မန်းဟိမ်းရဲ့ ယူတိုးပီးယားဟာ ယနေ့ ကျွန်တော်တို့ခေါ်ဝေါ်ကြတဲ့ ပရိုဂရက်စစ် အိုင်ဒီယိုလိုဂျီတစ်ရပ်သာ ဖြစ်တယ်။ အစဉ်အလာ(ဝါ)ကွန်ဆာဗေးတစ် အိုင်ဒီယိုလိုဂျီ မဟုတ်တော့ဘူး။ ဒါကို ဖယ်ထားကြည့်ရင်တောင်မှ မန်းဟိမ်းက သူတို့လို ခွဲခြမ်းစိတ်ဖြာပညာရှင်တွေက ပျံ့နှံ့အောင်လုပ်ခဲ့တဲ့ ဖွင့်ဆိုရှင်းလင်းပြပုံသီအိုရီအသစ်တွေကို ကိုင်စွဲတယ်။ သီအိုရီအသစ်တွေအသုံးချပြီး အိုင်ဒီယိုလိုဂျီပင့်ကူ အိမ်ထဲမိနေတဲ့ အိုင်ဒီယိုလိုဂျီအပေါ် စားသုံးသူနဲ့ ထုတ်လုပ်သူပုံစံသေနှစ်ခု ယတိပြတ်ခွဲခြားခြင်းကို ကန့်ကွက်တယ်။

မန်းဟိမ်းက အိုင်ဒီယိုလိုဂျီရဲ့ စိတ်ပိုင်းဆိုင်ရာလက္ခဏာတွေကို ကားလ်မာ့က်စ်ယူသလိုပဲ သိမှုဆိုင်ရာပုံဖျက်ခြင်း၊ တွက်ချက်မှုပါတဲ့လိမ်လည်မှု ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုလိမ်လည်ခြင်း ပုံသဏ္ဌာန်တွေလို့ ယူထားတယ်။ သူ့အတွက်က ဒါဟာ အိုင်ဒီယိုလိုဂျီရဲ့ သီးသန့်ယူဆချက်ပဲ။ ဒါကိုမှ မန်းဟိမ်းက အိုင်ဒီယိုလိုဂျီမှာ တစ်သီးပုဂ္ဂလလူသားတွေက ရည်ရွယ်ချက်ရှိရှိ အနည်းနဲ့အများ မှားယွင်းစွာ ကိုယ်စားပြုထားတဲ့ သီးသန့်အဆိုတွေ ပါဝင်တယ်လို့ဆိုတာ။ ဒါပေမယ့် သီးသန့်သဘောမဟုတ်ဘဲ အိုင်ဒီယိုလိုဂျီရဲ့ အယူအဆကို ခြုံငုံပြောတဲ့အခါမှာတော့ အိုင်ဒီယိုလိုဂျီဆိုတာ ရှိနေတဲ့ လူအုပ်စုတစ်စုရဲ့ အမြင်တွေအကုန်လုံး ပါဝင်တဲ့အရာ သူတို့ရဲ့သမိုင်းကာလထဲက အတွေးအခေါ်စနစ်တွေ၊ အထွေထွေ အိုင်ဒီယာတွေကို အမြဲတမ်းထင်ဟပ်တယ်လို့ ယူဆတယ်။ ဒီသဘောက စိန်ခေါ်မှုကို တပြိုင်နက်တည်း နှစ်ခုတွဲပြီး လုပ်လိုက်တယ်။ ပထမတစ်ခုက ကွဲပြားခြားနားတဲ့ တည်ရှိမှုတွေကနေ အိုင်ဒီယိုလိုဂျီစနစ်ကြီးတစ်ခုဖြစ်လာတယ်ဆိုတဲ့ မာ့က်စ်ဝါဒရဲ့ မျက်ကန်း



အယူကို ဆန့်ကျင်တယ်။ ဒုတိယတစ်ခုက လူမှုရေးဘဝနဲ့ တသီးပုဂ္ဂလလူသားတွေရဲ့ အပြုအမူနဲ့ပတ်သက်ပြီး အကြွင်းမဲ့ယူနီဗာဆယ် အမှန်တရား၊ အချိန်ကာလအကန့်အသတ်မဲ့ မှန်နေရမယ့် အမှန်တရားကို နိုင်ငံရေးဒဿနပညာရှင်တွေ ရှာဖွေနေကြတာကို ဆန့်ကျင်တယ်။ မန်းဟိမ်းရဲ့အမြင်မှာ အိုင်ဒီယိုလိုဂျီရဲ့ တစ်ခုလုံးခြုံငုံပြီး တစ်ပေါင်းတစ်စည်းရှိတဲ့ သဘာဝ (holistic nature) ကို ဝန်ခံထားတယ်။ သူ့ရဲ့ လမ်းကြောင်းက အစီအစဉ်ရှိပြီး စနစ်တကျရှိတဲ့ အိုင်ဒီယိုလိုဂျီကို နားလည်ဖို့ ကြိုးစားနေတာပါပဲ။ အိုင်ဒီယိုလိုဂျီဟာ တွေးခေါ်ခြင်း၊ လူမှုရေးစနစ်တွေရဲ့ အစဉ်အလာပုံစံနဲ့ အပြန်အလှန် မှီခိုနေတဲ့ အဆောက်အအုံဖြစ်လာတယ်။ တစ်သီးပုဂ္ဂလလူသားရဲ့ စိတ်ပိုင်းဆိုင်ရာထဲက အမြင်တွေဆီကို လျှော့ချဖို့ မဖြစ်နိုင်တော့ဘူး။

မန်းဟိမ်းက အိုင်ဒီယိုလိုဂျီကျောင်းသားတွေကြား ကွဲပြားသွားစေတဲ့ ပြဿနာရပ်ကို အဓိကထားတယ်။ ကျွန်တော်တို့သိခဲ့ကြသလိုပဲ၊ မာ့က်စ်ဝါဒီတွေက အိုင်ဒီယိုလိုဂျီဆိုတာ မှားယွင်းတဲ့အသိပညာဖြစ်ပြီး လူသားဟာ သူ့ကြောင့် ကိုယ့်ကိုယ်ကိုယ် ကင်းကွာလာတယ်။ ဖြပ်မဲ့စိတ္တဇလည်း ဆန်းလွန်းတယ်လို့ ပြောပြီး၊ တကယ့်တကယ်တမ်း အိုင်ဒီယိုလိုဂျီကို လူထုနဲ့ကင်းကွာအောင် လုပ်ထားတာဖြစ်တဲ့အတွက် လူထုဆီသွားဖို့ သူတို့ရဲ့ လောဂျစ်နဲ့မကိုက်ဘဲ၊ သူတို့ရဲ့အမြင်ကလည်း အိုင်ဒီယိုလိုဂျီ ပြန်ဖြစ်သွားပါလေရော။ မန်းဟိမ်းရဲ့ တစ်စုတစ်စည်းတည်းသော အိုင်ဒီယိုလိုဂျီယူဆချက်က လူထုရဲ့ စိတ်နေစိတ်ထားအမြင်တွေနဲ့ အုပ်စုတွင်းက ကျယ်ပြန့်တဲ့ အိုင်ဒီယိုလိုဂျီအရင်းအမြစ်ကို ထောက်ပြတာဖြစ်တယ်။ အိုင်ဒီယိုလိုဂျီတွေဟာ တဖြည်းဖြည်းသွားနေတဲ့ ဖြစ်စဉ်လို့ မန်းဟိမ်းက ယုံကြည်တယ်။ အသိပညာရှင်ရဲ့ အဓိကအလုပ်က သူတို့ရဲ့ လူ့အဖွဲ့အစည်းအတွက် ကမ္ဘာလောကကြီးကို အနက်ပြန်ပေးဖို့သာ ဖြစ်တယ်။ လူ့အဖွဲ့အစည်းဟာ ပြောင်းလဲနေပြီး လူမှုရေးအဆင့်အတန်းရွေ့လျားမှုနှုန်းမြင့်လာရင် အသိပညာရှင်အရေအတွက်ဟာ လူမှုရေးနောက်ခံအမျိုးမျိုး ပိုပြီးကွဲပြားတဲ့လူတွေ ဖြစ်လာမယ်။ သူတို့ဟာ ပိတ်လှောင်ပြီး ပြဋ္ဌာန်းခံရတဲ့ အစုအဝေးတွေထဲမှာ ကြာရှည်တွဲဖက်မနေဘူး။ ဘယ်လိုပဲဖြစ်ဖြစ် မန်းဟိမ်းရဲ့ အစီအစဉ်ဇယားထဲမှာ

အသိပညာရှင်ဟာ အမိကကျတဲ့ အခန်းကဏ္ဍထဲမှာ သူ့နေရာနဲ့သူ နေရာချထားခံရတယ်။ သူတို့ဟာ ကမ္ဘာလောကအပေါ် အမှီအခိုကင်းပြီး ပုဂ္ဂလိကသဘောမဆောင်တဲ့ အနက်ပြန်ခြင်းမျိုး တိုးတိုးပြီး ပေးအပ်မယ်။ မန်းဟိမ်းက ပညာရှင်ဆိုတာ ယဉ်ကျေးမှု(ဝါ)ပညာရေးထဲက လူသာလျှင်ဖြစ်နေဖို့ မလိုအပ်ဘူး။ ပညာရှင်ဆိုတာ လူမှုရေးနောက်ခံအခြေအနေ ပြဋ္ဌာန်းခံရခြင်းကနေ ဖောက်ထွက်နိုင်အောင်လည်း လုပ်နိုင်ရမယ်။ ပြီးတော့ သူ့ရဲ့ လူ့အဖွဲ့အစည်းထဲမှာ ရရှိနိုင်တဲ့ သမိုင်းဆိုင်ရာရှုထောင့်အမျိုးမျိုးနဲ့ ကွဲပြားခြားနားတဲ့ လူမှုရေးတွေကြားထဲ လွတ်လပ်စွာ လွင့်မျောစီးဆင်းနိုင်ရမယ်။

ဒီနေရာမှာ မန်းဟိမ်းဟာ သူ့ရဲ့ မာ့က်စ်ဝါဒကနေ တွန်းအားပေးလိုက်တဲ့ အရင်းအမြစ်တွေကို ထုတ်ဖော်ထားပေမယ့် သူက စုစည်းညီညွတ်သော လူမှုရေးဗေဒအခြေခံအသိပညာဆိုတာ အဲဒီလို လွတ်လပ်စွာ လွင့်မျောစီးဆင်းသူတွေက ထုတ်လုပ်တဲ့ ဖြစ်နိုင်ခြေသဘောဆောင်တဲ့ အသိပညာတစ်ရပ်ပဲလို့ ယုံကြည်တယ်။ စုစည်းညီညွတ်သော အသိပညာဆိုတဲ့ အတွက် အိုင်ဒီယိုလိုဂျီကို အစိတ်အပိုင်းအစွန်းတစ်ခဏကနေကြည့်တဲ့ ရှုထောင့်အမြင်တွေကို ကျော်လွန်တယ်။ လူမှုရေးအရှိတရားကို ယူတိုးပီးသားဆန်ဆန် အခြေအနေကနေသာ ပြန်လှည့်သွားချင်တယ်။ ဒီဖြစ်စဉ်ရဲ့ အမိကသော့ချက်က နှိုင်းရဝါဒ (Relativism)နဲ့ ဆက်စပ်ရဝါဒ (Relativism) ကြားထဲက ကွဲပြားခြားနားမှုအတွင်း တည်ရှိတယ်။ မန်းဟိမ်းရဲ့ နှိုင်းရဝါဒဆိုတာက အတွေးမှန်သမျှဟာ တွေးခေါ်ပညာရှင်ဆုပ်ကိုင်ပြလို့ရတဲ့ သမိုင်းဆိုင်ရာအခြေအနေနဲ့ ဆက်နွယ်နေတာပဲ။ ပြီးတော့ အတွေးစိတ်ကူးတွေမှာ ဓမ္မဓိဋ္ဌာန်ကျပြီး ယူနီဗာဆယ်သဘောဆောင်တဲ့ ရပ်တည်ချက်မရှိဘူး။ ဒီလိုသာဆိုရင်တော့ အတွေးမှန်သမျှ ပုဂ္ဂလိကသဘောအဖြစ် လက်လွှတ်လိုက်ရဖို့ပဲ ရှိတယ်။ မန်းဟိမ်းရဲ့ နှိုင်းရဝါဒ အမြင်အရဆိုရင်တော့ ဖိနှိပ်သူတွေနဲ့ စစ်ဘီလူးတွေ ကိုယ်တိုင်တောင်မှ သူတို့ဟာ သူတို့နေထိုင်တဲ့ သမိုင်းအခြေအနေ ပတ်ဝန်းကျင်ရဲ့ ထုတ်ကုန်သက်သက်သာဖြစ်တယ်လို့ ယူကြတော့မှာဖြစ်တယ်။ ဒါဟာ လူမှုရေးဦးတည်ချက်နဲ့ ပြုမူလုပ်ဆောင်ချက်တွေကို ချဉ်းကပ်တဲ့နေရာမှာ ယုံကြည်ကိုးစားလောက်တဲ့ နည်းလမ်းမဟုတ်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ ပြီးတော့ မန်းဟိမ်းက နှိုင်းရဝါဒကို ဆက်စပ်ရဝါဒနဲ့



အစားထိုးတယ်။ နှိုင်းရဝါဒလိုပဲ ဆက်စပ်ရဝါဒဟာ အတွေးနဲ့ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်နေရာတွေ လူမှုရေးနဲ့ သမိုင်းဆိုင်ရာကိစ္စတွေထဲက အကြွင်းမဲ့အမှန်တရားပျောက်ကွယ်မှုတွေကို ချီးမတယ်၊ မန်းဟိမ်းက မာ့က်စ်ဝါဒကိုတောင်မှ အိုင်ဒီယိုလိုဂျီအဖြစ်နဲ့ ဖွင့် ဟတယ်။ အိုင်ဒီယိုလိုဂျီကို ဆန့်ကျင်တဲ့ အိုင်ဒီယိုလိုဂျီအဖြစ်တောင် ဆိုနိုင်တယ်။ ဒါကို "မန်းဟိမ်းပါရာဒေါက်စ်"လို့ ခေါ်တယ်။ ဆိုလိုတာက အိုင်ဒီယိုလိုဂျီရှုထောင့် အမြင်တစ်ရပ်ကို ထုတ်ဖော်ပြဖို့အတွက် အိုင်ဒီယိုလိုဂျီရှုထောင့်တစ်ရပ်ကို ကိုယ်တိုင်တိုင် မခံယူဘဲနဲ့ မဖြစ်နိုင်ဘူးဆိုတာမျိုးပဲ။

ဒါပေမယ့် ဆက်စပ်ရဝါဒက အကြောင်းအရာသုံးခုကို ဖော်ပြတယ်။ ပထမတစ်ခုက ကျွန်တော်တို့ဟာ စိတ်ကူးအတွေးအခေါ်တွေကို သူတို့ချင်း အပြန်အလှန် မှီခိုနေတာအပေါ် နားမလည်ဘဲနဲ့ ရှင်းရှင်းလင်းလင်းသိဖို့ရာ မဖြစ်နိုင်ဘူး။ အတွေးတစ်ခုရဲ့ အချင်းအရာကို တခြားတစ်ခုနဲ့ ဆက်စပ်နေပုံ၊ စိတ်ကူးအတွေးအခေါ်ချင်း အပြန်အလှန်အကျိုးသက်ရောက်ပုံ၊ ခံဆောင်ထားပုံကို သေသေချာချာမသိဘဲနဲ့ နားလည်ဖို့ရာ မဖြစ်နိုင်ဘူး။ ဒုတိယအချက်က တစ်ခုတည်းသော စကတ္တအမြင်ဟာ လူမှုရေးရပ်တည်မှုတစ်စုံတစ်ရာကို ပေးအပ်မယ်၊ ပေးအပ်တဲ့နေရာမှာလည်း ဆက်စပ်ရဝါဒကနေ ပေးအပ်ထားသမျှ ကွဲပြားခြားနားတဲ့ နားလည်ပုံအမျိုးမျိုးအတွင်းကနေသာလျှင် ပေးအပ်မှာဖြစ်တယ်။ ဒီအရာက ခွဲခြမ်းစိတ်ဖြာသူကို ကွဲပြားခြားနားတဲ့ အိုင်ဒီယိုလိုဂျီပြိုင်းနှံမှုတွေနဲ့ အရည်အသွေး တွေကြားထဲမှာ ထင်ထင်ရှားရှား ခွဲခြားသိမြင်လာစေတယ်။ လူ့အဖွဲ့အစည်းထဲမှာ ကွဲပြားခြားနားစွာ လည်ပတ်နေတဲ့ အတွေးအခေါ်အိုင်ဒီယာတွေကို လေ့လာစူးစမ်းဖို့နဲ့ အိုင်ဒီယိုလိုဂျီတွေရဲ့ ဘယ်လက္ခဏာတွေကသာ ခိုင်မာပြီး တစ်ခုနဲ့တစ်ခု အထောက်အပံ့ဖြစ်နေတယ်ဆိုတာ သိလာဖို့က ဒုတိယအချက်ပါ နားလည်ထားပုံကနေသာ လုပ်နိုင်တယ်။ တတိယတစ်ချက်က လူမှုရေးသဘာဝ အခြေခံအသိပညာလွှမ်းမိုးလာဖို့က မန်းဟိမ်းပြောတဲ့ အိုင်ဒီယိုလိုဂျီရဲ့ တစ်ခုလုံး သဘောယူဆချက်ဖွံ့ဖြိုးမှုကြောင့်သာ ဖြစ်နိုင်တယ်။ ဒီတစ်ခုလုံး ယူဆချက်က အိုင်ဒီယိုလိုဂျီရဲ့ အဓိပ္ပာယ်မှာ နိုင်ငံရေးဆိုင်ရာလွှမ်းမိုးခြင်း၊ ကျင့်သုံးခြင်း၊ ခုခံခြင်းဆိုတဲ့ အဓိပ္ပာယ်တွေကို ခွဲခြားစိတ်ဖြာမှုဆိုင်ရာ လက်နက်ကိရိယာဆိုတဲ့ အဓိပ္ပာယ်

အဖြစ် ပြောင်းလဲပေးနိုင်မှာ ဖြစ်တယ်။ အိုင်ဒီယိုလိုဂျီဟာ ခွဲခြမ်းစိတ်ဖြာမှု လက်နက်ကိရိယာဖြစ်လာပြီဆိုရင် သူ့ရဲ့ ငြင်းခုန်ဆွေးနွေးစရာမှန်သမျှကို သူ့ဘာသာသူ ပြန်နားလည်လာနိုင်စေမှာ ဖြစ်တယ်။ သဘောက အိုင်ဒီယိုလိုဂျီဆိုတာ သူကဘာလုပ်သလဲသက်သက်သာ မကတော့ဘူး၊ အိုင်ဒီယိုလိုဂျီဆိုတာ ဘယ်လိုအတွေးအခေါ် အမျိုးအစားလဲပါ ဖြစ်လာတယ်။ မန်းဟိမ်းရဲ့ထည့်ဝင်မှုက ဒုတိယတစ်ခုရဲ့ အရေးပါပုံမှာ အဖျက်သဘောဆောင်တဲ့ အိုင်ဒီယိုလိုဂျီသဘာဝနဲ့ အဓိပ္ပာယ်ကို အပြုသဘော အိုင်ဒီယိုလိုဂျီအလုပ်လုပ်ပုံမျိုးနဲ့ ချိတ်ဆက်မိဖို့ ငြင်ငြင်သာသာ ကိုင်တွယ်တယ်။

မန်းဟိမ်းချဉ်းကပ်ပုံရဲ့ ရလဒ်က "နိုင်ငံရေးသိပ္ပံပညာတစ်ရပ်" ဖြစ်လာဖို့ ရှိတယ်။ အသိပညာရှင်တွေဟာ သူတို့ဘာလုပ်ရမလဲဆိုတာကို တွေလာစေမယ်။ လူ့အဖွဲ့အစည်းရဲ့ အမှန်တရားအစိတ်အပိုင်းကို တိုင်းတာဆန်းစစ်နိုင်မယ်။ နိုင်းရအမြင်တွေ တည်ရှိနေမှုရဲ့ အကန့်အသတ်ကို ခွဲခြမ်းကြည့်ရင်းနဲ့ မန်းဟိမ်းရဲ့အတွေးဟာ တန်ဖိုးစံကင်းလွတ်တဲ့ အသိပညာလမ်းကြောင်းထဲ အရေးကြီးတဲ့ အားထုတ်မှုတစ်ရပ်အနေနဲ့ ပါဝင်လာတယ်။ ဒါပေမယ့်လည်း သူက နောက်ဆုံးမှာ အကြွင်းမဲ့ အဆုံးသတ်အသိပညာဆီ သွားဖို့တော့ မနှစ်မြို့ပါဘူး။ သူလေ့လာစူးစမ်းရသမျှတော့ အိုင်ဒီယိုလိုဂျီဟာ အမြဲတမ်း ပြောင်းလဲနေပြီး လျို့ဝှက်ဆန်းကြယ်တယ်။ အသိပညာကလည်း ဒီအတိုင်းပဲ အတွေးအခေါ် အိုင်ဒီယာတွေကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာနိုင်တယ်။ ဒီထက်ပိုပြီး တိတိကျကျဆိုရရင် အိုင်ဒီယာတွေဟာ ဓမ္မဓိဋ္ဌာန်ကျစွာ တိုးတက်ဖွံ့ဖြိုးနိုင်တယ်။ ဆိုလိုတာက လူမှုရေးအရှိတရားနဲ့ပတ်သက်တဲ့ အသိပညာတစ်ခုအဖြစ် ဖွံ့ဖြိုးနိုင်တယ်။ သူ့ရဲ့ နှိုင်းရဝါဒအပေါ် အသိကနေတစ်ဆင့် မန်းဟိမ်းက နိုင်ငံရေးအိုင်ဒီယာတွေရဲ့ စေ့စပ်ညှိနှိုင်းလို့မရတဲ့ ဗဟုသဘာဝကို စုံစမ်းတယ်။ သူက ဗဟုဝါဒဟာဖြင့် လူမှုရေးအတွက် ပေါ်ကြွယ်ဝတဲ့အရင်းအမြစ်တစ်ခုလို့ မမှတ်ယူဘူး။ တကယ်လို့ ဗဟုသဘောရှုထောင့်အမြင်တစ်ခုချင်းစီဟာ သူ့ရဲ့ဆန့်ကျင်ဘက်တွေနဲ့ အကြွင်းမဲ့ခံဆောင်ထားမယ်ဆိုရင် ယင်းအရာတွေဟာ တည်ငြိမ်မှုချို့ယွင်းနေတဲ့ ကဏ္ဍတွေပါပဲ။

မန်းဟိမ်းရဲ့ ချဉ်းကပ်ပုံကနေ ရှောင်တခင်ထွက်လာတာတွေ အထင်အရှားရှိပါတယ်။ သူက တစ်သီးပုဂ္ဂလတွေနဲ့ ပေါင်းစပ်ထားတဲ့ အုပ်စုဟာ



သူတို့ရဲ့ လူတန်းစားအထက်ကို တိုးထွက်လာနိုင်စွမ်းရှိတတ်ပြီး သမိုင်းဆိုင်ရာ အဆက်အစပ်ကလည်း သူ့အဆက်အစပ်ထဲက ကင်းလွတ်ပြီး တည်ရှိတဲ့ အိုင်ဒီယိုလိုဂျီ တွေကို ရိုက်ချိုးနိုင်တယ်လို့ ယုံကြည်တယ်။ သူက အသိပညာရှင်တွေဟာ သဘောတူညီမှုအမှတ်တစ်စုံတစ်ရာကို ရောက်သွားမယ်။ ပြီးတော့ အဲဒီအမှတ်ဟာ အိုင်ဒီယိုလိုဂျီဆိုင်ရာ ကင်းမဲ့တဲ့အမှတ်သာလျှင်ဖြစ်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့ အခုဆိုရင် ပညာရှင်ဆန်တဲ့ သဘောတူညီညွတ်မှုကိုတောင် မန်းဟိမ်းကြောင့် ပိုပြီးသံသယရှိဖို့ ဖြစ်လာပါပြီ။ ကျွန်တော်တို့က လူမှုရေးနဲ့ သမိုင်း ပြဿနာရပ်တွေမြောက်မြားစွာမှာ ယုံကြည်ဖွယ်ရာ ရှင်းလင်းတင်ပြပုံနဲ့ ဒါမှမဟုတ် အနက်ပြန်ပုံတစ်ခုတည်း မကဘူးလို့ လက်ခံထားကြတယ်။ ပြီးတော့ ပညာရှင်တွေဟာ သူတို့ရဲ့ တန်ဖိုးစံတွေနဲ့ ကြိုက်နှစ်သက်မှုတွေကို လုံးလုံးလျားလျား အမြစ်ပြတ်သုတ်သင်ပစ်လိုက်တာမျိုး မလုပ်နိုင်ပါဘူး။ မန်းဟိမ်းက အိုင်ဒီယိုလိုဂျီဆိုင်ရာ အနေအထားတွေအားလုံးဟာ သူတို့တန်ဖိုးနဲ့သူတို့ရှိတယ်လို့ အခိုင်အမာပြောဆိုနိုင်မယ့် အခင်းအကျင်းကို လုံးဝရှောင်ရှားချင်ဟန် ရှိတယ်။ ပြီးတော့ ဒါကို အစားထိုးဖို့အတွက် သူက "ဓမ္မဓိဋ္ဌာန်ကျပုံစံသစ်"ကို တောင့်တတယ်။ ဒါပေမယ့် နှိုင်းရဝါဒပုံသဏ္ဌာန်အချို့ကို ကိုင်ထားရုံနဲ့ ရှုထောင့်မှန်သမျှမှာ တူညီတဲ့ တန်ဖိုးထားစရာတွေရှိနေတယ်လို့ ခွင့်လွှတ်ပေးစရာမရှိတော့ဘူး။ အိုင်ဒီယိုလိုဂျီကိုလည်း ဆန့်ကျင်ပစ်စရာ မလိုပါဘူး။

ဒီအမြင်ကို ကျွန်တော်တို့က အောက်ပါအတိုင်း ဆိုချင်တယ်။ ဓမ္မဓိဋ္ဌာန်ကျဝါဒတွေက ရောမကိုသွားဖို့ လမ်းကြောင်းတစ်ခုတည်းသာရှိတယ်လို့ တောင်းဆိုကြမယ်။ အစွန်းရောက်နှိုင်းရဝါဒီတွေကတော့ လမ်းကြောင်းမှန်သမျှ ရောမဆီဦးတည်နေတယ်၊ ပြီးတော့ ဘယ်လမ်းကတော့ဖြင့် အခြားလမ်းတွေထက် ပိုကောင်းသလဲ မသိနိုင်ဘူး၊ ခရီးသွားသူရဲ့ ယူဆချက်နဲ့ လုံးဝသက်ဆိုင်နေတယ်လို့ ဆိုမှာဖြစ်တယ်။ ထိခိုက်လွယ်ပြီး ထိန်းချုပ်ကန့်သတ်မှုတွေများတဲ့ နှိုင်းရဝါဒီတွေဟာ အားလုံးကိုတော့ မတောင်းဆိုနိုင်ဘူး။ ဒါပေမယ့် လမ်းပေါင်းများစွာဟာ ရောမဆီဦးတည်နေတယ်။ သူ့ရဲ့အရှည်အသွေး၊ အရှိန်၊ လုံခြုံမှုတွေကတော့ အမျိုးမျိုးပဲလို့ဆိုတာ၊ လမ်းအမျိုးမျိုးနဲ့ ကောင်းမကောင်းအာမခံဟာ အဲဒီလမ်းတွေကိုသွားခဲ့တဲ့ ခရီးသွားရဲ့ တန်ဖိုး

တွေအပေါ် မှီခိုနေတယ်။ ဒါပေမယ့် ခရီးသွားတွေရဲ့ထည့်ဝင်မှုဟာ ခရီးသွားရဲ့ ပုဂ္ဂလိကဆန်တဲ့ စီရင်ဆုံးဖြတ်ချက်နဲ့ ယာဉ်ကြောကျပ်ခြင်း လမ်းရဲ့ မျက်နှာပြင် အကွာအဝေး၊ တည်ဆောက်ပုံအပေါ်ကို စမ်းစစ်ချဉ်းကပ်လက်ခံပြီးသား စံအဆင့်အတန်းနဲ့ နှိုင်းယှဉ်ထားပြီးသားကိုသာ အခြေခံတာ။ အများစုကတော့ မန်းဟိမ်းဆိုသလိုပဲ လူသားအတ္တချင်း အပြန်အလှန်ထားတဲ့ ပုံသဏ္ဌာန်တစ်ခုပါပဲ။ ဒါပေမယ့် နှိုင်းရသဘောဆန်တဲ့ နားလည်ခြင်းတော့ ရှိပါသေးတယ်။

ကျွန်တော်တို့အနေနဲ့ တစ်သီးပုဂ္ဂလလူသားဟာ သူတို့ရဲ့ အိုင်ဒီယိုလိုဂျီတွေကို သူတို့ဘာသာ သပ်သပ်ရပ်ရပ်နဲ့ သုတ်သင်လိုက်နိုင်တဲ့ စွမ်းရည်ရှိတယ်ဆိုတာကို သံသယတစ်စွန်းတစ်စ ရှိပါတယ်။ မန်းဟိမ်းရဲ့ ချဉ်းကပ်ပုံက ၂၀ ရာစုအလယ်လောက်က "အိုင်ဒီယိုလိုဂျီနိဂုံး"အကြောင်း ငြင်းခုန်မှုအချို့အပေါ် အရိပ်ထိုးတယ်။ အိုင်ဒီယိုလိုဂျီနိဂုံးချုပ်ပြီလို့ဆိုသူတွေက မော်ဒန်လူ့အဖွဲ့အစည်းဟာ ဝဲလ်ဖဲစိတ် ဒါမှမဟုတ် စားသုံးသူ လူ့အဖွဲ့အစည်းလိုမျိုးပေါ်လစီတွေ၊ စည်းမျဉ်းနိယာမတွေအပေါ် အားလုံးဟာ သဘောတူညီသွားပြီလို့ ယူကြတယ်။အကျိုးဆက်အားဖြင့် အခြေခံကျတဲ့ အယူအဆအကွဲအပြားတွေဟာ ပျောက်ကွယ်သွားတယ်။ ဒီအမြင်မှာ မျက်စိလျှမ်းသွားတဲ့ အချက်ကတော့ အကယ်၍ အားလုံးဟာ ရှုထောင့်အမြင်တစ်ခုထဲမှာ သဘောတူညီညွတ်နေတယ်ဆိုရင်တောင်မှ ကျွန်တော်တို့ဟာ အိုင်ဒီယိုလိုဂျီဆိုလို့ လုံးဝမလိုအပ်တော့တာမဟုတ်ဘဲ အိုင်ဒီယိုလိုဂျီတစ်ခုတော့ အဆုံးမှာလိုနေသေးတာပါပဲ။ ကျွန်တော်တို့ဟာ မြေပုံတစ်ခု တစ်လေတော့ဖြင့် လိုနေသေးတာပါပဲ။

နောက်ဆုံးမှာ အိုင်ဒီယိုလိုဂျီအပေါ်ဝေဖန်တဲ့ အခန်းကဏ္ဍအပေါ် ထုတ်တဲ့မေးခွန်းဟာ ကျန်နေသေးတယ်။ ကားလ်မာ့က်စ်ကတော့ အိုင်ဒီယိုလိုဂျီရဲ့ မသိမသာ ဒုက္ခပေးတတ်တဲ့သဘာဝနဲ့ သူ့ရဲ့မျက်နှာဖုံးကို ခွာချဖို့ လိုအပ်ကြောင်းကို ကျွန်တော်တို့အပေါ် အမြဲတရစပ် အသိပေးနေတာ။ မန်းဟိမ်းကျပြန်တော့ အိုင်ဒီယိုလိုဂျီဟာ လေ့လာထိုက်တဲ့အရာဖြစ်ကြောင်း ချီးကျူးပြောဆိုပုံနဲ့ ပညာရပ်ဆန်ဆန်ချဉ်းကပ်ပုံနှစ်ခုကြား ဟိုဘက်ဒီဘက် ယိမ်းထိုးနေတယ်။ သူက အိုင်ဒီယိုလိုဂျီအတွင်းက ခန့်မှန်းခြေအမှန်



တရားတွေ ပြည့်ဝလာဖို့ရာဆန္ဒနဲ့ အိုင်ဒီယိုလိုဂျီရဲ့ အမျိုးမျိုးသော ပုံသဏ္ဌာန်တွေကို လေ့လာစူးစမ်းဖို့ ဆန္ဒနှစ်ခုစလုံး ရှိနေတယ်။ မန်းဟိမ်းက လူသားရဲ့ အတွေးမှာ ဒိုင်းနမစ်သဘော သိုသိပ်စွာ တည်မြဲမှုနဲ့ ယာယီခဏသာခံတဲ့ သဘာဝနှစ်ခုစလုံးရှိတယ်လို့ အသိအမှတ်ပြုတယ်။ ယင်းအတွေးအတွေစည်းမျဉ်းစည်းကမ်းအတွင်း ထပ်ခါတလဲလဲလုပ်ရင်းက ပုံသေအရာတစ်ခုကို စွဲမြဲလာစေတယ်လို့လည်း ယူတယ်။ ဒါဟာ စံပုံစံအကြောင်း ပြလှည့်ဖျားမှု (normative twist) လုပ်တတ်တဲ့ လူမှုရေးဗေဒ ပုံစံတစ်ခုပါပဲ။ လူမှုရေးဗေဒထဲမှာ ပညာရှင်တွေက တခြားသောအရာတွေထက် တစ်ချို့သော သမိုင်းဆိုင်ရာဖွံ့ဖြိုးမှုနဲ့ တစ်ချို့သော အိုင်ဒီယိုလိုဂျီတွေကိုသာလျှင် အဆုံးစွန်ဆုံး တန်ဖိုးထားတတ်ကြတယ်။ တန်ဖိုးထားကြတဲ့အခါမှာလည်း သမိုင်းရဲ့ တစ်ခုလုံးခြုံငုံမှု (totality of history)ကို နားလည်ခြင်းကနေသာ တန်ဖိုးထားကြတယ်။ အိုင်ဒီယိုလိုဂျီကို နားလည်လွယ်တဲ့အမြင်မျိုးဖြစ်အောင် ဖွဲ့စည်းမယ်။ ဒါပေမယ့် အဆုံးသတ်အမြင်မျိုးတော့ လုပ်ပစ်မှာမဟုတ်ဘူး။ ဒီထက်စာရင် ကျွန်တော်တို့ရဲ့ နေရာနဲ့ကာလအတွက် နှိုင်းရအရာတစ်ခုသာလျှင် ဖြစ်စေတယ်။

မန်းဟိမ်းရဲ့ သိမ်မွေ့တဲ့ချဉ်းကပ်ပုံဟာ သူ့ကို အိုင်ဒီယိုလိုဂျီသီအိုရီတွေရဲ့ ရှေ့တန်းကိုရောက်အောင်ပို့လိုက်တယ်။ ဒါပေမယ့် သူက လူသူမရှိတဲ့ ကျွန်းလို့ ဆိုရမယ်။ အသစ်နားလည်လက်ခံခြင်းနဲ့ အဟောင်းအမြင်း နားလည်လက်ခံထားခြင်း နှစ်ခုကြားထဲ တွဲလောင်းဖြစ်နေတယ်။ နိုင်ငံရေးသီအိုရီအတွက် မဖြစ်မနေအဓိကကျတဲ့ တွန်းအားကို နောက်မှာချန်ထားခဲ့တယ်။ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ အိုင်ဒီယိုလိုဂျီအမြင် မရှိဘူး၊ အိုင်ဒီယိုလိုဂျီကို သူ့အတွင်းသဘော သူဆောင်တဲ့ ပုံသဏ္ဌာန်အဖြစ် မြင်တယ်။ နေ့စဉ်ဘဝအတွင်းမှာ တကယ်ရှိမရှိ သေချာတဲ့ သဘောအပေါ်မှီတည်ပြီး အလုပ်လုပ်တယ်။ တကယ်က နိုင်ငံရေး၊ အတွေးအခေါ်တွေကို နားလည်ဖို့က ယင်းအတွေးအခေါ်တွေကို အိုင်ဒီယိုလိုဂျီအဖြစ် ချဉ်းကပ်၊ အဓိပ္ပာယ်သတ်မှတ်ရမှာ၊ သမိုင်းနဲ့လူမှုရေးထုတ်ကုန်အဖြစ် သတ်မှတ်ရမှာ။ မာ့က်စ်ကတော့ အိုင်ဒီယိုလိုဂျီကို အရှိတရားပုံဖျက်ခြင်းလို့ ဝေဖန်ဖို့ကြိုးစားတယ်။ မန်းဟိမ်းကတော့ လူ့အတွေးတွေရဲ့ မတည်မြဲမှုသဘာဝကို မီးမောင်းထိုးပြတယ်။

မတည်မြဲခြင်းဟာ သီးသန့်သမိုင်းဆိုင်ရာ အဆက်အစပ်ရဲ့ အကျိုးအဆက်တစ်ခုကြောင့်လား၊ ဒါမှမဟုတ် အိုင်ဒီယိုလိုဂျီရဲ့ တည်မြဲတဲ့ လက္ခဏာဖြစ်နေသလား၊ နှစ်ခုစလုံး တခြားသူတွေဖြေရှင်းဖို့အတွက် မန်းဟိမ်းထားခဲ့တဲ့ မေးခွန်းတွေပဲ။ ဒါပေမယ့် သူက အရေးကြီးတဲ့ ပြဿနာတစ်ခုကို ဆက်လက်ကိုင်တွယ်ထားတယ်။ သူကိုင်စွဲတဲ့ပြဿနာရပ်က နောက်ပိုင်း မာ့က်စ်ဝါဒီတွေကိုတောင် ပြဿနာတက်စေတဲ့ အိုင်ဒီယိုလိုဂျီကို မာ့က်စ်ဝါဒရဲ့ လူတန်းစားအသိထဲကနေ ခွဲထုတ်ဖို့အတွက် ဖြစ်နိုင်သလား? အသုံးရောကျပါ့မလား? ဆိုတဲ့ ပြဿနာပါပဲ။

## အိုင်ဒီယိုလိုဂျီပျံ့နှံ့ခြင်း အွန်တိုနီယိုဂရမ်ချီ

အီတလီလူမျိုး မာ့က်စ်ဝါဒီအွန်တိုနီယိုဂရမ်ချီ(၁၈၉၁-၃၇)ရဲ့ အိုင်ဒီယိုလိုဂျီ စီစစ်ပုံအပေါ် ထည့်ဝင်မှုဟာ မန်းဟိမ်းနဲ့ အပြိုင်ဖြစ်တဲ့အတွက်ရော၊ ကွဲပြားခြားနားတဲ့လမ်းကြောင်းတွေအတွက်ပါ ထင်ရှားတယ်။ ဂရမ်ချီက မာ့က်စ်ဝါဒီတွေနားလည်ထားတဲ့ "အလုပ်လုပ်ခြင်း"ဆိုတာကို မာ့က်စ်ဝါဒအစဉ်အလာအတွင်းကနေပဲ ထပ်မံချဲ့ထွင်တယ်။ သူ့ရဲ့ သိမ်းသွင်းထိန်းချုပ်မှု(hegemony)အသိဟာ အိုင်ဒီယိုလိုဂျီလေ့လာသူတွေအတွက် ထင်ရှားတယ်။ အိုင်ဒီယိုလိုဂျီဆိုင်ရာ သိမ်းသွင်းထိန်းချုပ်မှုကို ဘူဇွာနဲ့ လွှမ်းမိုးကြီးစိုးဆဲ လူတန်းစားကသာ အကောင်အထည်ဖော်ကျင့်သုံးကြတာမဟုတ်ဘဲ နိုင်ငံတော်ရဲ့ဖိအားနဲ့ ယဉ်ကျေးမှုဆိုင်ရာ နည်းလမ်းအမျိုးမျိုးကနေလည်း ကျင့်သုံးတယ်။ ဂရမ်ချီက အိုင်ဒီယိုလိုဂျီကို နိုင်ငံတော်ရဲ့ လက်နက်ကိရိယာ သက်သက်အဖြစ် မြင်ပုံကနေ ခွဲထုတ်လိုက်တယ်။ မြို့ပြလူ့အဖွဲ့အစည်းထဲမှာ အိုင်ဒီယိုလိုဂျီဟာ ထုတ်လုပ်ခံရတယ်။ လည်ပတ်နေတယ်။ မြို့ပြလူ့အဖွဲ့အစည်းထဲမှာဆိုတော့ ပညာတတ်တွေက အိုင်ဒီယိုလိုဂျီ ထုတ်လုပ်လည်ပတ်ဖို့ အဓိကဖော်မြူလာတွေ၊ အိုင်ဒီယိုလိုဂျီပေါင်း ကူးသူတွေ၊ ယဉ်ကျေးမှုဆိုင်ရာ ဩဇာအာဏာကို ကိုင်စွဲမယ့် အစိုးရမဟုတ်တဲ့ ခေါင်းဆောင်တွေဖြစ်လာတယ်။ သူတို့ရဲ့ လူမှုဘဝတွေ ကျယ်ပြန့်ပျံ့နှံ့ခြင်းဟာ လူထုထဲမှာ သဘောတူလက်ခံမှုတွေကို ဖြစ်ပေါ်လာအောင် ဘယ်လိုလုပ်မလဲဆိုတာအပေါ် အခြေခံတယ်။ ဒီလက္ခဏာကို အဓိကအခြေခံမှသာ လူထုဟာ



သူတို့ရဲ့သဘောထားကို တမြိုက်မြိုက်လေးစားအသိအမှတ်ပြုနေမှာ ဖြစ်တယ်။ ပြည်သူတွေရဲ့ သဘောတူကျေနပ်မှု ဖွဲ့စည်းလာပုံဖြစ်စဉ်မှာ ဂရမ်ချီက ခေါင်းဆောင်မှုဘဝကို ထိန်းချုပ်လွှမ်းမိုးခြင်းကနေ ကွဲပြားအောင်လုပ်ထားတယ်။ ဒီလိုပဲ အစိုးရအာဏာကနေတစ်ဆင့် ထိန်းချုပ်လွှမ်းမိုးမှုဆိုတာအတွက် လမ်းကြောင်းပေးထားပြန်တယ်။ ဒါကြောင့် ဂရမ်ချီက အိုင်ဒီယိုလိုဂျီဆိုတာကို ယင်းကိုထုတ်လုပ်သူများရဲ့ သိစိတ်ရှိရှိဖန်တီးမှုနဲ့ စားသုံးသူများရဲ့ မသိစိတ်အတွင်း ဖန်တီးမှုနှစ်ခုကြားမှာ ပိုပြီးကွဲကွဲပြားပြား လုပ်ချင်လာပုံရတယ်။

ဂရမ်ချီရဲ့ အိုင်ဒီယိုလိုဂျီသိမ်းသွင်းထိန်းချုပ်မှုအပေါ် စူးစမ်းရှာဖွေမှုမှာ ပိုပြီးတိုးလာတဲ့ ရွေ့ခြေတစ်လှမ်းကတော့ မာ့က်စ်ဝါဒရှုထောင့်အတွင်းကနေ ကြည့်နေပေမယ့် အိုင်ဒီယိုလိုဂျီရဲ့ အရေးပါပုံကို သဘောကျနေတာပဲဖြစ်တယ်။ သိမ်းသွင်းထိန်းချုပ်မှုတည်ရှိလာတဲ့အတွက် အကျိုးအမြတ်အမျိုးမျိုးပေါင်းစည်းလာပြီး သူတို့ရဲ့ အိုင်ဒီယိုလိုဂျီတွေလည်း တွဲဖက်လာတယ်။ ဒီတော့ လူ့အဖွဲ့အစည်းက တစ်ခုလုံးသဘောတူစုစည်းညီညွတ်သွားပြီး အုပ်စုအမျိုးမျိုး ဆက်သွယ်မိလာတယ်။ အိုင်ဒီယိုလိုဂျီက အဖိနှိပ်ခံလူအုပ်စုတွေကို အားမှုခြေတစ်ခုမှာ သဘောတူကျေနပ်မှုတစ်ခုကို ထုတ်ပေးတယ်။ မာ့က်စ်ဝါဒအရ လူတန်းစားချင်း အချေအတင်ဖြစ်မှုဟာ အပြုအမူအားဖြင့် စုစည်းညီညွတ်မှုကို တည်ဆောက်ပေးပြီး ယင်းကပဲ တစ်ခုတည်းစုစည်းသော လူ့အသိုင်းအဝိုင်းအဖြစ်နဲ့ မာ့က်စ်ဝါဒီတွေအဆုံးသတ်ချင်သလို အဆုံးသတ်အောင် ထမ်းဆောင်ပေးတယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းကတော့ ကွဲပြားခြားနားတဲ့ အိုင်ဒီယိုလိုဂျီအမျိုးမျိုးဟာ သူတို့ထဲက တစ်ခုခုသာပြီး လွှမ်းမိုးသွားတဲ့ အခြေအနေအထိ ပဋိပက္ခအခြေအနေကို ထိန်းသိမ်းပေးထားတာပဲ။ အကျိုးဆက်ကတော့ အသိပညာ၊ ကိုယ်ကျင့်တရား၊ စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာ စုစည်းညီညွတ်မှုဟာ အကြွင်းမဲ့ ယူနီဗာဆယ်သဘာဝလိုမျိုး ဖွံ့ဖြိုးလာတာပဲ။ ဂရမ်ချီရဲ့ အိုင်ဒီယိုလိုဂျီသီအိုရီမှာ လစ်ဟာရယ်လေသံတွေလည်း ရှိပါတယ်။ ဒါပေမယ့် သူကတော့ အလေးအနက်ဖိမပြောခဲ့ပါဘူး။ ဒါကတော့ ကျွန်တော်တို့နဲ့ တွဲဖက်နေတဲ့ အရပ်သားလူ့အဖွဲ့အစည်းထဲမှာ နစ်မြုပ်နေတဲ့ လွတ်လပ်စွာရွေးချယ်ခွင့်၊ သဘော

တူညီမှုနဲ့ ရုပ်ဝတ္ထု ဒါမှမဟုတ် အသိပညာဆိုင်ရာ ဈေးကွက်ပဲ။

ဂရမ်ချီက သိမ်းသွင်းထိန်းချုပ်မှုအသိကို ဒသနနဲ့ နိုင်ငံရေးဆိုတဲ့ နှစ်ခုစလုံးမှာ အကြီးအကျယ်တိုးတက်လာအောင် လုပ်ပေးမယ့်အရာအဖြစ် မြင်ပြီး အရှိတရားနဲ့ပတ်သက်ပြီး၊ စုစည်းညီညွတ်သော နားလည်ခြင်း၊ ဝေဖန်စောကြောနိုင်တဲ့ နားလည်ခြင်းမျိုးဆီ ရောက်သွားလိမ့်မယ်လို့ မြင်တယ်။ သမိုင်းဆိုင်ရာ ဖြစ်စဉ်လမ်းကြောင်းထဲမှာ အသိပညာနဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အစီအစဉ်သစ်ဟာ ကိုယ့်ကိုယ်ကို အကြွင်းမဲ့ပိုင်စိုးပြီး မြင့်မြတ်တဲ့ ယဉ်ကျေးမှုအနေနဲ့ရော၊ သန့်စင်ပြီး တိကျပြတ်သားတဲ့ အိုင်ဒီယိုလိုဂျီလက်နက်အနေနဲ့ပါ လည်ပတ်နေတာပါ။ ဂရမ်ချီရဲ့ သိမ်းသွင်းထိန်းချုပ်သီအိုရီဟာ မာ့က်ဝါဒီတွေ မမေးဘဲ ချန်ထားခဲ့တဲ့ မေးခွန်းအချို့ကို တိုးမြှင့်ပေးဖို့ ကြိုးစားတယ်။ အိုင်ဒီယိုလိုဂျီထိန်းချုပ် မှုရဲ့ ပုံသဏ္ဍာန်က ဘာလဲ? အိုင်ဒီယိုလိုဂျီတွေရဲ့ အထွေထွေအပြားပြားမျိုးစုံကို ဖော်ပြနိုင်မလား? သူတို့ရဲ့ အတက်နဲ့ အကျတွေကို ဖော်ပြနိုင်ပါ့မလား? တကယ်လို့ ဒီလိုအထွေထွေအပြားပြားကို ဖော်ပြနိုင်တယ်ဆိုတောင်မှ ဘယ်လိုအသိဉာဏ်မျိုးနဲ့ လူထုဟာ အိုင်ဒီယိုလိုဂျီတစ်ခုထဲမှာ ယုံကြည်ဖို့ရာ ရွေးချယ်ရမလဲ? ၂၀ ရာစုရဲ့ လက်ကျန်ကာလတွေမှာ ဂရမ်ချီထုတ်ခဲ့တဲ့ မေးခွန်းတွေအတွက် အဖြေပေးစရာ လိုလာတယ်။

ဂရမ်ချီရဲ့ သိမ်းသွင်းထိန်းချုပ်မှုသီအိုရီဟာ ထင်ရှားရုံသာမကဘူး။ သူ့ရဲ့ အခန်းကဏ္ဍကလည်း အိုင်ဒီယိုလိုဂျီကို စီစစ်တဲ့အခါ နောက်ထပ်ရှုထောင့်တစ်ခုကို ဖော်ပြနိုင်စွမ်းရှိတဲ့အတွက် အရေးကြီးတယ်။ အိုင်ဒီယိုလိုဂျီကို မှန်ကန်တဲ့ လူမှုရေးအလေ့အကျင့်တွေကို ဖုံးကွယ်မယ့် လမ်းကြောင်းတစ်ခုအဖြစ် ထုတ်ဖော်ပြတာမျိုးမဟုတ်ဘဲ ဂရမ်ချီကတော့ အိုင်ဒီယိုလိုဂျီအလုပ်လုပ်ပုံကို ကမ္ဘာလောကကြီးထဲက အလေ့အကျင့်တစ်ခုသက်သက်အနေနဲ့သာ လေ့လာစူးစမ်းတယ်။ အိုင်ဒီယိုလိုဂျီကို အတွေးနဲ့ဒွန်တွဲနေတဲ့ အလေ့အကျင့်အဖြစ် ညွှန်းဆိုတယ်။ အိုင်ဒီယိုလိုဂျီဟာ နိုင်ငံရေးအတွေးအခေါ်တွေ ထပ်ခါတလဲလဲ ဖြစ်ပေါ်နေတဲ့ အစဉ်ပုံစံတစ်ခုလိုပဲ။ ဖမ်းဆုပ်ကြည့်လို့ရတဲ့ လောကကြီးထဲက သက်သေအထောက်အထားတစ်ခုပေါ့လေ။ ကျွန်တော်တို့ရဲ့ အတွေးအခေါ် အထောက်အထားတစ်ခုပေါ့လေ။ ကျွန်တော်တို့



ရဲ့ ပြုမူလုပ်ဆောင်ချက်တွေနဲ့ ပြောစကားတွေထဲမှာ တည်ရှိတယ်။ ကျွန်တော်တို့ရဲ့အတွေး အလေ့အကျင့်တွေ ဟာ ရုပ်ဝတ္ထုတွေ၊ အလေ့အကျင့်အပြုအမူတွေနဲ့ ရောယှက်နေတာပါ။ တစ်ခါ တစ်ရံမှာ ယင်းရောယှက်မှုကပဲ သီအိုရီကနေ လက်တွေ့အလေ့အကျင့်အထိ လှုပ်ရှားမှုတွေကို ခြေရာခံလိုက်ဖို့ရာ အသိတွေကိုပေးပါတယ်။ တစ်ခါတစ်ရံ ကြတော့လည်း သီအိုရီကို လက်တွေ့ဘဝကိုယ်တိုင်ကနေ ထုတ်နုတ်ကြည့်နိုင်ပြန်ရော။ ကျွန်တော်တို့က နှစ်လမ်းသွားလမ်းတစ်ခုကို ကြည့်နေရသလိုပါပဲ။

ဥပမာ လွတ်လပ်စွာရွေးချယ်ခွင့်အပေါ် ယုံကြည်မှုဟာ လစ်ဘရယ်တွေကြားထဲမှာ ထပ်ခါတလဲလဲဖြစ်ပေါ်နေတဲ့ အစဉ်ပုံစံတစ်ခုဖြစ်ပြီး မဲပေးခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ ဒါမှမဟုတ် မိတ်ဆွေရွေးချယ်ခြင်းလိုမျိုး မရေမတွက်နိုင်တဲ့ အခြေအနေများစွာမှာတောင်မှ အသုံးချတယ်။ မဲပေးခြင်းမှာဆိုရင် လွတ်လပ်စွာ ရွေးချယ်မှုဟာ သိစိတ်ရှိရှိယေဘုယျဖြစ်ပေါ်နေတဲ့ အိုင်ဒီယိုလိုဂျီဆိုင်ရာ နိယာမအဖြစ် မြင်နိုင်တယ်။ လစ်ဘရယ်ဝါဒရဲ့ နှလုံးသည်းပွတ်မှာတော့ မဲပေးခြင်းဟာ ရည်ရွယ်ချက်ရှိရှိ ကျင့်သုံးတဲ့ နိုင်ငံရေးဆိုင်ရာ ရွေးချယ်မှုပဲ၊ သဘောတူညီကျေနပ်မှုဆိုတဲ့ အသိနဲ့ဆက်သွယ်နေတယ်။ ဈေးဝယ်ထွက်ခြင်းက စီးပွားရေးဆိုင်ရာ လွတ်လပ်တဲ့ ဈေးကွက်မှာ ပါဝင်ဆောင်ရွက်ချက်ပဲ။ ဒါပေမယ့် ဈေးဝယ်သူကတော့ သူ့ရဲ့ဝယ်ယူခြင်းဟာ လွတ်လပ်စွာကုန်သွယ်မှုနိယာမထဲမှာ ပေါင်းစပ်ပါဝင်နေတယ်လို့ သိချင်မှ သိမယ်။ စိတ်လှုပ်ရှားမှုနဲ့ လိင်ဆက်ဆံရေးအရ အဖော်တစ်ဦးရွေးချယ်ခြင်းဟာလည်း မင်္ဂလာဆောင်အစီအစဉ် အဆက်အစပ်ထဲကို ထည့်ကြည့်တဲ့အခါ သိစိတ်ရှိရှိလုပ်နေတဲ့ အိုင်ဒီယိုလိုဂျီဆိုင်ရာ အတွေးတွေ တွဲဖက်နေတဲ့ အလေ့အကျင့်ပါပဲ။ တစ်ဖက်ကလည်း အိုင်ဒီယိုလိုဂျီကို မသိစိတ်အလေ့အကျင့်အဖြစ် ခွဲခြမ်းစိတ်ဖြာသူတွေက အဓိပ္ပာယ်ဖွင့်ကြပါတယ်။ ကျွန်တော်တို့ဟာ ကိုယ့်ရဲ့အဖော်တွေကို မရွေးဘူး၊ ကျွန်တော်တို့ ဟာ လွတ်လပ်စွာရွေးချယ်မှုနိယာမကို သဘောကျပေမယ့် ရွေးချယ်မှုရဲ့ ကြီးမားတဲ့ အင်အားတစ်စုံတစ်ရာကိုတော့ ကျွန်တော်တို့ မမြင်နိုင်ပါဘူးဆိုတဲ့ သဘောဖြစ်နေတယ်။ နှစ်ခုတွဲအရာနှစ်ခုလိုဖြစ်တဲ့ လုပ်ခြင်းနဲ့ တွေးတောခြင်းဟာ ဒီနေရာမှာ စိန်ခေါ်ခံရတယ်။ တွေးတောခြင်းဆိုတာ သူ့စည်းမျဉ်းတွေကို သူထုတ်ဖော်ပြသ

နေတဲ့ ပြုမူလှုပ်ရှားမှုဖြစ်နေတယ်။ နိုင်ငံရေးအတွေးအခေါ်ဆိုတာကလည်း အပြုအမူ၊ အစုအပေါင်းကို ဘယ်လိုဖွဲ့စည်းရမယ်ဆိုတဲ့အပေါ်ကို ထင်ဟပ်ထားတဲ့ အထောက်အထားတစ်ခုပဲ။ ဒါပေမယ့် ဘာမှပြုပြင်ထုတ်ပိုးခြင်းမရှိတဲ့ သိပ္ပံနည်းကျလေ့လာစူးစမ်းဖွယ်ရာအချက်အလက်တွေ အဖြစ်ကနေ ပြန်ဆုတ်ခွာသွားရကောင်း သွားရနိုင်တာတွေလည်း ရှိပါတယ်။

မာ့က်စ်နဲ့အိန်ဂျယ်က ပညာရှင်အချို့ လက်တွေ့လုပ်ဆောင်ခဲ့တဲ့ ဂျာမန်ဒဿနပညာကို အိုင်ဒီယိုလိုဂျီရဲ့ တက္ကိကဗေဒဆန်ဆန် ပုံသဏ္ဍာန်အဖြစ်နဲ့ ပယ်ချလိုက်တယ်။ ဂရမ်ချီကတော့ ပြည်သူလူထုဟာ လက်တွေ့ကျတဲ့ ပြုမူလုပ်ဆောင်ချက်(ဝါ)သူတို့နေထိုင်တဲ့ ကမ္ဘာလောကကြီးရဲ့ အမြင်တွေကနေ ထိန်းချုပ်ထားတဲ့ ပြုမူဆောင်ရွက်ချက်နဲ့ ချိတ်ဆက်မယ်ဆိုရင် သူတို့ဟာ ဒဿနပညာရှင်တွေပါပဲလို့ အကြံပေးတယ်။ ဂရမ်ချီက ဒဿနပညာကို လူထုထဲ ယူဆောင်ဖို့ကြိုးစားတာပါ။ ဂရမ်ချီက ဒဿနပညာရဲ့ ကိန်းကြီးခမ်းကြီးနိုင်မှုကို ဖြိုခွဲလိုက်ပြီး တစ်သီးပုဂ္ဂလလူသားတွေရဲ့ သာမန်အတွေးအမြင်ဖြစ်စဉ်တွေထဲ ကို ပြန်လည်ပေါင်းစည်းလိုက်တယ်။ ဒါပေမယ့် ဒီလိုလုပ်တဲ့အခါ နိုင်ငံရေးဒဿနနဲ့ အဆောက်အအုံအလွှာသုံးခုကို ထိန်းသိမ်းထားတယ်။ ဒဿနပညာရှင်တွေက တိုးပွားကြီးမြင့်အောင်လုပ်ခဲ့တဲ့ ယဉ်ကျေးမှုစီးကြောင်း၊ ပေါ်ပြူလာဘာသာရေးတွေ ဒါမှမဟုတ် ယုံကြည်မှုတွေက ပထမတစ်လွှာပါပဲ။ ဒုတိယတစ်ခုကတော့ သိမ်းသွင်းထိန်းချုပ်မှုအစုအဖွဲ့ပါပဲ။ သူက ထိန်းချုပ်ထားတဲ့ အတွေးအခေါ်ရဲ့ လက္ခဏာတွေကို ထုတ်ဖော်ပြလေ့ရှိတယ်။ တတိယပုံစံကတော့ လူထုကြားထဲက သန္ဓေတည်စ ပုံသဏ္ဍာန်တွေထဲမှာ တည်ရှိပြီး တတိယပုံစံထဲကပဲ ကမ္ဘာလောကရဲ့ အထွေထွေတစ်ခုလုံး သဘောဆောင်တဲ့ ယူဆချက်တွေ ရုတ်တရက်ဖြစ်စေ၊ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်စေ ဖြစ်ပေါ်လာတယ်။ ဂရမ်ချီအတွက် အရေးပါတာက ဒီအလွှာသုံးလွှာဟာ အချိုးအမျိုးမျိုးပေါင်းစပ်ပြီး အမျိုးမျိုးသော အိုင်ဒီယိုလိုဂျီကော့တေးကို စပ်နိုင်တာပါပဲ။ နိုင်ငံရေးဆိုင်ရာနဲ့ အိုင်ဒီယိုလိုဂျီဆိုင်ရာနှစ်ခုကြားထဲက ကွဲပြားခြားနားတဲ့ နိုင်ငံရေးအတွေးအခေါ်က ကမ္ဘာလောကကြီးထဲမှာ တည်ရှိလာ၊ ညွှန်ပြလာတဲ့ အခိုက်အတန့်မှာပဲ စတင်ပြီး အငွေ့ပျံလာခဲ့တယ်။



ဂရမ်ချီရဲ့အကူအညီနဲ့ အိုင်ဒီယိုလိုဂျီအပေါ် ကျွန်တော်တို့သိသမျှအရာကတော့ ယခင်ကျွန်တော်တို့ ဘာမှမသိခဲ့ဘူးဆိုတာပါပဲ။ မန်းဟိမ်းလိုမျိုးပါပဲ။ ဂရမ်ချီက အိုင်ဒီယိုလိုဂျီဆိုတာ ထင်ရှားတဲ့သွင်ပြင်လက္ခဏာနဲ့အတူ လေ့လာထိုက်တဲ့ အဆင့်အတန်းရှိတယ်လို့ မြှင့်တင်ပေးတာပါ။ အိုင်ဒီယိုလိုဂျီဟာ ကိုယ်ကျင့်တရားနဲ့ ယဉ်ကျေးမှုဆိုင်ရာစံပုံစံတွေ၊ နားလည်ခြင်းတွေပါဝင်တဲ့ ကျယ်ပြန့်တဲ့နိုင်ငံရေးနယ်ပယ်ထဲမှာ ရှိတယ်။ သူဟာ လူထုမီဒီယာနဲ့ အပျော် တမ်းအဖွဲ့အစည်းတွေကနေတစ်ဆင့် အလုပ်လုပ်တယ်။ ပြီးတော့ အလွန်အရေးကြီးတာက သူ့ကို အမျိုးမျိုးသောနေရာ အဆင့်အတန်းမှာ တွေ့ရတာပဲ။ အမှန်ပါပဲ၊ အိုင်ဒီယိုလိုဂျီက စုစည်းညီညွတ်မှုဆီ ညွှတ်နေတယ်။ အကြောင်းကတော့ သက်ဆိုင်ရာကာလတရားတစ်ခုအတွင်းမှာ ဦးစီးဦးဆောင်အသိပညာရှင်တွေဟာ တခြားသောအသိပညာရှင်တွေကို သူတို့ရဲ့ အတွေးအခေါ်နဲ့ဆွဲဆောင်ပြီး လွှမ်းမိုးချုပ်ကိုင်မယ်။ လူထုကိုလည်း သူတို့ရဲ့ အတွေးအခေါ်နဲ့ လမ်းညွှန်ပြီး သူတို့လက်အောက်ခံအမြင်တွေ လူထုရဲ့ အသိမှာ ဖြစ်ပေါ်လာအောင် လုပ်မယ်။ မန်းဟိမ်းရဲ့အမြင်နဲ့မတူတာက ဒီအသိပညာရှင်တွေဟာ အိုင်ဒီယိုလိုဂျီနဲ့ လုံးချာလည်လိုက်နေတာ မဟုတ်ဘူး။ သူတို့ရဲ့မစ်ရှင်က အိုင်ဒီယိုလိုဂျီကို ကာလတရားရဲ့ လိုအပ်ချက်နဲ့အညီ ချဲ့ထွင်ဖို့ဖြစ်တယ်။ အဲဒီလိုချဲ့ထွင်ခြင်းရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် လူထုရဲ့သာမန်အသိကို ထင်ဟပ်မယ့် တစ်သီးပုဂ္ဂလဘဝနဲ့ စုပေါင်းဘဝကို ထုတ်ဖော်ပြမယ့် အရာတွေဖြစ်တဲ့ စီးပွားရေးအပြုအမူ၊ ဥပဒေ၊ အနုပညာတို့အထဲမှာ သိသိသာသာ ထင်ဟပ်ရမယ်။

အဆုံးစွန်ဆုံးပြောရရင် ဂရမ်ချီက အနည်းနဲ့အများဆိုသလို အိုင်ဒီယိုလိုဂျီသဘာဝရဲ့ မသေချာမှုမှာ ကျွန်တော်တို့ကို ထားခဲ့တယ်။ ဒါပေမယ့် နောက်ထပ် ဆက်ပြီးလှမ်းနိုင်ဖို့ရာ လက်နက်ကိရိယာကိုလည်း တပ်ဆင်ပေးလိုက်တယ်။ သူက မာ့က်စ်အမြင်ရဲ့ တရားသေအိုင်ဒီယိုလိုဂျီနဲ့ အိုင်ဒီယိုလိုဂျီကို မာ့က်စ်ဝါဒရဲ့ အဖျက်သဘောဆောင်တဲ့အရာအဖြစ်ကနေ ကြိုးစားမှုနှစ်ခုကြားထဲမှာ ဘယ်ညာယိမ်းထိုးနေတယ်။ ဂရမ်ချီက အိုင်ဒီယိုလိုဂျီဟာ လူမှုရေးအုပ်စုတစ်ခုအတွင်း စုစည်းညီညွတ်မှုကို ရရှိစေတဲ့အရာအဖြစ်တော့ အသိအမှတ်ပြုတယ်။ စုစည်းညီညွတ်သော လူအုပ်စုကိုလည်း ဖြစ်စေလိမ့်

မယ်ပေါ့လေ။ ပြီးတော့မှ တစ်ခုလုံးနဲ့ တသားတည်းဖြစ်အောင်ဖန်တီးထားတဲ့ အိုင်ဒီယိုလိုဂျီက လူမှုရေးအမှန်တရားကိုရရှိအောင် လုပ်မှာဖြစ်တယ်။ မန်းဟိမ်းထက်ပိုကဲတာက လူမှုရေးလောကရဲ့ စုစည်းညီညွတ်မှုဟာ အိုင်ဒီယိုလိုဂျီ ဗဟုဝါဒထဲက ထွက်ပေါ်လာတာလို့ ထုတ်ပြနိုင်ခဲ့တာ ဖြစ်တယ်။ တကယ်လို့ မာ့က်စ်နဲ့ အိန်ဂျယ်တို့က ပညာရှင်တွေရဲ့ လက်တွေ့မဆန်တဲ့ အထက်စီးအတွေးအခေါ်တွေကို ကျွန်တော်တို့ မလေးစားဖို့ ဆန္ဒရှိတယ်ဆိုရင်၊ ပြီးတော့ မန်းဟိမ်းက အသိပညာတွေကို လူ့အဖွဲ့အစည်းနဲ့ ပတ်သက်ပြီး ဘက်မလိုက်တဲ့ သီအိုရီအရင်းအမြစ်ဖြစ်အောင် ပြန်လည်ဖွဲ့စည်းဖို့ ဆန္ဒရှိမယ်ဆိုရင် ဂရမ်ချီက အသိပညာရှင်တွေနဲ့ ဒိုင်ယာလော့ခ်လုပ်ပြီး ထွက် လာတဲ့ လူထုနှစ်သက်လက်ခံတဲ့ အတွေးအခေါ်တွေရဲ့ အခန်းကဏ္ဍ၊ အဲဒီလို ဒိုင်ယာလော့ခ်လုပ်ရင်းနဲ့ ခေတ်သစ်ကမ္ဘာကြီးကို ဝိသေသပြုဖို့ရာ ထုတ်ပေးလိုက်တဲ့ အိုင်ဒီယိုလိုဂျီတွေရဲ့ အနေအထားကို အသိအမှတ်ပြုတန်ဖိုးထားတယ်။

အိုင်ဒီယိုလိုဂျီ၏အရှိတရား လူဝီအာသူဆေ

အာသူဆေ(၁၉၁၈-၉၀)ကို မာ့က်ဝါဒ အစဉ်အလာအတွင်းက အိုင်ဒီယိုလိုဂျီကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်သူအဖြစ် သတ်မှတ်ကြပေမယ့် အိုင်ဒီယိုလိုဂျီသီအိုရီဖွံ့ဖြိုးမှုမှာတော့ မန်းဟိမ်းနဲ့ ဂရမ်ချီတို့လောက် မထင်ရှားဘူး။ အာသူဆေက လွှမ်းမိုးကြီးစိုးဆဲ အိုင်ဒီယိုလိုဂျီတွေက အုပ်စိုးသူလူတန်းစားရဲ့ လက်အောက်ကို အလုပ်သမားများဝင်လာစေကြောင်း လေ့လာပြခြင်းက မာ့က်စ်ရဲ့နောက်က နေလိုက်တာပါပဲ။ ဒီအမြင်ကို ကိုယ်ကျင့်တရားစည်းမျဉ်း တွေအပေါ် ခွဲခြားစိတ်ဖြာခြင်းနဲ့ တည်ရှိဆဲ အစီအစဉ်ကို ကိုင်စွဲထားဖို့လိုအပ် ကြောင်း တလေးတစားဆိုရင်းကနေ ရရှိခဲ့တာပါ။ တရားဝင်ဖိနှိပ်မှုကိရိယာတွေဖြစ်တဲ့ နိုင်ငံတော်၊ ခရစ်ယာန်ကျောင်းတော်နဲ့ စစ်တပ်ဟာ လူသားရဲ့ သိပုံသိနည်းကို လက်တွေ့နယ်ပယ်အတွင်းကနေ ထိန်းချုပ်တယ်။ အဲဒီလိုထိန်းချုပ်ပြီး ဖိနှိပ်သိုသိပ်ထားတာကိုတောင်မှ ပြည်သူတွေမသိအောင်လုပ်သလို၊ စီးပွားရေးစနစ်ကြီးရဲ့ စွမ်းဆောင်ရည်ကို အာမခံပေးတယ်။ ဒါပေမယ့် အာသူဆေက အိုင်ဒီယိုလိုဂျီဟာ အရှိတရားကို



မှုန်ဝါးသွားစေတာထက် အရှိတရားအသစ်တစ်ခုဖြစ်တယ်လို့ မာ့က်စ်ထံကနေ ခွဲထွက်ပြီး ဆိုခဲ့တယ်။ သူက အိုင်ဒီယိုလိုဂျီအပေါ် ထပ်အဆောက်အအုံဟာ သုံးထပ်တိုက်ရဲ့ ထိပ်ဆုံးအထက်နဲ့တူတယ်လို့ ခိုင်းနှိုင်းတယ်။ အိုင်ဒီယိုလိုဂျီဟာ စီးပွားရေးနဲ့ ထုတ်လုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံ (ဝါ) အောက်ဆုံးအထပ်ကို အပေါ်ဆုံးက အုပ်မိုးထားတယ်။ စီးပွားရေးနဲ့ ထုတ်လုပ်မှုဖြစ်စဉ်က အောက်ဆုံးအထပ်၊ နိုင်ငံရေးနဲ့ ဥပဒေအင်စတီကျူးရှင်းတွေက အလယ်ထပ်၊ အိုင်ဒီယိုလိုဂျီအဆောက်အအုံကတော့ အပေါ်ဆုံးထပ်ပဲ။ အလယ်ထပ်ကလည်း အပေါ်ထပ်အဆောက်အအုံရဲ့ အစိတ်အပိုင်းတစ်ရပ်ပါပဲ။ အခြေခံအဆောက်အအုံကိုလည်း တိုက်ရိုက်ဝင်ရောက်စွက်ဖက်နိုင်စွမ်းရှိတယ်။ အပေါ်နှစ်ထပ်ကို စီးပွားရေးနဲ့ထုတ်လုပ်မှု အခြေခံအဆောက်အအုံက ခံဆောင်ထားပေမယ့် သူတို့တွေရဲ့ အလုပ်လုပ်ပုံမှာ "နိုင်းရပိုင်စိုးမှု" ရှိတယ်။

နိုင်ငံတော်ဖိနှိပ်မှုလက်နက်ဟာ လွှမ်းမိုးကြီးစိုးဆဲ နိုင်ငံရေးအင်အားတွေပါပဲ။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီကတော့ ဘယ်ပယောဂကြောင့်ဆိုတာထက် သူ့ဘာသာသူ ကိုယ်ပိုင်ပွင့်လာတဲ့ သင်္ကေတဆိုင်ရာထိန်းချုပ်သူပါ။ ဆိုလိုတာက အိုင်ဒီယိုလိုဂျီနိုင်ငံတော်လက်နက် (Ideological State Apparatus) ဟာ မိသားစု၊ လူထုမီဒီယာ၊ ဘာသာရေး၊ ဥပဒေနဲ့ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံတွေထဲမှာ သူ့နယ်နဲ့သူဖွံ့ဖြိုးနေတာ အထူးသဖြင့် ပညာရေးစနစ်ထဲမှာ ဖွံ့ဖြိုးနေတာပဲ။ အိုင်ဒီယိုလိုဂျီအပေါ် နားလည်ပုံကို ပြောင်းပေးမယ့် အာသူဆေရဲ့ ထည့်ဝင်မှုတစ်ခုက အင်စတီကျူးရှင်း ပုံသဏ္ဍာန်အမျိုးမျိုး အကွဲကွဲအပြားပြားရှိတာကို အသိအမှတ်ပြုပေးတာပါပဲ။ မာ့က်စ်နဲ့အိန်ဂျယ်တို့ပြောတဲ့ အိုင်ဒီယိုလိုဂျီရဲ့ တစ်ခုတည်းသော ပုံဖျက်မှုကို အိုင်ဒီယိုလိုဂျီကိရိယာပုံစံအမျိုးမျိုးက ဆန့်ကျင်လိုက်ပါတယ်။ ဒုတိယထည့်ဝင်မှုကတော့ အိုင်ဒီယိုလိုဂျီဟာ လူထုပိုင်နယ်ပယ်(Public Sphere)တွေကို ကျော်ပြီး ပုဂ္ဂလိကဘဝတွေထဲ အဓိကပျံ့နှံ့ဝင် ရောက်နေတယ်လို့ မြင်တာပါပဲ။ လူသားတွေရဲ့ ထမင်းစားရေသောက်ဘဝထဲက အဓိကနိုင်ငံရေးအမြင်တွေထဲအထိ တည်ရှိနေတော့တာပါ။ ဒါပေမယ့် တခြားသော မာ့က်စ်ဝါဒီတွေလိုပါပဲ။ အိုင်ဒီယိုလိုဂျီဟာ ဘယ်လိုပုံစံမျိုးရှိသလဲကို ခုတ်ခွဲပါသေးတယ်။ အာသူဆေရဲ့

PDF CREATOR - NYEYADHAMMA@GMAIL.COM



အမြင်အရ အိုင်ဒီယိုလိုဂျီတွေဟာ အကွဲကွဲ အပြားပြားသော လူမှုရေးနယ်ပယ်တွေထဲမှာ ဗဟုသဘောဆန်ဆန် တည်ရှိနေတာပါ။ ဗဟုသဘောတည်ရှိပြီး အလုပ်လုပ်နေတာ မဟုတ်ဘူး။ ပါဝါရဲ့ အထက်အောက်ဖိစီးပြီး သိမ်းသွင်းထိန်းချုပ်တတ်ပုံကို မာ့က်စ်ဝါဒီတွေက ထိန်းသိမ်း စောင့်ရှောက်သလိုပဲ အာသူဆေရဲ့ အိုင်ဒီယိုလိုဂျီဗဟုသဘောဆိုတာ အရင်းရှင်လောကရဲ့ ဆက်သွယ်ရေးပုံစံတွေထဲက အမြတ်ထုတ်မှုတွေအတွက် အမိကပုံဖော်ပေးတာပါ။ အာသူဆေက သီးသန့်အိုင်ဒီယိုလိုဂျီသီအိုရီကို ဖော်မြူလာထုတ်ပြဖို့ ငြင်းသလို ဖိနှိပ်မှုဆိုင်ရာပါဝါနဲ့ ဆက်စပ်မှုမရှိတဲ့ အိုင်ဒီယိုလိုဂျီ ရှုထောင့်တွေကိုလည်း စိတ်မဝင်စားဘူး။

တတိယထည့်ဝင်တဲ့ အိုင်ဒီယိုလိုဂျီမှာ မာ့က်စ်အခြေခံလက္ခဏာတွေ ရှိတယ်။ ယင်းက အထူးသီးသန့်အိုင်ဒီယိုလိုဂျီတွေထွက်ပေါ်လာစေတဲ့ သမိုင်းဆိုင်ရာပုံသဏ္ဌာန်မျိုးနဲ့ ဘာမှမပတ်သက်ဘူး။ ဒီအမြင်ကို ခေတ်ပြိုင်အိုင်ဒီယို လိုဂျီပညာရှင်တွေက ကြည်ဖြူကြတယ်။ မာ့က်စ်၊ အိန်ဂျယ်တို့နဲ့ မတူဘဲ အာသူ ဆေက "အိုင်ဒီယိုလိုဂျီဟာ အဆုံးအစမဲ့တယ်"လို့ ကြေညာတယ်။ တစ်သီးပုဂ္ဂလ လူသားဟာ သူ့ဖြစ်တည်မှုရဲ့ တကယ့်အခြေအနေကို သီးခြားအပြုအမူအခြင်းအရာတစ်ရပ်ထဲကနေ ကျိန်းသေတွေးတောတာပါပဲ။ သူတို့နဲ့ တကယ့်အရှိတရားလောကကြီး ဘယ်လိုဆက်စပ်နေသလဲကိုလည်း စိတ်ကူးနဲ့မှန်းဆတယ်။ အိုင်ဒီယိုလိုဂျီဟာ ဒီဆက်စပ်မှုအတွက် ကိုယ်စားပြုခြင်းတစ်ခုပဲ။ ဥပမာ လွတ်လပ်မှုအပေါ် ချစ်ခင်မြတ်နိုးခြင်းအသိတစ်ခုကို ဖော်ပြမယ်ဆိုပါစို့။ ဒီအသိက သူတို့ရဲ့ တိုင်းပြည်တွင်းအလေ့အကျင့်တွေဖြစ်တဲ့ ရွေးကောက်ပွဲ၊ လွတ်လပ်စွာ ပုံနှိပ်ထုတ် ဝေခွင့်တို့ကိုလာပြီး လွှမ်းမိုးထိန်းချုပ်တာမျိုးကို မလိုလားတဲ့ စိတ်ဓာတ်ရှိနေတယ်ဆိုတာကို သွယ်ဝိုက်ညွှန်းဆိုရာရောက်တယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ လွတ်လပ်မှုကို ချစ်မြတ်နိုးခြင်းဆိုတာ အိုင်ဒီယိုလိုဂျီပို့ကုန်တွေ ထုံမွှမ်းနေတဲ့ စကားစုပါပဲ။ အမျိုးသားနိုင်ငံကို အဲဒီလိုလွတ်လပ်မှုအတွက် ခရူးဆိတ်စစ်ပွဲဆင်နွှဲဖို့ ကိုယ်စားပြုခြင်းပဲ။ ခရူးဆိတ်စစ်ပွဲမှာ ပါဝင်သူတွေဟာ တခြားသူတွေရဲ့ လွတ်လပ်မှုကို ဝင်ရောက်နှောင့်ယှက်နေတာတောင်မှ အမျိုးသားနိုင်ငံရဲ့ လွတ်လပ်မှုဆိုတဲ့ အိုင်ဒီယိုလိုဂျီကို ကာကွယ်ဖို့၊ နိုင်ငံရဲ့ စီးပွားရေးအကျိုးအမြတ်



တိုးတက်အောင်လုပ်ဖို့ လုပ်ကြမှာဖြစ်တယ်။ အိုင်ဒီယိုလိုဂျီက လူ့အဖွဲ့အစည်းတွေကို လွတ်လပ်မှုအကြောင်းအရင်းအတွက် ဘာကိုအမှန်တကယ်လုပ်လဲဆိုတာကို စိတ်ကူးကြည့်မိစေဖို့ လုပ်ပေးတယ်။ လူသားလူ့အဖွဲ့အစည်းရဲ့ တကယ့်အစစ်အမှန်လောကကို ပေးအပ်မယ်။ အိုင်ဒီယိုလိုဂျီက ဒီလိုလုပ်ပေးရင်း လူ့အဖွဲ့အစည်းကို ထင်ယောင်ထင်မှားဖြစ်မှု၊ ကားလ်မာ့က်စ်တို့ပြောတဲ့ ကိုယ်စားပြုခြင်းကနေ ပုံဖျက်ထားတဲ့ သဘာဝစတာတွေကနေ ကင်းဝေးအောင်လုပ်ပေးမှာ။ အိုင်ဒီယိုလိုဂျီဆိုတာ ရှောင်လွှဲလို့ကို မရဘူး။ အကြောင်းက ကျွန်တော်တို့ရဲ့ စိတ်ကူးအမြင်တွေမှာကိုက အိုင်ဒီယိုလိုဂျီတွေကို ရှောင်လွှဲလို့မရနိုင်တဲ့အတွက်ပဲ။

အာသူဆေရဲ့ စတုတ္ထထည့်ဝင်မှုကတော့ အိုင်ဒီယိုလိုဂျီဟာ သူ့အခေါ် လူမှုရေးလက်နက်ကိရိယာ(Social apparatus)တွေဖြစ်တဲ့ အင်စတီကျူးရှင်းတွေထဲက ဒါမှမဟုတ် လူမှုရေးအလေ့အကျင့်တွေထဲက ရုပ်ဝတ္ထုပုံသဏ္ဌာန်အတွင်းမှာ တည်ရှိတယ်။ မာ့က်စ်ဝါဒ အိုင်ဒီယိုလိုဂျီတွေဟာ အာသူဆေအတွက်တော့ ထင်ယောင်ထင်မှားဖြစ်အောင် ပြောင်းပြန်လှန်ဖျက်ထားတာ မဟုတ်ဘူး။ အရှိတရားရဲ့ ရှုထောင့်တစ်ရပ်သာလျှင် ဖြစ်တယ်။ ဒီတော့ အာသူဆေရဲ့အမြင်မှာ အိုင်ဒီယိုလိုဂျီကနေ နှိုးဆွလိုက်တာကြောင့်ဖြစ်လာတဲ့ လူသားရဲ့ အပြုအမူကို အဲဒီလူသားဟာ လူသားဆက်ဆံရေးတွေမှာ သင့်တော်တဲ့ အလုပ်ကိုလုပ်နေတာလို့ သူကိုယ်တိုင်မသိတာတောင်မှ လေးစားသင့်တယ်လို့ ဖြစ်လာတယ်။ အဲဒီနောက် အိုင်ဒီယိုလိုဂျီကပဲ လူသားရဲ့ အပြုအမူတွေဟာ တကယ့်လောကထဲမှာ လူသားတွေကိုယ်တိုင် ပြုမူလုပ်ဆောင်တဲ့ ဆောင်ရွက်ချက်တွေဖြစ်လာစေမယ်။ ဓလေ့ထုံးစံလိုဖြစ်လာမယ်။ ဥပမာအားဖြင့် ဘောလုံးပွဲတွေ၊ ကောက်ပဲသီးနှံရိတ်သိမ်းပွဲတွေ၊ နိုင်ငံရေးပါတီညီလာခံတွေ ဒါမှမဟုတ် ဘာသာရေးဆိုင်ရာ လှုံ့ဆော်ပွဲတွေရယ်လို့ ဖြစ်လာမှာပါ။ ဒါကို အာသူဆေက ရုပ်ဝတ္ထုဆိုင်ရာ အလေ့အကျင့်ထဲမှာ ကိန်းအောင်းနေတဲ့ အိုင်ဒီယိုလိုဂျီလို့ မြင်တာ။ သူက ပြင်ပကနုတ်ပြောဆိုင်ရာ ရေးသားပို့ချမှုတွေဖြစ်တဲ့ မိန့်ခွန်းပြောခြင်း တွေကိုလည်း ရည်ညွှန်းသလို၊ အတွင်းပိုင်းဖြစ်တဲ့ သိစိတ်ကိုလည်း ရုပ်ဝတ္ထုဆိုင် ရာအလေ့အကျင့်အဖြစ် ညွှန်းတယ်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

အာသူဆေရဲ့ ပဉ္စမမြောက် နောက်ဆုံးထည့်ဝင်မှုကတော့ လူသားရဲ့ လူမှုအတ္တက အိုင်ဒီယိုလိုဂျီသယ်ယူပေးသူအဖြစ် တာဝန်ထမ်းဆောင်တယ် ဆိုတာပဲ။ ဒီအကြောင်းအရ အိုင်ဒီယိုလိုဂျီအသိဟာ လူမှုအတ္တရဲ့ အိုင်ဒီယိုလိုဂျီ အယူအဆအပေါ်ကို မှီခိုနေတယ်။ အိုင်ဒီယိုလိုဂျီနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ တစ်သီးပုဂ္ဂလလူသားဟာ သူ့ရဲ့သိမှုတွေ ဆန္ဒတွေနဲ့အတူ အိုင်ဒီယိုလိုဂျီကို ထည့်ပြီး သယ်ဆောင်မွေးဖွားသူပဲ။ တကယ်လို့ ကျွန်တော်ဟာ လက်ထပ်ချင်စိတ်ရှိတဲ့သူတစ်ဦးဖြစ်ပြီး ကျွန်တော်ကိုယ်တိုင်လည်း လက်ထပ်ဖြစ်ဖို့ အလုပ်အကိုင်တွေရဖို့ ကြိုးစားနေတယ်ဆိုပါစို့။ ဒါဆိုရင်တော့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ပုဂ္ဂလိကဆန်တဲ့ ဘဝရည်ရွယ်ချက်တွေကို ကျွန်တော့်အတ္တရဲ့ အလယ်ဗဟိုမှာ ထည့်ထားတာပဲ။ တခြားသူတွေကလည်း ကျွန်တော် အဲဒီလိုလုပ်ဖို့ အခွင့်အရေးကို အသိအမှတ်ပြုပေးနေတယ်လေ။ ဒီနေရာမှာတော့ ကျွန်တော်ကိုယ်တိုင်က အိုင်ဒီယိုလိုဂျီ ထုတ်ကုန်ကြီးပဲ။ အိုင်ဒီယိုလိုဂျီက ကျွန်တော့်ကိုယ်ကျွန်တော် အလုပ်အကိုင် ရည်ရွယ်ချက် ဖြည့်ဆည်းသူ၊ အခြားသူတစ်ဦးကို သမရိုးကျပုံစံအတိုင်း အချိန်အကြာကြီးလက်တွဲဖို့ရာလုပ်နေတဲ့ လွတ်လပ်တဲ့အေးဂျင့်တစ်ဦးအဖြစ် တွေးလိုက်စေပါတယ်။ ကျွန်တော်က အိုင်ဒီယိုလိုဂျီထဲမှာ သဘာဝအတိုင်း နေထိုင်တာ။ ပြီးတော့ ကျွန်တော်က ကိုယ်တိုယ့်ကို ကျွန်တော်ဟာ ကိုယ့်စိတ်နဲ့ ကိုယ်အကြွင်းမဲ့ ပိုင်ဆိုင်မှုရှိရှိ အလိုအလျောက်တုံ့ပြန်ပြုမူနေတယ်လို့ တောင်မှ ယုံကြည်နေသေးတာပါ။

လူမှုအတ္တနဲ့ အိုင်ဒီယိုလိုဂျီကြားထဲက ဆက်သွယ်ချက်ကို ရှင်းပြဖို့အတွက် အာသူဆေသုံးတဲ့ ဝေါဟာရက "သွပ်သွင်းခြင်း"ပဲ။ အိုင်ဒီယိုလိုဂျီရဲ့ ဖြပ်မဲ့သဘာဝကို ဖော်ကျူးထားတာဖြစ်သလို၊ အိုင်ဒီယိုလိုဂျီဟာ ပြင်ပလောကထဲက ထုတ်ကုန်အစုအဝေးသက်သက်အဖြစ်လည်း ရပ်တည်တယ်။ အာသူဆေ က အိုင်ဒီယိုလိုဂျီလေ့လာသူတွေကို အိုင်ဒီယိုလိုဂျီဆိုတာ ကျွန်တော်တို့ရဲ့ အတွင်းပိုင်းမှာဖြစ်ပျက်နေတဲ့ တစ်စုံတစ်ရာသာမကဘူး၊ ကျွန်တော်တို့ဆီကို ဦးလည်လာပြီး ဖြစ်ပျက်နေတဲ့ တစ်စုံတစ်ရာလည်းဖြစ်တယ်လို့ မြင်တယ်။ ကျွန်တော်တို့ရဲ့ အတွင်းပိုင်းမှာ များများဖြစ်ပျက်နေလေ ကျွန်တော့်အနေနဲ့ အိုင်ဒီယိုလိုဂျီရဲ့ အကျိုးသက်ရောက်မှုတွေကို အပြည့်



အစုံ မသိတော့လေပဲ။ ဒါပေမယ့် ကျွန်တော်တို့ဟာ လူရည်လည်မယ်ဆိုရင် တစ်သီးပုဂ္ဂလ လူသားဟာ ဘယ်လိုလက္ခဏာတွေ ပိုင်ဆိုင်တယ်ဆိုပြီး အိုင်ဒီယိုလိုဂျီကနေတစ်ဆင့် တစ်ဦးနဲ့တစ်ဦး ခွဲခြားသတ်မှတ်ပြနိုင်မယ်။ ကျွန်တော်က ဈေးဝယ်သူ၊ ခင်ဗျားက ကုန်စိမ်းသည်စသဖြင့် အပြန်အလှန်အသိအမှတ်ပြုမယ့် အစီအစဉ်တစ်ခုပါပဲ။ အတွင်းမှာ ချိတ်ဆက်နေတာက ကျွန်တော်တို့နှစ်ဦးစလုံးဟာ ဈေးကွက်ရဲ့ စည်းမျဉ်းတွေနဲ့ ပါဝင်ပတ်သက်နေတဲ့ လူမှုအတ္တတွေ မထင်မရှား ဖြစ်နေတာပဲ။ အာသူဆေက လူမှုအတ္တ(Subject)ရဲ့ မရေမရာမှုန်ဝါးမှုဟာ အိုင်ဒီယိုလိုဂျီရဲ့ အနှစ်သာရကို လှလှပပ ဖမ်းမိနိုင်တယ်လို့ အဆိုပြုတယ်။ လူမှုအတ္တဟာ တစ်သီးပုဂ္ဂလလူသားရဲ့ လွတ်လပ်တဲ့ ဦးစီးဦးဆောင်ပြုဆောင်ရွက်ချက်ကို ရည်ညွှန်းသလို၊ တစ်သီးပုဂ္ဂလလူသားကို သူ့ထက်ပိုမိုမြင့်မားတဲ့ ဩဇာလွှမ်းမိုးမှုနဲ့ လွှမ်းမိုးခံထားရပုံကိုလည်း ဖော်ပြတယ်။ ဥပမာအားဖြင့် စွန့်ဦးတီထွင်မှု၊ သူရဲဘောကြောင်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်းစတဲ့ ဝေါဟာရတွေမှာ အကြောင်းပြချက်တစ်ခုခုအတွက် အရေးပါတယ်လို့ ယူဆတဲ့အရာကို ကျွန်တော်တို့ရဲ့ အိုင်ဒီယိုလိုဂျီစိတ်ကူး ကွန့်မြူးမှုကပေးမယ့် သီးသန့်လက္ခဏာတွေ ရှိတယ်။ အိုင်ဒီယိုလိုဂျီစိတ်ကူး ကွန့်မြူးခြင်းတွေဟာ လူသားရဲ့ ပြုမူလုပ်ဆောင်ချက်တွေကို သိနားလည်ပေးနိုင်ဖို့ရာ ကျွန်တော်တို့အသုံးချတဲ့ အမျိုးအစားခွဲတွေပဲ။ သက်ဆိုင်ရာ အိုင်ဒီယိုလိုဂျီက တစ်သီးပုဂ္ဂလလူမှုအတ္တရဲ့ စရိုက်လက္ခဏာတွေကို အဓိပ္ပာယ်ဖွင့်ဆိုမယ်။ ပြီးရင် လူမှုရေးကွန်ယက်အတွင်းမှာ ထားလိုက်မယ်။ လူသားရဲ့အပြုအမူတွေကို အိုင်ဒီယိုလိုဂျီနဲ့ သတ်မှတ်ခွဲခြားခြင်းမှာ ကျွန်တော်တို့လက်သင့်ခံတဲ့ အပြုအမူအဖြစ်ရော၊ လက်သင့်မခံတဲ့ အပြုအမူအဖြစ်ပါ တွေ့ရမယ်။ ဒါပေ မယ့် ဒီအပြုအမူတွေဟာ တကယ့်အစစ်အမှန်လောကထဲမှာ ဖြစ်ပေါ်နေတာပါ။ လူမှုရေးဘဝမှာ အကြွင်းမဲ့စွဲမြဲနေတဲ့ အစိတ်အပိုင်းတွေလည်း ဖြစ်တယ်။

## အခန်း(၃)
## သီအိုရီလမ်းဆုံပေါ်က အိုင်ဒီယိုလိုဂျီ

အိုင်ဒီယိုလိုဂျီဟာ နိုင်ငံရေးနဲ့ ဒဿနဆိုင်ရာ ခွဲခြားစိတ်ဖြာစိစစ်မှု အမျိုးအစားခွဲ ပုံစံတစ်မျိုးအဖြစ်ရပ်တည်လာတဲ့ အကြောင်းတရားကို လေ့လာစူးစမ်းကြည့်ပါ။ အိုင်ဒီယိုလိုဂျီရဲ့ အစိတ်အပိုင်းတစ်ခုအကြောင်း ပြောနေရသလိုပါပဲ။ သီအိုရီပညာရှင်လက်တစ်ဆုပ်စာကြောင့် အိုင်ဒီယိုလိုဂျီက ပိုပြီးတင်ကျန်ရစ်တယ်။ သီအိုရီပညာရှင်တွေဖြစ်တဲ့ ဂရမ်ချီနဲ့ အာသူဆေတို့ကလည်း ဒါကို နားလည်ပါတယ်။ ဥရောပမှာ လူထုအမိကနိုင်ငံရေးသဘာဝ တိုးပွားလာခြင်းက လစ်ဘရယ်ဝါဒ၊ ကွန်ဆာဗေးတစ်ဝါဒနဲ့ ဆိုရှယ်လစ်ဝါဒ လိုမျိုး နိုင်ငံရေးဒဿန အစဉ်အလာကို စုစည်းပေးလိုက်ပုံအပေါ် မြင်ကြည့်နိုင်တယ်။ နိုင်ငံရေးအိုင်ဒီယိုလိုဂျီ အငြင်းအခုန်တွေကြောင့် ရှုပ်ထွေးများပြားတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ ပေါ်ပေါက်လာတယ်။ သူတို့ဟာ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေ ချမှတ်ပြုလုပ်ပုံတွေကနေတောင်မှ စတင်ဖွံ့ဖြိုးလာတဲ့သဘော ရှိတယ်။ ဒီရှုထောင့်အရ အိုင်ဒီယိုလိုဂျီဆိုတာ လူအုပ်စုနဲ့ တစ်သီးပုဂ္ဂလ လူသားတွေကို နိုင်ငံရေးလုပ်ဆောင်မှုတွေထဲ တွန်းပို့လိုက်တဲ့ နိုင်ငံရေးအစဉ်အလာတွေပါပဲ။ လူတွေထဲက တစ်ချို့က သူတို့လွှမ်းမိုးတဲ့ နိုင်ငံတော်ရဲ့ ကံကြမ္မာအပေါ်၊ သူတို့ချမှတ်မယ့် လူထုပေါ်လစီတွေရဲ့ ပုံသဏ္ဌာန်ဖွဲ့စည်းမှုအပေါ် ကြီးမားတဲ့အကျိုးသက်ရောက်မှုကို ပြုလုပ်ကြပါမယ်။ ဒီဖြစ်စဉ်ကို သူတို့ရဲ့ တွေးခေါ်ပုံအစဉ်အလာမှာရှိတဲ့ နိုင်ငံရေးပါတီတွေကနေ တည်ထောင်ပေးထားတဲ့ ဆက်သွယ်မှုတွေက အကူအညီပေးတယ်။ နိုင်ငံရေး အစဉ်အလာတွေကို တိုးပွားကြီးပြင်းအောင်လုပ်ပေးတဲ့ ပြည်သူတွေက သူတို့ ကိုယ်သူတို့ "အိုင်ဒီယိုလိုဂျီများ"ရယ်လို့ခေါ်ဖို့ စိတ်အားမထက်သန်လှဘူး။ ဒါပေမယ့် ပြည်သူတွေကိုယ်၌က အိုင်ဒီယိုလိုဂျီတွေ ဖြစ်နေတာကတော့ အသေအချာပဲ။ အမှန်တကယ်တော့ အိုင်ဒီယိုလိုဂျီကို တိုးပွားအောင်လုပ်သူ လုထုက အိုင်ဒီယိုလိုဂျီသီအိုရီတစ်ခုအပေါ် မျှော်လင့်ချက်မထားချိန်မှာပဲ သူတို့လုပ်ထားတဲ့ အိုင်ဒီယိုလိုဂျီတွေဟာ စနစ်တကျစီစဉ်ဖြစ်ပေါ်နေတဲ့ နိုင်ငံ ရေးဖွံ့ဖြိုးမှုကနေတစ်ဆင့် သူ့အတွင်းသဘောနဲ့သူ



အလွန်တရာမှ ကြီးကြီးမားမား လွှမ်းမိုးထားတယ်။ ဥပမာအားဖြင့် ၁၉ ရာစုနှောင်း ပါတီကြေညာစာတမ်း နိဒါန်းနဲ့ လက်တွေ့ကျတဲ့ နိုင်ငံရေးအတွေးအခေါ် ပညာရှင်များထွက်ပေါ်လာပုံ၊ ပြီးတော့ သူတို့က နိုင်ငံရေးဆိုတာကို အာဏာကိုင်စွဲသူနဲ့ လက်အောက်ခံတို့ အကြားက တိုက်ပွဲအဖြစ်သာ မကဘူး၊ ကိုယ်တွင်းအတ္တနဲ့ လောဘတို့အကြားထဲက ပဋိပက္ခ၊ ယောကျ်ားနဲ့ မိန်းမတို့ရဲ့ကြားထဲက ရုန်းကန်ဆန့်ကျင်မှုအဖြစ် ပြန်လည်အနက် ပြန်ဖွင့်ဆိုကြတယ်။

အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အိုင်ဒီယိုလိုဂျီ အလုပ်လုပ်ပုံများ

နိုင်ငံရေးအစဉ်အလာတွေရဲ့ ပတ်ဝန်းကျင်မှာ ဖွဲ့စည်းဖြစ်ပေါ်နေတဲ့ အိုင်ဒီယိုလိုဂျီ ယုံကြည်မှုစနစ်တွေကို နားလည်စေဖို့ ညင်သာသိမ်မွေ့တဲ့ လမ်းကြောင်းတစ်ခုကတော့ အိုင်ဒီယိုလိုဂျီတွေ ဘယ်လိုအလုပ်လုပ်နေသလဲဆိုတဲ့ ချဉ်းကပ်ပုံပါပဲ။ ဆိုလိုတာကတော့ နိုင်ငံရေးဘဝဖြစ်စဉ်ထဲမှာ သူတို့ ပါဝင်ကပြတဲ့ အခန်းကဏ္ဍကို ခွဲခြားသတ်မှတ်ကြည့်ဖို့ပါပဲ။ အောက်ပါဖွင့်ဆိုချက်တွေဟာ အိုင်ဒီယိုလိုဂျီအလုပ်လုပ်ပုံကို ထည့်ဝင်ပေးမယ့် ဖွင့်ဆိုချက်တွေပါပဲ။

နိုင်ငံရေးအိုင်ဒီယိုလိုဂျီဆိုတာ စိတ်ကူးအတွေးအခေါ်၊ ယုံကြည်ချက်၊ ထင်မြင်ချက် တန်ဖိုးစံတွေရဲ့ အစုအဝေးဖြစ်ပြီး ယင်းတို့ဟာ

(၁) ထပ်တလဲလဲပြန်လည်ဖြစ်ပေါ်နေတဲ့ အစဉ်ပုံစံတစ်ခုကို ထုတ်ဖော်ပြသတယ်။

(၂) ထင်ရှားတဲ့ အုပ်စုတွေကနေ ကိုင်စွဲထားတဲ့အရာဖြစ်တယ်။

(၃) နိုင်ငံရေးအသိုင်းအဝိုင်းရဲ့ ဖြစ်စဉ်တွေနဲ့ လူမှုရေး၊ နိုင်ငံရေး ဖြစ်စဉ်တွေကို ပြောင်းလဲခြင်း၊ ဆန့်ကျင်ယှဉ်ပြိုင်ခြင်း၊ တရားသဖြင့်ဖြစ်နေကြောင်း ထုတ်ဖော်ပြနိုင်ခြင်းစတဲ့ ရည်ရွယ်ချက်တွေ ဖြစ်ပေါ်လာအောင် လုပ်ပေးတာပဲ။

ထပ်တလဲလဲ ပြန်လည်ဖြစ်ပေါ်နေတဲ့ အစဉ်ပုံစံတစ်ခုရှိနေဖို့ရာ လိုအပ်တယ်ဆိုတဲ့ အယူဟာ နိုင်ငံရေးအရ အရေးကြီးတယ်။ ဒီလိုအစဉ်ပုံစံကသာလျှင် ကျွန်တော်တို့ဟာ တည်မြဲတဲ့ပါဝါအစဉ်အလာထဲမှာ စကားပြောနေကြတယ်၊ အိုင်ဒီယိုလိုဂျီရောယှက်နေတဲ့ နိုင်ငံရေးအင်စတီကျူးရှင်းနဲ့

အလေ့အကျင့်တွေကသာ ပိုမိုတည်မြဲအောင် ထိန်းသိမ်းထားနိုင်တယ်ဆိုတာကို အချက်ပြနေတယ်။ ဥပမာအားဖြင့် လစ်ဘရယ်ဝါဒဟာ အုပ်စိုးသူလူအုပ်စုတွေရဲ့ ကြမ်းတမ်းတဲ့ လွှမ်းမိုးထိန်းချုပ်မှုအောက်ကနေ လွတ်မြောက်အောင် ကြိုးစားရင်းက အသစ်ပေါ်ပေါက်လာတဲ့ လူမှုလူတန်းစားရဲ့ အကူအညီအပေါ် အခြေပြုဖွံ့ဖြိုးလာတယ်။ ပြီးတော့ ဉာဏ်အလင်းပွင့်ခေတ်နဲ့ တွဲဖက်နေတဲ့ ယဉ်ကျေးမှုဆိုင်ရာအမြင်တွေ ပွင့်လန်းလာတယ်။ မကြာခင်ပဲ လစ်ဘရယ်ပါတီဆို တာပေါ်လာပြီး လွတ်လပ်မှုကိုချဲ့ထွင်ဖို့ရာ တောင်းဆိုမှုတွေလုပ်၊ ဘေးဖယ်ထုတ် ခံအုပ်စုတွေဘက်က ရပ်တည်၊ လူသားရဲ့ အခွင့်အလမ်းတွေကို နှောင့်နှေးမယ့် အတားအဆီးမှန်သမျှကို ဖြိုခွဲဖို့ရာ ရပ်တည်တော့တာပဲ။ ဒါပေမယ့် ဒီရပ်တည်ချက်တွေက ရေရှည်ပရောဂျက်တွေဖြစ်တော့ကာ ပြီးပြည့်စုံဖို့လိုအပ်နေသေး တယ်။ အိုင်ဒီယိုလိုဂျီနဲ့ ပါတီကြားထဲမှာ "လစ်ဘရယ်"စသဖြင့် နာမည်ချင်းတူတာတောင်မှ ထပ်တူညီတယ်လို့ မဆိုနိုင်ဘူး။ သူတို့နှစ်ခုအပြန်အလှန်ထောက်ပံ့ပေးတာတော့ ရှိမယ်။ သူတို့ရဲ့အစဉ်ပုံစံက အသေတင်းတင်းကြပ်ကြပ်ထက်စာရင် အလျော့အတင်းရှိတယ်။

နိုင်ငံရေးနယ်ပယ်အတွင်း ထင်ရှားတဲ့ အုပ်စုတွေက ဘယ်လိုအိုင်ဒီယိုလိုဂျီတိုင်စွဲရမယ်ဆိုတဲ့ လိုအပ်ချက်ကိုတော့ မှန်းဖို့မလွယ်ဘူး။ သူတို့ကျင်လည်တဲ့ နိုင်ငံရေးလောကရဲ့ ရည်ရွယ်ချက်နဲ့မတူတဲ့ သဘာဝအတွင်း အပြိုင်အဆိုင်တွေပေါ်မှာလည်း မူတည်တယ်။ အာသူဆေပြောသလိုပြောရရင် အိုင်ဒီယိုလိုဂျီဆိုတာ တစ်သီးပုဂ္ဂလလူသားရဲ့ သိမှုနဲ့ကိုင်စွဲထားတာပဲ မဟုတ်လား။ ဒါပေမယ့် မန်းဟိမ်းနားလည်ထားသလို သူတို့ဟာ "လူမှုရေးထုတ်ကုန်တွေ"လည်း ဖြစ်တာပါပဲ။ အိုင်ဒီယိုလိုဂျီထုတ်လုပ်သူတွေကပေးတဲ့ အနက်အဓိပ္ပာယ်ကို မူရင်းအတိုင်း အသေအချာ ဖမ်းဆုပ်မိဖို့ကလည်း မလွယ်ဘူး။ ပြီးခဲ့တဲ့အခန်းမှာ ကျွန်တော်တို့တွေ့ခဲ့ကြတဲ့အတိုင်းပဲ အသိပညာရှင်တွေကို အိုင်ဒီယိုလိုဂျီထုတ်လုပ်သူအဖြစ် မကြာခဏ သတ်မှတ်ခဲ့ကြတယ်။ ဒါပေမယ့် အာသူဆေရော၊ မန်းဟိမ်းပါ အသိပညာရှင် အုပ်စုအမျိုးမျိုးကနေထွက်လာတဲ့ အိုင်ဒီယိုလိုဂျီတွေရဲ့ ဖြစ်နိုင်ခြေသဘောကို အတိအလင်းချမပြောခဲ့ဘူး။ အမေရိကန်၊ ဗြိတိန်တို့နဲ့ မတူဘဲ ပြင်သစ်မှာက အသိပညာရှင်တွေဟာ



နိုင်ငံရေးလောကမှာ သူတို့ရဲ့ တည်ငြိမ်မှုကို ကောင်းကောင်း ခြေကုပ်ယူထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခြားထင်ရှားတဲ့(ဝါ)အဆောင်အယောင်ရှိတဲ့ အုပ်စုတွေကလည်း တဖြည်းဖြည်း ပါဝင်လာကြတယ်။ "ထင်ရှားတဲ့အုပ်စု" ဆိုတာဟာ မီဒီယာကို ထိန်းချုပ်နိုင်တဲ့ အရည်အချင်း၊ ဒါမှမဟုတ် နိုင်ငံရေးယန္တရားလည်ပတ်မှုကို ပိုမြန်အောင် ကူသပေးနိုင်သူမျိုးကိုသာ ဆိုလိုပြီးထုတ်လုပ်မှုနည်းလမ်းနဲ့ တိုက်ရိုက်ပတ်သက်နေသူ လူအုပ်စုမျိုးကို မရည်ရွယ်ဘူး။ ဒါမှမဟုတ် နှုတ်ပြောအရည်အသွေးရှိတဲ့ ကြော်ငြာတွေ၊ လိုဂိုတွေ၊ အချက်အလက်တွေ၊ အရောင်ရဲ့သင်္ကေတတွေနဲ့ ပုံသဏ္ဌာန်တွေကိုတောင်မှ ညွှန်းနိုင်တယ်။ ဒါ့အပြင် အကျိုးအမြတ်တူအုပ်စု၊ ဖိအားပေးအုပ်စုတွေကလည်း အိုင်ဒီယိုလိုဂျီ "အစိတ်အပိုင်း"တွေဖြစ်တယ်။ ဥပမာ ပင်စင်လစာရရှိသူများနဲ့ အခွင့်အရေးကို တောင်းဆိုပေးသူလိုမျိုးပေါ့လေ။ "အစိတ်အပိုင်း" ဟာ သူတို့ထက် ကြီးမားတဲ့မိသားစု အိုင်ဒီယိုလိုဂျီရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တယ်။ မိသားစုအိုင်ဒီယိုလိုဂျီဆိုတာက အခွင့်အရေးတွေ ပိုမိုတိုးပွားလာအောင် ပိုမိုပျံ့နှံ့လည်ပတ်အောင်လုပ်ပေးတဲ့ အိုင်ဒီယိုလိုဂျီမျိုးပဲ။ ဂရမ်ရှီဆွေးနွေးခဲ့ပြီး ပိုပြီးကျယ်ပြန့်တဲ့ အိုင်ဒီယိုလိုဂျီစံပဲ။ ဥပမာအားဖြင့် ဘာသာရေးယုံကြည်မှုတွေ၊ မိန်းမတွေကို ညီတူညီမျှဆက်ဆံရေးအတွက် မြှင့်တင်တာတွေ ဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ အထက်ပါ ပေါ်ပြူလာအသိထဲက အိုင်ဒီယိုလိုဂျီတွေဘက် ပြန်လှည့်ကြရအောင်ပါ။

"အဆောင်အယောင်"ဆိုတာ သက်ဆိုင်ရာ အိုင်ဒီယိုလိုဂျီထုတ်လုပ်သူနဲ့ဆက်စပ်တဲ့ လူမှုရေးတင်သွင်းမှုတစ်ခုပဲ။ ဒါပေမယ့် အဆောင်အယောင်ရှိတဲ့ အုပ်စု(ဝါ)ထင်ရှားတဲ့အုပ်စုဆိုတဲ့ အသုံးအနှုန်းထဲက "အဆောင်အယောင်(ဝါ)ထင်ရှားခြင်း"ဝေါဟာရက နိုင်ငံရေးရဲ့ အဓိကနယ်ပယ်ဟာ တန်ဖိုးစံ အကွဲကွဲအပြားပြား စီစဉ်ပေးတာ၊ တစ်သီးပုဂ္ဂလချင်းကြား ယှဉ်ပြိုင်ဆန့်ကျင်မှုတွေကိုသာမဟုတ်ဘဲ ပိုမိုကြီးမားတဲ့ လူသားအုပ်စုတွေကြားထဲမှာ ပဋိပက္ခတွေကိုပါ အစီအစဉ်ချပေးတယ်။ အိုင်ဒီယိုလိုဂျီဟာ လူအုပ်စုတွေရဲ့ တံကြမ်မှာနဲ့ သူတို့ရဲ့ အဆောင်အယောင်တွေပေါ်မှာထားတဲ့ တန်ဖိုးစံမှတ်ကျောက်တွေကို အတိအကျ ထင်ဟပ်ပေးတယ်။ ဥပမာအားဖြင့် ပဒေသရာဇ်အဆောင်အယောင်နဲ့ မွေးဖွားလာသူအတွက် သူ့ရဲ့အိုင်ဒီယာတွေဟာ

ယခင်ကာလကလောက် ယခုကာလမှာ တန်ဖိုးထားမခံရတော့တာဟာ အိုင်ဒီယိုလိုဂျီဆိုင်ရာ ထင်ဟပ်မှုပါပဲ။ ဒါပေမယ့် ပဒေသရာဇ်အဆောင်အယောင်နဲ့ တန်ဖိုးစံတွေက သူတို့ရဲ့ အထောက်အပံ့အသစ်တွေကို ရှာဖွေဖို့တော့ လုပ်လိမ့်မယ်။ ဥပမာအားဖြင့် ကွန်ဆာဗေးတစ်ပါတီတွေဟာ ဘာသာရေးအကျိုးအမြတ်အခြေခံပြီး အုပ်စုတွေကို အောင်မြင်စွာစုစည်းနိုင်ဖို့ ဆုံးရှုံးသွားတဲ့ ရှေးဟောင်းလူမှုရေးအခြေခံတွေ၊ လူထုကြိုက် သဘောထားတွေဖြစ်တဲ့ နယ်စပ်ကျူးကျော်ဝင်ရောက်မှုဆန့်ကျင်ရေး၊ မျိုးချစ်စိတ်ဓာတ်နဲ့ စီးပွားရေးလုပ်ငန်းကြီးတွေကို ထိန်းသိမ်းစောင့်ရှောက်ရေးစတာတွေကို ညှိပေးတယ်။

အပြိုင်အဆိုင်ဖြစ်နေတဲ့ လူထုပေါ်လစီတွေရဲ့ လိုအပ်ချက်ကကျွန်တော်တို့ဟာ နိုင်ငံရေးအိုင်ဒီယိုလိုဂျီတွေနဲ့ ဆက်ဆံနေရပြီဆိုတာကို သတိပေးနေတယ်။ အိုင်ဒီယိုလိုဂျီတွေက လူထုနဲ့ဆိုင်တဲ့ နယ်ပယ်တွေထဲမှာပဲ ရွေးချယ်ဖြစ်ပျက်နေတာ၊ ပြီးတော့ သူတို့က ပါတီရဲ့ နိုင်ငံရေးကြေညာချက်လို နိုင်ငံလုံးဆိုင်ရာ ပရိုဂရမ်တွေကို လူမှုရေးနဲ့စီးပွားရေးပေါ်လစီအတွက် ထိရောက်တဲ့ အုပ်ချုပ်ရေးအတွက် ရေးဆွဲဖို့ရာလည်း ပါဝင်ပတ်သက်နေတယ်။ အုပ်စုတိုင်းရဲ့ အစီအစဉ်တိုင်းကတော့ အိုင်ဒီယိုလိုဂျီမဟုတ်ဘူး။ ဒါပေမယ့် ပိုမိုကြီးမားတဲ့ အိုင်ဒီယိုလိုဂျီဒိုင်းတွေရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် အနက်ပြန်နိုင်တယ်။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်တွေဟာ ကျောင်းသားဝင်ခွင့်ပုံစံပြောင်းလဲမှုအတွက် အစီအမံတစ်ရပ်ရေးဆွဲတယ်။ သာမန်အစဉ်အလာ အသိအရတော့ အိုင်ဒီယိုလိုဂျီ မဟုတ်ဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒီရေးဆွဲမှုဟာ လူမှုရေးဆိုင်ရာ ပေါင်းစည်းမှုဆိုတဲ့ သီးသန့်အိုင်ဒီယိုလိုဂျီအမြင်နဲ့ အလုပ်လုပ်နေရတာပါပဲ။

နောက်ဆုံးမှာ အိုင်ဒီယိုလိုဂျီတွေဟာ လူထုရဲ့ထင်မြင်ချက်တွေ၊ နိုင်ငံရေးဆုံးဖြတ်ချက်ပြုလုပ်သူတွေကို သူတို့ဘက်ယိမ်းယိုင်လာစေတဲ့ အဓိကအခန်းကဏ္ဍအတွင်းက အလေ့အကျင့်တွေပဲ။ နိုင်ငံရေးလုပ်ဆောင်သူတွေဟာ ကြီးမားတဲ့ နိုင်ငံရေးအကျိုးဆက်တွေဖြစ်ပေါ်ဖို့ရာ အရေးကြီးတဲ့ အကြောင်းတရားတွေကိုလုပ်ဖို့ အိုင်ဒီယိုလိုဂျီကနေတစ်ဆင့်သာလျှင် စုဆောင်းခံရတယ်။ ပွင့်လင်းတဲ့ နိုင်ငံရေးကို သာယာနှစ်ခြိုက်ကြတဲ့ နိုင်ငံတွေမှာတော့ အိုင်ဒီယိုလိုဂျီက နိုင်ငံရေးအက်တာ(ဝါ)လုပ်ဆောင်သူတွေရဲ့ လို



အပ်ချက်ကို တရားမျှတကြောင်း ထုတ်ဖော်ပြသဖို့ရာအတွက် ဆွဲဆောင်သိမ်းသွင်းခြင်းကနေစပြီး ဝါဒဖြန့်ချိပုံအထိ ပုံစံအမျိုးမျိုးနဲ့ အထောက်အပံ့ပေးဖို့ ကြိုးစားတယ်။ ဆိုရှယ်လစ်ပါတီတွေဟာ ၂၀ ရာစု တစ်လျှောက်လုံး အလုပ်သမားလူတန်းစားအတွက် လက်ကမ်းစာစောင်တွေ ထုတ်ရင်း၊ ကိုယ်ပိုင်သတင်းစာတွေဖြန့်ရင်း သူတို့ရဲ့အဖွဲ့ဝင်တွေကို ဈေးကွက်ထဲမှာရှာဖို့၊ ဝယ်ဖို့ရာခက်ခဲတဲ့ လူမှုရေးဝန်ဆောင်မှုတွေပေးရင်း အထောက်အပံ့တွေ ပေးခဲ့ကြတယ်။ ဆိုရှယ်လစ်ပါတီတွေဟာ ယေဘုယျအားဖြင့် တည်ရှိဆဲ ပေါ်လစီတွေကို ယှဉ်ပြိုင်ဖို့၊ ပြောင်းလဲဖို့ ရည်ရွယ်ကြတယ်။ ဒါပေမယ့် အခြားသော အိုင်ဒီယိုလိုဂျီတွေကလည်း သူတို့ကို သဘာဝနဲ့မလျော်ညီတဲ့ ပြောင်းလဲမှုတွေလို့ ပြန်သမုတ်ပြီး ပေါ်လစီကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အလုပ်လုပ်ကြတယ်။

အိုင်ဒီယိုလိုဂျီ နိဂုံးချုပ်ပြီလား

အိုင်ဒီယိုလိုဂျီတွေကို ခွဲခြားစိစစ်ဖို့ရာ ပြဿနာတစ်ခုကတော့ အိုင်ဒီယိုလိုဂျီကိုင်စွဲသူအများစုက သူတို့ကိုင်စွဲထားတဲ့အမြင်ဟာ အိုင်ဒီယိုလိုဂျီဆိုတာကို ငြင်းပယ်ကြတာပဲ။ ဒီအစား သူတို့ကိုယ်သူတို့လည်း လက်တွေ့ကျတဲ့ ပရဂ္ဂမတစ်အဖြစ် မြင်တတ်ကြပြီး အိုင်ဒီယိုလိုဂျီဆိုတာ နိုင်ငံရေးအစွန်းရောက်ပြောင်းလဲမှုအတွက် နိုင်ငံရေးလှုပ်ရှားမှုတွေ ပေါ်ပေါက်လာဖို့ရာ ပြဿနာရပ်တစ်စုံတစ်ရာကို ထုတ်ဖော်ပြဖို့အတွက်သုံးတဲ့ စိတ်ကူးတွေအဖြစ်သာ မြင်တယ်။ ဒါကြောင့်လည်း အကြွင်းမဲ့အာဏာပိုင်ဒေသတွေမှာ သူတို့လုပ်တဲ့အလုပ်တိုင်းဟာ တရားမျှတကြောင်း ထုတ်ဖော်ပြသဖို့ရာ လိုအပ်တယ်ဆိုတာ ပျောက်ကွယ်နေ ပါတယ်။ ပုံစံအားဖြင့် နာဇီဂျာမနီနဲ့ စတာလင်ရုရှားကို ကြည့်နိုင်တယ်။ သူတို့ရဲ့ တရားမျှတကြောင်း ထုတ်ဖော်ပြောဆိုဖို့ ကြိုးစားတဲ့ အိုင်ဒီယိုလိုဂျီက အင်အားသုံး ဖိအားပေးထိတ်လန့်အောင်လုပ်တာတွေသာဖြစ်ပြီး ပြည်သူတွေရဲ့ ဝေဖန်ရေးနဲ့ ကြောင်းကျိုးဆင်ခြင်မှုအသိဉာဏ်အပေါ် အခြေခံထားတာ မဟုတ်ဘူး။ အုပ်ချုပ်မှုနယ်ပယ်နှစ်ခုက ပြင်းထန်ကြမ်းတမ်းတဲ့ အကျိုးသက်ရောက်မှုတွေပေးပြီး ပြည်သူတွေဟာ ဘာမျှပြောရေးဆိုခွင့် မရကြဘူး။ သူတို့ရဲ့ ကွန်မြူနစ်ဝါဒနဲ့ ဖက်ဆစ်ဝါဒ

အမျိုးမျိုးကြောင့် ဒီလိုဖြစ်လာတာ။ အဲဒီနှစ်ခုကြောင့်ဖြစ်လာတဲ့ ကြန်အင်လက္ခဏာတွေနဲ့တွဲပြီး "အိုင်ဒီယိုလိုဂျီ"ရယ်လို့ အဖျက်သဘောဆောင် မြင်လိုက်ကြတယ်။ ဒါကြောင့်လည်း "အိုင်ဒီယိုလိုဂျီများခေတ်"လို့ ဆိုရာမှာ အထက်ပါအုပ်ချုပ်ရေးနယ်ပယ်နှစ်ခုက ကျင့်သုံးခဲ့တဲ့ အတွေးအခေါ်အလေ့အကျင့်တွေကိုသာ အိုင်ဒီယိုလိုဂျီအဖြစ် မြင်လိုက်ကြတော့ကာ ကွန်ဆာဗေးတစ်ဝါဒ၊ လစ်ဘရယ်ဝါဒနဲ့ ဆိုရှယ်လစ်ဝါဒတို့ဟာ အိုင်ဒီယိုလိုဂျီနဲ့ မဆိုင်တဲ့ အရာတွေလို ဖြစ်လာတယ်။

ဒီလို နယ်ပယ်နှစ်ခုရဲ့ အိုင်ဒီယိုလိုဂျီကိုသာ ပစ်ပယ်တဲ့အထွတ်အထိပ်ဟာ ၁၉၅၀ နဲ့ ၆၀ ခုနှစ်များမှာ "အိုင်ဒီယိုလိုဂျီနိဂုံးချုပ်ပြီ"ကြေညာဖို့ ဂုဏ်သရေရှိ ပညာရှင်မြောက်မြားစွာဟာ ကြိုးစားအားထုတ်လာခဲ့တယ်။ သူတို့အနေနဲ့ အိုင်ဒီယိုလိုဂျီကို ပယ်ချရတဲ့အကြောင်းက သူတို့ခံယူခဲ့တဲ့ အိုင်ဒီယိုလိုဂျီအပေါ် သမိုင်းအခြေခံအရ အနက်ပြန်ပုံကြောင့်သာမက ဖက်ဆစ်ဝါဒကနေပေါ်ထွက်ခဲ့တဲ့ အိုင်ဒီယိုလိုဂျီရဲ့ တင်းကြပ်မှုကို ပယ်ချလိုတဲ့အတွက်ကြောင့် ဖြစ်တယ်။ သူတို့က အကြွင်းမဲ့အာဏာပိုင်အုပ်ချုပ်ရေးတွေကျဆုံးခြင်းဟာ ကမ္ဘာ့အိုင်ဒီယိုလိုဂျီ ထိန်းချုပ်လွှမ်းမိုးမှုအတွင်း ကြီးမားတဲ့အနာတရဖြစ်ပြီး ပြိုကျဖို့နီးလာတာပဲလို့ ယုံကြည်ကြတယ်။ ဒီလိုနဲ့ပဲ ရုရှားတွေရော၊ အမေရိကန်တွေပါ စားသုံးသူအခြေပြုလူ့အဖွဲ့အစည်းကို ရှာဖွေလာကြတယ်။ အကျိုးဆက်ကတော့ ယခင်က ရန်လိုခဲ့တဲ့ ကမ္ဘာ့အမြင်တွေစုဆုံလာပြီ "ကောင်းမွန်စွာ အသက်ရှင်နိုင်မှုအတွက် လိုအပ်ချက်များ"ဆိုတဲ့အယူအဆအရ ကျင့်ကြံနေထိုင်လာတယ်။ အဲဒီကာလလောက်မှာတော့ ဒီအမြင်က ယုတ္တိရှိပုံပေါ်လာတယ်။ ၁၉၃၀ နဲ့ ၄၀ ခုနှစ်များရဲ့ အိုင်ဒီယိုလိုဂျီရေနွေးအိုးကြီး ပွက်ပွက်ဆူအပြီးမှာတော့ ၁၉၅၀ ဟာ မြူနေပုံပေါ်နေတယ်။ ဥရောပကိုလိုနီလက်အောက်ခံနိုင်ငံတွေကို လွတ်လပ်ရေးပေးဖို့ အာမခံနေတုန်းမှာပဲ အနောက်လူ့အဖွဲ့အစည်းများဟာ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ပျက်စီးဆုံးရှုံးခဲ့တဲ့ စစ်ဒဏ်က ပြန်ထလာတယ်။ စီးပွားရေးစနစ်အခြေခံနဲ့ စီးပွားရေးတည်ငြိမ်အေးချမ်းမှုကို ရှာဖို့က အဓိကနိုင်ငံရေးပန်းတိုင် ဖြစ်လာတယ်။ အပြုသဘောဘက်ကနေကြည့်ရင် ကြီးမားတဲ့အတိဒုက္ခတွေဟာ ဥရောပမှာ ဝဲလ်ဖဲလ်စတိတ်တွေ တည်ထောင်ဖို့ ဖြစ်လာ



စေတယ်။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီဝေါဟာရအရဆိုရင်တော့ ဒါဟာ အများစုအဓိက နိုင်ငံရေး(consensus)ရဲ့ ထင်ဟပ်ချက်နဲ့ အမျိုးမျိုး ကွဲပြားခြားနားမှုကို လက်ခံတဲ့အယူအဆတွေရဲ့ နိဂုံးကို ဖန်တီးပြလိုက်တာပဲ။

အိုင်ဒီယိုလိုဂျီ နိဂုံးချုပ်သွားပြီဆိုတဲ့ သီအိုရီပညာရှင်တွေမှာ ထင်ယောင်ထင်မှားတွေ တသီကြီးဖြစ်ပေါ်နေတယ်။ ပထမတစ်ခုက လောဂျစ်အမှားပဲ။ တကယ်လို့များ ကွန်ဆာဗေးတစ်၊ လစ်ဘရယ်နဲ့ ဆိုရှယ်လစ်တွေအားလုံးဟာ ဝဲလ်ဖဲလ်စတိတ် ဖြစ်ထွန်းလာဖို့ သဘောတူတယ်ဆိုရင် တစ်နည်းအားဖြင့် ဝဲလ် ဖဲလ်စတိတ်လို့ခေါ်တဲ့ လူမှုရေးကုန်ပစ္စည်းတွေကို ပြန်လည်ဖြန့်ဝေဖို့ နိုင်ငံတော်က ထောက်ပံ့ရေး၊ လူသားတွေရဲ့ကြွယ်ဝမှုဟာ တစ်ဦးနဲ့တစ်ဦးယှက်နွယ်လာဖို့ဆိုတဲ့အရာတွေ နိုင်ငံရေးရည်မှန်းချက်မြင့်မားလာရေးအပေါ် သဘောတူတယ်ဆိုရင်တောင်မှ ဒါဟာ အိုင်ဒီယိုလိုဂျီနိဂုံးအဖြစ် မညွှန်းနိုင်ဘူး။ မြောက်မြားစွာသော အိုင်ဒီယိုလိုဂျီဆိုင်ရာအနေအထားတွေ အမှတ်တစ်မှတ်မှာ လာဆုံနေတာလျှင် ဖြစ်တယ်။ ဝဲလ်ဖဲလ်စတိတ်ကြောင့်ဖြစ်လာတဲ့ "အိုင်ဒီယိုလိုဂျီနိဂုံးချုပ်ပြီ" အမြင်မှာ အနည်းနဲ့အများ သက်ဝင်နေတယ်။ ၁၉၆၀ ခုနှစ်များဟာ အကွဲကွဲအပြားပြားဖြစ်နေတဲ့ အိုင်ဒီယိုလိုဂျီအသစ်တွေ ပေါက်ကွဲနေတာကို သက်သေပြဖို့နီးပါပြီ။ အထူးသဖြင့် တတိယကမ္ဘာမှာပါ။ အာဖရိကန်ဆိုရှယ်လစ်ဝါဒ၊ အင်ဒိုနီးရှားနည်းကျ ဒီမိုကရေစီ၊ ပန်အာဖရိကန်ဝါဒ စတာတွေအားလုံး နိုင်ငံရေး နယ်ပယ်ထဲဝင်လာပြီး လူသားရဲ့စိတ်မှာ အရင်းခံအကျဆုံး တစ်ခုတည်းသော အိုင်ဒီယိုလိုဂျီဆိုတာမရှိဘူးလို့ ထုတ်ဖော်ပြသရုံသာမက လူမှုရေး၊ နိုင်ငံရေး၊ အတွေးအခေါ်ပုံသဏ္ဌာန်သစ်တွေကိုတောင်မှ တင်ဆက်လိုက်ပါသေးတယ်။

နောက်ထပ်တစ်ခုကတော့ ခွဲခြားစိတ်ဖြာမှုဆိုင်ရာအမှားပဲ။ အိုင်ဒီယိုလိုဂျီက တစ်ခုတည်းသောနိယာမတွေကို အကွဲကွဲအပြားပြားဖြစ်စေပြီး အဲဒီနိယာမတွေအတိုင်း အသေးစိတ်လုပ်မယ့် အလေ့အကျင့်တွေကိုပါ အဖြေအမျိုးမျိုးထွက်လာအောင် လုပ်ပါတယ်။ ဝဲလ်ဖဲလ်စတိတ်ရဲ့ နိယာမတွေအပေါ်မှာ ကျွန်တော်တို့ အပြီးအပြည့် သဘောတူတယ်ဆိုရင်တောင်မှ အိုင်ဒီယိုလိုဂျီဆိုင်ရာ သဘောမတူမှုက တကယ်ကျင့်သုံးမယ့် တက်ခနစ်တွေအပေါ် မေးခွန်းထုတ်ပြီး ချမှတ်ထားတဲ့ စည်းမျဉ်းတွေကနေ သွေဖယ်သွား

လိမ့်မယ်ဆိုပါစို့၊ ဒီမေးခွန်းတွေက (က) ဝဲလ်ဖဲလ်ဝန်ဆောင်မှုတွေအတွက် ငွေကြေးကို ကျွန်တော်တို့ ဘယ်လိုမြှင့်မလဲ၊ (ခ) နိုင်ငံတော်ရဲ့အကူအညီကို ဘယ်အုပ်စုအပေါ် ပထမပေးသင့်သလဲ။ သူ့အတွက်ပေးထားမယ့် ဘတ်ဂျက်က အမြတမ်း အကန့်အသတ်နဲ့ပဲလား? ဆိုတာတွေပဲ။ မေးခွန်းတွေဟာ ကွဲပြားခြားနားတဲ့ အိုင်ဒီယိုလိုဂျီအခြေခံပြီး လုပ်နေရတယ်ဆိုတာကို ဖော်ပြနိုင်စွမ်းရှိပါတယ်။ တိုက်ရိုက်အခွန်ကောက်ခံခြင်းမှာတောင် ကွဲပြားခြားနားတဲ့ နိယာမစည်းမျဉ်းစည်းကမ်းတွေ ပါဝင်နေတာပါ။ ဘယ်အရာကို ပထမဦးစားပေးအမျိုးအစားထဲ ထည့်မလဲဆိုတာဟာ ဘယ်သူဟာ အကူအညီ အရင်ရသင့်သလဲဆိုတာပဲ။ လူငယ်တွေဟာ လူကြီးတွေထက်ပိုပြီး နိုင်ငံတော်ရဲ့ အထောက်အပံ့ အရင်ရသင့်သလား?။ အလုပ်လက်မဲ့တွေဟာ နာမကျန်းဖြစ်နေသူတွေထက် အရင်ရသင့်သလား?၊ ရုပ်ပိုင်းဆိုင်ရာအရ မသန်စွမ်းသူတွေဟာ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းနေသူတွေထက် အရင်ရသင့်သလား?။ ယောကျ်ားမရှိတဲ့မိခင်တွေဟာ ခိုလှုံခွင့်ရှာသူတွေထက် အရင်ရသင့်သလားပေါ့လေ။ ဒါတွေအားလုံးဟာ အဓိကကျတဲ့ အိုင်ဒီယိုလိုဂျီ ကွဲပြားချက်တွေဖြစ်ပြီး ပေါ်လစီချမှတ်ရာမှာ ပါဝင်နေတဲ့ "တန်ဖိုးစံတွေ" အပေါ် အကွဲကွဲအပြားပြား နားလည်ထားကြပုံကို ထင်ဟပ်တယ်။

မေးခွန်းက (က)ကို တုံ့ပြန်ရာမှာ - ဝဲလ်ဖဲလ်စတိတ်ဟာ ညီမျှမှုပုံသဏ္ဌာန်အချို့ကို တိုးပွားလာစေတယ်။ ညီမျှမှုက ငွေကြေးအကျပ်အတည်းကို ခံဆောင်နိုင်ဖို့ အချိုးညီအရည်အသွေးတစ်ရပ်အဖြစ် ထွက်ပေါ်နိုင်တယ်။ ပြီးတော့ လူချမ်းသာတွေဆီကနေ ဆင်းရဲသားတွေဆီ ငွေကြေးခွဲဝေပုံ မညီမျှဖြစ်ရာကနေ ပြန်လည်ခွဲဝေနိုင်တယ်လို့ ယူဆကောင်း ယူဆနိုင်တယ်။ ဒီမှာတင် အိုင်ဒီယိုလိုဂျီမှန်သမျှ အဓိကစိတ်ဝင်စားတဲ့ ပြဿနာရပ်တစ်ခုက ရှားပါးတဲ့ လူမှုကုန်ပစ္စည်းတွေကို ဖြန့်ဝေဖို့အတွက် ဘယ်လိုအစဉ်ပုံစံကို ခံယူမလဲဆိုတာပဲ။

မေးခွန်း(ခ)ကို တုံ့ပြန်ရာမှာ - လိုအပ်နေတဲ့ အုပ်စုတွေကြား ပြိုင်ဆိုင်မှုတစ်ခု ကျွန်တော်တို့မှာ ရှိတယ်။ အားလုံးက သူတို့ရဲ့လိုအပ်ချက်ဟာ အကန့် အသတ်နဲ့ထိန်းချုပ်ခံထားရတဲ့ ဘဝအခြေအနေမျိုးရှိနေတဲ့အတွက် အကူအညီရဖို့ တရားဝင်တောင်းဆိုနိုင်တယ်ဆိုတာပါပဲ။ ဒီမှာလည်း အိုင်ဒီ



ယိုလိုဂျီမှန်သမျှ အဓိကစိတ်ဝင်စားတဲ့ ပြဿနာရပ်က အပြိုင်အဆိုင်ဖြစ်နေတဲ့ တောင်းဆိုမှုတွေကို အကူအညီလိုအပ်နေတဲ့ အုပ်စုတွေ၊ တကယ်အကူအညီပေးဖို့ ထိုက်တန်သူတွေဟာ ဘယ်သူလဲဆိုတာကို သိဖို့အတွက်ပဲ။ အိုင်ဒီယိုလိုဂျီဆိုတာမရှိရင် အရေးကြီးတဲ့ နိုင်ငံရေးအထောက်အပံ့တွေဟာ ယက်ကန်ယက်ကန် ဖြစ်နေမှာ ပါပဲ။

အိုင်ဒီယိုလိုဂျီနိဂုံးအမြင်ဟာ သူ့အတွင်းမှာကိုယ်က ပြဿနာဖြစ်နေတဲ့ သီအိုရီဆိုင်ရာ ရပ်တည်မှုဖြစ်နေတယ်။ သူက အိုင်ဒီယိုလိုဂျီဆိုတာကို အဖျက်အတွေးတွေဘက် လှည့်ပေးလိုက်တာ။ ပြီးတော့ အိုင်ဒီယိုလိုဂျီကို အသိပညာရှင်တွေရဲ့ ဖန်တီးမှုအဖြစ် အပေါ်ယံမြင်ပစ်လိုက်သလို၊ လူ့အဖွဲ့အစည်းနဲ့ ဝေးကွာတဲ့ သိက္ခာကျစရာဝေါဟာရအဖြစ်လည်း ခြယ်မှုန်းလိုက်တယ်။ အိုင်ဒီယိုလိုဂျီနိဂုံး သီအိုရီပညာရှင်တွေထဲက အဓိကတစ်ဦးကတော့ ဒယ်နီယာယ်ဘဲလ်ပါပဲ။ သူက အိုင်ဒီယိုလိုဂျီဆိုတာ ဘယ်တော့မှ ပြန်လည်ရှင်သန်အောင် လုပ်လို့မရတော့လောက်အောင် ကျဆုံးသွားတဲ့ ဝေါဟာရပဲလို့ မြင်တယ်။ နောက်တစ်ဦးက ဒက်ဒွပ်ရှီးလ်ဖြစ်ပြီး သူကတော့ အိုင်ဒီယိုလိုဂျီဆိုတာ လူ့အဖွဲ့အစည်းနဲ့ အမြဲကင်းကွာနေပြီး တစ်သီးပုဂ္ဂလလူသားကို သူတို့ရဲ့လက်အောက်ခံအဖြစ် တောင်းဆိုနေတယ်လို့ ဆိုတယ်။ မာ့က်စ်ဝါဒအမြင် အိုင်ဒီယိုလိုဂျီဟာ အနောက်သီအိုရီပညာရှင်တွေရဲ့ အိုင်ဒီယိုလိုဂျီကို သေဆုံးပျောက်ကွယ်စေခဲ့တာပါပဲ။ မန်းဟိမ်း၊ ဂရမ်ချီနဲ့ အာတုဆေတို့ရဲ့ သိမ်မွေ့တဲ့ အမြင်တွေကို ဖျက်ကွယ်ပြုသွားကြတယ်။ အနောက်ရဲ့ အိုင်ဒီယိုလိုဂျီနိဂုံး သီအိုရီပညာရှင်တွေဟာ ကားလ်မာ့က်စ်ရဲ့ သိမ်မွေ့တဲ့ အိုင်ဒီယိုလိုဂျီအမြင်တွေကို မျက်စိလျှမ်းသွားတယ်။ အိုင်ဒီယိုလိုဂျီနိဂုံးနဲ့ ဆန့်ကျင်တဲ့ အိုင်ဒီယိုလိုဂျီအပေါ် အသိဟာ ယနေ့ထက်ထိ ကြည်ကြည်လင်လင် အထင်အရှား ရှိပါသေးတယ်။ တစ်ချို့ဇည့်ရိပ်သာတွေ ပိတ်သွားပုံပေါ်ပေမယ့် တခြားဇည့်ရိပ်သာတွေကတော့ ဖွင့်နေဆဲပါပဲ။

### လူထုသဘောထားနှင့် ယုံကြည်မှုများ

အမေရိကန်ပြည်ထောင်စုမှာ လူမှုရေးသိပ္ပံထွန်းကားလာတာဟာ မာ့က်စ်ဝါဒအမြင်မဟုတ်တဲ့ အိုင်ဒီယိုလိုဂျီကို နိုးထလာစေတယ်။ ဥရောပ

ပညာရှင်တွေရဲ့ သီအိုရီဆိုင်ရာစိုးရိမ်ပူပင်မှုတွေကနေလည်း ဖယ်ခွာသွားတယ်။ နိုင်ငံရေးသိပ္ပံနဲ့ လက်တွေ့စမ်းသပ်လုပ်ကိုင်မှုက လက်တွေ့နယ်ပယ်အပေါ် သုတေသနပြုဖို့ အဓိကလုပ်လာတယ်။ အသစ်ပေါ်ပေါက်လာတဲ့ ပြည်သူလူထုရဲ့ သဘောထားနဲ့ ထင်မြင်ချက်တွေဟာလည်း ပညာရပ်နယ်ပယ်အသစ်တိုးပွားလာစေဖို့ရာ ဆွဲဆောင်တယ်။ ဒါကို ပိုမိုမြင့်မားသွားစေတာက ဒီမိုကရက်တစ်နိုင်ငံရေးအပေါ် ချီးမြှောက်ပြောဆိုမှုတွေ၊ ၁၉၃၀ ခုနှစ်များက အီလစ်တွေနဲ့ အာဏာရှင်တွေရဲ့ အသံကို ဖြေဖျောက်ပေးမယ့် "သာမန်ပြည်သူ"ဆိုတာတွေပါပဲ။ အခုဆိုရင် အိုင်ဒီယိုလိုဂျီဆိုတာ နိုင်ငံရေးယုံကြည်မှုစနစ်တွေ ဖြစ်သွားပါပြီ။ ပြီးတော့ သုတေသနပညာရှင်ရဲ့ အလုပ်က အဲဒီအိုင်ဒီယိုလိုဂျီ(ဝါ)နိုင်ငံရေးယုံကြည်မှုစနစ်ကို ဖော်ထုတ်ပြဖို့ သိပ္ပံနည်းကျတိုင်းတာလို့ရတဲ့ အမျိုးအစားခွဲ တစ်ရပ်ထဲမှာ ထည့်ထားဖို့သာ ဖြစ်တယ်။ စာရင်းဇယားကို အခြေပြုထားတဲ့နည်းတွေက ယုံကြည်မှုတွေ ဘယ်လိုပျံ့နှံ့လာသလဲကို လေ့လာစူးစမ်းဖို့ သူတို့ရဲ့ ကိုယ်ပိုင်နည်းနာအဖြစ် အသုံးဝင်လာတယ်။ အိုင်ဒီယိုလိုဂျီက တစ်သီးပုဂ္ဂလရဲ့ ထင်မြင်ချက်တွေကို တွေ့ကြုံခံစားမှုချင်း ဘုံတူမျှဝေခံစားနေရတဲ့ အုပ်စုတွေထဲကို ထည့်လိုက်တယ်။

ဒီစာရင်းအောက်မှာ အိုင်ဒီယိုလိုဂျီဆိုတာ ဟိုတုန်းက သူ့ကို သယ်ဆောင်လာသူတွေကတောင် သူ့ကို မသယ်ဆောင်ပါဘူးလို့ သူတို့ကိုယ်သူတို့ မသိကြတဲ့ အရာမျိုးမဟုတ်ဘဲ သယ်ဆောင်သူကိုယ်တိုင်က သိနေတဲ့ ယုံကြည်မှုစနစ်မျိုး ဖြစ်လာတယ်။ ဒီလိုသိလာအောင်လုပ်ပြတဲ့ နည်းလမ်းတွေကတော့ အပြုအမူဝါဒီတွေပဲ။ သူတို့က အထည်ဖြပ်ရှိပြီး၊ လေ့လာစူးစမ်းလို့ရတဲ့ အပြုအမူ ပုံသဏ္ဍာန်တွေကိုသာ အဓိကထားပြီး ကျယ်ပြန့်တဲ့ လူမှုရေးဆိုင်ရာအင်အားတွေ ဒါမှမဟုတ် မသိစိတ်ထဲကနေ ကိုင်စွဲထားတဲ့ လောကအမြင်တွေဆီမှာ အဓိကမထားဘူး။ ဒါ့အပြင် အိုင်ဒီယိုလိုဂျီတွေမှာ နိုင်ငံရေးစနစ်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ပါဝင်ရုံသာမကဘူး၊ လူသားရဲ့ ကိုယ်ကျင့်တရားဆိုင်ရာ ယုံကြည်မှုတွေ၊ လူ့အဖွဲ့အစည်းနဲ့ သူတို့ရဲ့ ဆက်သွယ်ချက်တွေလည်း ပါဝင်တယ်လို့ ယူဆရတယ်။ ဒီအရာတွေဟာ လူသားရဲ့ ပြုမူလုပ်ဆောင်ချက် ဒါမဟုတ်လည်း ဘာမျှမပြုမူမှုတွေရဲ့ သော့ချက်ကို ကိုင်စွဲထားတယ်လို့ တွေးနိုင်တယ်၊ ဒါတင်မကဘူး၊ သုတေ



သနနည်းလမ်းဟာလည်း ဒဿနပညာထက် လူမှုရေးဗေဒတနေသာလျှင်လာတယ်။ သိပ္ပံနည်းကျလေ့လာသူ ရောဘတ်အီ လိန်းရဲ့ အဆိုအရ အထက်ပါ အိုင်ဒီယိုလိုဂျီကို လေ့လာပုံထဲမှာ အိုင်ဒီယိုလိုဂျီတွေ(ဝါ)ယုံကြည်မှုစနစ်တွေဟာ စိတ်လှုပ်ရှားမှုဆိုင်ရာနဲ့အတူ ဖြစ်ပေါ်နေတဲ့ ကြောင်းကျိုးထင်ဟပ်မှု ပုံသဏ္ဍာန်နဲ့ တရားမျှတကြောင်း ထုတ်ဖော်ပြသနိုင်တဲ့ ပုံသဏ္ဍာန်တွေရှိနေတယ်ဆိုတာ ဝန်ခံထားရာရောက်တယ်။ အတိုချုံးပြောရရင် ယနေ့ အိုင်ဒီယိုလိုဂျီဟာ လူမှုရေးသိပ္ပံပညာရှင်တွေရဲ့ စိတ်အားထက်သန်မှုကြောင့် ရှာဖွေတွေ့ရှိလာပြန်ပါတယ်။

အိုင်ဒီယိုလိုဂျီကို သင်္ကေတအဖြစ်မြင်ကြည့်ခြင်း

ဒီအချက်အရ အိုင်ဒီယိုလိုဂျီအပေါ် စောင်မကြည့်ရှုခြင်းဟာ နိုင်ငံရေးပညာရပ်နယ်ပယ်ရဲ့ အပြင်ဘက်ကနေ ရောက်ရှိလာတယ်။ ပညာရပ်နယ်ပယ်တွေကြားထဲက ရှင်းလင်းတင်ပြနိုင်စွမ်းရှိတဲ့ သိမှုအဆောက်အအုံကို လဲလှယ်ပြီး အငှားယူတာဟာ သက်ဆိုင်ရာနယ်ပယ်မှာ တွေးခေါ်ပုံအသစ်တွေ ဖွံ့ဖြိုးလာစေတဲ့ လမ်းကြောင်းထဲက တစ်နည်းပါပဲ။ အိုင်ဒီယိုလိုဂျီသဘာဝကို အခြားတစ်ဖက်က အနက်ပြန်နိုင်ဖို့လည်း လမ်းခင်းပေးခဲ့တယ်။ ၁၉၆၄ မှာ မနုဿဗေဒပညာရှင် ကလစ်ဖို့ဒ်ဂီးယ(စ်)က စာတမ်းတစ်စောင်ရေးခဲ့ပါတယ်။ စာတမ်းမှာ သူက အိုင်ဒီယိုလိုဂျီတွေကို ရှုပ်ထွေးတဲ့ ယဉ်ကျေးမှုဆိုင်ရာ သင်္ကေတနဲ့ဖွဲ့စည်းထားတဲ့ စနစ်တစ်ခုအဖြစ် ခြယ်မှုန်းတယ်။ သင်္ကေတတွေက အရှိတရားကို ကိုယ်စားတဲ့အရာတွေအဖြစ် ပြုမူတယ်။ အိုင်ဒီယိုလိုဂျီဟာ လမ်းညွှန်မြေပုံတစ်ခုလည်းဖြစ်ပြီး မြေပုံမရှိရင် တစ်သီးပုဂ္ဂလလူသားနဲ့ လူအုပ်စုတွေဟာ သူတို့ကိုယ်သူတို့ လူ့အဖွဲ့အစည်းကြီး နယ်ပယ်အတွင်းနေဖို့ရာ လမ်းမညွှန်နိုင်တော့ဘူးလို့ မြင်တယ်။ တကယ်လို့ နိုင်ငံရေးစနစ်ဟာ မကြာခဏဆိုသလို ချီတက်ပွဲနဲ့ စစ်ရေးပြပွဲဆိုတဲ့ သင်္ကေတတွေဆီ ပြန်လှည့်သွားမယ်ဆိုရင် ဒီသင်္ကေတက အမျိုးသားရေးအားမာန်ဆိုတဲ့ ယဉ်ကျေးမှုဆိုင်ရာ သင်္ကေတအဖြစ် ထမ်းဆောင်လိမ့်မယ်။ အဲဒါဆိုရင်တော့ အိုင်ဒီယိုလိုဂျီဆိုတာ ဝဲလ်ဖဲလ်ထက် ပါဝါကိစ္စကို အလျင်ဦးစားပေးရမယ်လို့ ဆိုနေတာပဲ။ တကယ်လို့ နောက်ထပ်နိုင်ငံရေးစနစ်

တစ်ခုမှာ လူမှုရေးနဲ့ စီးပွားရေးကပ်ကြောင့် လူမျိုးစုအုပ်စုတွေနဲ့ နိုင်ငံခြားသားတွေကို အပြစ်တင်နေမယ်ဆိုရင် အဲဒီသင်္ကေတက လူ့အဖွဲ့အစည်းတစ်ရပ်ဟာ မနာလိုမှုတွေနဲ့ ပြည့်နှက်နေတာ ဒါမှမဟုတ် သူတို့အချင်းချင်း စည်းလုံးမှုမရှိတာစတဲ့ အပြုအမူတွေကို ဖော်ပြတဲ့ ယဉ်ကျေးမှုသင်္ကေတပါပဲ။ အဲဒါဆိုရင်တော့ အိုင်ဒီယိုလိုဂျီက သူ့ရဲ့ အတွင်းပိုင်းနိုင်ငံရေးဆိုင်ရာဝေဖန်ရေးကို ဘေးဖယ်ထုတ်ပြီး လူမှုရေးဆန့်ကျင်မှု သင်္ကေတအဖြစ် အလုပ်လုပ်တယ်လို့ ဆိုရမှာပဲ။

အိုင်ဒီယိုလိုဂျီ သီအိုရီအပေါ် ဂီးယရဲ့ ထည့်ဝင်မှုကတော့ အိုင်ဒီယိုလိုဂျီဟာ လူမှုရေးအဓိပ္ပာယ်တွေကို သယ်ဆောင်ပေးတဲ့ မတ္တဖော်တွေဖြစ်ကြောင်း ဆုပ်ကိုင်လာစေတာပါပဲ။ နောက်ထပ်အမြင်တစ်ခုကနေ ပြောရရင်တော့ အိုင်ဒီယိုလိုဂျီဆိုတာ ရှုပ်ထွေးတဲ့အတွေးအခေါ်တွေကို အတူတကွယူဆောင်လာတဲ့ အရှိတရားဆိုင်ရာ သင်္ကေတတွေကို အလွှာအထပ်ထပ် ဖွဲ့စည်းထားတာဖြစ်တယ်၊ ဥပမာ မဲပုံးတွေက အရေးကြီးတယ်ဆိုတဲ့ အိုင်ဒီယိုလိုဂျီကိုပဲ ကြည့်ပါ။ မဲပုံးဆိုတဲ့ သင်္ကေတဟာ ဒီမိုကရက်တစ်စနစ်ထဲမှာ လူတွေအနေနဲ့ အဆုံးစွန်ဆုံး ဆုံးဖြတ်ချက်တွေ ချမှတ်တဲ့အခါ အလက်ာဆိုင်ရာပစ္စည်းတစ်ခုလို အလုပ်လုပ်ပေးတာပဲ၊ မဲပုံးဟာ ဒီမိုကရေစီစနစ်အပေါ် သစ္စာစောင့်သိခြင်းဆိုတဲ့ စိတ်လှုပ်ရှားမှုဆိုင်ရာ ကိုယ်စားပြုခြင်းတစ်ခုပဲ၊ မဲပုံးက နိုင်ငံရေးစနစ်ထဲမှာ ဖြစ်ပေါ်လာမယ့် ပဋိပက္ခနဲ့ မရေရာမှုနဝါးမှုတွေကို ဖြေသိမ့်ကာကွယ်ပေးနိုင်တယ်။ အာဏာရဲ့ တာဝန်ယူမှုအသိနဲ့ တစ်သီးပုဂ္ဂလလူသားရဲ့ ရွေးချယ်မှုဆိုင်ရာ အခင်းအကျင်းနှစ်ခုကို ပေါင်းစပ်ထားတယ်၊ ဒီမိုကရေစီထဲက ပဋိပက္ခဖြစ်နိုင်ဖွယ်ရာ အခြေခံတွေဟာ မဲပုံးဆိုတဲ့ သင်္ကေတဝါဒ အခြေခံကနေတစ်ဆင့် မှုန်ဝါးသွားစေတယ်။

ဂီးယအတွက်ကတော့ အိုင်ဒီယိုလိုဂျီလို့ ကျွန်တော်တို့ခေါ်ဝေါ်တဲ့ သင်္ကေတစနစ်ဟာ လူမှုရေးအရှိတရားမြေပုံကို ဖွဲ့စည်းထားတယ်၊ အဲဒီနောက်မှာတော့ မြေပုံတွေကိုယ်၌က သင်္ကေတတွေဖြစ်ပြီး ကျွန်တော်တို့အပေါ်ကိုလည်း မြေပုံအိုင်ဒီယိုလိုဂျီတွေကနေတစ်ဆင့် ညွှန်ကြားတယ်၊ မြေပုံတွေက ရွေးချယ်တည်ဆောက်ခံရပြီး ဖြစ်နေတာ၊ သူတို့က ကျွန်တော်တို့ အသုံးမဝင်တဲ့ သတင်းအချက်အလက်တွေ အလွန်အကျွံ ဖောင်းပွခြင်း



ကနေ ကာကွယ်ပေးတယ်၊ အကယ်၍ ကျွန်တော်တို့ လန်ဒန်ကနေ ဘာမင်ဂမ်ကို ကားမောင်းသွားချင်တယ် ဆိုရင် ကျွန်တော်တို့ဟာ အဲဒီလမ်းပေါ်က ချိုင့်ခွက်မှန်သမျှကို သိနေစရာ မလိုဘူး၊ မြေပုံရဲ့အသေးစိတ်ကို ရုပ်ပိုင်းဆိုင်ရာအားဖြင့်သော်လည်းကောင်း၊ အသိဉာဏ်အားဖြင့်သော်လည်းကောင်း ကိုင်တွယ်ထိန်းချုပ်နေစရာမလိုဘူး၊ အိုင်ဒီယိုလိုဂျီထဲမှာ အထက်အောက်ဖွဲ့စည်းထားတဲ့ ဘုန်းတော်ကြီး ဒါမှမဟုတ် အင်စတီကျူးရှင်းအတွက် တရားဝင်အတွေးအခေါ်တစ်ရပ်ကို ထည့်ဝင်ပေးကောင်း ပေးမယ်၊ ဒါမှမဟုတ် ဘာသာရေးစာသားတွေနဲ့အညီ ဒါမှမဟုတ် လူထုရဲ့ သဘောတူညီမှုစတာတွေနဲ့ တွဲကပ်ထားမယ်။ အကျိုးဆက်အနေနဲ့ ကျွန်တော်တို့ မှတ်ချက်ချနိုင်တာက အိုင်ဒီယိုလိုဂျီတွေဟာ လူမှုရေးနေရာလွတ်တွေကို စီစဉ်ပေးတဲ့ သင်္ကေတဆိုင်ရာ ပစ္စည်းတွေဆိုတာပဲ၊ သူတို့က ကျွန်တော်တို့ ဘာကိုသတိထားရမယ်ဆိုတာကို ပြောနေသလို၊ မတူညီတဲ့ လူမှုရေးအရှိတရားအတွက် အပြိုင်အဆိုင်ဖြစ်နေတဲ့ အိုင်ဒီယိုလိုဂျီမြေပုံတွေလည်း ဖြစ်ကောင်း ဖြစ်နိုင်တယ်။ သူတို့လေ့လာစူးစမ်းတဲ့ လူမှုရေးနိယာမတွေ၊ အလေ့အကျင့်တွေကြားထဲက အမျိုးမျိုးသော လမ်းကြောင်းတွေကို ခြေရာခံလိုက်တဲ့ မြေပုံတွေလည်း ဖြစ်နိုင်တယ်၊ ဒါကြောင့် လွတ်မြောက်မှုရဲ့ တွန်းအားဟာ ပုဂ္ဂလိကဖွံ့ဖြိုးမှုဆီကို ဦးတည်မယ်၊ ပြီးတော့ ဆင်ခြင်မှုအတွက် တန်ဖိုးတစ်ခုထားမယ်။ ဒါကတော့ မြေပုံတွေက ပုဂ္ဂလိကဖွံ့ဖြိုးမှုထိမသွားတဲ့ အစဉ်အလာကိုယ်ကျင့်တရားကို ဆန့်ကျင်မယ့် ဘဝရွေးချယ်မှုပုံစံတွေဆီကိုလည်း သွားကောင်းသွားနိုင်မယ်၊ ဒါမှမဟုတ် အိုင်ဒီယိုလိုဂျီ(ဝါ)မြေပုံတစ်ခုခုက တစ်သီးပုဂ္ဂလလူသားတွေကို သူတို့ရဲ့လွတ်လပ်မှုကို ကြောင်းကျိုးဆင်ခြင်မှုရှိရှိ သုံးစွဲလာပုံအပေါ် ယုံကြည်လာအောင် လုပ်ကောင်းလုပ်မယ်၊ အခြားကွန်ဆာဗေးတစ်လမ်းကြောင်းပေါ်မှာရှိတဲ့ အိုင်ဒီယိုလိုဂျီကလည်း လူမှုရေးဆိုင်ရာထိန်းချုပ်မှုတွေကို အကူအညီပေးမယ်၊ တစ်သီးပုဂ္ဂလ လူသားရဲ့ စမ်းသပ်တီထွင်မှုတွေကို ကန့်ကွက်မယ်။

ဒါ့အပြင် အိုင်ဒီယိုလိုဂျီက လူမှုရေးနဲ့ သမိုင်းဆိုင်ရာ ကာလတရားကို စီစဉ်ပေးတယ်။ သမိုင်းဆိုင်ရာကာလတရားဆိုတာကတော့ ဖြစ်ပျက်ခဲ့သမျှ အရာတွေကို မှတ်တမ်းတင်တာထက် အများကြီးပိုတယ်၊ သမိုင်းဆိုင်

ရာကာလတရားဆိုတာ အိုင်ဒီယိုလိုဂျီအခြေခံ ဇာတ်လမ်းတစ်ခုဖြစ်နေဖို့ရာ သူနဲ့ယှက်နွယ်နေတဲ့ အဖြစ်အပျက်တွေကို ရွေးချယ်ပြီး အစဉ်ပုံစံထဲ စာရင်းပြုစုထားတာ ဖြစ်တယ်။ ဒါကို အင်္ဂလိပ်သမိုင်းမှာ အထင်ကရဖြစ်တဲ့ ၁၂၁၅ မဂ်ဂနကာတာ၊ ၁၆၆၈ ကလောရီးယားတော်လှန်ရေး၊ ၁၈၃၂ နဲ့ ၁၉၁၈ ကြားထဲက နိုင်ငံရေးအရ အဖိနှိပ်ခံတို့ရဲ့ မဲပေးခွင့်ဆိုင်ရာလှုပ်ရှားမှုတွေက ထုတ်ဖော်ပြသပြီးပါပြီ။ အထက်ပါဇာတ်လမ်းတွေက အင်္ဂလန်နဲ့နောက်ပိုင်းမှာ ဗြိတိန်ကို လွတ်လပ်မှု အပေါ်အခြေခံထားတဲ့ အမွေအနှစ်များစွာရှိတဲ့ အမျိုးသားနိုင်ငံတစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြသပေးတယ်။ အထက်ပါ သမိုင်း(ဝါ)အိုင်ဒီယိုလိုဂျီ အခြေခံထားတဲ့ ဇာတ်လမ်းအဆောက်အအုံကိုပဲ ဗြိတိန်နိုင်ငံသားတွေက ဂုဏ်ယူဝံ့ကြွားတယ်။ ဒါပေမယ့် ဒါဟာ အဖြစ်အပျက်ဇာတ်လမ်းပေါင်းများစွာထဲက တစ်ခုသာဖြစ်ပြီး ဗြိတိန်အမျိုးသားနိုင်ငံတော်အကြောင်း ပြောစရာများစွာထဲက ရွေးချယ်တည်ဆောက်ထားတဲ့ အိုင်ဒီယိုလိုဂျီ ဇာတ်လမ်းတစ်ခုသာ ဖြစ်တယ်။ သမိုင်းအားလုံးဟာ ဂုဏ်ယူကြွားဝါစရာချည်းတော့ မဟုတ်ဘူး။ ဗြိတိန်က အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်တဲ့ သမိုင်းဟာ အလွန်ကွဲပြားခြားနားတဲ့ အဖြစ်အပျက်တွေကို ထုတ်ပေးပါတယ်။ ဒီစွမ်းရည်အရ အိုင်ဒီယိုလိုဂျီတွေဟာ အမျိုးသားနိုင်ငံတော်ဆိုင်ရာ သီးခြားအမှတ်လက္ခဏာအစုအပေါင်းတွေကနေတစ်ဆင့် ဖြစ်ပေါ်လာတဲ့ သင်္ကေတအမှတ်အသားအစုအပေါင်းသာလျှင် ဖြစ်တယ်။

မိသားစုတွေကစားတဲ့ဂိမ်းများ

ဒဿနပညာရှင် လူဝီဗစ်ဂန်စတိုင်းက အိုင်ဒီယိုလိုဂျီလေ့လာမှုကို အရေးတကြီး ထည့်ဝင်တယ်။ သူ့ရဲ့ထည့်ဝင်မှုက တိုက်ရိုက်လည်းမဟုတ် ရည်ရွယ်ချက်ရှိရှိလည်း မဟုတ်ပေမယ့် အရေးတကြီးထည့်ဝင်မှုဖြစ်တယ်။ ဗစ်ဂန်စတိုင်းက ဘာသာစကားဟာ ဂိမ်းကစားနည်းနဲ့ ဆက်နွယ်နေပြီး စည်းမျဉ်းတွေနဲ့ ဂိမ်းတစ်ခုမှာရှိတဲ့ အဓိကလက္ခဏာတွေရှိတယ်။ ဘာသာစကားတစ်ခုကို အသုံး ပြုခြင်းဟာ ဂိမ်းရဲ့စည်းမျဉ်းတွေကို သင်ယူခြင်းပါပဲ။ စည်းမျဉ်းတွေဟာ ထိန်းချုပ်ခြင်းရော သဘောတူခွင့်ပြုပေးခြင်းပါ နှစ်ခုစလုံးရှိပြီး ယေဘုယျသဘောရော အထူးသီးသန့်ဆန်မှုပါရှိတယ်။ ဒီသဘောကြောင့်



အိုင်ဒီယိုလိုဂျီဆိုတာကို ဘာသာစကားဂိမ်းပုံသဏ္ဍာန်တစ်ခုအဖြစ် လျှော့ချလိုက်သလိုပါပဲ။ အိုင်ဒီယိုလိုဂျီရဲ့ အဓိပ္ပာယ်နဲ့ ဆက်သွယ်မှုဆိုင်ရာ အရေးပါမှုဟာ သူတို့ရဲ့ သဒ္ဒါတည်ဆောက်ပုံ၊ လူမှုရေးအဆက်အစပ်ထဲ အသုံးပြုပုံအစဉ်အလာ၊ သူတို့ရဲ့ စည်းမျဉ်းတွေပေါ် လက်ခံပုံ အတိုင်းအတာနဲ့ ဆိုင်တယ်။ တကယ်လို့ နာဇီဝါဒရဲ့စည်းမျဉ်းတွေက ကျွန်တော့်ကို သဘောပေါက်နားလည်လာအောင်လုပ်ရင် ကျွန်တော်ဟာ နာဇီဝါဒကို သက်ဝင်သွားမယ်။ တကယ်လို့ အာယန်ဆိုတဲ့ဝေါဟာရကို ကျွန်တော် နားလည်လက်ခံပြီး ဂျူးဝေါဟာရကို လက်မခံဘူးဆိုရင် နာဇီဝါဒကို နားလည်လာလိမ့်မယ်။ ဒါ့အပြင် ဘာသာစကားဂိမ်းတွေရဲ့ စည်းမျဉ်းတွေက အာယန်ဝေါဟာရကို ဂျူးဝေါဟာရရဲ့ ဆန့်ကျင်ဘက်အဖြစ် ရေးခြယ်တယ်။ "ဂျူး"ဆိုတာကို လူသားလက်အောက်ခံအဖြစ် အမျိုးအစားခွဲခြားတယ်။ သူတို့အပေါ် သုတ်သင်သတ်ဖြတ်မှုဟာ လူသားဆန်မှုကို ဆန့်ကျင်တဲ့ ရာဇဝတ်ပြစ်မှုအဖြစ် အဓိပ္ပာယ်မဖွင့်ဆိုနိုင်ဘူးလို့ ဆိုတယ်။

ဗစ်ဂန်စတိုင်းရဲ့ ထင်ရှားတဲ့ ဒုတိယအဆိုတစ်ခုကတော့ ဘာသာစကားရဲ့ လက္ခဏာအစုအဝေးဟာ နေရာတိုင်းမှာ တစ်ခုနဲ့တစ်ခု ထပ်တူမကျဘဲ ကျယ်ပြန့်တဲ့ ဆင်တူမှုတွေရှိတယ်။ ဒါကိုရှင်းပြဖို့ရာ စတိုင်းက "မိသားစုဆင်တူမှုများ"ဆိုတဲ့ ဝေါဟာရအတွဲကို အသုံးပြုတယ်။ ဒီဝေါဟာရက မိသားစုအဖွဲ့ဝင် တွေကြားထဲမှာ သီးသန့်ဆန်တဲ့ ဆင်တူမှုတွေရှိတယ်လို့ ဆိုတယ်။ မိသားစုဆင်တူမှုတွေဟာ နဖူးကျယ်တာ၊ နှုတ်ခမ်းပါးတာ၊ မျက်လုံးညိုတာ၊ ဆံပင်ကောက်တာစတဲ့ ဆင်တူမှုတွေ အားလုံးရှိနေစရာတော့ မလိုဘူး။ ဒါပေမယ့် မိသားစုအဖွဲ့ဝင်ထဲမှာ ထပ်တူကျလောက်အောင် တူနေတာမရှိပေမယ့် တစ်ခုနဲ့တစ်ခု တူနေတာတော့ ရှိတယ်။ တစ်ယောက်ယောက်နဲ့ ဆံပင်ကောင်းတာတူပေမယ့် ကျန်တစ်ယောက်နဲ့ အခြားတစ်ခုခုတူနေတာမျိုး ရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မိသားစုထဲမှာ တူတာဆိုလို့ ဘာမျှမရှိတဲ့ သူတစ်ယောက်ယောက်လည်း ရှိနေနိုင်မယ်။ ဒီသဘောကိုက အိုင်ဒီယိုလိုဂျီအတွင်းပိုင်းကို ခွဲခြားစိတ်ဖြာတယ်ဆိုတာ အိုင်ဒီယိုလိုဂျီအစဉ်အလာကို စူးစမ်းလေ့လာပုံအတွင်း ကြီးကျယ်ခမ်းနားတဲ့ သိမ်မွေ့နူးညံ့မှုကို ဖွံ့ဖြိုးလာအောင် လုပ်တာပါပဲ။ ဥပမာအားဖြင့် လစ်ဘရယ်ဝါဒအိုင်ဒီယိုလိုဂျီကို ခွဲခြမ်း

စိတ်ဖြာတာဟာ လစ်ဘရယ်ဝါဒထဲမှာ ရှိနေတဲ့ ပိုမိုသိမ်မွေ့တဲ့ လစ်ဘရယ်ဝါဒ အကွဲအပြားအမျိုးမျိုးရှိနေတယ်၊ သူတို့ရဲ့ ကိုယ်ပိုင်ထင်ရှားတဲ့ ဂုဏ်ရည်ဂုဏ်သွေးလည်း ရှိနေတယ်ဆိုတာကို ဖော်ထုတ်နေတာပါပဲ။ အိုင်ဒီယိုလိုဂျီရဲ့ သဘောကိုက အထက်အောက်ဖိစီးမှုမရှိဘဲ၊ သူ့ရဲ့ အဆောက်အအုံအဆင့်အတန်းက လှည့်သာပြောင်းသာရှိမယ့် အရာတွေကို ပြုလုပ်ဖန်တီးပေးတယ်။ လစ်ဘရယ်ဝါဒ အကွဲအပြားအမျိုးမျိုးက သူတို့မှာ ကွဲပြားခြားနားတဲ့ အချင်းအရာတွေရှိနေဆဲမှာပဲ မတူညီတဲ့လက္ခဏာအမျိုးမျိုးလည်း ရှိနေတယ်။ လစ်ဘရယ်ဝါဒမှန်သမျှဟာ ဗစ်ဂန်စတိုင်းသဘာဝကို တိုးပွားစေတယ်၊ ဒါပေမယ့် တစ်ချို့ကတော့ အများပိုင်ဆိုင်မှုနဲ့ ပုဂ္ဂလိကအကျိုးအမြတ်ကို နှိုင်းရသဘောအခြေခံနဲ့ ခွဲခြားယှဉ်ပြိုင်ထားတယ်။

ဗစ်ဂန်စတိုင်းက အထက်ပါ အိုင်ဒီယိုလိုဂျီအမြင်ကို ပြဖို့အတွက် "ကြိုးမျှင်"သဘောတရားကို ထုတ်တယ်။ "ကြိုးမျှင်"သဘောတရားဆိုတာက အချိန်အလိုက် ပြောင်းလဲနေပြီး သူ့ရဲ့အဆက်အစပ်ရှိမှုကလည်း မှုန်ဝါးလွန်းတယ်။ ဒါပေမယ့် ကြိုးမျှင်လေးတွေ၊ အမျှင်လေးတွေရဲ့ အဆက်အစပ်ရှိမှုကတော့ ဖြည်းညှင်းစွာ၊ ပျော့ပြောင်းနူးညံ့စွာ ရှိနေတာပါပဲ။ အဆက်အစပ်ရှိမှု အတိုအတောင်းလေးရဲ့ သမိုင်းကို မဝေဖန်မစောကြောရင် ဒါတွေကို သတိပြုမိဖို့ ခဲယဉ်းတယ်။ အိုင်ဒီယိုလိုဂျီတွေဟာ တစ်ခုတည်းသက်သက်စီမဟုတ်ဘဲ နှိုင်းရသဘောနဲ့သော်လည်းကောင်း၊ အပြန်အလှန်ရှုပ်ထွေးစွာနဲ့သော်လည်းကောင်း အမြဲဖွံ့ဖြိုးစည်ပင်နေတယ်ဆိုတာကို အထက်ပါသဘောတွေက အားဖြည့်ပေးပါတယ်။

## အခန်း(၄)
## နိုင်ငံရေး ဘာသာစကားအတွင်းက တိုက်ပွဲ

PDF CREATOR - NYEYADHAMMA@GMAIL.COM



## အခန်း(၄)
## နိုင်ငံရေး ဘာသာစကားအတွင်းက တိုက်ပွဲ

ဘာသာဗေဒပညာရပ်အတွင်း ဖွံ့ဖြိုးမှုတွေက အိုင်ဒီယိုလိုဂျီ လေ့လာသူတွေကို ထပ်နိုးဆွပေးလိုက်တဲ့ ပြင်ပအရင်းအမြစ် တစ်ခုပါပဲ။ သဒ္ဒါနဲ့ အဓိပ္ပာယ်ပညာအပေါ် အလေးအနက်ထားခြင်းက လေ့လာသူတွေအတွက် တံခါးအသစ်တစ်ချပ် ပွင့်သွားစေပါတယ်။ သဒ္ဒါက သီးခြားအခြေအနေ တစ်ရပ်အတွင်းက ဝေါဟာရတွေနဲ့ ဆက်စပ်နေတဲ့ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းတွေအဖြစ် တည်ရှိတယ်။ ကျွန်တော်တို့သိတဲ့အတိုင်းပဲ စကားလုံး ဝေါဟာရတွေက အပိုင်းပိုင်းအပြတ်ပြတ်နဲ့ ကျဘမ်းဖွဲ့စည်းထားတာ မဟုတ်ဘူး။ (ဥပမာ - နိုင်ငံရေး၊ အားလုံး၊ အစိုးရ၊ သင့်တယ်၊ အကျဉ်းသားတွေဆိုတာမျိုး မဟုတ်ဘူး) သီးသန့်စီစဉ်ပြီး အသိတစ်ခုပေါ်လာအောင် လုပ်ထားတာပါ။ (ဥပမာ - အစိုးရဟာ နိုင်ငံရေး အကျဉ်းသား အားလုံးကို လွှတ်ပေးသင့်တယ်)။

ဒီလိုပါပဲ၊ ဘာသာစကားကနေတစ်ဆင့် အဓိကထုတ်ဖော်ထားတဲ့ အိုင်ဒီယိုလိုဂျီတွေဟာ သူတို့ကိုယ်ပိုင် သဒ္ဒါသဘာဝကို ထုတ်ဖော်ပြသနေပါတယ်။ ဒါ့အပြင် ဝေါဟာရနဲ့ ဝေါဟာရအတွဲတွေဟာ သီးသန့်အဓိပ္ပာယ်ကို သယ်ဆောင်တယ်။ သူတို့ရဲ့အသံနဲ့ အမှတ်အသားတွေက ကိုယ်စားပြုခံတစ်ခုခုကို ညွှန်ပြပေးတယ်။ အညွှန်းခံတစ်ခုခုကို ထုတ်ဖော်တယ်။ "ဩဇာအာဏာ" ဆိုတဲ့ ဝေါဟာရက လူပုဂ္ဂိုလ် ဒါမှမဟုတ် အင်စတီကျူးရှင်းဝေါဟာရနဲ့ မတူတဲ့ အပြုအမူအတွဲတွေကို ညွှန်းမယ်။ ဒါပေမယ့် စကားလုံးတွေရဲ့ အဓိပ္ပာယ်တွေဟာလည်း အပြန်အလှန် မှီခိုနေကြရတာပါ။ သူတို့ဟာ အခြားစကားလုံးတွေနဲ့ ကွန်ယက်သဖွယ် ဆက်စပ်မှုအတွင်း တည်ရှိနေတာ။ ပြီးတော့ သူတို့ရဲ့ အဆက်အစပ်ထဲမှာတော့ သူတို့ဟာ အသိပညာရနိုင်စရာ တစ်ခုတည်းသော အရာပါပဲ။'free'ဆိုတဲ့ စကားလုံးဟာ 'အစိုးရသည် နိုင်ငံရေး အကျဉ်းသားများအားလုံးကို လွှတ်ပေး'ဆိုတဲ့ စာကြောင်းထဲက အဓိပ္ပာယ်နဲ့တော့ အတော်ကလေး ကွာခြားပါတယ်၊ ပထမစာကြောင်းမှာ သူ့ရဲ့ သဒ္ဒါတည်ဆောက်ပုံအရ စာကြောင်းတစ်ခုမှာ အရေးအကြီးဆုံးဖြစ်တဲ့ 'ကြိယာ'

PDF CREATOR - NYEYADHAMMA@GMAIL.COM



အဖြစ် အလုပ်လုပ်ပြီး ဒုတိယစာကြောင်းမှာတော့ နာမဝိသေသနအဖြစ်သာ အလုပ်လုပ်တယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်အတွက် ပိုပြီးအရေးကြီးတာက စာကြောင်းနှစ်ကြောင်းရဲ့ ဆက်သွယ်ချက်တွေမှာ ပထမစာကြောင်းက လွတ်မြောက်ခြင်း အပြုအမူတစ်ရပ်ကို ဆွေးနွေးဖို့ရာ တည်ဆောက်ပြနေတာဖြစ်ပြီး ဒုတိယစာကြောင်းကတော့ တခြားတစ်ခုမရှိတော့မှသာ ကိုယ့်ဆီလာဖို့ပြောတာဖြစ်တဲ့အတွက် 'အခြားသော ယုံကြည်စွဲလန်းမှု တစ်ခုမရှိခြင်း'ကို တည်ဆောက်ပြနေတာပါပဲ။

အိုင်ဒီယိုလိုဂျီကို ဘာသာဗေဒနဲ့ အဓိပ္ပာယ်ပညာတို့ရဲ့ ထုတ်ကုန်အဖြစ် အကျိုးရှိရှိ မှတ်ယူထားခဲ့တဲ့ ယနေ့ကာလ အိုင်ဒီယိုလိုဂျီ လေ့လာသူတွေဟာ သူတို့ရဲ့ အထက်ပါအသိပညာကို အကောင်းဆုံး သုံးစွဲပြဖို့ ပြောင်းလဲလာခဲ့ကြပါပြီ။ အိုင်ဒီယိုလိုဂျီတွေရဲ့ အတွင်းပိုင်းအရှုပ်အထွေးကို ပိုပြီး ရှင်းရှင်းလင်းလင်း မြင်လာကြပါပြီ၊ အထူးသဖြင့် အိုင်ဒီယိုလိုဂျီဆိုတာ ဗဟုအဓိပ္ပာယ်ပေါင်းမြောက်မြားစွာကို သယ်ဆောင်လာပေးတဲ့အတွက် သေချာရေရာမှု အခြေခံနဲ့ အလုပ်လုပ်နေတာထက် သူ့ရဲ့သဘောကိုက ဖြစ်နိုင်ခြေသဘောဆောင်တယ်။ အဓိပ္ပာယ်တွေကို သယ်ဆောင်တဲ့အခါမှာလည်း သူ အသုံးချတဲ့ စကားလုံးတွေ၊ စကားစုတွေရဲ့ အလှည့်အပြောင်းတွေကလည်း ရှိနေသေးတယ် မဟုတ်လား။ ဒါ့အပြင် လက်ခံပေးမယ့် သူတွေရဲ့ စိတ်ပိုင်းဆိုင်ရာအမြင်တွေ၊ ခံစားနားလည်ဖို့ရာ မသိစိတ်ရဲ့ အကျိုးသက်ရောက်မှုတွေကလည်း ရှိပါသေးတယ်။ အဲဒီနောက်မှာတော့ သဒ္ဒါဟာ မိခင်ဘာသာစကားကို အသုံးပြုသူတွေအတွက် မသိစိတ်အဆင့်အထိကို ဆင်းလာတယ်။ အခြားတစ်ဖက်ကလည်း ဘာသာစကား၊ ဝေါဟာရနဲ့ စကားစုတွေ ဆက်စပ်နေရင်းက အိုင်ဒီယိုလိုဂျီယူဆချက်တွေကို ကိုယ်တိုင်မသိဘဲ ကိုင်စွဲထားနိုင်ပါတယ်။ ဒီအမြင်ဟာ နိုင်ငံရေးအတွေးအခေါ်ဆိုင်ရာ စူးစမ်းလေ့လာမှုတွေမှာ နောက်ထပ်တစ်ခုခုဆီသွားဖို့ လမ်းခွဲတစ်ခုပါပဲ။ အထူးသဖြင့် အင်္ဂလိပ်၊ အမေရိကန် နိုင်ငံရေးဒဿနဆရာတွေဟာ နိုင်ငံရေး သီအိုရီရဲ့ ရည်ရွယ်ချက်ရှိရှိ လုပ်ကိုင်တတ်တဲ့ လူသားသဘာဝကို အခြေပြုကြတယ်။ အိုင်ဒီယိုလိုဂျီအပေါ် အာရုံအခြေပြုဝါဒရှုထောင့်ကနေ လေ့လာသူ ကျောင်းသားတွေကတော့ အထက်မှာ လေ့လာစူးစမ်းသလိုပဲ သိမှတ်နားလည်မှုဆိုင်ရာ အပြု

အမှုဟာ အိုင်ဒီယိုလိုဂျီ သယ်ဆောင်သူတွေအတွက် အရေးကြီးကြောင်း ယူဆကြမှာပါပဲ။

အဓိပ္ပာယ်အပိုထွက်ခြင်း

အိုင်ဒီယိုလိုဂျီ လေ့လာစူးစမ်းပုံအတွက် မသိစိတ်ဟာ အရေးကြီးတဲ့ အရာဖြစ်လာဖို့ရာ စစ်ပြီးခေတ် ကွန်တီနမ်တဲလ်သီအိုရီတွေ မြောက်မြားစွာ ဖွံ့ဖြိုးလာခြင်းကလည်း အားဖြည့်ပေးပါတယ်။ ဥပမာတစ်ခုကတော့ ပြင်သစ်ဒဿနပညာရှင် ပေါရစ်ကွားရဲ့ အိုင်ဒီယိုလိုဂျီအပေါ် ချဲ့ထွင်လေ့လာပုံတွေပါပဲ။ သူက အိုင်ဒီယိုလိုဂျီရဲ့ အပြုသဘောဆောင်တဲ့အခြမ်းကို အလေးအနက်ထားသလို၊ အဖျက်ဘက်အခြမ်းကိုလည်း အလေးအနက်ထားပါတယ်။ ရစ်ကွားက အိုင်ဒီယိုလိုဂျီရဲ့ သိစိတ်ရှုထောင့်တစ်ရပ်ကို အဓိပ္ပာယ်အပိုဆောင်း(a surplus of meaning)အဖြစ် ထောက်ပြတယ်။ ဒီလိုထောက်ပြတော့ကာ အိုင်ဒီယိုလိုဂျီတွေဟာ သူတို့ကို ထုတ်လုပ်သူတွေ သတိထားမိတာထက် ဒါမှမဟုတ် ရည်ရွယ်တာထက် ပိုများတဲ့ သတင်းအချက်အလက်တွေကို သယ်ဆောင်တယ်လို့ ဆိုလိုရာရောက်တယ်။ ဥပမာအားဖြင့် မာခီယာဗယ်လီက မိန်းမတွေအပေါ် ငွေကြေးသုံးစွဲပြီး ကိုယ့်ရဲ့ လက်အောက်ခံဖြစ်အောင်လုပ်ဖို့ ပြောတဲ့အခါ၊ သူ ရည်ရွယ်တာက မင်းသားဟာ အောင်မြင်ချင်ရင် ဝင်ငွေလည်ပတ်မှုနဲ့ သုံးစွဲပုံကို ထိန်းချုပ်ရမယ်လို့ သတိပေးချင်တာပါပဲ။ အဲဒီလိုလုပ်ရင်းနဲ့က သူက စာဖတ်သူနဲ့ မရင်းနှီးမယ့် မတ္တဖော်အလင်္ကာကို အသုံးပြုတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ အခုတော့ ကျွန်တော်တို့ဟာ မာခီယာဗယ်လီရဲ့ အထက်ပါစာပိုဒ်ဟာ မိန်းမတွေကို အလွန်အစွန်းရောက်စွာ ဆက်ဆံတဲ့ စိတ်ထားအဖြစ်နဲ့ အနက်ပြန်ကြတယ်။ တကယ်က စာပိုဒ်ကို မာခီယာဗယ်လီက အဓိပ္ပာယ် အပိုထွက်လာဖို့ လုပ်တာပါ။

ဒီအဖြစ်ကနေ သင်ယူဖို့ရာ သင်ခန်းစာတစ်ခုကတော့ အိုင်ဒီယိုလိုဂျီဟာ သူက အထုတ်လုပ်ခံရရုံတင် မကဘူး။ ထုတ်လုပ်ပြီးသားကို ထပ်မံစားသုံးတာလည်း ရှိနေတယ်။ သူတို့ရဲ့ စားသုံးပုံက အဖြစ်အပျက်တစ်ခုနဲ့တစ်ခု ထပ်တူကျချင်မှ ကျပါမယ်။ အိုင်ဒီယိုလိုဂျီကို လူတွေက အနက်ပြန်ရာ၊ နားလည်ရာမှာ နည်းလမ်းအမျိုးမျိုးနဲ့ သူတို့ဦးတည်တဲ့ လူအမျိုးအစား



အရလည်း အနက်ပြန် နားလည်ကြပါတယ်။ အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဥပဒေအရ ညီမျှသော အကာအကွယ်ပေးမှုဆိုတာနဲ့ အခြေခံပြီး အနက်ပြန်လာခဲ့ရာကနေ အချိန်ကာလအမျိုးမျိုးမှာ အနက်ပြန်ပုံအမျိုးမျိုး ပြောင်းလဲတာလည်း ကျွန်တော်တို့သိတဲ့အတိုင်းပါပဲ။ ဖတ်ရှုအနက်ပြန်ပုံတစ်ခုက လူမည်းနဲ့ လူဖြူအပေါ် ခွဲခြားဆက်ဆံမှုတွေဟာ တရားမျှတတယ်လို့ ထင်လာစေဖို့အတွက် 'ခွဲခြားတယ်၊ ဒါပေမယ့် ညီမျှတယ်'ဆိုတဲ့ အမြင်နဲ့ တရားဝင်ဖြစ်စေခဲ့တယ်။ နောက်ပိုင်း ဖတ်ရှုပုံတစ်ခုကတော့ လူဖြူ လူမည်း နှစ်ရပ်ကို ပေါင်းစည်းဖို့ တောင်းဆိုတာပါပဲ။ ဒီလို အကန့်အသတ်မရှိအောင် များပြားတဲ့ ဖတ်ရှုပုံတွေဟာ ကာလတရားတစ်ခုတည်းမှာကို တပြိုင်နက်ဖြစ်ပေါ်နေတာပါ။ ဥပမာအားဖြင့် ဝဲလ်ဖဲလ်ဝါဒ အိုင်ဒီယိုလိုဂျီကို ကွန်ဆာဗေးတစ်တွေက စက်ရုံအလုပ်ရုံ၊ ငြိမ်းချမ်းရေးနဲ့ ထုတ်ကုန်တွေရဲ့ အခြေအနေအရ ထောက်ခံတယ်၊ ဆိုရှယ်လစ်တွေကတော့ လူမှုရေးစုစည်းညီညွတ်မှုနဲ့ ရှားပါတဲ့ ကုန်ပစ္စည်းတွေကို မျှတစွာ ပြန်လည်ဖြန့်ဝေပေးဖို့ရာအတွက် ထောက်ခံပါတယ်။ ဒီလို ဖတ်ရှုပုံအမျိုးမျိုးကို လေ့လာတဲ့ပညာကိုတော့ 'ခံယူမှုသီအိုရီ'အဖြစ် သိကြပါတယ်။

တစ်ချိန်တည်းမှာပဲ အိုင်ဒီယိုလိုဂျီ ထုတ်လုပ်သူတွေဟာ သူတို့ ထုတ်လုပ်လိုက်တဲ့ အဓိပ္ပာယ်ထက် အပိုအဆောင်းထွက်လာတဲ့ အဓိပ္ပာယ်တွေကို သတိမထားမိတဲ့နေရာမှာ သူတို့တစ်ဦးတည်းသာလျှင် မဟုတ်ပါဘူး။ အိုင်ဒီယိုလိုဂျီကို စားသုံးသူတွေကပါ နားလည်မှုအတန့်အသတ်ဘောင်ထဲမှာ နစ်မြုပ်နေပြီး သတင်းနဲ့ အခြေအနေအကျိုးအဆက်တွေကို သူတို့ကိုယ်ပိုင် စုံစမ်းနိုင်စွမ်း မရှိဘူး။ ဒီဖြစ်စဉ်ထဲက တစ်ခုက အရမ်းငယ်တဲ့ ကလေးတွေဟာ လူမှုရေးဖြစ်စဉ်ထဲ ဝင်ရောက်လာတဲ့အခါ တဖြည်းဖြည်းနဲ့ ပြောင်းလဲသွားပုံမှာ အထင်အရှားတွေ့ရပါမယ်။ ကလေးငယ်တွေရဲ့ အသိဟာ တောက်ပြောင်လာတဲ့အခါမှာ သူတို့က ကမ္ဘာလောကကြီးကို အကြွင်းမဲ့ အာဏာဆန်တယ်၊ မညီမျှဘူး၊ အထက်အောက်ဖိစီးတယ်လို့ မြင်လာကြပါမယ်။ အကြောင်းကတော့ လူကြီးတွေဟာ ကလေးတွေကို မသင့်လျော်စွာ ဆက်ဆံရုံတင် မကပါဘူး။ လူကြီးတွေရဲ့ ရုပ်ပုံ အရွယ်အစား၊ သူတို့ဘဝအပေါ် သူတို့မရပ်တည်နိုင်သေးတဲ့ ကလေးငယ်တွေအပေါ် ဆုံးဖြတ်ချက်တွေ ချပေး

နေတာ၊ သူတို့လိုချင်သလို စီမံတာတွေရဲ့ အကျိုးဆက်ကြောင့်လည်း ပါဝင်ပါတယ်။ ဒါကို နိုင်ငံရေးအမြင်ကနေသာကြည့်ရင် ကျွန်တော်တို့ဘဝဟာ အခြေခံအားဖြင့်ကိုက အကြွင်းမဲ့အာဏာပိုင်ဝါဒ၊ ကွန်ဆာဗေးတစ်ဝါဒ ပုံစံမျိုးနဲ့ ဒွန်တွဲနေတယ်။ လူ့အဖွဲ့အစည်းအများစုက သူတို့ရဲ့ အဖွဲ့ဝင်တွေကို အထက်ပါအပြုအမူတွေထဲကနေ ထွက်လာအောင် ပြန်လည်ပညာပေးဖို့ ငြင်းဆိုပြီး မရင့်ကျက်တဲ့ နိုင်ငံရေးအခြေအနေမှာ ထားရတာကို ပိုနှစ်မြို့ကြတယ်။ ကမ္ဘာလောကကြီးနဲ့ ပတ်သက်တဲ့ သီးခြားအိုင်ဒီယိုလိုဂျီ အမြင်ကတော့ မရင့်မှည့်တော့ဘူးပေါ့လေ။ ဒါကြောင့် မြင်လည်း မမြင်နိုင်တော့ဘူး။ ဘုရားပေးသော ဘုရင့်အာဏာ၊ ဘာသာရေးစာသားတွေရဲ့ အပူဇော်ခံထိုက်မှု၊ အုပ်စိုးသူများ၏ ဉာဏ်ပညာနှင့် ချစ်ခင်ကြင်နာမှုစတာမျိုးတွေကိုတော့ သိစိတ်ရှိရှိ ကိုင်စွဲထားတာပေါ့လေ။ အဲဒီအမြင်တွေမှာလည်း အပိုဆောင်းထွက်လာတဲ့ အဓိပ္ပာယ်တွေ ပါဝင်နေတာပါပဲ။ လူ့အဖွဲ့အစည်းအနည်းငယ်လောက်ကသာ သူတို့ရဲ့ လူငယ်တွေကို ဒီအမြင်တွေက ရုန်းထွက်နိုင်ဖို့ ကြိုးစားတယ်။ အားပေးတယ်။ ဩဇာလွှမ်းမိုးမှုမှန်သမျှကို စိန်ခေါ်ဖို့၊ လူမှုရေးညီမျှမှု တိုးပွားစေဖို့၊ အထက်အောက် ဖိစီးမှုတွေကို နားလည်စေဖို့ ကြိုးစားပေးတယ်။ အတိုချုံးပြောရရင်တော့ သူတို့ကိုယ်သူတို့ ဝေဖန်ဆန်းစစ်တွေးတောမိစေဖို့ပါပဲ။ ဒါပေမယ့် ဒီလို လူ့အဖွဲ့အစည်းတွေမှာတောင်မှ လစ်ဘရယ်အယူအဆတွေကို နားလည်လာတာ လူအနည်းငယ်လောက်ပဲ ရှိတယ်။ လူအများစုက လစ်ဘရယ်ဆီသွားဖို့ လက်ရှိလူ့အဖွဲ့အစည်းကို ပြန်ဆင်ခြင်သုံးသပ်တာ၊ ပြန်လည်တန်ဖိုးဖြတ်တာတွေဟာ ကိုယ့်ရဲ့ဘဝအစီအစဉ်ကို ထိခိုက်ပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်လို့ မှတ်ယူတယ်။ လစ်ဘရယ်အများစုသော်မှ ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ကို ရွေးချယ်ပိုင်ခွင့်ဆိုတဲ့ အရာမျိုးလောက်ကိုသာ အကျေအလည် နားလည်လက်ခံပြီး ဒါဟာ ကိုယ့်ကိုယ်ကိုယ် ပိုင်စိုးမှုကပေးလိုက်တဲ့ သာမန်ထက်ထူးခြားတဲ့ အစွမ်းအစတစ်ရပ်အဖြစ် နားလည်ခံစားပေးနိုင်စွမ်း မရှိဘူး။

အိုင်ဒီယိုလိုဂျီတွေအပေါ် သိနားလည်လာခြင်း

အနက်ပြန်ဖွင့်ဆိုပုံနည်းလမ်းတွေကို လေ့လာတဲ့ ဖွင့်ရှင်းလင်း



ကျောင်းတော်တွေဟာ သူတို့ရဲ့ ပညာရပ်အခြေခံအကျိုးအမြတ်ကို အိုင်ဒီယိုလိုဂျီလေ့လာပုံအတွက် ယူဆောင်လာတယ်။ ဖွင့်ဆိုရှင်းလင်းသိပ္ပံရဲ့ လမ်းညွှန်ချက်တစ်ခုကတော့ တက်စ်(ဝ်)ဖတ်ရှုအနက်ပြန်လို့ရနိုင်တဲ့အရာတွေရဲ့ အဓိပ္ပာယ်ဟာ ယင်းတက်စ်တွေရဲ့ ပတ်ဝန်းကျင်အဆက်အစပ်တွေကို ထိတွေ့အောင်၊ နားလည်လာအောင် လုပ်နိုင်မှသာလျှင် အနက်ပြန်လို့ရနိုင်တယ် ဆိုတာပါပဲ။ အိုင်ဒီယိုလိုဂျီဆိုတာကလည်း တက်စ်(ဝ်)ဖတ်ရှုအနက်ပြန်လို့ရနိုင်တဲ့ အရာပါပဲ။ တက်စ်ဆိုတာ ဖတ်ရှုအနက်ပြန်လို့ရနိုင်တဲ့ အဆိုတစ်ခု၊ ဖော်ပြချက်တစ်ခု၊ ဇာတ်လမ်းတစ်ခု၊ တောင်းဆိုချက်တစ်ခုဖြစ်ပြီး စာနဲ့ချရေးထားမှု၊ စကားနဲ့ပြောမှုဆိုတဲ့သဘော မရှိပါဘူး။ ဒါကြောင့် အိုင်ရက်ဘာလင်၊ ကားလ်ပေါ့ပါ၊ ဒါမှမဟုတ် ယာကောတောမွန်တို့က ၁၉၄၀ နဲ့ ၅၀ ခုနှစ်များမှာ လစ်ဘရယ်ဝါဒကို သရုပ်ဖော်ကြတဲ့အခါ ပြင်ပဖိအားကနေလွတ်မြောက်တဲ့ လွတ်လပ်မှု(negative liberty)အပေါ် အလေးအနက်ထား ဖွင့်ဆိုခဲ့ကြပါတယ်။ ပြင်ပဖိအားမှန်သမျှကနေ လွတ်မြောက်တဲ့ လွတ်လပ်မှုဆိုတာက လူပုဂ္ဂိုလ်တစ်ခုရဲ့ အပြုအမူကို တမင်သက်သက် ဝင်ရောက်စွက်ဖက်တာမျိုးမရှိမှုအပေါ် အခြေခံတဲ့ လွတ်လပ်မှုမျိုးကို ပိုနှစ်မြို့တဲ့ လွတ်လပ်မှုပါပဲ။ လွတ်လပ်မှုဆိုတာအတွက် လူပုဂ္ဂိုလ်တစ်ဦးရဲ့ အပြုအမူကို နိုင်ငံတော်က ဝင်ရောက်စွက်ဖက်ပြီး စည်းမျဉ်းတွေနဲ့ ထိန်းချုပ်တာကို လက်ခံပေးတဲ့ လွတ်လပ်မှုမျိုး မဟုတ်ပါဘူး။ ဒါဟာ လွတ်လပ်မှုကို ပြန်လည်ဖတ်ရှုထားတဲ့ အိုင်ဒီယိုလိုဂျီ အခြေခံဖတ်ရှုပုံဖြစ်ပြီး အကြွင်းမဲ့ အာဏာပိုင်အုပ်ချုပ်ရေးရဲ့ ဖိနှိပ်မှုနောက်ခံကားချပ်ကို ဆန့်ကျင်ထားတဲ့ အိုင်ဒီယိုလိုဂျီအခြေခံရှိတယ်လို့ နားလည်နိုင်ပါတယ်။ ဒီဖွင့်ဆိုရှင်းလင်း ရှုထောင့်ကတော့ အိုင်ဒီယိုလိုဂျီရဲ့ လူမှုရေးအခြေအနေအပေါ် အလေးအနက်ထားတဲ့ မန်းဟိမ်းအမြင်နဲ့ ဆက်စပ်မှီခိုနေပါတယ်။

ဖွင့်ဆိုရှင်းလင်း သိပ္ပံပညာရဲ့ နောက်ထပ်လမ်းညွှန်တစ်ခုကတော့ တက်စ်တွေသက်သက်အပေါ်ကို ရည်ညွှန်းတာပါပဲ။ တက်စ်တွေက သူတို့ကို နားလည်စေဖို့ရာ ဖြစ်နိုင်ခြေအမျိုးမျိုးနဲ့ ဖွင့်ဟပေးထားတယ်။ သူတို့က ဘယ်သူတစ်ဦးရဲ့ စာဖတ်ပုံကိုမှ တားမြစ်ပိတ်ပင်တာမျိုး မလုပ်ဘူး။ အဓိကအကြောင်းကတော့ စကားလုံး၊ စာကြောင်းတွေရဲ့ အဓိပ္ပာယ်၊ ဒီထက်

နဲနဲခဲ့ပြီးပြောရရင် အိုင်ဒီယိုလိုဂျီတွေဟာ ညီတူညီမျှ အနက်ပြန်လို့ မရဘူး။ သူတို့က အဓိပ္ပာယ် မြောက်မြားစွာကို သယ်ဆောင်လာတယ်။ ဗဟုအဓိပ္ပာယ်တွေက အိုင်ဒီယိုလိုဂျီ တွေကို တရားသေ အနက်ပြန်လို့မရအောင် ဆုံးဖြတ်ရ မရေရာဖြစ်စေတယ်။ ဒီရပ်တည်ချက်နဲ့ အစွန်းရောက်ပုံစံသစ်တစ်မျိုးနဲ့ ပြရရင်တော့ 'ရေးသူမဲ့တဲ့ တက်စ်'တွေပါပဲ။ တက်စ်တစ်ခုထွက်လာပြီဆိုတာနဲ့ စာရေးသူက အဓိပ္ပာယ်ကို မထိန်းချုပ်နိုင်တော့ဘဲ အနာဂတ်စာဖတ်သူအမျိုးမျိုး အဖုံဖုံရဲ့ နားလည်မှုနဲ့ သက်ဆိုင်လာတယ်။ ဒီအတွေးအခေါ်ဟာ အိုင်ဒီယိုလိုဂျီကို စိစစ်ဖို့ရာ အသက်သွေးကြောတစ်ခုကို ဆွဲထုတ်ပေးတယ်။ အိုင်ဒီယိုလိုဂျီတွေကို တက်စ်တွေအဖြစ် နားလည်ဖို့ 'အိုင်ဒီယိုလိုဂျီတွေ'လို့သာ သုံးနိုင်ပြီး ကျွန်တော်တို့က အိုင်ဒီယိုလိုဂျီတစ်ခုရယ်လို့ မသုံးနိုင်တာပဲ ဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် 'အိုင်ဒီယိုလိုဂျီ'ဆိုတာကိုပဲ ဖမ်းဆုပ်မိဖို့ ကြပြန်တော့လည်း ဝေးပါသေးတယ်။ သူ့ရဲ့ သီအိုရီဆိုင်ရာ အကန့်အသတ်ရှိမှုက တက်စ်တွေရဲ့ ဖြပ်မဲ့ဆန်တဲ့ လောဂျစ်ကျကျ ဂုဏ်သတ္တိထက် မပိုပါဘူး။ ဒါကနေ အကြံပြုနေတာက ကျွန်တော်တို့ဟာ အိုင်ဒီယိုလိုဂျီက သယ်ဆောင်လာတဲ့ အဓိပ္ပာယ်တွေဟာ ဘာလဲဆိုတာ ဘယ်တော့မှ မသေချာနိုင်ပါဘူး။ ကျွန်တော်တို့က အိုင်ဒီယိုလိုဂျီအဓိပ္ပာယ်တွေရဲ့ အမှန်ကို သိနေတာတောင်၊ ကျွန်တော်တို့သိထားတာဟာ မှန်သလား၊ အခြားအရာတွေထက် ဘယ်လိုပိုထင်ရှားဖြစ်တည်နေသလဲဆိုတာကို ရွေးချယ်ဖို့ မှတ်ကျောက်စံဆိုတာလည်း အိုင်ဒီယိုလိုဂျီမှာ မရှိပါဘူး။ အိုင်ဒီယိုလိုဂျီတွေရဲ့ အစစ်အမှန်လောကကို တိုင်တွယ်ဖို့ရာ မဖြစ်နိုင်အောင် လုပ်ပါတယ်။ တကယ်လို့ အဆုံးအစမဲ့ အနက်ပြန်ခြင်းတွေရှိမယ်ဆိုရင်၊ အဓိပ္ပာယ်တွေအားလုံး ရိုးရိုးရှင်းရှင်းနဲ့ တရားဝင်ရှိနေမှာပါပဲ။ အကြောင်းကတော့ ယင်းအရာတွေအားလုံးဟာ သူတို့နဲ့ သက်ဆိုင်ရာ အခြေအနေတွေမှာ သူတို့အပေါ် တတ်သိနားလည်လာစေမှာ ဖြစ်တဲ့အတွက်ပါပဲ။ အိုင်ဒီယိုလိုဂျီကို ချီးမြှောက်နေတာကို ဖယ်ထားလိုက်ရင် မေးစရာရှိတာက အိုင်ဒီယိုလိုဂျီကို ကျွန်တော်တို့ ဘယ်လိုလုပ်အမြဲနားလည်နိုင်မလဲ ဆိုတာပါပဲ။

တစ်ချို့ အိုင်ဒီယိုလိုဂျီ သီအိုရီပညာရှင်တွေ ဒီပြဿနာအပေါ် တုံ့ပြန်တာကတော့ ယဉ်ကျေးမှုနဲ့ သက်ဆိုင်ရာ ထိန်းချုပ်မှုတွေက အိုင်ဒီယို



လိုဂျီ အဓိပ္ပာယ်တွေရဲ့ ဆုံးဖြတ်ရ မရေရာမှုကို ကျဉ်းမြောင်းသွားစေတယ်ဆိုတာပဲ။ ကျွန်တော်တို့က အိုင်ဒီယိုလိုဂျီအပေါ် ဖတ်ရှုပုံအသစ်တစ်ခုကို အမြဲပေးအပ်လေ့ရှိပေမယ့်လည်း အိုင်ဒီယိုလိုဂျီတွေအပေါ် ပုံသေနည်းချသူတွေဟာ ကွဲပြားခြားနားတဲ့ လမ်းကြောင်းထဲကပဲ အလုပ်လုပ်ကြတယ်။ အနက်ပြန်မှုနယ်မှာ ထူးခြားတဲ့ အမှတ်အသားတွေကို လုပ်ကြတယ်။ ကျွန်တော်တို့မြင်တဲ့အတိုင်းပဲ ကွန်ဆာဗေးတစ်ဝါဒ၊ လစ်ဘရယ်ဝါဒ ဒါမှမဟုတ် ဆိုရှယ်လစ်ဝါဒတွေကို စုပေါင်းခြုံကြည့်ထားတဲ့ သမိုင်းအရဆိုရင် အိုင်ဒီယိုလိုဂျီဟာ အဓိကလှုပ်ရှားမှုတွေကို အဆက်အစပ်ပြတ်တောက်ပြီး မရှင်းလင်းတဲ့ ပုံသဏ္ဌာန်အဖြစ် ထွက်ပေါ်လာဖို့ထက် သေချာရှင်းလင်းတဲ့ အဓိပ္ပာယ်၊ အဆိုတွေအပေါ် အဓိက အာရုံစိုက်စေတယ်။ ပုဂ္ဂလိကလွတ်လပ်မှု၊ နိုင်ငံတော်ရဲ့ ပြုမူလုပ်ဆောင်ချက်အပေါ် အကန့်အသတ် ဒါမှမဟုတ် ဆင်းရဲသားတွေနဲ့ ဘာလုပ်မလဲစတဲ့ မေးခွန်းတွေက အိုင်ဒီယိုလိုဂျီတွေ မြောက်မြားစွာမှာ ပြန်လည်ထွက်ပေါ်လာစေတယ်။ အခြားသော ပြဿနာရပ်တွေကို ပြန်လည်စုစည်းပေးဖို့ နှစ်မြှုပ်လာတယ်။

အိုင်ဒီယိုလိုဂျီဆိုတာ လူ့အဖွဲ့အစည်းထဲမှာ လည်ပတ်နေတဲ့ နိုင်ငံရေးအချက်အလက်တွေရဲ့ ဆုံးဖြတ်ရ မရေရာမှုကို ကောင်းကောင်း ချဉ်းကပ်နိုင်စွမ်းရှိတဲ့ ပစ္စည်းတွေအဖြစ် မှတ်ယူဖို့ လမ်းကြောင်းတစ်ခုဟာ ပွင့်သွားပါပြီ။ အိုင်ဒီယိုလိုဂျီတွေက ဆုံးဖြတ်ရ မရေရာမှုကို လက်ရွေးစင် ရွေးချယ်ခြင်း၊ အခွင့်ထူးထားခြင်း၊ ရရှိနိုင်သမျှ အရာတွေကြားက တစ်ချို့လူမှုရေး အဓိပ္ပာယ်တွေကို ကြိုတင်သတ်မှတ်ထားခြင်း၊ အရောအနှောအမျိုးမျိုးနဲ့ ဆွဲဆောင်ခြင်း၊ စည်းရုံးခြင်း၊ နှုတ်ပြောအင်အားသုံးခြင်း စတာတွေနဲ့ ကိုင်တွယ်တယ်။ ဥပမာအားဖြင့် 'ပြောင်းလဲမှု'ဆိုတဲ့ အယူအဆကို ကွန်ဆာဗေးတစ်တွေက 'တဖြည်းဖြည်း'၊ 'လုံခြုံမှု' ဒါမှမဟုတ် 'သဘာဝဆိုင်ရာ'အဖြစ်ကိုင်တွယ်ပြီး ဒီလို 'ပြောင်းလဲမှု' အသိကို တရားဝင်ဖြစ်အောင်လုပ်တယ်။ 'အစွန်းရောက်'၊ 'တော်လှန်ရေး'နဲ့ တစ်ခါတစ်ရံ 'အစီအစဉ်တကျ'ဆိုတဲ့ အရာတွေကို တားဆီးတယ်။ ဒါကြောင့် အိုင်ဒီယိုလိုဂျီတွေကို စိစစ်ခြင်းမှာ အဆင့်သုံးဆင့်ရှိတယ်။ တစ်ခုက အိုင်ဒီယိုလိုဂျီတွေကို ဘယ်လိုဘယ်ပုံအမျိုးအစားခွဲခြားမလဲဆိုတဲ့ အမျိုးအစားခွဲပုံပဲ။ ယင်းက အိုင်ဒီယိုလိုဂျီ အကန့်အသတ်မဲ့ ပုံသဏ္ဌာန်

ကိုဝန်ခံပြီး အဓိပ္ပာယ်ကို အခြေအမြစ်ရှိရှိ ဖမ်းဆုပ်ဖို့မဖြစ်နိုင်ကြောင်း ထင်ဟပ်ပြတယ်။ သမိုင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာ အဆက်အစပ်တွေကလည်း ဘယ်လိုပဲဖြစ်ဖြစ် အဓိပ္ပာယ်အတွဲတွေကို ရွေးချယ်မှုမှာ ကန့်သတ်ပြန်တယ်။ နောက်ဆုံး တတိယအဆင့်ကတော့ အထက်ပါ ကန့်သတ်ရွေးချယ်ထားတဲ့ အဆင့်မှာမှ ပေါ်လာတယ်။ ဒါကတော့ ဘယ်လို သီးခြားအိုင်ဒီယိုလိုဂျီမဆို သူတို့ရဲ့ အဓိပ္ပာယ်တွေဟာ ဆုံးဖြတ်ရ လွယ်တူသလိုမျိုး ပြုမူတာပါပဲ။ အခုတော့ မေးခွန်းမေးစရာတစ်ခု ရှိလာပါပြီ၊ အိုင်ဒီယိုလိုဂျီတွေဟာ ဘာပဲဖြစ်ဖြစ်၊ သူတို့ဘာတွေပဲလုပ်လုပ် ဘယ်လိုမျိုး အမှန်တကယ် လည်ပတ်နေပါသလဲ?

အိုင်ဒီယိုလိုဂျီရဲ့ အသေးငယ်ဆုံး အစိတ်အပိုင်း

အိုင်ဒီယိုလိုဂျီတွေက သူတို့ဟာ အမြဲလတ်ဆတ်နေပါတယ်ဆိုတဲ့ ရှုထောင့်အမြင်မျိုးနဲ့ သူတို့ကိုယ်သူတို့ နေကြတယ်။ စာကြောင်းထဲက စကားလုံးတွေဟာ စာကြောင်းတည်ဆောက်ပုံမှာ အမြန်အလှန် မှီနေကြသလို၊ စာကြောင်းတည်ဆောက်ပုံကလည်း စကားလုံးတွေကို ကျွန်တော်တို့ တတ်သိနားလည် အောင်လုပ်သလို အိုင်ဒီယိုလိုဂျီတွေကလည်း အလားတူ လုပ်ပါတယ်။ အိုင်ဒီယိုလိုဂျီတွေမှာ လွတ်လပ်မှု၊ ဩဇာလွှမ်းမိုးမှု၊ ညီမျှမှု၊ အခွင့်အရေး၊ ဒီမိုကရေစီစတဲ့ အထူးဝေါဟာရတွေ ပါဝင်တယ်။ ဒီဝေါဟာရတွေဟာ နိုင်ငံရေးအယူအဆတွေပါပဲ။ အမှန်တကယ်တော့ အထက်ပါဝေါဟာရတွေလို နိုင်ငံရေးအယူအဆတွေဟာ နိုင်ငံရေးအိုင်ဒီယာတွေရဲ့ အခြေခံယူနစ်တွေဖြစ်သလို၊ နိုင်ငံရေးဒဿနရဲ့ အခြေခံယူနစ်တွေလည်း ဖြစ်တယ်။ အိုင်ဒီယိုလိုဂျီရဲ့ အခြေခံယူနစ်လည်း ဖြစ်ပါတယ်။ အိုင်ဒီယိုလိုဂျီတွေက နိုင်ငံရေး၊ အယူအဆတွေကို သီးသန့်အစဉ်ပုံစံတွေထဲမှာ စုဝေးတယ်။ ဥပမာ လစ်ဘရယ်ဝါဒမှာ လွတ်လပ်မှု၊ တစ်သီးပုဂ္ဂလသဘာဝ၊ ကြောင်းကျိုးဆင်ခြင်မှုသဘာဝစတဲ့ အရာတွေကို သူ့ရဲ့ အခြေခံအယူအဆတွေအဖြစ် ထားတယ်။ လစ်ဘရယ်ဝါဒရဲ့ တိုးတက်မှုကို နိုင်းဖို့ရာ အနှစ်သာရပါပဲ။ အခြားနိုင်ငံရေးအယူအဆတွေဖြစ်တဲ့ တရားဝင်မှုနဲ့ ဩဇာလွှမ်းမိုးမှုတွေဟာ အထက်ပါမဏ္ဍိုင်အပေါ် မှီခိုရတယ်၊ တရားဥပဒေကို လေးစားတဲ့ အစိုးရဆိုတာ တစ်သီးပုဂ္ဂလလွတ်လပ်မှုကို လေးစားတဲ့ အစိုးရမျိုးသာလျှင် ဖြစ်သွားတော့



တယ်။ ဆိုရှယ်လစ်ဝါဒကတော့ သူ့ရဲ့အယူအဆတွေကို စုစည်းတောင့်တင်းသော အုပ်စု၊ ညီမျှမှုနဲ့ လုပ်အားစတဲ့ မဏ္ဍိုင်အပေါ်မှာ ထားတယ်။ ဒီအခြေခံအယူအဆတွေက အခြားအယူအဆတွေကို ဝင်ခွင့်ပေးတဲ့နေရာမှာ ဆိုရှယ်လစ် အိုင်ဒီယိုလိုဂျီဆိုင်ရာ မိသားစုအတွက်သာလျှင် ရည်ရွယ်ထိန်းချုပ်ပြီး ဝင်ခွင့်ပေးတယ်။ အာဏာဆိုတာ လူမှုရေးညီမျှမှုတွေရဲ့ အဆုံးသတ်ပဲ။ တစ်သီးပုဂ္ဂလ လူသားဆိုတာကိုလည်း အုပ်စုအတွက် ပူးပေါင်းဆောင်ရွက်တဲ့ အဖွဲ့ဝင်အဖြစ်သာ အဓိပ္ပာယ်ဖွင့်ဆိုတယ်။

အိုင်ဒီယိုလိုဂျီအပေါ် အထက်ပါရှုထောင့်ကနေ မြင်ကြည့်တာဟာ အသေးစိပ်အစိတ်အပိုင်း(ဝါ)ရုပ်ရင်းဗေဒဆိုင်ရာ ချဉ်းကပ်ပုံသာ ဖြစ်တယ်။ ဒါဟာ အိုင်ဒီယိုလိုဂျီရဲ့ ဒါမှမဟုတ် အိုင်ဒီယိုလိုဂျီတွေရဲ့ အတွင်းပိုင်းအဆောက်အအုံကို မြင်နိုင်လို့ပါပဲ။ ဒီအမြင်အရ ပြီးခဲ့တဲ့ အခန်း(၃)က အိုင်ဒီယိုလိုဂျီရဲ့ ဝိသေသလက္ခဏာ သတ်မှတ်ပုံမှာ နောက်ထပ်ဒိုင်မင်းရှင်းကို ထည့်ပေါင်းနိုင်တယ်။

> အိုင်ဒီယိုလိုဂျီဆိုတာ တည်ရှိနေတဲ့ အစဉ်ပုံစံတွေထဲက နိုင်ငံရေး
> အယူအဆတွေရဲ့ ရှုပ်ထွေးတဲ့ အစုအဝေး၊ အပေါင်းအစပ်တွေ ဖြစ်တယ်။

အိုင်ဒီယိုလိုဂျီကို ခြုံငုံသယ်ဆောင်လာတဲ့ အဓိပ္ပာယ်က သူမဏ္ဍိုင်ပြုတဲ့ အယူအဆတွေကြားက ဆက်သွယ်ချက်တွေကို ထင်ဟပ်ပေးမှာဖြစ်တယ်။ တကယ်လို့ အိုင်ဒီယိုလိုဂျီက 'တရားမှု'အယူအဆကို ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုဆိုတဲ့ ဝေါဟာရထက် 'ညီမျှမှု'နဲ့ အနီးကပ်ဆုံးမှာ ထားလိုက်မယ်ဆိုရင် တရားမှုဟာ အလွန်တရာ ကွဲပြားခြားနားတဲ့ အဓိပ္ပာယ်ကို ပိုင်ဆိုင်သွားပါလိမ့်မယ်။ ညီမျှမှုနဲ့သာထားလိုက်ရင် တရားမှုကို ညီမျှမှုရဲ့ ပုံစံတစ်ခုအဖြစ် ထင်ကြလိမ့်မယ်။ ဥပမာ - တရားမှုဆိုတာ တရားဥပဒေရှေ့မှာ ညီမျှမှု၊ စီးပွားရေးဆိုင်ရာညီမျှမှု၊ လူမှုလိင်ညီမျှမှုဆိုတာမျိုး ဖြစ်သွားမယ်။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနဲ့ ကပ်ထားလိုက်ရင်လည်း တရားမ ဥပဒေကနေ ထပ်ဆင့်ကာကွယ်ပေးဖို့ ဖြစ်သွားမယ်။ ဒီလိုဆိုရင်တော့ အိုင်ဒီယိုလိုဂျီဆိုတာ လိုအပ်သလို ဆွဲသုံးလိုက်တာကနေ နေရာချပြီးသုံးနိုင်တဲ့ ပစ္စည်းအဖြစ်

တောင် နားလည်နိုင်တယ်။ အိုင်ဒီယိုလိုဂျီ သယ်ဆောင်လာတဲ့ အဓိပ္ပာယ်တွေဟာ နိုင်ငံရေးဆိုင်ရာ ရေးသားပို့ချမှုရဲ့ သမိုင်း အစဉ်အလာတွေကိုသာမကဘူး အိုင်ဒီယိုလိုဂျီအဖြစ် ပုံဖော်ခံရတဲ့ အမျိုးမျိုးသော အဆက်အစပ်တွေထဲက ယဉ်ကျေးမှုဆိုင်ရာ ဗဟုဝါဒကိုပါ ထင်ဟပ်နိုင်တယ်။ အဲဒီလို ထင်ဟပ်မှုအပေါ် သူ့မှာပါဝင်တဲ့ နိုင်ငံရေးအယူအဆတွေကို အစီအစဉ်ချထားတဲ့ သီးသန့်အစဉ် ပုံစံတွေကနေတစ်ဆင့် ချဉ်းကပ်ကြည့်နိုင်တယ်။ အခု ကျွန်တော်တို့အနေနဲ့ အိုင်ဒီယိုလိုဂျီရဲ့ ဝိသေသလက္ခဏာ အပြောင်းအလဲကို အောက်ပါအတိုင်း ခွဲထွင်ကြည့်နိုင်တယ်။

အိုင်ဒီယိုလိုဂျီဆိုတာ ကျယ်ပြန့်စွာ စီစဉ်ထားတဲ့ အဆောက်အအုံဆိုင်ရာ အစီအစဉ်ဖြစ်ပြီး ယင်းက 'အဓိပ္ပာယ်'ကို အပြန်အလှန် အဓိပ္ပာယ်ဖွင့်ဆိုနိုင်တဲ့ နိုင်ငံရေးအယူအဆတွေရဲ့ အစီအစဉ်အတွဲတစ်ခုဖြစ်လာအောင် ထည့်ဝင်မယ်။

အိုင်ဒီယိုလိုဂျီတစ်ခုဟာ ခန်းမထဲစုဆောင်းနိုင်တဲ့ ပရိဘောဂတွေလိုပါပဲ။ ပရိဘောဂပစ္စည်းတွေကို အမျိုးမျိုး အစီအစဉ်ချမယ်ဆိုရင် ကျွန်တော်တို့ဟာ အလွန်တရာ ကွဲပြားခြားနားတဲ့ အခန်းတွေကို ဖန်တီးနေတာပဲ။ တူညီတဲ့ ပစ္စည်းတွေကို စီစဉ်ပုံပြောင်းသုံးမယ်ဆိုရင်တောင် ကွဲပြားတဲ့ အခန်းတွေကို ဖန်တီးနေတာပါ။ ဒီသဘောက သီးခြားအမှတ် လက္ခဏာ တူညီတဲ့ နိုင်ငံရေးအယူအဆတွေဟာ အိုင်ဒီယိုလိုဂျီ အကွဲအပြားတွေအတွင်း အလုပ်လုပ်နေရပုံ အကြောင်းတရားကို တွေ့နိုင်တယ်၊ ပရိဘောဂပစ္စည်း (ဝါ)အယူအဆတူပေမယ့်လည်း သူတို့မှာ ကွဲပြားခြားနားတဲ့ အခန်းတကွာ (ဝါ)အဓိပ္ပာယ်တွေရှိနေတဲ့အတွက် ကွဲပြားခြားနားတဲ့အခန်း(ဝါ)အိုင်ဒီယိုလိုဂျီတွေထဲမှာလည်း အလုပ်လုပ်တယ်၊ အခန်းတစ်ခန်းထဲမှာ စားပွဲတစ်လုံးကို ထမင်းစားပွဲအတွက် အသုံးပြုမယ်။ အခြားအခန်းမှာတော့ စာရေးသားခြင်းအတွက် သုံးမယ်၊ အိုင်ဒီယိုလိုဂျီတစ်ခုမှာတော့ အခွင့်အရေးဟာ အစော်ကားခံရတဲ့ လူသားဂုဏ်သိက္ခာကို ကာကွယ်ပေးဖို့ရာ အသုံးပြုကောင်းပြုမယ်။ နောက်ထပ် အိုင်ဒီယိုလိုဂျီတစ်ခုမှာတော့ ဘုံပိုင်ကုန်ပစ္စည်းဖြန့်ဝေမှုကနေ ကင်းဝေးဖို့ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုနဲ့ ခနဥစ္စာအတွက် အကာ



အကွယ်ပေးဖို့ သုံးစွဲမယ်။

ဒီချဉ်းကပ်ပုံပို နားလည်ဖို့ နောက်ထပ်နည်းလမ်းတစ်ခုက အိုင်ဒီယိုလိုဂျီနဲ့ နိုင်ငံရေးအတွေးအခေါ် လေ့လာမှုထဲက နာမည်ကြီးပြဿနာကို ဆက်စပ်ကြည့်ဖို့ပဲ။ အယူအဆတွေရဲ့ အငြင်းပွားဖွယ်ရာ အဓိကသဘာဝနဲ့ ဆက်စပ်ကြည့်တာပေါ့လေ။ ဆက်စပ်မှုမှာ အဆိုပြုချက်နှစ်ခု ပါဝင်တယ်။ ပထမတစ်ခုက ကျွန်တော်တို့ဟာ နိုင်ငံရေးအယူအဆတွေကို အကြွင်းမဲ့ မှန်ကန်သော တန်ဖိုးဖြတ်ခြင်းဆိုတဲ့အပေါ် ဘယ်တော့မှ သဘောမတူနိုင်တာပဲ။ ဒါဟာ အနီရောင်ဟာ အပြာရောင်ထက် ပိုကောင်းတယ်လို့ ဆိုတာမျိုးပဲ၊ လွတ်လပ်မှုဟာ ညီမျှမှုထက် ပိုကောင်းတယ်လို့ တိတိကျကျဖော်ပြတာဟာ အဓိပ္ပာယ်မရှိလှပါဘူး။ အနီနဲ့ အပြာကိစ္စက ရသအာရုံဆိုင်ရာကိစ္စဖြစ်ပြီး၊ လွတ်လပ်မှုနဲ့ ညီမျှမှုကတော့ ကိုယ်ကျင့်အတ္တဆိုင်ရာ ဖြစ်ကောင်းဖြစ်ပါမယ်။ ဒါပေမယ့် ဘယ်ကိစ္စမှာမဆို ကောင်းတယ်လို့ ယတိပြတ် မပြောနိုင်ဘူး။ ဒီလိုပြောခြင်းဟာ အထက်အောက်ဖိစီးမှုရှိတဲ့ တန်ဖိုးစံကို လက်ခံလိုက်တာပဲ။ ကျွန်တော်တို့ရဲ့ ကြိုက်နှစ်သက်မှုဟာလည်း ဓမ္မဓိဋ္ဌာန်ကျပါတယ်လို့ အထောက်အထား အပြည့်အစုံနဲ့ မဆိုနိုင်ဘူး။

ဒုတိယအဆိုပြုချက်တစ်ခုကတော့ နိုင်ငံရေးအယူအဆတစ်ခုမှာ ရှိရင်းစွဲ ရိုးရိုးအယူအဆတွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ပါဝင်တဲ့အရာတွေထက် ပိုပြီးစွမ်းရည်ပြည့်ဝတဲ့ အစိတ်အပိုင်းတွေ အမြဲပါဝင်နေတယ်ဆိုတာပဲ။ ဒီအမြင်အရ နိုင်ငံရေးအယူအဆတစ်ခုမှာ သူကနေ ထုတ်ဖော်ထားတဲ့ ယူဆချက်တွေ အများကြီးပါဝင်နေတယ်။ ညီမျှမှုအယူအဆတွေကို ယူကြည့်ပါ။ ညီမျှမှုကို လောဂျစ်ကျကျ တွေးတောကြည့်ရင် ဖြပ်မဲ့ဆန်တဲ့ တွေးတောမှုထဲမှာ ယင်းဟာ သင်္ချာဆိုင်ရာ ထပ်တူကျမှု၊ သဏ္ဌာန်တူမှု ဒါမှမဟုတ် သီးသန့်လူအုပ်စုတစ်ခုအတွင်း အဖွဲ့ဝင်တွေရဲ့ ကိုယ်ကျင့်တရားဆိုင်ရာ ထပ်တူကျမှုကို ညွှန်းကောင်းညွှန်းမယ်။ ညီမျှမှုကို အခွင့်အရေးညီမျှမှု ဒါမှမဟုတ် ကောင်းကျိုးညီမျှမှု ဒါမှမဟုတ် လိုအပ်ချက်ညီမျှမှုအဖြစ်လည်း ယူဆချက်အရ မြင်ကြည့်နိုင်တယ်။ ဒါပေမယ့် ဘယ်လို 'ညီမျှမှု' အသုံးမှန်သမျှ၊ သူတို့ရဲ့အဓိပ္ပာယ်ကို တစ်ပြိုင်နက်တည်း မယူဆောင်နိုင်ဘူး။ အကြောင်းကတော့ သူတို့ထဲက အဓိပ္ပာယ်အချို့ဟာ အပြန်အလှန် သိသာစွာ ယှက်နွယ်နေတာ

ကြောင့်ပဲ။ အစားအစာလို့ပြောရင် 'လိုအပ်မှု'လို့ သိပါမယ်။ လိုအပ်မှုဟာ လိုအပ်ချက်မှန်သမျှ ညီမျှစွာ ဆက်ဆံသင့်တယ်ဆိုတဲ့ 'ညီမျှမှု' အယူအဆရဲ့ ယူဆချက်တစ်ခုပါပဲ။ အဲဒီအချိန်မှာပဲ ရှားပါးအစားအစာကို ကိုယ်ကျင့်ကောင်းမှုအမြင် ထည့်ဝင်ပါမယ်။ ကျွန်တော်ဟာ ဒီအစားအစာကို အလုပ်ကြိုးစားရင်း ရခဲ့တာပါ။ ဒါကြောင့် မရသင့်ဘူးလား ဆိုပါတော့၊ ဒါဟာ ကြိုးစားအားထုတ်မှု မှန်သမျှမှာ ညီမျှတဲ့ တောင်းဆိုမှု ရှိသင့်တယ်ဆိုတဲ့ ကိုယ်ကျင့်ကောင်းမှု ယူဆချက်တစ်ခုပါပဲ။ ဒီမှာလာဖြစ်နေတဲ့ အဓိက အငြင်းပွားဖွယ်ရာ သဘာဝတစ်ခု ရှိတယ်။ ကျွန်တော်တို့ဟာ ညီမျှမှုအပေါ်ထက် နားလည်မှုတွေကို ညီမျှမှုအယူအဆထဲ ထည့်သင့်တယ်၊ မထည့်သင့်ဘူးဆိုတာနဲ့ ပတ်သက်ပြီး သဘောတူညီမှုမရနိုင်တာပဲ ဖြစ်ပါတယ်။ ဒါဟာ သူ့ဘာသာသူ ဖြစ်တည်ရပ်တည်နေတဲ့ အငြင်းပွားဖွယ်ရာ သဘာဝသာဖြစ်ပြီး တစ်ခုခုကို မှီခိုနေရတဲ့ အငြင်းပွားဖွယ်ရာ သဘာဝမျိုး မဟုတ်ဘူး။

နောက်ဆက်တွဲဆိုရရင် အိုင်ဒီယိုလိုဂျီဆိုတာ အတွေးစနစ်ပါပဲ။ သူကနေမှတစ်ဆင့် သူတို့ရဲ့ နယ်ပယ်ထဲမှာရှိတဲ့ နိုင်ငံရေးအယူအဆတိုင်းဆီကနေ သီးသန့်အဓိပ္ပာယ်တွေကို ထုတ်ဖော်ပြတယ်။ အယူအဆထဲက အဓိပ္ပာယ်တစ်ခုကို တရားဝင်လာအောင် ပြီးတော့ အခြားအဓိပ္ပာယ်ကို တရားမဝင်အောင်လုပ်ရင်းကနေ အိုင်ဒီယိုလိုဂျီ ဖြစ်လာတယ်။ အိုင်ဒီယိုလိုဂျီရဲ့ နယ်ထဲမှာ နိုင်ငံရေးအယူအဆတွေဟာ အလွန်မှုန်ဝါးပြီး အသိပညာဆိုင်ရာ အဓိပ္ပာယ်ကို သယ်ယူဖို့ရာ ခက်ခဲတယ်။ တကယ်လို့ ကျွန်တော်ဟာ အိပ်ယာကထပြီး 'ငါလွတ်လပ်မှုကို တောင်းဆိုတယ်'လို့ အော်လိုက်တယ်ဆိုရင် ကျွန်တော့်ရဲ့ အော်ဟစ်သံထဲမှာ နားမလည်နိုင်စရာတွေ ပါဝင်နေပေမယ့် ကျွန်တော်တို့က ချက်ချင်းဆိုသလို နောက်ထပ်မေးခွန်းတွေကို ဖြေဆိုဖို့ အထောက်အပံ့ပေးနိုင်သမျှကို အသေးစိတ်ထပ်ထည့်ဖို့ လိုပါမယ်။ ဘယ်သူ့ထံကနေ လွတ်လပ်တာလဲ? ဘာကိုလွတ်လပ်တာလဲ? ကျွန်တော်တို့ လွတ်လပ်ပါတယ်လို့ ဘယ်လိုဆုံးဖြတ်မလဲ? ကျွန်တော် လွတ်လပ်တဲ့အခါ ဘာမဆိုလုပ်သင့်သလား? သဘောတတော့ လွတ်လပ်မှုအယူအဆ ထင်ရှားသိမြင်လာဖို့ နောက်ထပ်တွဲဖက်အယူအဆတွေ လိုအပ်နေသေးတာပါပဲ။ ကျွန်တော်က လွတ်လပ်တယ်ဆိုရင် နောက်ထပ် စာကြောင်းတစ်ခုဖြစ်တဲ့ ဘယ်သူကမှ ကျွန်တော်တို့



ကို ကိုယ်ထိလက်ရောက် မစွက်ဖက်တဲ့အခါ ဒါမှမဟုတ် ကျွန်တော့်ရဲ့ကြောင်းကျိုးဆင်ခြင်မှု အခြေခံစိတ်ဆန္ဒနဲ့ ဘဝအစီ အမံတွေဟာ တမင်သက်သက် တားမြစ်ကန့်သတ်မခံရတဲ့အခါဆိုတဲ့ အယူအဆတွေ ထပ်ထည့်ရပါမယ်။ ပထမ လွတ်လပ်မှုတစ်ခုမှာ တစ်သီးပုဂ္ဂလ ယူဆချက်နဲ့ ကပ်ထားတယ်။ ပုဂ္ဂလိကနယ်မြေကို အခွင့်အထူးပေးပြီး နိုင်ငံတော်နဲ့ ပတ်သက်ရင်တော့ နိုင်ငံတော်ဆိုတာ ပုဂ္ဂလိကဘဝထဲကို ဝင်ရောက်စွက်ဖက်တဲ့အခါ အကန့်အသတ်ရှိသင့်တယ်လို့ ယူထားတယ်။ ဒုတိယ လွတ်လပ်မှုမှာကတော့ တစ်သီးပုဂ္ဂလ လူသားယူဆချက်မှာတောင် တစ်သီးပုဂ္ဂလဆိုတာ အမြဲဖွံ့ဖြိုးပြီး ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတဲ့ အရာအဖြစ် ကပ်ထားတယ်။ ဒီမှာတင် နိုင်ငံတော်ယူဆချက်အဖြစ် နိုင်ငံတော်ဆိုတာ လူ့အဖွဲ့အစည်းထဲမှာ တစ်သီးပုဂ္ဂလ လူသားတွေ အပြန်အလှန် မှီခိုနေမှုအပေါ် ထင်ဟပ်ပေးရတဲ့ အင်စတီကျူးရှင်းအဖြစ် တွဲကပ်ထားတယ်။

အိုင်ဒီယိုလိုဂျီဆိုတာ နိုင်ငံရေးအယူအဆတွေရဲ့ အဓိပ္ပာယ်ကို အထူးပြုထုတ်ဖော်ထားတာပဲ။ အခြားအထူးပြုအယူအဆတွေ ချိတ်ဆက်ထားတဲ့ အခန်းပုံစံက စုစည်းပါဝင်နေသေးတယ်။ ဒီသွင်ပြင်က အယူအဆတစ်ခုချင်းစီမှာသာ ပါဝင်ပတ်သက်နေတဲ့ သီးသန့်ယူဆချက်တွေရှိတယ်ဆိုတဲ့ အမြင်ကို တစ်စစီ ဖြစ်သွားစေတယ်။ လုံးဝ အပြီးအသတ်မဟုတ်ပေမယ့်လည်း အယူအဆမှာ ပါဝင်နေတဲ့ အဓိပ္ပာယ်တွေရဲ့ တိကျမှုဟာ ဒီလို အယူအဆကြားထဲမှာ သီးသန့်ဖြစ်ပြီး၊ ကန့်သတ်တားမြစ်ထားမှုကြောင့်သာလျှင် ရလိုက်တာဖြစ်တယ်၊ အိုင်ဒီယိုလိုဂျီက အယူအဆတွေထဲက အငြင်းပွားဖွယ်ရာတွေကို လျှော့ချပြီး သေချာရေရာတဲ့ ရည်ရွယ်ချက်အကြောင်းအရာတစ်ခု ထွက်လာဖို့ရာ ကြိုးစားတယ်၊ အငြင်းပွားဖွယ်ရာ အဓိပ္ပာယ်တွေကို ဘေးဖယ်ထုတ်တယ်။ 'ဒါဟာ တရားမျှတမှုပဲ'၊ ပြီးတော့ ဒါဟာ 'ဒီမိုကရေစီကို ဆက်လက်ရှင်သန်စေတဲ့ အရာပဲ'စသဖြင့် ကြေညာပါမယ်။ ကျွန်တော်တို့ကို သူတို့မှန်ကန်တယ်၊ သူတို့ဟာ အမှန်တရားကိုပြောတယ်လို့ ယုံကြည်လာအောင် ကြိုးစားလိုက်ခြင်းကြောင့်လည်း အိုင်ဒီယိုလိုဂျီဟာ အဓိပ္ပာယ်တွေ ဆုံးဖြတ်ရ မရေရာမှုကို ချဉ်းကပ်ဖို့ရာ ကိရိယာတန်ဆာပလာတွေ ဖြစ်လာတာပါ။ ဒါက အိုင်ဒီယိုလိုဂျီရဲ့ သင်္ကေတဆိုင်ရာ အခန်းကဏ္ဍပါပဲ။ ယခင်က

ဖွင့်ဆိုခဲ့တာကို အနည်းငယ်ပြန်ချဲ့ရရင်

အိုင်ဒီယိုလိုဂျီဆိုတာ ကျယ်ပြန့်စွာ စီစဉ်ထားတဲ့ အဆောက်အအုံဆိုင်ရာ အစီအစဉ်ဖြစ်ပြီး ယင်းက အငြင်းပွားဖွယ်ရာ အဓိပ္ပာယ်တွေ ပြေပျောက်ခြင်း ကနေတစ်ဆင့် အပြန်အလှန် အဓိပ္ပာယ်သတ်မှတ်ဖွင့်ပေးနိုင်တဲ့ နိုင်ငံရေး အယူအဆတွေရဲ့ အစီအစဉ်အတွဲတစ်ခုဖြစ်လာအောင် ထည့်ဝင်တယ်။

အိုင်ဒီယိုလိုဂျီက သူတို့အသုံးပြုတဲ့ အယူအဆတွေကို အငြင်းပွားဖွယ်ရာ ကင်းရှင်းအောင် လုပ်တယ်။ အကြောင်းက အယူအဆတွေဟာ အများ သဘောတူဆုံးဖြတ်ချက်တွေအတွက် လက်နက်ကိရိယာတွေ ဖြစ်တဲ့အတွက် ပါပဲ။ ရှင်းလင်းတဲ့အဓိပ္ပာယ်ကို ထုတ်မပေးနိုင်ဘဲ ဆုံးဖြတ်ချက်တွေ မချမှတ် နိုင်ဘူး။ ဆုံးဖြတ်ချက်ဆိုတာ နောက်ဆုံး အဆုံးသတ်သဘာဝကို ထုတ်ဖော် ပြသခြင်းဖြစ်ပြီး၊ ဆွေးနွေးမှုတွေရဲ့ အစနဲ့အဆုံး အချိုးညီညီဖြစ်သွားကြောင်း စနစ်တစ်ခုကို ထုတ်ပြတယ်။ အိုင်ဒီယိုလိုဂျီကတော့ အပိတ်စနစ် အဆုံးသတ် သဘာဝတို့နဲ့ ယှက်နွယ်နေတဲ့ သေချာရေရာမှုကို ပေးအပ်ဖို့ကြိုးစားတယ်။ ဒီလိုနည်းလမ်းတွေနဲ့အတူ အိုင်ဒီယိုလိုဂျီထုတ်လုပ်သူတွေက သူတို့ရည်ညွှန်း နိုင်တဲ့ နိုင်ငံရေး အယူအဆတွေရဲ့ မှန်ကန်သင့်တော်တဲ့ အဓိပ္ပာယ်တွေကို ရရှိဖို့ရာ တောင်းဆိုတယ်။ ဒီလိုဆိုရင်ဖြင့် ကျွန်တော်တို့ဟာ အိုင်ဒီယိုလိုဂျီ တွေရဲ့ နောက်ထပ်လက္ခဏာကို ရှာဖွေကြည့်ကြရအောင်ပါ။

အိုင်ဒီယိုလိုဂျီတွေဟာ နိုင်ငံရေး ဘာသာစကားတွေရဲ့ ထိန်းချုပ်မှုနဲ့ ယှဉ်ပြိုင် နေသလို လူထုပေါ်လစီအတွက် အစီအမံတွေကိုလည်း ယှဉ်ပြိုင်နေရတယ်။ အမှန်တကယ်တော့ လူထုပေါ်လစီအတွက် စီမံကိန်းတွေကို ယှဉ်ပြိုင်မှုတွေ ဟာ နိုင်ငံရေး ဘာသာစကားတွေရဲ့ ထိန်းချုပ်မှုကို ကျော်လွှားနိုင်ဖို့ စီမံ ပေးတယ်။

အဓိပ္ပာယ်ပညာကို လေ့လာခြင်းကနေ ရလိုက်တဲ့ သင်ခန်းစာ တစ်ခုကတော့ ထိန်းချုပ်မှုတွေကို ကျင့်သုံးသူ ဘယ်သူမဆိုဟာ လူ့အဖွဲ့



အစည်းဝင်တွေ ဘယ်လိုစဉ်းစားတွေးခေါ်ရမလဲဆိုတဲ့ လူမှုရေးအလေ့ အကျင့်ကို ပြဋ္ဌာန်းပေးနိုင်တယ်။ ဆိုရရင် ထိန်းချုပ်မှုတွေအပေါ် ကျော်လွှန် နိုင်ဖို့ရာ တိုက်ပွဲဝင်မှုဟာလည်း အိုင်ဒီယိုလိုဂျီကို နိုင်ငံရေးဖြစ်စဉ်တွေရဲ့ နှလုံးသည်းပွတ်မှာ နေရာပြန်ချထားတယ်။

လောဂျစ်နှင့် ယဉ်ကျေးမှုဆိုင်ရာ ကန့်သတ်ချက်များ

နိုင်ငံရေးအယူအဆတွေရဲ့ အဓိပ္ပာယ်တွေကို အိုင်ဒီယိုလိုဂျီတွေ က အငြင်းပွားဖွယ်မရှိအောင် ဘယ်လိုလုပ်သလဲဆိုတဲ့ အပြုအမူနဲ့ပတ် သက်ပြီး ပိုပြောဖို့ လိုအပ်တယ်။ ထိန်းချုပ်ကန့်သတ်မှုနှစ်မျိုးရှိပြီး ကြောင်း ကျိုးအခြေခံ လောဂျစ်အရ ကန့်သတ်ချက်နဲ့ ယဉ်ကျေးမှုဆိုင်ရာ ကန့်သတ် ချက်တွေပါပဲ။ သူတို့က အိုင်ဒီယိုလိုဂျီကနေ ဆက်သွယ်ပုံဖော်ထားတဲ့ သိမှု အဓိပ္ပာယ်ရော၊ မသိမှု အဓိပ္ပာယ်တွေကိုပါ ကန့်သတ်တာဖြစ်တယ်။ ကြောင်း ကျိုးဆင်ခြင်မှုရဲ့ ထိန်းချုပ်ကန့်သတ်မှုက အိုင်ဒီယိုလိုဂျီတွေ အားလုံးအပေါ် မှာ အလုပ်လုပ် လည်ပတ်တယ်။ တစ်သီးပုဂ္ဂလ ရွေးချယ်မှုကို ကာကွယ်ဖို့နဲ့ လူထုကို မဲပေးခွင့်ကနေ ငြင်းပယ်ခြင်း၊ ဒါမှမဟုတ် ပိုမိုကြီးမားတဲ့ လူမှုရေး ညီမျှမှုကို ထောက်ပံ့ဖို့နဲ့ ဝင်ငွေပမာဏနည်းသူတွေကိုသာ အခွန်ကောက် ခံဖို့ဆိုတဲ့ အတွေးဟာ ကြောင်းကျိုးဆင်ခြင်မှု လောဂျစ်အရကြည့်ရင် ရှေ့ နောက်မညီညွတ်တာတွေ ရှိတယ်။ အစဉ်အလာအမြင်အရကြည့်ရင်တောင် အိုင်ဒီယိုလိုဂျီတွေမှာ ကြောင်းကျိုး ဆင်ခြင်မှုမဲ့နေတယ်လို့ ကျယ်ကျယ်ပြန့် ပြန့် နားလည်ထားတာတွေ ရှိပါတယ်။ ဖက်ဆစ်ဝါဒဟာ ဒါမျိုးဖြစ်ပြီး သူ့ အတွင်းပိုင်း အဆောက်အအုံထဲကနေဝင်ပြီး စဉ်းစားရင်တောင်မှ ရက်စက် တင်းမာတဲ့ ရှေ့နောက်ညီညွတ်မှုမျိုးသာ ကြုံရမယ်။ တကယ်လို့ ဂျူးတွေက အာယန်လူမျိုးတွေကုန်အောင် သတ်ဖြတ်ပစ်မယ်။ ပြီးတော့ တကယ်လို့ အဲဒီ သတ်ဖြတ်ပြစ်ခြင်းဟာ လူသားမျိုးနွယ်ကောင်းကျိုးကို ထိခိုက်စေတယ်ဆိုရင် ဒါဟာ ဂျူးတွေကို အာယန်ကနေ ဆက်လက်ခွဲထုတ်ထားရမယ်ဆိုတာ သဘောပေါက်နားလည်လာလိမ့်မယ်။ ဒီအချက်ကြောင့်ပဲ အိုင်ဒီယိုလိုဂျီတွေ မှန်သမျှဟာ လောဂျစ်သဘောပါဝင်ပေမယ့်လည်း စေ့စပ်လို့မရတဲ့ ယူဆ ချက်တွေနဲ့ စတင်ဖွဲ့စည်းတယ်။ ဒါပေမယ့် ယူဆချက်တွေအများစုဟာ

ဖက်ဆစ်ဝါဒလိုတော့ မဟုတ်ပါဘူး။ တော်ရုံ စမ်းသပ်အစစ်ဆေးခံနိုင်တယ်။ ကြောင်းကျိုးဆင်ခြင်မှုဆိုင်ရာ ဒါမှမဟုတ် ကျင့်ဝတ်ဆိုင်ရာတရားမျှတမှုတွေ ရှိတယ်။ ဒါကြောင့် လစ်ဘရယ်ဝါဒက တစ်သီးပုဂ္ဂလဆီက ဦးတည်ခွဲခြားပေးထားတဲ့ လူ့အခွင့်အရေးတွေအတွက် စေ့စပ်ညှိနှိုင်းဖို့ ဒါမှမဟုတ် သဘောတူညီချက်ရှာဖို့ မပြင်ဆင်ထားဘူး။ လူ့အခွင့်အရေးဆိုတာကို လူသားဘဝ အရည်အသွေးတိုးတက်ဖို့အတွက် ထင်သာမြင်သာတဲ့ ကိုယ်ကျင့်တရားစနစ်တွေကနေတစ်ဆင့် တရားမျှတကြောင်း ထုတ်ဖော်ပြနိုင်တယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ကြောင်းကျိုးဆင်ခြင်မှု လောဂျစ်အရ ရှေ့နောက် မညီမညွတ်ဖြစ်နေတာဟာ အိုင်ဒီယိုလိုဂျီတွေထဲကို တွားသွားဝင်လာတယ်။ ဒီသဘောတွေကပဲ နိုင်ငံရေး ဘာသာစကားကို အိုင်ဒီယိုလိုဂျီက ကိုယ့်ကိုယ်ပိုင်ဖြစ်လာအောင် ထိန်းချုပ်ဖို့ ကြိုးစားမှုပါပဲ။ အိုင်ဒီယိုလိုဂျီက တမ္ဘာကြီးပူနွေးလာခြင်းရဲ့ အခက်အခဲကိုလျော့သွားအောင် ပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ရေးတွေ တိုးမြှင့်လုပ်ချင်တဲ့ ရည်ရွယ်ချက်ရှိနေချိန်မှာပဲ လူထုညစ်ညမ်းစေတဲ့ စက်ရုံကြီးတွေမှာ ရင်းနှီးမြှုပ်နှံဖို့ရာ ပေါ်လစီတစ်ရပ်ကို ထောက်ခံချင် ထောက်ခံနေနိုင်တယ်။ အိုင်ဒီယိုလိုဂျီဟာ ပဋိပက္ခတွေကို ပြေလည်အောင်လုပ်ရာမှာ ကျွမ်းကျင်တယ်။ အကြောင်းကတော့ အိုင်ဒီယိုလိုဂျီတွေမှာရှိနေတဲ့ ဗဟုသုတ အဓိပ္ပာယ်က ရှေ့နောက်ညီညွတ်အောင် သင့်တော်သလို ဖော်မြူလာချ အနက်ပြန်လို့ရအောင် လုပ်မှာဖြစ်တဲ့အတွက်ပဲ။ အိုင်ဒီယိုလိုဂျီက လေထုညစ်ညမ်း အောင်လုပ်သူတွေကို အခွန်ကောက်ခံရေးပေါ်လစီနဲ့ ပြဋ္ဌာန်းလိုက်မယ်။ ပြီးတော့ ရလာတဲ့ ပိုက်ဆံတွေကို ဂေဟဗေဒဆိုင်ရာ သုတေသနမှာ အသုံးချမယ်။ သူတို့က စက်ရုံကြီးတွေမှာ ရင်းနှီးမြှုပ်နှံတော့လည်း လေထုညစ်ညမ်းမှု လုံးဝမရှိဘူးဆိုတာတော့ ဘယ်မှာလာရှိလိမ့်မလဲလို့ ကြွေးကြော်ဦးမှာ။ ဒါမှမဟုတ်လည်း အချိန်ကာလပြ ဇယားနဲ့အတူ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲရေးဝါဒ၊ တစ်သီးပုဂ္ဂလ ပစ္စည်းပိုင်ဆိုင်ခွင့်ကို လေးစားဖို့စတဲ့ အခြားအိုင်ဒီယိုလိုဂျီနိယာမတွေနဲ့ ထိန်းသိမ်းထားမှာပါပဲ။ ဒါမှမဟုတ် လက်တွေ့သုတေသန အထောက်အထားတွေနဲ့ နိုင်ငံပိုင်စက်ရုံကြီးတွေကြောင့် ကမ္ဘာကြီးပူနွေးလာကြောင်း အဆိုဟာ မထင်ရှားဘူးလို့ဆိုမှာ။



တကယ်တော့ မထင်ရှားမှု၊ ဖမ်းဆုပ်ရခက်ခဲမှုတွေက နိုင်ငံရေးနယ်ပယ်မှာ မကြာခဏလိုအပ်ပြီး၊ အလုပ်လုပ်နိုင်စွမ်း ရှိပါတယ်။ နိုင်ငံရေးမှာ အငြင်းပွားဖွယ်ရာတွေကို ဖြေရှင်းပေးမယ့် ဆုံးဖြတ်ချက်ချမှတ်ခြင်းသာမကဘူး၊ ဆုံး ဖြတ်ချက်များကို ထောက်ခံဖို့ရာ စည်းရုံးလှုံ့ဆော်ခြင်းလည်း ပါဝင်တယ်။ နောက် အများသဘောတူညီမှုကို တည်ဆောက်ပေးဖို့ လိုအပ်တယ်။ ဒါမှမဟုတ် အနည်းဆုံးအနေနဲ့ လူထုဟာ နိုင်ငံရေးရပ်တည်ချက်ကို ထောက်ခံပေးဖို့ရာ အကောင်းမြင်တတ်အောင်တော့ ကြိုးစားပေးရတယ်။ ဒီလိုအခြေအနေတွေမှာ နိုင်ငံရေးဘာသာစကား စားသုံးသူတွေကို လူအမျိုးမျိုး၊ အုပ်စုအဖုံဖုံက သူတို့ရဲ့ ကြိုက်နှစ်သက်မှုအခြေခံပြီး ဖတ်ရှုဖို့ရာ ပြတ်သားတဲ့ အဓိပ္ပာယ်ရှိရမယ်။ နိုင်ငံရေးသမားက ကွန်မြူနတီရဲ့ တန်ဖိုးစံတွေကို တွန်းအားပေးဖို့ ဆန္ဒရှိကြောင်း ကြေညာတဲ့အခါ အိုင်ဒီယိုလိုဂျီအခန်းရဲ့ အလယ်ကို ရွှေ့လျားသွားတဲ့အတွက် ဒီအယူအဆဟာ အိုင်ဒီယိုလိုဂျီစားသုံးသူ မြောက်မြားစွာကို ကျေနပ်စေလိမ့်မယ်။ ဆိုရှယ်လစ်တွေကိုလည်း ကျေနပ်စေမယ်။ လူ့အဖွဲ့အစည်းဆိုတဲ့အသိမှာ လူမှုရေးအရ သိပ်သည်းကျစ်လျစ်မှုနဲ့ လူအုပ်စုရဲ့ တက်ကြွစွာ ပါဝင်လှုပ်ရှားမှု အရေးကြီးပုံတွေကြောင့် ကျေနပ်စေမှာပါ။ မျိုးဆက်တွေရဲ့ စုပေါင်းအသိပညာ၊ သေးငယ်တဲ့ ကွန်မြူနတီလေးတွေ အခြေချနေထိုင်ပုံနဲ့ တွဲဖက်နေပါတယ်ဆိုပြီး ကွန်ဆာဗေးတစ်တွေကလည်း ကျေနပ်ကြဦးမယ်။ ဂေဟဗေဒပညာရှင်အချို့တောင်မှ လူမှုရေးဘဝ တစ်စုတစ်စည်းတည်းဖြစ်မှုအတွင်း လူအချင်းချင်း အပြန်အလှန်ရော စပ်နေပုံဟာ သဘာဝတရားအတွင်း အပြန်အလှန် ရောစပ်နေပုံကို ထင်ဟပ်ပါတယ်ဆိုပြီး ကျေနပ်ဦးမှာ။

ဒါကြောင့် သေချာရေရာမှုလိုပဲ၊ မရေရာမှုန်ဝါးမှုဟာ ဘယ်လိုအိုင်ဒီယိုလိုဂျီတွေအတွက်မဆို လိုအပ်တဲ့ လက္ခဏာနှစ်ခုပဲ။ အိုင်ဒီယိုလိုဂျီရဲ့ မရေရာမှုန်ဝါးမှုက သူ့ရဲ့ ဆက်လက်ရှင်သန်နိုင်စွမ်းကို ချဲ့ထွင်ပေးတယ်။ ပြီးတော့ နိုင်ငံရေးဖြစ်စဉ်ထဲမှာ ရှာနေကျဖြစ်တဲ့ သဟဇာတဖြစ်မှု၊ တည်ငြိမ်မှုတွေအတွက် အသက်သွေးကြောပဲ။ သူက နိုင်ငံအတွက် နာမည်ဆိုးတစ်ခုပေးကောင်းပေးမယ်။ ဒါပေမယ့် အဓိပ္ပာယ်တွေ ဖမ်းဆုပ်ရခက်မှုဆိုတာ လှည့်ဖျားနေတာ အဓိပ္ပာယ်ချော်ထွက်နေတာ ဖော်ထုတ်မရတာမျိုး သက်သက်တော့

မဟုတ်ဘူး။ ဒီအချက်တွေရှိနိုင်ပေမယ့်လည်း နိုင်ငံရေးအတွက် ရှားပါးပြီး တန်ဖိုးအရှိဆုံး အရင်းအမြစ်တွေက တစ်ခုခုကိုပေးအပ်ဖို့ နိုင်ငံရေးဘာသာစကားကို ကြိုးဆွဲနေခြင်းပါပဲ။ ဘယ်ပြဿနာမှာမဆို ဘာသာစကားရဲ့ တိကျမှုဆိုတာကို ဘယ်တော့မှ အာမခံပေးလို့ မရဘူး။ ပြီးတော့ အငြင်းပွားဖွယ်ရာလုံးဝမရှိတဲ့ အရာတွေတောင်မှ အနက်ပြန်ခြင်းမြောက်မြားစွာအတွက် ပွင့်နေတယ်။ တကယ်တော့ အနက်ပြန်မှုတွေဟာ ထောက်ခံမှုကို တိုးပွားလာစေတာထက် လျော့ကျသွားချင်လည်း သွားနိုင်တာပဲ။ ဗြိတိသျှကွန်ဆာဗေးတစ်ပါတီရဲ့ 'မိသားစုတန်ဖိုး စံ'တွေကို တိုးမြှင့်ရေးကြွေးကြော်သံဟာ တစ်ဦးက အခြားတစ်ဦးအပေါ် စောင့်ရှောက်၊ အတ္တမိကမထားဖို့ထက် အိမ်ထောင်ရေးသစ္စာရှိမှုအဖြစ် အနက်ပြန်ခဲ့ကြတယ်။

ယဉ်ကျေးမှုဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုဆီ သွားကြည့်ပါဦး။ ကျွန်တော်တို့က ယဉ်ကျေးမှုဟာ လူ့အဖွဲ့အစည်းတွေက ထုတ်လုပ်လိုက်တဲ့ သင်္ကေတနဲ့ ရုပ်ဝတ္ထုဆိုင်ရာ ကုန်ပစ္စည်းတွေကို ရည်ညွှန်းတယ်လို့ ဖော်ပြကောင်း ဖော်ပြနိုင်တယ်။ ဒီအထဲမှာ လူ့လုပ်ပစ္စည်းတွေ၊ သိပ္ပံပညာ၊ နည်းပညာ၊ အနုပညာနဲ့ လူမှုရေးအလေ့အကျင့်တွေ ပါဝင်လိမ့်မယ်။ ပါဝင်တဲ့ အရာတွေထဲမှာ စိတ်ကူးကွန့်မြူးမှု အခြေခံတီထွင်ဖန်တီးမှု ပါဝင်ပတ်သက်နေပြီး ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးမှာ စီစဉ်ထားတဲ့ အတွေးစနစ်တွေကို ကျော်လွန်မယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ အပြုအမူနဲ့ စရိုက်တွေကိုပါ လမ်းညွှန်မယ်။ အိုင်ဒီယိုလိုဂျီတွေအပေါ် ယဉ်ကျေးမှုဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုက နေရာဒေသနဲ့ ကာလတရားအဆက် အစပ်တွေထဲမှာ ခိုင်ခိုင်မာမာ အမြစ်တွယ်နေအောင် ထမ်းဆောင်တယ်။ လော ဂျစ်ကျကျ အနက်ပြန်ခြင်းတွေ သူ့အယူအဆနဲ့သူ အစီအစဉ်တကျဖြစ်နေဖို့ရာ ကောင်းမွန်တဲ့ သံစဉ်တွေကို သယ်ဆောင်တယ်။ ဥပမာအားဖြင့် သီးသန့်နိုင်ငံ တစ်ခုမှာ ဆင်းရဲမွဲတေမှုကို ဘယ်လို အမြစ်ပြတ်သုတ်သင်မလဲ မေးခွန်းကိုပဲ ကြည့်ပါ။ ကြောင်းကျိုးဆင်ခြင်မှု လောဂျစ်နဲ့ ပြောမယ်ဆိုရင်တော့ ဒီမေးခွန်းအတွက် အလွန်ကျယ်ပြန့်တဲ့ ဖြစ်နိုင်ခြေတွေ အများကြီးရှိတယ်။ အဖြေတစ်ခုက ဆင်းရဲသားမှန်သမျှကို အမြစ်ပြတ် သုတ်သင်ပစ်ဖို့ပဲ။ နောက်ထပ် အဖြေတစ်ခုက ဆင်းရဲသားတွေကို ယူရီတေးနီးယားဆီ ပြောင်းရွှေ့ဖို့ပဲ။ ဒါကို ကျွန်တော်တို့က



စီးပွားရေး၊ မျိုးဖြုတ်သန့်စင်ခြင်းလို့ ခေါ်လိုက်မယ်။ တတိယအဖြေကတော့ ဆင်းရဲမွဲတေမှုအယူအဆကို အသက်ရှင်ဆဲ လူထုကြီးတစ်ခုလုံး မပါအောင်လို့ ပြန်လည်အဓိပ္ပာယ်ဖွင့်ဖို့ပဲ။ ကျွန်တော်တို့ဟာ သေသွားတဲ့အချိန်မှာမှ ဆင်းရဲမွဲတေပါတယ်လို့ ဆိုနိုင်သကိုး။ စတုတ္ထတစ်ခုကတော့ အရင်းအမြစ်ဖြန့်ဝေမှု မညီမျှတာကို တကယ်အဓိကကျတဲ့ အရာတွေဆီရောက်ဖို့ ကြိုးစားတာပါပဲ၊ လူ့အဖွဲ့အစည်းထဲက သူတွေကို သူတို့ရဲ့ အရည်အချင်းအရ ထည့်ဝင်တာ လုပ်မယ်။ ပဉ္စမတစ်ခုကတော့ အရင်းအမြစ်တွေကို လူကောင်းကနေစပြီး အဆိုးရွားဆုံးသူတွေဆီ အဆင့်ဆင့်ပြန်လည်ဖြန့်ဝေတာပဲ။

ပထမနှစ်ခုဟာ - မြို့ပြလူ့အဖွဲ့အစည်းတွေမှာ မထွန်းကားဘူး။ လူ့အဖွဲ့အစည်းတွေရဲ့ ကိုယ်ကျင့်တရား ခမ်းနားထည်ဝါမှု၊ ဒါမှမဟုတ် လက်တွေ့ကျတဲ့ စဉ်းစားပုံတွေက သူတို့ရဲ့ ယဉ်ကျေးမှုအရ တရားမဝင်ကိစ္စတွေလို့ ဖြစ်လာစေတယ်။ လောဂျစ်(ဝါ)ကြောင်းကျိုးဆင်ခြင်မှုတစ်မျိုးဟာ အကောင်းအဆိုးနဲ့ ပတ်သက်တဲ့ မေးခွန်းတွေဆိုရင် ဘာမျှမမြင်နိုင်တော့ပါဘူး။ တတိယအဖြေကတော့ ဆင်းရဲမွဲတေမှုယူဆချက်ကို ပြန်ဖော်ထုတ်ဖို့ ကြိုးစားတာပါပဲ။ ဒါပေမယ့် 'ဆင်းရဲမွဲတေမှု'ဆိုတဲ့ သာမန်အသုံးကလေးကြားမှာပဲ ပျံ့သန်းနေတယ်။ 'ဆင်းရဲမွဲတေမှု'လို့ ကျွန်တော်တို့ ခေါ်ဝေါ်သုံးနှုန်းကျတဲ့ စကားလုံးကို ဝေါဟာရသစ်တစ်မျိုးနဲ့ ဖော်ပြဖို့လိုလိမ့်မယ်။ စတုတ္ထတစ်ခုကတော့ အဖွဲ့အစည်းတစ်ခုလုံးနဲ့ အိုင်ဒီယိုလိုဂျီဆိုင်ရာ တော်လှန်ရေးတစ်ခုကို ထိတွေ့ထားတာပဲ။ ဒါဟာ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် ကြီးကျယ်တဲ့ နိုင်ငံရေးပေါက်ကွဲမှုတစ်ခုတော့ဖြင့် လိုအပ်တယ်။ ပဉ္စမတစ်ခုကတော့ ခေတ်ပြိုင်ယဉ်ကျေးမှုဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှု ပတ်လည်အနားထဲမှာ လည်ပတ်အလုပ်လုပ်ပြန်တာ။ သူက သူ့ကိုယ်သူ ကွန်ဆာဗေးတစ်ဒါမှမဟုတ် ရည်ရွယ်ချက်တွေပေါက်မြောက်အောင် ကြိုးစားတဲ့နေရာတစ်ခုတည်းမှာ အောင်မြင်နိုင်ပါတယ် စသဖြင့် မတောင်းဆိုပေမယ့်လည်း လူ့အဖွဲ့အစည်းအများစုမှာ သာမန်လွှမ်းမိုးနေတဲ့ နားလည်မှုပါပဲ။ ဒါ့အပြင် ကန့်သတ်ထိန်းချုပ်မှုတွေအတွင်းမှာတောင်မှ ပြန်လည်ဖြန့်ဝေခြင်းဟာလည်း အခြားအခြားသော နည်းလမ်းတွေ အများကြီးရှိနေသေးတယ်။ ကျွန်တော် အစောပိုင်းကပြောခဲ့တဲ့ ညီမျှမှု အယူအဆထဲမှာ ယူဆချက်တွေ အများကြီးရှိတယ်

ဆိုတဲ့ သဘောနဲ့ ပြန်ဆင်ခြင်ကြည့်နိုင်ပါတယ်။

အဓိပ္ပာယ်ဆိုတာ ယဉ်ကျေးမှုအရ အခွင့်ထူးပေးခံရတတ်တယ်။ ပြီးတော့ အိုင်ဒီယိုလိုဂျီက သူတို့ရဲ့ အဆိုတွေကို တည်ဆောက်တဲ့အခါ သူတို့တွေဟာ တန်ဖိုးစံစနစ်၊ ဘာသာရေးယုံကြည်ချက်၊ သာမန်လုပ်လေ့လုပ်ထ အလေ့အကျင့်တွေ၊ သိပ္ပံပညာနဲ့ အနုပညာဆိုင်ရာ ဖက်ရှင်တွေစသဖြင့် ကျယ်ပြန့်တဲ့ အစဉ်အလာလုပ်ထုံးနဲ့ သင်္ကေတတွေကိုသာ အခြေခံအလုပ်လုပ်တယ်။ ဒီမှာ အလွန်အရေးကြီးတဲ့ အသိကတော့ အိုင်ဒီယိုလိုဂျီတွေဟာ သီးသန့်အဆက်အစပ်တစ်ခုမှာ အမြဲတည်ရှိတာပဲ။ သူတို့ဟာ ဒြပ်မဲ့ဆန်ပြီး အကြွင်းမဲ့ယူနီဗာဆယ်သဘာဝရှိတဲ့ ဘာသာစကားကို အသုံးချတာတောင်မှ အထူးသီးသန့် သမိုင်းကာလတရားတစ်ခုထဲက သီးခြားလူ့အဖွဲ့အစည်းတွေထဲကနေ ထွက်လာတယ်လို့ပဲ နားလည်လာစေတယ်။ ယူနီဗာဆယ်လူ့အခွင့်အရေးအသိဟာ အနောက်တိုင်း ယဉ်ကျေးမှုဆိုင်ရာ အသိတစ်ခုဖြစ်ပြီး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀၀ ကျော်လောက်က ဖွံ့ဖြိုးလာခဲ့တာ ဒါမှမဟုတ် လူသားရဲ့သဘာဝနဲ့ လိုအပ်ချက်တွေကို အမျိုးအစားတစ်ခုလို သတ်မှတ်ထားတဲ့ အဆင့်မြင့်ဖန်တီးနေရာယူဖို့ရာ ကြိုးစားချက်တွေပဲ။ ဒါကို အခြားသော ယဉ်ကျေးမှုတွေက ခုခံကြတယ်။ သူတို့အတွက်က လူသားအချင်းချင်းကြားက ကွဲပြားခြားနားမှုဟာ သူတို့ရဲ့ ဘုံတူနေတဲ့ ယူနီဗာဆယ်လူသား သဘာဝထက် ပိုပြီးအရေးကြီးတယ်။ ဒါမှမဟုတ် သူတို့အတွက် တစ်ယောက်ယောက်ကို နာကျင်အောင်လုပ်တာတောင်မှ ယဉ်ကျေးမှုအားဖြင့် တရားမျှတတယ်ဆိုတဲ့ ခံစားချက်မျိုးရှိနေဖို့ အရေးကြီးပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ယဉ်ကျေးမှုဆိုင်ရာ တန့်သတ်ထိန်းချုပ်မှုဟာ ကြောင်းကျိုးဆင်ခြင်မှုဆိုင်ရာ လောဂျစ်တွေရဲ့ ဖြစ်နိုင်ခြေတွေကို ပိတ်ဆို့ရင်း တစ်ကွက်အသာနဲ့ အနိုင်ယူသွားတယ်။ လောဂျစ်ကျကျ ရှင်းလင်းပြတ်သားမှုကို ပေးအပ်တဲ့ အရာတွေကိုပါ မှုန်ဝါးအောင် လုပ်ပစ်လိုက်တယ်။ နောက်ဆုံးဖော်ပြရရင်တော့ ယဉ်ကျေးမှုဆိုင်ရာ တန့်သတ်ထိန်းချုပ်မှုအသိအတွင်း ဆန်းသစ်မှုတွေက အဆက်အစပ်နဲ့ ပတ်သက်တဲ့ အတွေးကိုပါ အဆင့်မြင့်ပေးလိုက်တယ်။ ယခင်က အိုင်ဒီယိုလိုဂျီခွဲခြမ်းစိတ်ဖြာသူတွေ ယူထားတာနဲ့ မတူတော့ဘူး။ ယခင်လူတွေက အဆက်အစပ်ဆိုတာကို အိုင်ဒီယိုလိုဂျီအတွေးအခေါ်ရဲ့ အရင်း အမြစ်ကို နားလည်ဖို့ရာ နောက်ခံတစ်ခုအဖြစ် မှတ်ယူသလို၊ အိုင်ဒီယိုလိုဂျီစွဲကိုင်သူတွေရဲ့ လူမှုရေးအကျိုးအမြတ်ကို ဘယ်လိုထင်ဟပ်သလဲဆိုတာလောက်သာ ယူတယ်။ ယခုအခါမှာတော့ ဝန်းကျင်အဆက်အစပ်ကို ယဉ်ကျေးမှုဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှု တစ်ခုအဖြစ်မြင်ပြီး ဒီထိန်းချုပ်မှုတွေကပဲ အမြဲရှင်သန်ဖွဲ့စည်းနေတဲ့ အိုင်ဒီယိုလိုဂျီရှုထောင့်တွေ ဖြစ်လာတယ်။ ပြီးတော့ အဆောက်အအုံအဖြစ် ပေါင်းစည်းပြီး သူတို့ပေးချင်တဲ့ သတင်းအချက်အလက်ထဲကို ရောက်လာတယ်။



## ပီလေးခု

အိုင်ဒီယိုလိုဂျီရဲ့ ရှုပ်ထွေးလှတဲ့ 'အယူအဆဆိုင်ရာ အဆောက်အအုံ' ကို အလေးအနက်ထား ဆွေးနွေးပြီးတဲ့နောက်မှာ ကျန်သေးတာက နောက်ဆုံး အစိတ်အပိုင်းတစ်ရပ်ကို အိုင်ဒီယိုလိုဂျီ ရှုပ်ရင်းခွဲခြမ်းစိတ်ဖြာမှုထဲ ထည့်ပေါင်းဖို့သာ ဖြစ်တယ်။ အိုင်ဒီယိုလိုဂျီဖွဲ့စည်းပုံ ပီ(P)လေးလုံးကို ဆိုလိုပါတယ်။ ပတ်ဝန်းကျင်ပတ်သက်မှု၊ ဦးစားပေးမှု၊ ပျံ့နှံ့လွယ်မှုနဲ့ အချိုးကျမှု လေးခုပါပဲ။ ဝန်းကျင်ပတ်သက်မှုရဲ့ အဓိကလက္ခဏာက ကျွန်တော်တို့ အထက်မှာတွေ့ခဲ့တဲ့ အတိုင်းပါပဲ။ နိုင်ငံရေး၊ အယူအဆတွေမှာ အကြွင်းမဲ့ကိုယ့်ကိုယ်ကို ပိုင်စိုးမှုဆိုတာ မရှိပါဘူး။ သူတို့တွေကို သူနဲ့ပတ်သက်နေတဲ့ ပတ်ဝန်းကျင်၊ သီးခြားအတွေးအခေါ်အတွင်း စစ်ဆေးမှသာ နားလည်နိုင်မှာ ဖြစ်တယ်။ အကယ်၍ တစ်သီးပုဂ္ဂလ လူသားသဘာဝဟာ လူသားသဘာဝရဲ့ အသေးငယ်ဆုံးသော ယူဆချက်တစ်ခုအဖြစ်နဲ့သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလလူသားကို ကိုယ့်ဘာသာ ကိုယ်ပြည့်စုံလုံလောက်တဲ့ အရာအဖြစ်မြင်တဲ့ ယူဆချက်အဖြစ်နဲ့သော်လည်းကောင်း ဝန်းရံပတ်သက်လာပြီဆိုရင် ဒီအိုင်ဒီယိုလိုဂျီတွေ အတွင်းမှာပင် ကွဲပြားခြားနားတဲ့ အခန်းကဏ္ဍတစ်ခုကနေ ကပြမှာဖြစ်တယ်။ လူသားသဘာဝရဲ့ အဆင့်မြင့်မားတဲ့ လူမှုရေးယူဆချက်နဲ့ ဆက်စပ်ပတ်သက်နေတဲ့ တစ်သီးပုဂ္ဂလ လူသားသဘာဝအဖြစ်တော့ ပါဝင်ကပြမှာ မဟုတ်ဘူး။ ပထမတစ်ခုက တစ်သီးပုဂ္ဂလ လူသားတွေအတွက် ပုဂ္ဂလိကနယ်မြေတစ်ခု ဖန် တီးပေးမယ့် နိုင်ငံရေးအစီအမံ ဖြစ်ပေါ်စေတယ်။ ဒုတိယတစ်ခုကျတော့ တစ်သီး ပုဂ္ဂလ လူသားသဘာဝဖွံ့ဖြိုးမှုအတွက် အရေး

ပါတဲ့ လူမှုရေးဆိုင်ရာ အပြန်အလှန်ပြုမှု ဆက်ဆံမှုကို အသိအမှတ်ပြုထားတယ်။ ဆိုလိုတာက အိုင်ဒီယိုလိုဂျီက နိုင်ငံရေးအယူအဆတွေ လက်ဆုပ်လက်ကိုင် ပုံဖော်ဖို့ရာ လိုအပ်တဲ့ နေရာလွတ်တွေကိုသာ ဖွဲ့စည်းမှာဖြစ်တယ်။

ဦးစားပေးမှုရဲ့ လက္ခဏာက အိုင်ဒီယိုလိုဂျီတစ်ခုအတွင်းက နိုင်ငံရေးယူဆချက်တိုင်းရဲ့ အဓိပ္ပာယ်တွေဟာ အယူအဆတိုင်းမှာ ပါဝင်နေတဲ့ယူဆချက်အပေါ် မှီခိုနေရတယ်လို့ ညွှန်ပြနေတာပဲ။ သဘောကတော့ အယူအဆတွေထဲက အဓိကမဏ္ဍိုင်ကျတဲ့ အနက်တစ်ခုအပေါ် မှီခိုနေရတာ။ ပြီးတော့မှ အိုင်ဒီယိုလိုဂျီရဲ့ နယ်မြေထဲကို လွှဲပေးခံရတာ။ အိုင်ဒီယိုလိုဂျီတွေဟာ သူတို့အခန်းတွေ ထဲမှာ အမြဲလပ်စပ် ရွေ့လျားပြောင်းလဲနေတဲ့ ပရိဘောဂယူနစ်တွေကို တွေ့ကြုံခံစားနေရတယ်။ ယူနစ်တွေက အလယ်ဗဟိုရောက်ချင် ရောက်နေမယ်။ နောက်တော့ အခန်းရဲ့ဘေးကို ရွှေ့ခံချင်ခံလိုက်ရမယ်။ ဒါမှမဟုတ် ဖုံးအုပ်ခံချင်တောင် ခံရမယ်။ ၁၉ ရာစုနဲ့ ၂၀ ရာစုအစောပိုင်း လမ်းကြောင်းမှာတော့ ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုဟာ လစ်ဘရယ်အိုင်ဒီယိုလိုဂျီအတွင်း လစ်ဘရယ်အခန်းရဲ့ အဓိက အလယ်ဗဟိုကနေစုပြီး အစွန်းကျတဲ့နေရာတစ်ခုဆီ လွင့်သွားတယ်။အိုင်ဒီယိုလိုဂျီရဲ့ အဓိကကျတဲ့ အလုပ်တွေထဲက တစ်ခုကတော့ အဓိကနိုင်ငံရေးအယူအဆတွေကို အဆင့်ခွဲတာပဲ။ အိုင်ဒီယိုလိုဂျီတိုင်းက သူအလေးအနက်ထားလိုတဲ့ အယူအဆကို ရွေးတယ်။ လက်ရွေးစင် အထုပ်အပိုးထဲမှာ စီထည့်လိုက်တယ်။ အကြောင်းကတော့ နိုင်ငံရေး ဆုံးဖြတ်ချက်တွေ ထွက်လာစေမယ့် လူထုရဲ့ ထင်မြင်ချက်တွေ ကြိုက်နှစ်သက်ရာ ရွေးချယ်ဖို့ရာ မီနူးစာရင်းတစ်ခုပေးတာပါပဲ။

အဆင့်အတန်းဟာ အမျိုးအစားခွဲခြားထားတဲ့ အဆောက်အအုံထဲကနေထွက်လာတဲ့ အရာပါပဲ။ ကျွန်တော်တို့က အိုင်ဒီယိုလိုဂျီတွေတိုင်းမှာ အဓိက မဏ္ဍိုင်တွေရှိတယ်လို့ အကြံပြုတဲ့အခါ အိုင်ဒီယိုလိုဂျီဟာ တွေ့ကြုံခံစားမှုနဲ့မဆိုင်ဘဲ စိတ်ကူးစံသဘောသာရှိတယ်ဆိုတဲ့ သူ့ရဲ့လက္ခဏာတွေဟာ မထင်မရှား ဖြစ်လာတယ်။ ဒါပေမယ့် အမှန်တကယ်ဖြစ်နေတဲ့ နိုင်ငံရေးသုံး ဝေါဟာရတွေထဲမှာ ရှိနေတယ်လို့ ယူဆရတဲ့ အဓိကအယူအဆတွေတော့ ရှိတယ်။ အဲဒီအယူအဆတွေကို ဖယ်ချန်ပစ်လို့ မရနိုင်ဘူး။လစ်ဘရယ်ဝါဒမှာ လွတ်လပ်မှုနဲ့ တိုးတက်မှုဟာ အဓိကမဏ္ဍိုင် အယူအဆတွေအဖြစ် ပါကို



ပါတယ်။ ဒီလိုဖြစ်ရတဲ့အကြောင်းက တစ်ချို့တတ္တိကဗေဒဆိုင်ရာ အမွေဆက်ခံမှုကြောင့်သာလျှင် မဟုတ်ဘူး။ ကျွန်တော်တို့ဟာ လစ်ဘရယ်တွေနဲ့ လစ်ဘရယ်ဝါဒကို ဆန့်ကျင်ဝေဖန်သူတွေရဲ့ စကားကို စနစ်တကျ နားထောင်ခဲ့တာ၊ သူတို့ရေးခဲ့တာကို ဖတ်ခဲ့တာတွေကို လုပ်ပြီးတဲ့နောက်မှာ နောက်ဆုံးအဆုံးသတ်တစ်ခုဆီကို ရောက်ရှိခဲ့ရတာပါ။ ခပ်ဆင်ဆင်ဆိုရင်တော့ မီးဖိုချောင်တွေဟာ ခေါင်းလိမ်းဆီအကြောင်း ဆင်ခြင်ထားတဲ့ လောဂျစ်တွေကနေ ထုတ်လုပ်လိုက်တဲ့ ထုတ်ကုန်မဟုတ်ဘူး။ အချိန်ကာလအတန်ကြာပြီးမှ အခြေခံလိုအပ်ချက်ပြည့်ဝဖို့အတွက် အစားအစာကို ပြင်ဆင်ဖို့ ဖွံ့ဖြိုးလာခဲ့တာပါ။ သာမန်အစဉ်အလာ လုပ်ထုံးအရဆိုရင်တော့ အခြေခံလိုအပ်ချက်ကို ယဉ်ကျေးမှုဆိုင်ရာအရ ထုတ်ဖော်ပြသမှုပဲ။ သဘာဝဥပဒေကနေ မီးဖိုချောင်ဖြစ်လာတာ မဟုတ်ဘူး။ အကြောင်းက မီးဖိုချောင်မှာ ချက်ပြုတ်သူတွေချက်ပြုတ်ရတဲ့အရာတွေစတဲ့ လူလုပ်ပစ္စည်းတွေ ပါဝင်နေဖို့ပဲ။ ဒီနှစ်ခုဟာ အဓိကမဏ္ဍိုင်ကျတဲ့ ယူနစ်တွေပဲ။ ဒီနှစ်ခုမရှိဘူးဆိုရင် မီးဖိုချောင်ဟာ မီးဖိုချောင်အဖြစ်က ရပ်ဆဲသွားမယ်။ တခြားတစ်ဖက်ကလည်း ကျွန်တော်တို့ခေါ်ဝေါ်နေတဲ့ လစ်ဘရယ်ဝါဒဟာ သူ့ရဲ့မဏ္ဍိုင်အယူအဆနှစ်ခုဖြစ်တဲ့ လွတ်လပ်မှုနဲ့ တိုးတက်မှုနှစ်ခု မရှိတော့ဘူးဆိုရင် လစ်ဘရယ်ဝါဒရယ်လို့ ဖြစ်တော့မှာမဟုတ်ဘူး။ လစ်ဘရယ်ဝါဒလို့ ခေါ်တဲ့အရာကို ထိန်းသိမ်းပေးဖို့ လုံလောက်တဲ့အရာမဟုတ်ပေမယ့် လိုတော့ လိုအပ်တယ်။

အဓိကမဏ္ဍိုင်ရဲ့ ပတ်ဝန်းကျင်ဘေးပတ်လည်ကိုတော့ အယူအဆတွေရဲ့ အစွန်အဖျားနဲ့ ကပ်လျက်အရာလို့ ဆိုရမယ်။ ကပ်လျက် အယူအဆတွေက မဏ္ဍိုင်ကို အသက်ဝင်လာအောင် လုပ်ပေးတယ်။ မဏ္ဍိုင်ရဲ့ စွမ်းရည်တွေက အနက်ပြန်ခြင်းမြောက်မြားစွာပွင့်နေတာကို ကန့်သတ်ပေးတယ်။ ပိုပြီးအဓိပ္ပာယ်သတ်သတ်မှတ်မှတ်ရှိတဲ့ လမ်းကြောင်းထဲကို ဆွဲထည့်လိုက်တယ်။ လစ်ဘရယ်ဝါဒအတွက် ကပ်လျက်အယူအဆက ဒီမိုကရေစီပဲ။ လွတ်လပ်မှုနဲ့ တိုးတက်မှုကို အာမခံပေးမယ့် အဓိကလမ်းကြောင်းတစ်ခုပဲ။ အစွန်အဖျားအယူအဆ(ဝါ)အတွေးစိတ်ကူးကတော့ ပိုပြီးသီးသန့်ဆန်တယ်၊ အသေးစိတ်ကျတယ်။ အများစုက အိုင်ဒီယိုလိုဂျီက သယ်ဆောင်လာတဲ့ အဓိကဗဟိုမှတ် အဓိပ္ပာယ်တွေကို ထင်ရှားစေတယ်။ တစ်ချို့ကတော့ ဘေးဖယ်ထုတ်ခံ

ရတယ်။ လစ်ဘရယ်ဝါဒအတွက် ထင်ရှားတဲ့ အစွန်အဖျားအယူအဆက ဆင်ဆာကို ဆန့်ကျင်ခြင်း ပဲ။ ဘေးဖယ်ထုတ်ထားတဲ့ အယူအဆကတော့ လူမှုရေးအဆင့်အတန်းတွေကို အမွေဆက်ခံခွင့်ပဲ။ အများစုကတော့ အိုင်ဒီယိုလိုဂျီရဲ့ ပတ်ပတ်လည်မှာ တည်ရှိတယ်။ ဒါဟာလည်း အယူအဆတွေဟာ 'လွတ်လပ်မှု'လို ဒြပ်မဲ့ဆန်ခြင်း ဆုံးရှုံး သွားပြီး အိုင်ဒီယိုလိုဂျီက ရှုံ့ချထားပေမယ့် လက်ဆုပ်လက်ကိုင်ရှိတဲ့ အလေ့အကျင့်တွေနဲ့ ရောယှက်နေတယ်။ တိုင်းပြည်တစ်ခုကို ဒုက္ခသည်တွေ လွတ်လွတ်လပ်လပ် ဝင်ရောက်ရေးလို အရာတွေနဲ့ပါပဲ။ အစွန်အဖျားအယူအဆတွေဟာ သမိုင်းဆိုင်ရာအဆက်အစပ်နဲ့ ကန့်သတ်တည်ရှိနေတယ်။ ပြီးတော့ ဒါကြောင့် ပိုမိုကျယ်ပြန့်တဲ့ ဘောင်အတွင်းမှာ အဓိကမကျိုင်ကြောင့် ပြောင်းဖို့ရာ ပွင့်နေတယ်၊ မကြာခဏဆိုသလိုတော့ အစွန်အဖျား အယူအဆတွေပြောင်းလဲမှုဟာ အဓိကမကျိုင်အယူအဆအဖြစ် ပြန်ရောက်သွားတတ်တယ်။ ဥပမာ ၁၉ ရာစု လစ်ဘရယ်ဝါဒမှာ ဘေးဖယ်ထုတ်ခံဖြစ်တဲ့ အမျိုးသမီးအခွင့်အရေးညီမျှမှုဟာ တစ်သီးပုဂ္ဂလသဘာဝနဲ့ ကြောင်းကျိုးဆင်ခြင်မှုသဘာဝရဲ့ အဓိကဗဟိုချက် လစ်ဘရယ်အယူအဆ ဖြစ်လာတယ်။ အိုင်ဒီယိုလိုဂျီ ရုပ်ရင်းတွေဟာ အံ့သေအံ့ကျ ဖြစ်နေတာမဟုတ်သလို၊ ပုံသဏ္ဍာန်မဲ့နေတာလည်း မဟုတ်ဘူး။ ဗစ်ဂန်စတိုင်းရဲ့ 'မိသားစု ဆင်တူမှု'အတွင်း ကျွန်တော်တို့ ဆင့်ခေါ်သလို ပုံသဏ္ဍာန်ပြောင်းနိုင်တယ်။

ပျံ့နှံ့စိမ့်ဝင်မှုသဘာဝရဲ့ လက္ခဏာကတော့ အိုင်ဒီယိုလိုဂျီဟာ သူ့ရဲ့ အတွေးစိတ်ကူး၊ အယူအဆ၊ ယူဆချက်တွေနဲ့ အပြန်အလှန် ရောယှက်နေတယ်။ ဆုံမှတ်ပေါင်းများစွာမှာ ထိတွေ့ပြီး ရောယှက်နေတာပါ။ အဆင့်တစ်ဆင့်မှာ အိုင်ဒီယိုလိုဂျီက လက်ခံပေးထားတဲ့ အယူအဆတိုင်းဟာ ဆံချည်မျှင်အထုံးတစ်ထုံးလို သူတို့ဘာသာသူတို့ ထုံးဖွဲ့ယှက်သီနေတာ။ ဒီသဘောကြောင့်ပဲ ဒီမိုကရေစီ အယူအဆဟာ သူ့ဘာသာသူ မရပ်တည်နိုင်ပါဘူး။ သူ့မှာ အနည်းဆုံးအနေနဲ့ လူတစ်ယောက် မဲတစ်မဲပေးရမယ်ဆိုတဲ့ ညီမျှမှုယူဆချက်နဲ့ လွတ်လပ်မှုယူဆ ချက်တစ်ခုကတော့ ပါနေတာပါပဲ။ ဒါပေမဲ့ ညီမျှမှုနဲ့ လွတ်လပ်မှုဟာ သူ့ချည်း သက်သက်ကြည့်မယ်ဆိုရင်တော့ ယူဆချက်ပါပဲ။ ဒါကြောင့် ဒီမိုကရေစီဟာ အခြားအယူအဆတွေကနေ ကင်းကင်း



မနေနိုင်ပါဘူး။ သူ့အတွင်းက ယူဆချက်ရဲ့အချို့က ဒီမိုကရေစီအယူအဆ ဖွဲ့စည်းလာဖို့ အကူအညီပေးစဉ်မှာပဲ ယင်းယူဆချက်ရဲ့ အခြားအဓိပ္ပာယ်တွေက လိုက်စားနေပြန်ပါတယ်။ ဒါကြောင့် အခွင့်ထူးခံတွေသာလျှင် ညီမျှဖို့ဆိုတဲ့ ယူဆချက်အချို့က ဒီမိုကရက် တစ်တန်ဖိုးစံကို ဖြိုဖျက်ကောင်းဖြိုဖျက်မယ်။ ပြီးတော့ လူအုပ်စုတစ်စုအတွက် အမျိုးအစားခွဲထားတဲ့ လွတ်လပ်မှုဟာ အာဏာရှင်တွေလက်အောက်မှာတော့ တောင်းဆိုနိုင်တယ်။ နောက်ထပ်တစ်ခုက အိုင်ဒီယိုလိုဂျီတွေထဲမှာ ဖွဲ့စည်းပါဝင်နေတဲ့ အရာတွေဟာ တစ်ခုနဲ့ အပြန်အလှန် ဆက်နွယ်နေတာပဲ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံလွတ်လပ်မှုကို လစ်ဘရယ်ရော၊ ကွန်ဆာဗေးတစ်ပါ သဘောတူညီမှုရှိတယ်။ ကုန်ပစ္စည်းဖြန့်ဝေပုံအတွက် နိုင်ငံတော်ရဲ့ ဝင်ရောက်စွက်ဖက်မှု အချို့ကို လစ်ဘရယ်ရော၊ ဆိုရှယ်လစ်တွေကြားထဲမှာပါ သဘောတူပါတယ်။ အိုင်ဒီယိုလိုဂျီဆိုတာ သူတစ်ခုတည်း လုံအောင်ပိတ်လှောင်ထားတဲ့ အရာ မဟုတ်ဘူး။ တစ်ခုနဲ့တစ်ခု အလွှာအထပ်ထပ် ရောယှက်နေကြတာပါ။ ကျွန်တော်တို့အနေနဲ့ အိုင်ဒီယိုလိုဂျီတွေကို နိုင်ငံရေးအတွေးအခေါ်တွေ၊ အယူအဆတွေနဲ့ စကားလုံးတွေအတွက် ရောယှက်တည်နေတဲ့ အစဉ်ပုံစံတွေအဖြစ်တောင်မှ ရည်ညွှန်းနိုင်ပါတယ်။

အချိုးကျမှုရဲ့ လက္ခဏာကတော့ အယူအဆ အစုအပေါင်း ဒါမှမဟုတ် သီးခြားအကြောင်းအရာတစ်ရပ်ဆီကို ခွဲစီးဆင်းသွားတဲ့ အိုင်ဒီယိုလိုဂျီတစ်ခုဆီအတွင်းက နိူင်းရနေရာလွတ်ကို ညွှန်းတယ်။ အိုင်ဒီယိုလိုဂျီက သူ့ရဲ့ အဆိုတွေကို ဘယ်လိုတင်ပြသလဲဆိုတဲ့ မေးခွန်းရဲ့ အစိတ်အပိုင်းတစ်ခုပါပဲ၊ လွတ်လပ်မှု အဓိက ဝါဒီအများစုကတော့ တစ်သီးပုဂ္ဂလ လွတ်လပ်မှုကို အလွန်အကျူး အလေးအနက်ထားတယ်။ တခြားသော လစ်ဘရယ်တန်ဖိုးစံတွေဖြစ်တဲ့ ကြောင်းကျိုး ဆင်ခြင်မှု၊ လူမှုရေးအခန်းကဏ္ဍနဲ့ တိုးတက်မှုစတဲ့ အရာတွေကို နင်းခြေလိုက်ရတယ်။ သူတို့အတွက်ကတော့ တစ်သီးပုဂ္ဂလ လွတ်လပ်မှုလုံခြုံအောင် ထိန်းသိမ်းထားခြင်းဖြင့် ကန့်သတ်ထိန်းချုပ်မှုနည်းနိုင်သမျှနည်းအောင် ပြုမူတာဟာ နိုင်ငံရေးရဲ့ အဓိကအဆုံးသတ်ပဲ။ ဒီလိုလုပ်တဲ့အတွက် လူတစ်ဦးတစ်ယောက်ဟာ သူတို့ရဲ့ အမြင်ကျယ်မှုကို နှောင့်နှေးစေမယ့် ရွေးချယ်မှုတွေလုပ်ရင်တောင်မှ တစ်သီးပုဂ္ဂလ လွတ်လပ်မှုဟာ

အထက်ပါအတိုင်း အလုပ်လုပ်လိမ့်မယ်လို့ ဆိုတာပါ။ လွတ်လပ်မှု အဓိက ဝါဒီတွေဟာ လစ်ဘရယ်မိသားစုဝင်တွေများများ ဖြစ်လာလေလေ သူတို့ဟာ အကန့်အသတ်ရှိ အိုင်ဒီယိုလိုဂျီနေရာလွတ်အတွင်းက လွတ်လပ်မှုဆိုတဲ့ အကြောင်းအရာကို ချဲ့ထွင်လေပဲ။ ကျန်တဲ့ အကြောင်း အရာတွေကတော့ သေးငယ်တဲ့နေရာလေးထဲမှာ အဖိအညစ်ခံထားရမယ်။ လစ်ဘရယ်ဝါဒကို ခွဲခြမ်းစိတ်ဖြာသူတွေကတော့ ဒီဖြစ်စဉ်ဟာ လစ်ဘရယ်ဝါဒမှာ အချိုးမကျ ဖြစ်နေတာလို့ ဆုံးဖြတ်ကြလိမ့်မယ်။

ဒါဟာ အိုင်ဒီယိုလိုဂျီက ဘယ်သူ့ကိုဦးတည်ပြီး လူထုအပေါ် ကြီးကြီးမားမား အကျိုးသက်ရောက်ဖို့ရာ အကောင်းဆုံးစီစဉ်ပေးနိုင်မလဲဆိုတဲ့ မေးခွန်းပါပဲ။ စာရေးဆရာတွေနဲ့ အိုင်ဒီယိုလိုဂျီကို ပုံ့ပိုးအောင်လုပ်သူတွေဟာ ဘာကို လိုချင်နေတာလဲ? ရှင်းရှင်းလင်းလင်းပြောရရင်တော့ အမြင့်ဆုံး အကျိုးသက်ရောက်မှု၊ ထိုးဖောက်နိုင်မှုဆိုတာ သူတို့ရည်ရွယ်တဲ့ အိုင်ဒီယိုလိုဂျီ စားသုံးသူတွေနဲ့ အများကြီးသက်ဆိုင်နေတယ်။ ပုံ့ပိုးအောင်လုပ်သူတွေရဲ့ အိုင်ဒီယိုလိုဂျီအဆိုတွေက အရမ်းအသေးစိတ်လွန်းပြီး ရှုပ်ထွေးနေရင်၊ သူတို့ဟာ ပရော်ဖက်ရှင်နယ် နိုင်ငံရေး သီအိုရီပညာရှင်တွေနဲ့ ဒဿနပညာရှင်တွေကိုသာလျှင် ဆွဲဆောင်နိုင်မယ်။ ယုံကြည်လက်ခံသူ စုဆောင်းရေး ဆိုတဲ့ အမြင်နဲ့ကြည့်ရင် အိုင်ဒီယိုလိုဂျီ အလံအောက်မှာ ဘယ်သူမှ ရှိမှာ မဟုတ်ဘူး။ အကယ်၍များ အဆိုတွေဟာ အလွန်ယေဘုယျဆန်လွန်းပြီး လကမ္ဘာပေါ်ကနေ ကမ္ဘာမြေပေါ် သေနတ်နဲ့ ပစ်လိုက်သလိုမျိုးဖြစ်နေရင်တောင်မှ ဒါဟာ နိုင်ငံရေးကနေ တင်းကွာနေတဲ့သူ၊ နိုင်ငံရေးကို စိတ်မဝင်စားသူတွေကို ကျေနပ်ကောင်း ကျေနပ်စေနိုင်လိမ့်မယ်။ ဒါပေမယ့် သီးသန့်နိုင်ငံရေးပေါ်လစီလမ်းကြောင်းကို လုပ်ကိုင်ဖို့အတွက် လမ်းညွှန်ချက်တစ်ခု အဖြစ်နဲ့ ရည်ရွယ်ချက်မရှိတဲ့ သတင်းအချက်အလက်ဟာ ပညာရှင်ဆန်ဆန် အလုပ်လုပ်လို့ရပုံ မပေါက်ပါဘူး။ နိုင်ငံရေးဘာသာစကားကို အသုံးပြုသူတွေရဲ့ ကြောင်းကျိုးဆင်ခြင်ထိန်းချုပ်မှုနဲ့ မဆက်စပ်မိတဲ့အတွက် အလုပ်မဖြစ်ဘူးလို့ ယူခဲ့ကြတာပါ။

## အခန်း(၅)
## နိုင်ငံရေးအကြောင်းတွေးခြင်း

## အခန်း(၅)
## နိုင်ငံရေးအကြောင်းတွေးခြင်း

အိုင်ဒီယိုလိုဂျီဆိုတာ နိုင်ငံရေးအကြောင်းတွေးခေါ်ပုံ ပုံစံတစ်ခုပဲ။ ဒါပေမယ့် ကျွန်တော်တို့စိတ်ထဲမှာ နှစ်ခုမှတ်ထားသင့်တယ်၊ ပထမတစ်ခုက အိုင်ဒီယိုလိုဂျီဟာ တွေးခေါ်ပုံနည်းသက်သက် မဟုတ်ဘူး။ အရာရာတိုင်းဟာ အိုင်ဒီယိုလိုဂျီဆိုင်ရာ ဖြစ်တယ်။ ဂန္တဝင်မာ့က်စ်ဝါဒီတွေရဲ့ အသုံးချမှုနဲ့ နိုင်ငံရေးအတွေးအခေါ် ပုံသဏ္ဍာန်အားလုံးမှာ အိုင်ဒီယိုလိုဂျီဆိုင်ရာရှုထောင့် ရှိတယ်။ ဒါကတော့ ယခုကျွန်တော်ပြောနေတဲ့ ပြောဆိုချက်နှစ်ခုကြားမှာ ကြီးမားတဲ့ ကွဲပြားခြားနားမှုရှိတယ်။ ဒုတိယတစ်ခုကတော့ အိုင်ဒီယိုလိုဂျီရဲ့ အသေးငယ်ဆုံး အစိတ်အပိုင်းအထိ ခွဲခြားစိတ်ဖြာကြည့်တဲ့ ရှုပ်ရင်းစိစစ်မှု ဖြစ်ပြီး အိုင်ဒီယိုလိုဂျီကို ချဉ်းကပ်တဲ့ နည်းလမ်းတွေထဲကတစ်ခုသာ ဖြစ်တယ်။ အိုင်ဒီယိုလိုဂျီလေ့လာသူဟာ အိုင်ဒီယိုလိုဂျီထဲက အပြုသဘော အချက်တွေကို နှိုက်ထုတ်နိုင်ဖို့ရာ လေ့လာပုံနည်းလမ်းတစ်ခုထက်ပိုပြီး တပ်ဆင်ထားဖို့လိုအပ်တယ်။

### ညီမျှပေမယ့်လည်း ကွဲပြားတဲ့အရာလား?

နိုင်ငံရေးကို အဆင့်မြင့်မြင့်တွေးခေါ်ခြင်းမှာ အကြီးအကျယ် ကိုလိုနီပြုကျင့်လာသူကတော့ နိုင်ငံရေးဒဿနပညာပါပဲ။ နိုင်ငံရေးဒဿနပညာက နိုင်ငံရေးသီအိုရီလေ့လာမှုကို ယူဆောင်လာတယ်။ သူတို့က ကိုယ်ကျင့်တရားဆိုင်ရာ မှန်ကန်ကောင်းမွန်မှု၊ လောဂျစ်ကျနမှု၊ နိုင်ငံရေးဒဿနပညာထဲက အငြင်းပွားဖွယ်ရာအရာတွေအပေါ် မေးခွန်းထုတ်တာကို လုပ်ကြတယ်။ ရှေးဂရိခေတ်မှာကတည်းက စလာခဲ့တာပါ။ ဂရိခေတ်မှာ နိုင်ငံရေးဒဿနပညာရှင်တွေဟာ ကောင်းမွန်တဲ့အဖြေကို တည်ဆောက်ဖို့သာလျှင် စိတ်စွဲနေတယ်။ ကိုယ်ကျင့်တရားအရ သင့်တင့်ကောင်းမွန်တာနဲ့ အသိပညာအရ ဆွဲဆောင်တဲ့ အဖြေတွေကို အခြေခံပြီး နိုင်ငံရေးကိုစဉ်းစားတယ်။ တရားမျှတမှုဆိုတာဘာလဲ။ ဒါမှမဟုတ် နိုင်ငံတော်ကို ဘာကြောင့် နာခံသင့်သလဲဆိုတဲ့ မေးခွန်းတွေကို မေးခဲ့ကြတယ်။ လွန်ခဲ့တဲ့ နှစ် ၄၀၀ လောက်မှာ



တော့ တိုးတက်လာပြီး၊ ကောင်းမွန်တဲ့ နိုင်ငံရေးဆိုင်ရာ ငြင်းခုံစရာတွေကို အာရုံစိုက်လာကြတယ်။ သူတို့ရဲ့ အဖြေတွေ အတွင်းပိုင်းရှေ့နောက် ညီညွတ်မှု၊ ကြောင်းကျိုးဆင်ခြင်မှုနဲ့ ပြည့်စုံ ခြင်း၊ အယူအဆပိုင်းဆိုင်ရာကို ခွဲခြားသတ်မှတ်ဖို့စွမ်းရည်၊ ဆင်ခြင်မှုရဲ့ လောဂျစ်စတဲ့ လမ်းကြောင်း၊ ထုတ်ယူဆင်ခြင်မှု၊ ခြုံယူဆင်ခြင်မှု စသဖြင့် တွေးခေါ်ပုံကို မြှင့်လာကြတယ်။ အကောင်းလား၊ အဆိုးလား၊ အမှန်လား၊ အမှားလား၊ တရားဝင်သလား၊ မဝင်သလားစတဲ့ အရာတွေဟာ နိုင်ငံရေးတွေးခေါ်ပညာရှင်တွေ၊ သူတို့ဆွေးနွေးတဲ့ ပြဿနာရပ်နဲ့စပ်လျဉ်းပြီး အဓိကထားမေးတဲ့ မေးခွန်းတွေပါပဲ။

ဒဿနပညာရှင်များစွာက သူတို့ရဲ့တွေးခေါ်ခြင်း ကုမ္ပဏီထဲမှာ အမှန်တရားဆိုတဲ့ အသိတစ်ခုနဲ့ လမ်းညွှန်အလုပ်လုပ်ကြတယ်။ ပြီးတော့ သူတို့ထဲက အများစုဟာ အိုင်ဒီယိုလိုဂျီတွေရဲ့ 'အမှန်တရားတွေ'ကို အထင်သေးပုံပေါက်တယ်။ ဒဿနပညာရှင်တွေက သမရိုးကျအားဖြင့် အိုင်ဒီယိုလိုဂျီအကြောင်း တွေးခေါ်ခြင်းဟာ အရည်အသွေးညံ့ဖျင်းတဲ့ တွေးခေါ်ခြင်းသာဖြစ်ပြီး ပညာရှင်ဆန်ဆန် စမ်းစစ်မှုကို ဘာမျှကောင်းကျိုးမပေးဘူးလို့ အခိုင်အမာဆိုကြတယ်၊ သူတို့တွေ ဘာတွေပဲဆိုဆိုပါ ဒဿနပညာရှင်တွေဟာ ပညာရှင်ဆန်ဆန် တွေးခေါ်သူတွေပဲ။ သူတို့ရဲ့ ရည်ရွယ်ချက်က သူတို့လေ့လာလိုက်စားတဲ့ မေးခွန်းတွေရဲ့ နူးညံ့သိမ်မွေ့မှုနဲ့ အရည်အသွေးကို ထိန်းချုပ်ဖို့ဖြစ်တယ်။ သူတို့က အငြင်းပွား အခွန့်တက်ဖွယ်ရာ လုပ်ငန်းကြီးကိုသာ တန်ဖိုးထားတယ်။

ဒီလိုဆိုတဲ့အတွက် ဒဿနပညာရှင်တွေဟာ အိုင်ဒီယိုလိုဂျစ်တွေ မဟုတ်ပါဘူးလို့ စောဒတတက်ဖို့မဟုတ်ဘူး။ အဓိကအားဖြင့် သူတို့ဟာ သူတို့ကိုယ်သူတို့ အိုင်ဒီယိုလိုဂျစ်တွေအဖြစ် မမြင်နိုင်ကြတာပါ။ သူတို့ရဲ့ အိုင်ဒီယိုလိုဂျီက မကြာခဏဆိုသလို သူတို့ကို အဓိပ္ပာယ်မြောက်မြားစွာ၊ ရည်ရွယ်ချက်မြောက်မြားစွာနဲ့ အဖော်ပြုလိုက်တယ်။ ဒါကြောင့် ဒဿနပညာရှင်တွေဟာ နိုင်ငံရေးယုံကြည်မှုရဲ့ ကျင့်ဝတ်ဆိုင်ရာပြဿနာတွေကို ဖြေရှင်းဖို့ရာလုပ်ပေးတဲ့ လူမှုပဋိညာဉ်သီအိုရီတွေကို ထုတ်လုပ်ပေးတယ်။ ဆိုလိုတာက သဘာဝအခွင့်အရေးတွေကို ကာကွယ်ခြင်းဟာ အစိုးရတစ်ခုရဲ့ အမိန့်နာခံခြင်းဆီ အပြန် အလှန်အားဖြင့် ပြန်ရွေ့သွားတယ်။ ဒါ့အပြင်

လူသားသဘာဝဖြစ်တဲ့ကြောင်း ကျိုးဆင်ခြင်မှုသဘာဝကို လေးစားဖို့ရာ လူမှုပဋိညာဉ်နဲ့ လူမှုပဋိညာဉ်ကနေတစ်ဆင့် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ဖို့ ဖြစ်နိုင်ခြေအဖြစ် ဖန်တီးပေးတယ်။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီ ခရီးဆောင်အိတ်ကြီးထဲမှာ ဂန္တဝင်လစ်ဘရယ်ဝါဒက အိုင်ဒီယိုလိုဂျီရဲ့ မြောက်မြားစွာသော လက္ခဏာတွေကို ခိုးကြောင်ခိုးဝှက်သော်လည်းကောင်း၊ ဒါမှမဟုတ် မသိစိတ်ထဲကသော်လည်းကောင်း သယ်ဆောင်တယ်။ ဥပမာ လူမှုပဋိညာဉ်ကို တည်ဆောက်တဲ့အခါ တစ်သီးပုဂ္ဂလလူသားအပေါ် လေးစားခြင်းကို အမိကနိုင်ငံရေးအက်တာအဖြစ် ပိုကြိုက်နှစ်သက် ကတည်းက အိုင်ဒီယိုလိုဂျီဆိုင်ရာကို သယ်ဆောင်တာပါပဲ။

အိုင်ဒီယိုလိုဂျီဟာ ဆွဲဆောင်စည်းရုံးတဲ့ အဆိုတွေပေးအပ်ဖို့ ဆန္ဒရှိပါတယ်။ ဒါပေမယ့် သူတို့ရဲ့ အလုပ်ကိုလုပ်တဲ့နေရာမှာတော့ ဆန္ဒရှိရာနဲ့ တွဲပြားခြားနားစွာ အလုပ်လုပ်ပါတယ်။ သူတို့ထဲက တစ်ချို့က နိုင်ငံရေးဒဿနပညာရှင်တွေရဲ့ တက်ခနိတွေနဲ့တူအောင်၊ သာအောင်ကြိုးစားတယ်။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီသတင်းအချက်အလက်တွေဟာ ဒဿနနည်းနာနဲ့ လေ့ကျင့်ပျိုးထောင်မခံရတဲ့ ပညာတတ်ပြည်သူတွေ နားလည်သွားပြီဆိုတဲ့နေရာမှာ ရပ်သွားတယ်။ လစ်ဘရယ်ဝါဒနဲ့ ဆိုရှယ်လစ်ဝါဒဟာ ဒီလိုအလုပ်လုပ်တဲ့ အိုင်ဒီယိုလိုဂျီတွေပဲ။ လူ့အဖွဲ့အစည်းထဲမှာ ဝေဖန်ပိုင်းခြား သတိပြုမိလာအောင် လုပ်တယ်။ ကြောင်းကျိုးဆင်ခြင်မှုအားဖြင့် သူတို့ကို ယုံကြည်လာစေတယ်။ သူတို့ ပေးအပ်တဲ့အရာမှာ မပြတ်မသားဖြစ်နေတဲ့ အခြားအိုင်ဒီယိုလိုဂျီတွေလည်း ရှိပါတယ်။ အကြောင်းကတော့ အိုင်ဒီယိုလိုဂျီကို ထုတ်လုပ်သူတွေကိုယ်တိုင်က သူတို့ရဲ့အဆိုတွေအပေါ် သင့်တင့်လျောက်ပတ်အောင် မတွေးနိုင်ခဲ့တာကြောင့် ပါသလို၊ သူတို့အပေါ်ပေးအပ်မယ့် အတိုင်းအတာအထိ ပိုပြီးဆွေးနွေးနေတာကြောင့်ဖြစ်လာတဲ့ မရေရာမသေချာမှုကြောင့်လည်း ပါပါတယ်။ ၁၉၈၈ သမ္မတရွေးကောက်ပွဲမှာ ဂျော့ချ်ဘုရှ်စီနီယာရဲ့ "ကျုပ်နှုတ်ခမ်းတွေကို ကြည့်ကြပါ။ နောက်ထပ် အခွန်အကောက်ဆိုတာ မရှိစေရဘူး" ကြွေးကြော်သံဟာ နာမည်ကြီးလှပါတယ်။ ဒီအိုင်ဒီယိုလိုဂျီရဲ့နေရာက ပစ္စုပ္ပန်အတွင်းက ဝင်ငွေခွဲဝေဖြန့်ဖြူးကိုဖော်ပြနေပြီး ပစ္စည်းပိုင်ဆိုင်သူတွေထံ အယူခံဝင်ဖို့ ဒီဇိုင်းဆင်ထားတာပါပဲ။ အသေအချာဆိုရရင်



အိုင်ဒီယိုလိုဂျီတွေဟာ နိုင်ငံရေးအုပ်စုကြီးကြီးမားမားရဲ့ အကျိုးအမြတ်ကို ဆွဲဆောင်ဖို့လိုတယ်။ ဒဿနပညာရှင်ကတော့ အဲဒီလိုမလုပ်ပါဘူး။ ဒဿနပညာရှင်အတွက်ကတော့ သူတို့ရဲ့ လုပ်ဖော်ကိုင်ဖက် ဒဿနပညာရှင်တွေကျေနပ်ဖို့ ပထမဆုံးအနေနဲ့ လိုအပ်တယ်။ သူတို့ရဲ့ အောင်မြင်မှုစမ်းသပ်ချက် သူတို့ရည်ရွယ်တဲ့ ပရိယာယ်အပေါ် ကြောင်းကျိုးဆင်ခြင်မှုရှိရှိ ဆွဲဆောင်ဖို့နဲ့ တခြားသော ဒဿနပညာရှင်တွေ သဘောတူလက်ခံဖို့ပဲ။ တကယ်လို့များ သူတို့ရဲ့သီအိုရီဟာ ပိုပြီးကျယ်ပြန့်တဲ့ ပရိသတ်ကို ရှာပေးတယ်ဆိုရင်တော့၊ ဒါက အပိုဆုပါပဲ။ ဒါပေမယ့် အပိုဆုကိုရဖို့က သူတို့ရဲ့ စိတ်ကူးအတွေးအခေါ်တွေကို အစွန်းရောက် အနက်ပြန်ပြဖို့ လိုအပ်ပါလိမ့်မယ်။ အိုင်ဒီယိုလိုဂျီကို ထုတ်လုပ်သူတွေကတော့ သူတို့ရဲ့ နိုင်ငံရေးဘာသာစကား စုပေါင်းဆုံးဖြတ် ချက်ချမှတ်ခြင်းတွေအပေါ် အကူအညီပေးမယ့် ထင်ရှားတဲ့အုပ်စုတွေကို စည်းရုံးနိုင်ဖို့ ပထမဆုံး လိုအပ်ပါတယ်။ ဒါကလည်း သူတို့ရဲ့အောင်မြင်မှုအတွက် စမ်းသပ်ချက်ပါပဲ။

ဆွေးနွေးငြင်းခုံစရာတွေအပေါ် အိုင်ဒီယိုလိုဂျီအရ ဖြေရှင်းတဲ့အခါ ကြောင်းကျိုးဆင်ခြင်မှုပါတဲ့အဆိုရော ကြောင်းကျိုးဆင်ခြင်မှုမပါတဲ့ အဆိုတွေပါ ရောယှက်ပြီး ရှင်းလင်းရပါတယ်။ လက်ဝဲနဲ့လက်ယာနှစ်ခုစလုံးရဲ့ အိုင်ဒီယိုလိုဂျီတွေဟာ ဒီလိုနေရာမှာ အတော်ကလေးကျွမ်းကျင်ကြတယ်။ သူတို့ဟာ သူတို့ရဲ့ ကြောင်းကျိုးညီညွတ်တဲ့ ငြင်းခုံချက်တွေကို စုစည်းညီညွတ်မှု၊ သွေးသားရင်းချာ မျိုးချစ်စိတ်၊ ဂုဏ်သိက္ခာ၊ နယ်မြေအပေါ်ခုခံမှု၊ ကြောက်ရွံ့မှု၊ လက်စားချေမှုစတဲ့ စိတ်လှုပ်ရှားခံစားမှုပြ ဝေါဟာရတွေကိုပါ ယူသုံးပြီး တစ်ခုခုနဲ့တစ်ခု ယှက်နွယ်ထားတယ်။ စိတ်လှုပ်ရှားမှုကို နှိုးဆွခြင်းဟာ အိုင်ဒီယိုလိုဂျီတွေအတွက် အလွန်တရာ အသုံးဝင်တဲ့ ဖြတ်လမ်းတိုတစ်ခုပါပဲ။ ဒါဟာ တုံ့ပြန်မှုကိုရရှိဖို့ရာ ထိရောက်ပြီး ဘာမျှတောင်းဆိုစရာမလိုတဲ့ နည်းလမ်းပါပဲ။ အုပ်စုတစ်ခုထဲမှာ စိတ်လှုပ်ရှားမှု ပျံ့နှံ့ခြင်းဟာ လျှင်မြန်တယ်။ ပြီးတော့ ကြာရှည်ခံတယ်။ ဘာသာစကား ဒါမှမဟုတ် နယ်မြေတွေကိုကျော်လွန်ပြီး အမျိုးသားရေးတိုက်ပွဲတွေ ဆင်နွှဲခဲ့တဲ့ ပါဝါ၊ ဘာသာရေး၊ စိတ်ကူးယဉ်ဝါဒကို အိုင်ဒီယိုလိုဂျီနဲ့ နိုင်ငံရေးဆွေးနွေးစရာလက်နက်အဖြစ် အသုံးချခဲ့တာ၊ ပြီးတော့ အလယ်အလတ် နိုင်ငံရေးသမားတွေတောင်မှ အလက်ာ

ဆိုင်ရာဝေါဟာရတွေကို အမြဲသုံးစွဲပြီး ဆန့်ကျင်ဘက်အမြင်တွေကို သိက္ခာချခဲ့တာတွေက သက်သေခံနေတယ်။ "လွတ်လပ်မှုကိုပေးပါ၊ ဒါမှမဟုတ် သေခြင်းတရားကို ပေးပါ"၊ "အခြေခံအကျဆုံးတွေဆီ ပြန်လှည့်ကြ" "ကမ္ဘာ့အလုပ်သမားများ ပေါင်းစည်းကြ"ဆိုတဲ့ စကားတွေဟာလည်း ဥပမာအချို့ပါပဲ။ ဒီအကြောင်းအရာကိုတော့ အခန်း(၉)မှာ ကျွန်တော် ရှင်းပါမယ်။

အတိုချုံးပြောရရင် အိုင်ဒီယိုလိုဂျီဟာ နိုင်ငံရေးဒဿနပညာနဲ့ အတော်ကလေးကွဲပြားတဲ့ အသိပညာဆိုင်ရာ စွန့်စားချက်တစ်ခုအဖြစ် နားလည်ခံစားမိဖို့ လိုအပ်ပါတယ်။ အိုင်ဒီယိုလိုဂျီဟာ နိုင်ငံရေးအချက်အလက်အတွင်း ခိုင်မြဲစွာအမြစ်တွယ်နေတဲ့ နိုင်ငံရေးကိရိယာတစ်ခုပါပဲ။ သူ့ကိုလည်ပတ်ပေးသူတွေနဲ့ ထုတ်လုပ်သူတွေဟာ နိုင်ငံရေးဒဿနပညာရှင်အများစုထက် နိုင်ငံရေးအပေါ် စိတ်အားထက်သန်မှုအသိပိုပြီး ဝေးကွာတယ်။ အိုင်ဒီယိုလိုဂျီတွေဟာ နိုင်ငံရေးဒဿနရဲ့ လက္ခဏာမျိုး၊ နိုင်ငံရေးအတွေးအခေါ်တွေ ရှိသင့်ရှိထိုက်တဲ့ စံပြပုံစံမျိုးမဟုတ်ဘူး။ ဒါပေမယ့် လူမှုရေးအုပ်စုတွေစားသုံးဖို့အတွက် ယင်းအုပ်စု အမှန်တကယ်ထုတ်လုပ်လိုက်တဲ့ နိုင်ငံရေးအတွေးအခေါ် အစဉ်ပုံစံတွေကိုတော့ ထွေးပိုက်ထားတယ်။ ဒါကြောင့် အိုင်ဒီယိုလိုဂျီတွေကို ဘယ်လိုမှတ်ကျောက်စံ အရင်းအမြစ်တစ်ခုအပေါ် အခြေခံပြီး ဆုံးဖြတ်ချက်ချသင့်သလဲ။ အိုင်ဒီယိုလိုဂျီတွေဟာ သူတို့တည်ရှိရာ ကာလတရားနဲ့ နေရာဒေသဆိုင်ရာ အဆက်အစပ်တွေနဲ့ ဆက်စပ်မှုရှိသလား။ အိုင်ဒီယိုလိုဂျီတွေကို လူ့အဖွဲ့အစည်း ရင်ဆိုင်နေရတဲ့ အရေးကြီးဆုံးပြဿနာရပ်တွေနဲ့ ဆက်စပ်နေတဲ့ အဆင့်အတန်းအရ တိုင်းတာသင့်တယ်။ ပြီးတော့ အိုင်ဒီယိုလိုဂျီက ပေးအပ်လိုက်တဲ့ အဖြေတွေကို ထင်ရှားတဲ့ အုပ်စုတွေက အလုပ်ဖြစ်တဲ့အရာအဖြစ် သတ်မှတ်သလား၊ မသတ်မှတ်ဘူးဆိုတာနဲ့ တိုင်းတာရမယ်။ အိုင်ဒီယိုလိုဂျီတွေကရော နိုင်ငံရေး စနစ်တစ်ခုလျှောက်လှမ်းမယ့်လမ်းကြောင်းအပေါ် အကျိုးသက်ရောက်နိုင်စွမ်း ရှိရဲ့လား? အိုင်ဒီယိုလိုဂျီတွေဟာ သူတို့တောင်းဆိုတဲ့ လေးစားမှု၊ သူတို့ကိုင်စွဲတဲ့ ဩဇာအာဏာအဆင့်အတန်းနဲ့ ဆက်စပ်နေတယ်။ ပြီးတော့ ဆုံးဖြတ်ချက်ပြုလုပ်ရတဲ့ အဝန်းအဝိုင်းထဲမှာ စိမ့်ဝင်ပျံ့နှံ့နေတယ်။ အိုင်ဒီယိုလိုဂျီတွေဟာ သူတို့အပေါ် ယုံကြည်ကိုးကွယ်သူနဲ့ ထောက်ခံသူတွေကို စုဆောင်းခြင်းမှာ ဘယ်လောက်



များ ထိရောက်မှုရှိသလဲ? ဒီသဘောက အိုင်ဒီယိုလိုဂျီတွေ အသုံးချတဲ့ ဘာသာစကားနဲ့ ဆက်စပ်နေတယ်။ သူတို့ပေးလိုက်တဲ့ သတင်းအချက်အလက်တွေ၊ သူတို့သယ်ဆောင်လာတဲ့ အပြုအမူတွေဟာ လူတွေရဲ့ စိတ်လိုလက်ရတုံ့ ပြန်မှုကို အကောင်းဆုံးနှိုးဆွသလား၊ မနှိုးဆွသလားနဲ့လည်း ဆိုင်တယ်။ အိုင်ဒီယိုလိုဂျီတွေဟာ မူဝါဒအဆိုတစ်ခုအဖြစ် ဆွဲဆောင်သလား? အိုင်ဒီယိုလိုဂျီ အများစုကတော့ ကိုယ်ကျင့်တရားစံတွေကို တန်ဖိုးထားကြတယ်။ ပြီးတော့ ပိုမိုကောင်းမွန်တဲ့ လူမှုရေးဘဝရဲ့ ရည်ရွယ်ချက်ကို ဖော်ပြတယ်။ ဒါမှမဟုတ် အနည်းဆုံးအနေနဲ့ တည်ရှိပြီးသား တန်ဖိုးစံတွေကို ကာကွယ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် လက်ယာစွန်းနဲ့ အကြွင်းမဲ့အာဏာပိုင်ဝါဒဆိုင်ရာ အိုင်ဒီယိုလိုဂျီတွေကြားထဲမှာ ချွင်းချက်တွေတော့ ရှိတာပါပဲ။ တစ်ခါတလေကျတော့လည်း လူနည်းစုရဲ့ ဘဝအနည်းငယ်လောက်ကို ပိုမိုကောင်းမွန်စေပြီး လူများစုရဲ့ ဒုက္ခကို လစ်လျူရှုထားတဲ့ ပုံပျက်ပန်းပျက်အသိတွေ ပါဝင်ကောင်း ပါဝင်နေတတ်တယ်။

နိဂုံးချုပ်ရရင် အိုင်ဒီယိုလိုဂျီသက်သက်ကိုသာ ကျွန်တော်လေ့လာစူးစမ်းမှုလုပ်ချင်တာ မဟုတ်ပါဘူး။ အိုင်ဒီယိုလိုဂျီလေ့လာသူတွေနဲ့ပတ်သက်ပြီးပါ လုပ်ချင်ခဲ့ပါတယ်။ အိုင်ဒီယိုလိုဂျီတွေကို လေ့လာခြင်းဟာ သူတို့ကိုထုတ်လုပ်ခြင်းနဲ့ မတူပါဘူး။ လေ့လာခြင်းက အိုင်ဒီယိုလိုဂျီတွေကို ခွဲခြမ်းစိတ်ဖြာဖို့၊ နားလည်ဖို့၊ ကြိုးစားမှုတစ်ခုဖြစ်တော့ကာ လူမှုရေး၊ နိုင်ငံရေးသွင်ပြင်တို့နဲ့ပတ်သက်တဲ့ ဘယ်လိုကျောင်းသားတွေမဆို သူတို့ရဲ့ နယ်ပယ်အကျိုးအမြတ်အတွက် စပ်လျဉ်းပြီး လုပ်မှာပါပဲ။ အိုင်ဒီယိုလိုဂျီတွေအပေါ် လေ့လာသူ ပထမဆုံးမေးဖို့ လိုအပ်တဲ့ မေးခွန်းဟာလည်း အိုင်ဒီယိုလိုဂျီရဲ့ အရည်အသွေးနဲ့ ဆက်စပ်မနေဘူး။ ကျင့်ဝတ်ဆိုင်ရာရပ်တည်ချက် ဒါမှမဟုတ် အသိပညာဆိုင်ရာအလေးချိန်တို့နဲ့ ဆက်စပ်နေတာမျိုး မဟုတ်ဘူး။ လေ့လာသူတွေ မေးဖို့လိုတာက အိုင်ဒီယိုလိုဂျီဟာ သူတို့ ထုတ်လုပ်သူတွေနဲ့ စားသုံးသူတွေအတွက် အမှန်တရားတစ်ခုဖြစ်ဖို့၊ မှန်ကန်ဖို့၊ နားလည်လာစေဖို့ရာ ဘာတွေပါဝင်နေဖို့လိုသလဲ ဆိုတာပါပဲ။ ကျွန်တော်တို့ဟာ အိုင်ဒီယိုလိုဂျီကို ချီးပနေတာထက် အိုင်ဒီယိုလိုဂျီထဲမှာ ပါဝင် နေတဲ့ ယူဆချက်တွေကို နားလည်ရပါမယ်။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ အိုင်ဒီယိုလိုဂျီတိုးပွား

အောင်လုပ်သူတွေရဲ့ ဖိနပ်တွေထဲကိုလည်း ထည့်ထားဖို့ လိုအပ်တယ်။ ပြီးတော့ သူတို့ရဲ့စကားတွေ၊ စကားလုံးတွေကိုဖတ်တဲ့အခါ တတ်နိုင်သမျှ ဘက်မလိုက်တာ ဒါမှမဟုတ် ထောက်ထားမှုတစ်ခုခုတော့ဖြင့် လိုအပ်တယ်။ တကယ်လို့များ ကျွန်တော်တို့ဟာ ဒဿနနဲ့ လောဂျစ်ကျကျ ခွဲခြားစိတ်ဖြာမှု၊ ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးဖြတ်ခြင်းတွေကို အိုင်ဒီယိုလိုဂျီရုပ်ဝတ္ထုထဲ ပါဝါအပြည့်နဲ့ ထည့်ဝင်လမ်းညွှန်ပစ်လိုက်မယ်ဆိုရင် ယင်းအိုင်ဒီယိုလိုဂျီရုပ်ဝတ္ထုဟာ ဖိအားတွေအောက်မှာ ပြိုကျသွားမယ်။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီအဆိုတွေ မျှော်လင့်ချက်မဲ့လောက်အောင် အပြစ်အနာအဆာတွေရှိနေတယ်လို့ ကောက်ချက်ဆွဲမယ့်အစား ကျွန်တော်တို့ဟာ မှားယွင်းတဲ့ စစ်ဆေးရေးကိရိယာကို အသုံးပြုနေတယ်။ ဒါကြောင့် အဓိကအချက်အလက် လွတ်ထွက်သွားတယ်လို့ ပိုမိုဉာဏ်ပညာရှိရှိ ဆုံးဖြတ်ချက်ချကြရမှာ ဖြစ်တယ်။

ဥပမာ အမျိုးသားရေးဝါဒဟာ ပေါ့ပျက်ပြီး ရှေးဟောင်းမှုလအရင်းအမြစ်အဆိုတွေနဲ့ ရှုပ်ထွေးနေတယ်။ လေးနက်တဲ့ ဒဿနဆိုင်ရာ ဝေဖန်ချက်တွေကို မခံနိုင်ဘူးရယ်လို့ ဒဿနပညာရှင်အချို့က စီရင်ဆုံးဖြတ်ကြတယ်။ ဒါကြောင့်လည်း အမျိုးသားရေးဝါဒရဲ့ နိုင်ငံရေးအရ အကျိုးသက်ရောက်မှုကို အိုင်ဒီယိုလိုဂျီတစ်ခုအဖြစ် နားလည်ချင်သူတွေ ဘယ်သူ့အတွက်မဆို အမျိုးသားရေးဝါဒဟာ သေလုမျောပါး ဖြစ်သွားရတာပါပဲ။ နောက်ထပ်မဆက်ခင် ဘာကြောင့် လူပေါင်းမြောက်မြားစွာက အမျိုးသားရေးဝါဒဟာ သူတို့လူ့အဖွဲ့အစည်းဟာ အခြားလူ့အဖွဲ့အစည်းတွေထက် မြင့်မားဖို့ရာ အခွင့်အထူးအဖြစ်ကြောင်း ကျိုးဆင်ခြင်မှုပြည့်ဝစွာ တွေးတောနေကြသလဲ။ ပြီးတော့ အမျိုးသားနိုင်ငံဟာ အပြုအမူတွေကို စိတ်လှုပ်ရှားမှုအပြည့်နဲ့ ဘာကြောင့်များ ပြုမူနေကြသလဲဆို တာကို ကျွန်တော်တို့ သိဖို့လိုအပ်တယ်။ ပိုပြီးယေဘုယျဆန်ဆန်ပြောရရင် လူတွေ သူတို့ရဲ့ လူမှုရေးလောကတွေကို အနက်ပြန်လာနိုင်ဖို့ အချက်အလက်အဖြစ် ပြုလုပ်နိုင်ဖို့ရာ သိစိတ်ရှိရှိဖြစ်စေ၊ မသိမသာဖြစ်စေ ပြုလုပ်ထားတဲ့ ကြိုတင်ယူဆချက်တွေကို အဓိပ္ပာယ်ဖွင့်စစ်ကြည့်ဖို့လိုတယ်။ ဒါမှမဟုတ် လူတွေ သူတို့ရဲ့လောကနဲ့ ပတ်သက်တဲ့ ထုတ်ဖော်ချက်တွေ၊ အမှားတွေကို လုပ်နိုင်ဖို့ရာ ကြိုတင်ယူဆချက်တွေကို စိစစ်ကြည့်ဖို့ပေါ့လေ။ ဒီလိုလုပ်လိုက်ပြီဆိုရင်တော့ နိုင်ငံရေးနယ်နိမိတ်ထဲမှာ



အိုင်ဒီယိုလိုဂျီတွေကို နေရာချဆက်လက်လုပ်ကိုင်လာနိုင်ပါပြီ။ အိုင်ဒီယိုလိုဂျီတွေဟာ နိုင်ငံရေးအလေ့အကျင့်မှန်သမျှထဲကို ထိုးဖောက်ဝင်ရောက်မယ့် အတွေးနဲ့အပြုအမူအတွဲ ပုံသဏ္ဌာန်တစ်ခုအဖြစ် အိုင်ဒီယိုလိုဂျီက လုပ်လာပြီ။ အဲဒီနောက်မှာတော့ ကျွန်တော်တို့က အိုင်ဒီယိုလိုဂျီဟာ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ အလုပ်လုပ်သလဲ။ သီးသန့်အိုင်ဒီယိုလိုဂျီတွေကရော ဘာရည်ရွယ်ချက်တွေ ထပ်ပေါင်းအလုပ်လုပ်သလဲ? ဒါဆိုရင်ဖြင့် ကျွန်တော်တို့တွေဟာ အိုင်ဒီယိုလိုဂျီတွေ ဘယ်လိုအလုပ်လုပ်သလဲဆိုတဲ့ အခြေခံကို ရှင်းလင်းထုတ်ဖော်နိုင်ပါပြီ။

အယူအဆဆိုင်ရာသမိုင်း

နိုင်ငံရေးအတွေးအခေါ်ကို လေ့လာတဲ့ နောက်ထပ်အစဉ်အလာတစ်ခုကတော့ မကြာသေးခင်ကမှ အယူအဆဆိုင်ရာသမိုင်းဆိုတဲ့ အလံအောက်မှာ ပေါ်ထွက်လာတယ်။ အယူအဆဆိုင်ရာသမိုင်းဆိုတာ အဓိကနိုင်ငံရေးအယူအဆတွေရဲ့ အဓိပ္ပာယ်တွေကို အချိန်ကာလအားဖြင့် လေ့လာစူးစမ်းတဲ့ နည်းလမ်းတစ်ခုပါပဲ။ လေ့လာစူးစမ်းတဲ့နေရာမှာ ကာလတရားကို အခြေပြုပြီး တဖြည်းဖြည်းဖြစ်ထွန်းလာတဲ့ အသိရော၊ ကာလတရား အဆက်အစပ်ပြတ် တောက်မှုတွေကိုပါ စူးစမ်းတယ်။ ဒီလေ့လာပုံနည်းက အယူအဆတွေဟာ သူတို့ သမိုင်းရဲ့ အဆက်အစပ်တွေထက် အတွေးစိတ်ကူးတွေက ပုံဖော်ပေးလိုက်တဲ့ ပြင်ပအဖြစ်အပျက်နဲ့ အလေ့အကျင့်တွေကို အမြဲထင်ဟပ်တယ်ဆိုတဲ့ ယူဆချက်ရဲ့ အစိတ်အပိုင်းတစ်ခုပါပဲ။ အယူအဆသမိုင်းရဲ့ ခေါင်းဆောင်သမိုင်းပညာရှင် ကတော့ ကိုဆဲလ်လပ်စ်ပဲ။ သူဟာ ခေတ်သစ်သမိုင်းရဲ့ အယူအဆတွေဟာ နိုင်ငံရေးဝေါဟာရတွေနဲ့ အစားထိုးဖော်ပြလို့မရတော့ဘူးဆိုရင် အယူအဆတွေပိုပြီး ဖြပ်မဲ့ဆန်၊ ယေဘုယျဆန်လာတယ်လို့ ဆိုတယ်။ "ညီမျှမှု"ဆိုတဲ့ ဝေါဟာရကို သူ့ရဲ့ အဓိပ္ပာယ်အကုန်လုံးကို မခြုံငုံမိပေမယ့် လိုလားနှစ်သက် ဖွယ်ရာ အယူအဆအဖြစ် သာမန်အားဖြင့် လက်ခံထားကြတယ်။ အယူအဆဆိုင်ရာသမိုင်းဆရာတွေက အဓိပ္ပာယ်တွေ အချိန်ကာလအလိုက် ပေါ်ထွက်လာပုံ ဒိုင်ယာခရောနစ်သဘောကိုရော၊ အဓိပ္ပာယ်တွေကို ကာလတရားတစ်ခုမှာ တည်ဆောက်ပုံတွေဖြစ်တဲ့

ဆင်ခရောနစ်နည်းနဲ့ပါ ရောယှက်လေ့လာပုံတွေကိုပါ အလေးအနက်ထားကြတယ်။ သရုပ်ဖော်ပြရရင် ယနေ့ ကျွန်တော်တို့ရဲ့ ပစ္စုပ္ပန်အတွင်းက တည်ဆောက်တဲ့ ဆင်ခရောနစ်(ဝါ)အခွင့်အရေးကို ပုဂ္ဂလရပိုင်ခွင့်အဖြစ် သိမှတ်နားလည်ထားမှုဖြစ်တဲ့ တစ်သီးပုဂ္ဂလဝါဒဟာ အချိန်ကာလအလိုက် တဖြည်းဖြည်း ဖြစ်ထွန်းပြောင်းလဲလာပြီး တစ်သီးပုဂ္ဂလလူသား အပေါ်လေးစားဖို့ ကြီးကြီးမားမားထည့်ဝင်မှုနဲ့ အာဏာရှင်တွေထံကနေ ကာကွယ်ဖို့ စိတ်ဆန္ဒစတဲ့ အချိန်ကာလအရ ဖြစ်ထွန်းလာတဲ့သဘော(ဝါ) ဒိုင်ယာခရောနစ်လေ့လာပုံတွေကနေ ပေါင်းစပ်ဖွံ့ဖြိုးလာအောင်လုပ်တာပါ။ အပြန်အလှန်အားဖြင့်ဆိုရရင် ပစ္စုပ္ပန်ကာလအတွင်း တည်ဆောက်မှုတွေကလည်း ကျွန်တော်တို့ရဲ့ အတိတ်ကာလအခွင့်အရေးအပေါ် နားလည်မှုတွေကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုတာပါပဲ။ ဒါကြောင့် ဒီလိုအပြန်အလှန်ရောယှက်နေတာကြောင့်လည်း အယူအဆတွေကို သဘာဝဆိုင်ရာနဲ့ ရှာဖွေတွေ့ရှိမှုဆိုင်ရာအရာတွေအဖြစ် ကြာရှည်ရှင်းပြဖို့ မဖြစ်နိုင်တော့ဘူး။ ဒါပေမယ့် လူမှုရေးဆိုင်ရာနဲ့ တီထွင်ဖန်တီးမှုဆိုင်ရာအရာအဖြစ်တော့ ရှင်းပြနိုင်တယ်။

အယူအဆဆိုင်ရာသမိုင်းရဲ့ သီအိုရီတွေက သူတို့အမြင်တွေကို ဘာသာဗေဒကနေ ငှားတယ်။ အကျိုးဆက်ကတော့ အဓိပ္ပာယ်ပညာနယ်ပယ်နဲ့ ဆင်တူလာပြီး သူတို့ဟာ နိုင်ငံရေးဘာသာစကားထဲက အဓိပ္ပာယ်တွေအပေါ် ကာလတရားနဲ့ နေရာဒေသနှစ်ခုစလုံးအရ ရှုမြင်တယ်။ ဒီရှုထောင့်က တစ်ချို့ နိုင်ငံရေးဒဿနပညာရှင်တွေရဲ့ အလေ့အကျင့်ကနေ ထွက်ပေါ်လာတဲ့ အကြွင်းမဲ့ယူနီဗာဆယ်သဘာဝအယူအဆနဲ့ ဘာသာဗေဒပညာရှင်အများစုရဲ့ အချိန်ကာလကို ဖယ်ချန်ပြီးကြည့်တဲ့ ဆင်ခရောနစ်လေ့လာပုံနဲ့ လုံးဝကွဲပြားခြားနားသွားတယ်။ ဒါပေမယ့် ဂျာမန်ကနေ အဓိကမြစ်ဖျားခံထွက်လာတဲ့ ဖွင့်ဆိုရှင်းလင်းပညာ အစဉ်အလာပေါ်ကနေ ကြီးမားစွာဆွဲယူထားတယ်။ အယူအဆ သမိုင်းပညာရှင်တွေက အယူအဆတွေရဲ့ "မှန်ကန်တဲ့"အဓိပ္ပာယ်ကို ဆုံးဖြတ်ရာမှာ လူမှုရေးပဋိပက္ခတွေဟာ အရေးတကြီးပါဝင်ပတ်သက်နေကြောင်းကို ဝန်ခံကြတယ်။ နိုင်ငံရေးပါတီတွေ၊ အုပ်စုတွေ၊ အကျိုးအမြတ်တွေဟာ သာမန်အားဖြင့်တိုက အခြေခံအယူတွေအပေါ် ပြိုင်ဆိုင်ဆန့်ကျင်နေကြတယ်။ ဒါမှမဟုတ်ရင် အငြင်းပွားဖွယ်ရာအချက်တွေကို



ကာကွယ်ခုခံကြတယ်။ အချို့အတွက်ကတော့ ရွေးကောက်ပွဲကာလမှာ နိုင်ငံရေးအီလစ်တွေ သဟဇာတဖြစ် ဖြစ် တာဝန်ယူနိုင်စွမ်းရှိရမယ်။ လူထုရဲ့ အကျိုးအမြတ်ဆိုတာကိုလည်း လေထုသန့်ရှင်းတာ အမျိုးသားကျန်းမာရေးဝန်ဆောင်မှုနဲ့ ဥပဒေပြုမှုတွေဟာ ပွင့်လင်းမှုရှိတာအဖြစ် ထင်မြင်ကြတယ်။ ဒါမှမဟုတ် ကာကွယ်ရေး၊ သတင်းအချက်အလက်တွေကို အစိုးရက အကာအကွယ်ပေးဖုံးအုပ်တာ၊ သပိတ်တွေကို တားဆီးတာအဖြစ် အငြင်းပွားဖွယ်ရာကို ကာကွယ်ခုခံဖို့ဘက်ကို တိမ်းပြီးယူကြတယ်။

ရှင်းတာတစ်ခုကတော့ အယူအဆသမိုင်းရဲ့ အိုင်ဒီယိုလိုဂျီအပေါ် ခေတ်ပြိုင်လေ့လာပုံကြားထဲကနေ ခိုင်မာတဲ့ဆက်နွယ်မှုတစ်ခုကို ရရှိလိုက်တာပါပဲ။ အဓိပ္ပာယ်တွေ အမျိုးမျိုးပြောင်းလဲနေတာ၊ ပဋိပက္ခဖြစ်နေတာ၊ အဆက်အစပ်ကို ကြည့်ရတာ၊ ပညာရပ်နယ်ပယ်ရဲ့ ဖြစ်တည်မှုကို တွက်ရတာဟာ အယူအဆတွေရဲ့ အဓိပ္ပာယ်မှာ ဘုံတူကိုင်စွဲထားတဲ့ လက္ခဏာတွေပဲ။ အထူးသဖြင့် ကိုဆဲလပ်ခ်က အဓိပ္ပာယ်ရဲ့ မိုးကုတ်စက်ဝိုင်းတွေ ရွှေ့လျားသွားတဲ့ အတွေးအခေါ်ကို အဆိုပြုတယ်။ အယူအဆတွေရဲ့ အဓိပ္ပာယ်ဟာ ပစ္စုပ္ပန် မိုးကုတ်စက်ဝိုင်းနဲ့ အတိတ်ကာလမိုးကုတ်စက်ဝိုင်း(ဝါ)ရှုထောင့်အမြင်တွေ ပေါင်းစပ်ခြင်းအပေါ် မှီခိုနေတယ်။ ဥပမာ ၁၉ ရာစုလစ်ဘရယ်အိုင်ဒီယိုလိုဂျစ်တွေကနေ အတိတ်ကာလက ဂရိတွေနဲ့ စိတ်ကူးစံဒီမိုကရေစီအပေါ် ရည်ညွှန်းကိုးကားချက်ဟာ ၁၉ ရာစုအမြင်ဖြစ်တဲ့ လွတ်လပ်စွာပြောဆိုခွင့်နဲ့ ဒီမိုကရေစီရဲ့ မြင့်မြတ်မှုအပေါ်ထားတဲ့ အသိတွေ ရောယှက်ပါဝင်နေတယ်။

အယူအဆဆိုင်ရာ သမိုင်းဆရာတွေဟာ သူတို့သုံးစွဲတဲ့ အရင်းအမြစ်တွေအပေါ် ဒဿနပညာရှင်တွေလောက် ဇီဇာမကြောင်လှဘူး။ ဒဿနပညာရှင်တွေ နှစ်သက်မြတ်နိုးတဲ့ ရှေးဂန္ထဝင်စာတွေဟာ သူတို့စိတ်ဝင်စားတဲ့ အရာများစွာထဲက တစ်ခုသာလျှင်ဖြစ်တယ်။ သူတို့က သတင်းစာ၊ လက်ကမ်းစာစောင်၊ မိန့်ခွန်း၊ ပါတီကြေညာချက်နဲ့ တရားဝင်ထုတ်ဝေမှုတွေကို လေ့လာရတာ ပျော်ကြတယ်။ ဒဿနပညာရှင်တွေရဲ့ အီလစ်ဆန်လွန်းတဲ့ လုပ်ဆောင်ချက်တွေကနေ ရွှေ့လျားသွားပြီး အိုင်ဒီယိုလိုဂျီလေ့လာသူကျောင်းသားတွေရဲ့ အသည်းနှလုံးနဲ့ နီးစပ်သွားတယ်။ ဒီနေရာမှာတော့

PDF CREATOR - NYEYADHAMMA@GMAIL.COM



ဒဿနပညာရှင်တွေနဲ့ အယူအဆ သမိုင်းပညာရှင်တွေဟာ သာမန်နိုင်ငံရေး မိန့်ခွန်းနဲ့ အတွေးတွေကို နားလည်အောင်လုပ်ကြပုံခြင်း ပြန်ပြီးတူညီနေတယ်။ အခုလိုကြည့်လိုက်တာဟာ နယ်ပယ်နှစ်ခုအတွင်းက ဘုံတူအရာနဲ့ ယေဘုယျသဘောကို ရှာဖွေကြည့်တာဖြစ်ပြီး အိုင်ဒီယိုလိုဂျီကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာဖို့ထက် အိုင်ဒီယိုလိုဂျီတွေ စံပုံစံ သွပ်သွင်းဝင်ရောက်သွားပုံရဲ့ အရေးပါတဲ့အဆင့်ကို ဖော်ပြတာဖြစ်တယ်။ လေ့လာမှုတွေက အိုင်ဒီယိုလိုဂျီတွေကို ကိုယ်လေ့လာစူးစမ်းချင်တဲ့ သွင်ပြင်လက္ခဏာတွေရဲ့ ပတ်ပတ်လည်ထဲကို စံပုံစံနိုင်ငံရေးသုတေသနတွေလုပ်ရင်း ခေါ်ဆောင်သွားတယ်။

အယူအဆသမိုင်းပညာရှင်တွေက ကာလတရားဟာ အယူအဆတွေကို လေ့လာတာ၊ အိုင်ဒီယိုလိုဂျီတွေကို ချဲ့ထွင်တာမှာ အရေးပါတဲ့ ဒိုင်မင်းရှင်းတစ်ခုဆိုတာကို သတိပေးနေတယ်။ စိတ်ကူးအတွေးအခေါ် သမိုင်းပညာရှင်တွေလည်း ဒါမျိုးလုပ်ခဲ့ဖူးတယ်။ ဒါပေမယ့် အတိတ်ကာလကို ချဉ်းကပ်တဲ့အခါ သူတို့ရဲ့အားနည်းချက်က အယူအဆတစ်ခုရဲ့ သမိုင်းကို သူ့ရဲ့ အဆက်အစပ်ကနေ ကင်းကွာပြီး ဖြပ်မဲ့ဆန်ဆန်လေ့လာတာပဲ။ လွတ်လပ်မှု သမိုင်းကို တင်ပြကြတဲ့အခါမှာ လွတ်လပ်မှုရဲ့ အဓိပ္ပာယ်တွေဟာ ရှေးခေတ် ကာလကနေ ယနေ့အထိ အဓိပ္ပာယ်တွေ တဖြည်းဖြည်းဖြစ်ထွန်းပြောင်းလဲသွားသလိုလို၊ အဲဒီအဓိပ္ပာယ်နဲ့ပဲ ကျေနပ်ပြီးဆုံးသွားသလိုမျိုး မကြာခဏ တင်ပြခဲ့ကြတယ်။ သမိုင်းပညာရှင် ကွမ်တင်စကင်းနားနဲ့ အခြားသမိုင်းပညာရှင်တွေက စိတ်ကူးအိုင်ဒီယာတွေ အဆက်အစပ် ပြတ်တောက်မှုသဘောကို နားလည်ဖို့ရာ အရေးကြီးတဲ့အတွက် ပတ်ဝန်းကျင်အဆက်အစပ်တွေ၊ ပါဝင်သူတွေနဲ့ စာရေးဆရာတို့ရဲ့ ရည်ရွယ်ချက်တွေကို ဦးတည်ပြီး သုတေသနပြုရမယ်ဆိုတဲ့ အမြင်ကို ဖော်ထုတ်တယ်။ ကာလတရားဟာ အပြန်အလှန် သက်ရောက်မှုရှိနေတဲ့ ဖက်တာတစ်ခုဖြစ်ပြီး တည်နေရာတစ်ခုထဲမှာ ရှိနေဖို့သာ မကဘူး၊ ဖွဲ့စည်းတည်ဆောက်မှုတွေကိုပါ လုပ်တယ်။ ကာလတရားဟာ ဘာနဲ့မှ မပတ်သက်တဲ့ နာရီမြည်သံသက်သက် မဟုတ်ဘူး။ လူသားရဲ့ စိတ်ဆန္ဒထဲမှာ ညွတ်ဝင်ကိန်းအောင်းနေသလို၊ လူသားရဲ့ စိတ်ကူးကွန့်မြူးခြင်းထဲမှာ စိမ့်ဝင်ပျံ့နှံ့နေတာပါ။ ကာလတရားအပေါ် အမျိုးမျိုးသော ယူဆချက်တွေဟာ ကွဲပြားခြားနားတဲ့ အိုင်ဒီယိုလိုဂျီ တိမ်းညွတ်မှုအမျိုးမျိုးကို



သက်ဝင်လှုပ်ရှားစေတယ်။ အောက်ပါဇယားကိုကြည့်ရင် ဒီသဘောကို တွေ့ရပါမယ်။

| အိုင်ဒီယိုလိုဂျီ | ကာလတရား |
|---|---|
| မူလအခြေအနေကို ပြန်လှည့်သွားချင်နေတဲ့ အမြင် | ကာလတရားအသေဖြစ်နေမယ်၊ အချိန်ကာလထဲက သီးသန့်အမှတ်တစ်ခုမှာ စွဲမြဲနေမယ် |
| အစဉ်အလာဆိုင်ရာ | ထပ်ခါတလဲလဲလုပ်တယ်၊ ကာလတရားစက်ဝိုင်းထဲမှာပဲ လည်ပတ်နေတယ်။ |
| ဉာဏ်အလင်းပွင့်ကွန်ဆားဗတစ် | အတိတ်ကာလရဲ့ တွေ့ကြုံခံစားမှုတွေကို သယ်ဆောင်ရင်း တည်ဆောက်ထားတယ် |
| ဂန္တဝင်လစ်ဘရယ် | ပြောင်းလဲမှုသဘောမဆိုစလောက်ပါပြီ။ လူသားဟာ ပြောင်းလဲမှုအသေးလေးတွေကို ထုတ်ပေးမယ်၊ |
| ဆိုရှယ်ဒီမိုကရက်တစ် | တဖြည်းဖြည်းဖြစ်ထွန်းပြောင်းလဲမှု အချိန်ကာလအရ အမြဲတမ်း တရွေ့ရွေ့ ပြောင်းလဲနေတယ် |
| တော်လှန်ရေး | အဆုံးမှာအမြဲ ဒါမှမဟုတ်ပန်းတိုင်တစ်ခု အမြဲရှိတဲ့သဘော။ ပြောင်းလဲမှုကို အဆုံးသတ်အခြေအနေတစ်ခုက ပြဋ္ဌာန်းထားတယ်။ |
| ဖက်ဆစ် | အသစ်ပြန်လည်တည်ဆောက်စရာ၊ အာရုံဦးအသစ်က စတင်ဖြိုခွဲနေပြီ |
| ယူတိုပီးယား | ဒဏ္ဍာရီဆန်ဆန် ဒါမှမဟုတ် ရဖို့ရာမလွယ်တဲ့ အနာဂတ်ကာလ |

လူမှုရေးနဲ့ သမိုင်းဆိုင်ရာအချိန်ကာလဟာခိုင်မာတဲ့ အချက်အလက်အချို့ပေါ်မှာသာ မှီခိုနေတာ။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီရဲ့ အဓိကလက္ခဏာတစ်ခုက အချိန်ကာလကိုအခြေခံထားတဲ့ ဒိုင်ယာခရောနစ်အချက်အလက်နဲ့ အချိန်ကာလတစ်ခုအတွင်း သီးခြားနေတဲ့ ဆင်ခရောနစ်အချက်အလက်နှစ်ခုစလုံးကို စိတ်ကူးကွန့်မြူးမှုဆိုင်ရာ ကွန်ယက်ဆီ ရွေးချယ်ဆက်သွယ်ပေးဖို့ဖြစ်တယ်။ အိုင်ဒီယိုလိုဂျီတွေက အဆက်အစပ်ပြတ်တောက်နေတာတွေကို အဆက်အစပ်နဲ့ ဖြစ်လာစေတယ်။ ကျဘမ်းအရာတွေ အစီအစဉ်ညီညီ ညွတ်ညွတ်နဲ့ တိုးတက်မှုသဘော ဆောင်လာမယ်၊ အဆုံးသတ်မှာ အပွင့်သဘောရှိနေမယ်။ ဒါမှမဟုတ်လည်း ဖိနှိပ်မှုနဲ့ အပိတ်သဘောဖြစ်လာမယ်။ အယူအဆသမိုင်းနဲ့ အိုင်ဒီယိုလိုဂျီတွေအပေါ် လေ့လာမှုဟာ ကျွန်တော်တို့ရဲ့ အနာဂတ်ကို ရွေးချယ်တဲ့အခါ လူသားအေဂျင်စီတွေကို သတိထားမိလာအောင် လုပ်ပေးတယ်။ ဒါပေမယ့် သတိထားမိအောင်လုပ်တယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ရွေးချယ်မှုအတွင်း လည်ပတ်အလုပ်လုပ်နေတဲ့ ထိန်းချုပ်မှုအထွေထွေတွေကို သတိထားမိလာအောင် လုပ်တာဖြစ်တယ်။ မာ့က်စ်ရဲ့ အဆိုတစ်ခုက အိုင်ဒီယိုလိုဂျီစိစစ်မှုဟာ အာရုံစိုက်စရာတွေကို ထင်ဟပ်ပေးတယ်။

> လူတွေသူတို့ရဲ့သမိုင်းကို သူတို့ဖန်တီးကြတယ်။ ဒါပေမယ့် သူတို့က ကြိုက်သလိုတော့ဖန်တီးကြတာမဟုတ်ဘူး။ သူတို့ကိုယ်တိုင် ရွေးချယ်ထားတဲ့အခြေအနေတွေအောက်မှာ ဖန်တီးနိုင်တာလည်းမဟုတ်ဘူး။ ဒါပေမယ့် အဲဒီအခြေအနေတွေအောက်အတိတ်ကာလနဲ့ တိုက်ရိုက်ကျကျတွေ့ကြုံရတာ၊ အတိတ်ကာလကပေးအပ်ထား၊ အတိတ်ကာလထုတ်လုပ်ထားတာတွေနဲ့ တွေ့ရမယ်။

အတိတ်ကာလ အထုပ်အပိုးတွေက အိုင်ဒီယိုလိုဂျီစိစစ်သူတွေကို စိတ်ဝင်စားဖွယ်ရာနည်းလမ်းတွေနဲ့ ကန့်သတ်ထားတယ်။ စိစစ်သူတွေက ဒီကန့် သတ်ချက်တွေကနေတစ်ဆင့် ပိုမိုကောင်းမွန်တဲ့လမ်းကြောင်းထဲ တိုးဝင်ကြည့် ရမယ်။ "မိသားစုဆင်တူမှု"အသိကလည်း ပညာရှင်တွေကို ဗစ်ဂန်စတိုင်းရဲ့ ကီရိယာကိုင်စွဲပြီး ဆိုရှယ်လစ်ဝါဒသွေးကြောတွေကို ရည်ညွှန်းလာစေတယ်။ အကြောင်းကတော့ မာ့က်စ်ဝါဒချဉ်းကပ်ပုံရဲ့



ဗဟိုချက်မှာ အိုင်ဒီယိုလိုဂျီဟာ အထက်အောက်ဖွဲ့စည်းမှုရှိနေတယ်လို့ယူတယ်။ ဒီအမြင်ကို အိုင်ဒီယိုလိုဂျီဟာ ဆုံးဖြတ်ရမရေရာတဲ့ အဓိပ္ပာယ်တွေသယ်ဆောင်လာတယ်ဆိုတဲ့ အမြင်က စိန်ခေါ်လိုက်တယ်။ အိုင်ဒီယိုလိုဂျီရဲ့ ဆုံးဖြတ်ရမရေရာတဲ့ အဓိပ္ပာယ်တွေက ပိုများပြားပြီး ဗဟုသဘောဆောင်တဲ့ အပြောင်းအလဲအမျိုးမျိုး ထွက်ပေါ်လာစေတယ်။ အခြားတစ်ဖက်ကလည်း အိုင်ဒီယိုလိုဂျီဟာ သူတို့ရဲ့ သမိုင်းဆိုင်ရာ ဖွဲ့စည်းပုံကြောင့် သူတို့ဟာ နိုင်ငံရေးအစဉ်အလာတွေကို ဖွဲ့စည်းတဲ့အတွက်ကြောင့် ဖွင့်ဆိုရှင်းလင်းသိပ္ပံပညာရှင်တွေ ဆွေးနွေးသလို ပိုပြီးပွင့်နေတဲ့ ဖတ်ရှုစရာ(ဝါ) တက်စ်တွေနဲ့ ကွဲပြားခြားနားတယ်လို့ ကျွန်တော်တို့ ဖိပြောခဲ့ကြပြီးပါပြီ။ အဆုံးစွန်ဆုံးထပ်ပြောရင်တော့ အိုင်ဒီယိုလိုဂျီတွေကို လေ့လာမှုဟာ လက်တွေ့စမ်းသပ်လုပ်ကိုင်ထားတဲ့ အချက်အလက်အပေါ်မှာ အခြေခံရပါမယ်။ အကြောင်းကတော့ အိုင်ဒီယိုလိုဂျီဟာ တစ်စုတစ်ပေါင်းတည်း တည်ရှိနေတဲ့ နိုင်ငံရေးအတွေးအခေါ်ရဲ့ အမှန်တကယ် ထုတ်ဖော်ပြသချက်တွေအပေါ် စိတ်ဝင်စားလို့ပါပဲ။

သီးခြားယုံကြည်မှုအစုအဝေးတစ်ခုဟာ အိုင်ဒီယိုလိုဂျီ(B)ရဲ့ အစိတ်အပိုင်းထက် အိုင်ဒီယိုလိုဂျီ(A)ရဲ့ အစိတ်အပိုင်းသာဖြစ်ကြောင်း ကျွန်တော်တို့ ဘယ်လိုဆုံးဖြတ်ကြမလဲ? ဒါဟာ ကိုယ့်ကိုယ် အဓိပ္ပာယ်ဖွင့်ဆိုမှု (လစ်ဘရယ်ဝါဒီတွေအားလုံးက သူတို့ကိုယ်သူတို့ လစ်ဘရယ်အဖြစ် တောင်းဆိုကြသလို)နဲ့ အခြားသော အဓိပ္ပာယ်ဖွင့်ဆိုမှု (လစ်ဘရယ်ဆိုတာ အခြားပြင်ပက ဩဇာလွှမ်းမိုးမှုရှိသူက သူတို့ဖွင့်ဆိုထားတဲ့ မှတ်ကျောက်စံအရ လစ်ဘရယ်ဖြစ်ရကြောင်း ကြော်ငြာတာမျိုး)နှစ်ခုကြား ဟန်ချက်တစ်ခုပါပဲ။ အဒေါ့ဖ်ဟစ်တလာရဲ့ သူ့ကိုယ်သူ အမျိုးသားဆိုရှယ်လစ်ဝါဒီအဖြစ် တောင်းဆိုမှုဟာ အမျိုးအစား ခွဲခြားရေးပြဿနာတစ်ရပ်ကို ဖွင့်လှစ်လိုက်တာပါပဲ။ နာဇီဝါဒဟာ အမျိုးသားရေးဝါဒလှည့်ကွက်နဲ့ ဖော်ဆောင်ထားတဲ့ ဆိုရှယ်လစ်ဝါဒရဲ့ ရှုထောင့်အမြင်တစ်ခုလား? ဒီနေရာမှာ ကိုယ့်ကိုယ်ကို အဓိပ္ပာယ်ဖွင့်ဆိုမှုဟာ မလုံလောက်တော့ပါဘူး။ ဒါပေမယ့်လည်း နာဇီဝါဒဟာ ဆိုရှယ်လစ်ဝါဒမဟုတ်ဘူးလို့ အလွယ်တကူဆိုမယ့်အစား ကိုယ့်ကိုယ် အဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ် လက်တွေ့စမ်းသပ်မှုတွေ လုပ်ဖို့လိုတယ်။ ကျွန်တော်တို့တွေဟာ

ဆိုရှယ်လစ်ဝါဒလို့ဆိုထားတဲ့ စာအုပ်ပေါင်းများစွာဖတ်ရမယ်လို့ပဲ ဆိုပါစို့၊ ခိုင်မာတဲ့လက္ခဏာတစ်ချို့ဟာ ကျွန်တော်တို့ရဲ့ စာဖတ်ခြင်းကနေ ထွက်ပေါ်လာလိမ့်မယ်။ ပြီးတော့ ဒီလက္ခဏာတွေကို အခြေခံပြီး အမျိုးသားဆိုရှယ်လစ်ဝါဒဆိုတာ တမင်သက်သက် ရည်ရွယ်ချက်ရှိရှိ လမ်းလွှဲထားပြီး နာဇီဝါဒဟာ အမှန်တကယ်ပဲ ကွဲပြားခြားနားတဲ့ အိုင်ဒီယိုလိုဂျီ တိရစ္ဆာန်တစ်ကောင်ဖြစ်၊ မဖြစ်ဆိုတာကို ဆုံးဖြတ်ချက်ချနိုင်တယ်။ အယူအဆ သမိုင်းပညာရှင်တွေ အသိအမှတ်ပြုထားကြသလိုပဲ၊ အထက်ပါ အိုင်ဒီယိုလိုဂျီ (ဝါ)ဖတ်ရှုစရာ တက်စ်တွေဟာ အတိတ်ကာလက အပြန်အလှန်အားဖြည့်ရင်းဖြစ်လာတဲ့ အဓိပ္ပာယ်တွေကို စုစည်းထားတာပဲ။ ဒီအဓိပ္ပာယ်တွေထဲကနေ ကျွန်တော်တို့ လုံးဝလွတ်မြောက်နိုင်တယ်ဆိုတာ မရှိပါဘူး။ အိုင်ဒီယိုလိုဂျီကို "ဆိုရှယ်လစ်ဝါဒ"ရယ်လို့ တံဆိပ်ကပ်ခြင်းဟာ သူ့ကိုယ်သူ သီးခြားအမှတ်လက္ခဏာတစ်ခုထဲ ထည့်လိုက်တာပါပဲ။ ဒီအမျိုးအစားခွဲထားတဲ့ သီးခြားအမှတ်လက္ခဏာကပဲ အယူအဆတွေ လွတ်လပ်စွာရွေ့လျားမယ်။ အနာဂတ်လှုပ်ရှားမှုကို ထိန်း ချုပ်ကန့်သတ်လိုက်တယ်။ ပြီးတော့ နိုင်ငံရေးလောကထဲ အပြုအမူတွေကို ပုံဖော်လွှမ်းမိုးတဲ့အရာ၊ နိုင်ငံရေးအပြုအမူတွေကို စည်းကမ်းထိန်းချုပ်မယ့်အရာ ဖြစ်လာတော့တာပါပဲ။

## အခန်း(၆)
## မတ်ခရို အိုင်ဒီယိုလိုဂျီများ

## အခန်း(၆)
## မတ်ခရို အိုင်ဒီယိုလိုဂျီများ

အိုင်ဒီယိုလိုဂျီတွေကို နည်းလမ်းအမျိုးမျိုးနဲ့ စိစစ်တာ ခဏလောက်ထားလိုက်ပြီး နိုင်ငံရေးအိုင်ဒီယိုလိုဂျီတွေ မွေးစားခံယူခဲ့တဲ့ ပုံသဏ္ဌာန်တွေကို ခြုံငုံလေ့လာကြည့်ရအောင်ပါ။ ၂၀ ရာစုတစ်လျှောက်လုံး လွှမ်းမိုးဆဲ အိုင်ဒီယိုလိုဂျီတွေဟာ အမြေထွက်ပြီးသား အတွေးအခေါ်တွေထက် လူ့အဖွဲ့အစည်း ရင်ဆိုင်နေရတဲ့ နိုင်ငံရေးပြဿနာကြီးတွေဆီ လှည့်လာတယ်။ မတ်ခရိုအိုင်ဒီယိုလိုဂျီတွေဟာ နိုင်ငံနဲ့ နိုင်ငံတကာအဆင့်နှစ်ခုစလုံးအပေါ် လူ့မှုရေးနဲ့ နိုင်ငံရေးဆိုင်ရာ တောင်းဆိုမှုနဲ့ လွှမ်းမိုးမှုတွေကို ရှာဖွေတယ်။ လစ်ဘရယ်ဝါဒ၊ ကွန်ဆာဗေးတစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ ဖက်ဆစ်ဝါဒ၊ ကွန်မြူနစ်ဝါဒနဲ့ အခြားသော အဓိကမိသားစုကြီးတွေက သူတို့ရဲ့ ကိုယ်ပိုင်အခွင့်အရေးအရ နိုင်ငံရေးဇာတ်လိုက်တွေအဖြစ် ပြန်လည်နိုးထလာတယ်။ အမှန်ကတော့ ပြီးခဲ့တဲ့ ၂၀ ရာစု အချိန်ကာလတော်တော်များများဟာ မကြာခဏဆိုသလို သွေးမြေကြပြီး တိုက်ပွဲတွေပဲ ဖြစ်နေခဲ့ရတာပါ။ အိုင်ဒီယိုလိုဂျီတွေဟာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ပြီး ခေတ်သစ်ကမ္ဘာကြီးရဲ့ နိုင်ငံရေးတွေ့ကြုံခံစားမှုကို ပုံဖော်ပေးတယ်။

ခေတ်သစ်အိုင်ဒီယိုလိုဂျီအများစုဟာ နိုင်ငံရေးလှုပ်ရှားမှု ဒါမှမဟုတ် နိုင်ငံရေးပါတီပုံစံမှာ အင်စတီကျူးရှင်းအဖြစ် ခံယူအလုပ်လုပ်တယ်။ တကယ်လို့ အိုင်ဒီယိုလိုဂျီတွေဟာ အကြံအစည်ပေးအပ်တာတွေ ဒါမှမဟုတ် လူထုပေါ်လစီတွေချမှတ်ရာမှာ အပြိုင်အဆိုင်ဖြစ်နေကြတယ်လို့ဆိုရင် အံ့ဩစရာမဟုတ်တော့ဘူး။ ဒါပေမယ့် ကွန်ဆာဗေးတစ်ပါတီနဲ့ လစ်ဘရယ်ပါတီတို့ ရပ်တည်တဲ့ အရာနဲ့ ကွန်ဆာဗေးတစ်ဝါဒ ဒါမှမဟုတ် လစ်ဘရယ်ဝါဒတို့ ထပ်တူကျနေမယ်လို့ ယူဆတာဟာ အမှားတစ်ခုဖြစ်နေဆဲပါပဲ။ အိုင်ဒီယိုလိုဂျီတွေဟာ နိုင်ငံရေးပါတီတွေ ဖော်မြူလာချတာကြောင့် ထွက်လာတာမျိုး မရှိသလောက်ပဲ။ အိုင်ဒီ ယိုလိုဂျီတွေနဲ့ ဆက်စပ်နေတဲ့ နိုင်ငံရေးပါတီတွေနဲ့ လုပ်ငန်းတွေက အိုင်ဒီယိုလိုဂျီတွေကို ချက်ချင်းစားသုံးနိုင်တဲ့ ပုံစံမျိုးနဲ့ တင်ပြတာ၊ သိသာထင်ရှားတဲ့ အကျိုးကျေးဇူးရှိကြောင်း မြင်လာစေတာပါ။ အဲဒီလို



ရှည်လျားတဲ့ အိုင်ဒီယိုလိုဂျီ လမ်းကြောင်းတစ်ခု အဆုံးသတ်မှာမှ ပါတီတွေက သူတို့ရဲ့ လုပ်ငန်းကြီးတွေကို လည်ပတ်တယ်။ အိုင်ဒီယိုလိုဂျီတွေဟာ ပါတီအတွင်းက အုပ်စုတွေကြားကသော် လည်းကောင်း၊ ဒါမှမဟုတ် ပါတီအပြင်က အုပ်စုတွေကြားကသော်လည်းကောင်း ထွက်ပေါ်လာတယ်။ ဒီအုပ်စုတွေမှာ အသိပညာရှင်တွေ ဒါမှမဟုတ် စကားပြောကျွမ်းကျင်ပိုင်နိုင်သူတွေပါမယ်။ သူတို့တွေက သူတို့ယုံကြည်ချက်တွေကို ပိုပြီး ပေါ်ပြူလာဖြစ်လာအောင် ဒါမှမဟုတ် ပိုပြီးရှုပ်ထွေးသွားအောင် မကြာခဏဆိုသလို ပြောဆိုကြမှာဖြစ်တယ်။

အိုင်ဒီယိုလိုဂျီတွေကို သူတို့ရဲ့ ယုံကြည်ချက်အဆက်အစပ်အရ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ လစ်ဘရယ်ဝါဒနဲ့ ကွန်ဆာဗေးတစ်ဝါဒ နောက်ဆုံးဖက်ဆစ်ဝါဒဆိုပြီး လက်ဝဲကနေ လက်ယာရွေ့လျားပြောဆိုလေ့ရှိတယ်။ မကြာသေးခင်ဖြစ်ပေါ်လာတဲ့ ကြိုးပမ်းချက်တွေက ဒီလိုလက်ဝဲမှ လက်ယာအစီအစဉ်ကို စိန်ခေါ်လိုက်တယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နိုင်ငံရေးအတွေးအခေါ်ပညာရှင်တွေက သူတို့ကိုယ်သူတို့ လက်ဝဲလည်းမဟုတ်၊ လက်ယာလည်းမဟုတ် သူတွေအဖြစ် ဖော်ပြကြတယ်။ ဒါပေမယ့် ဖက်ဆစ်ဝါဒရဲ့ ရှထောင့်အမြင် တစ်ချို့ဟာလည်း လက်ဝဲလည်းမဟုတ်၊ လက်ယာလည်း မဟုတ်ပါပဲ။ ပြီးတော့ ၁၉၉၀ ခုနှစ်များမှာ ရောဂါထလာတဲ့ တတိယအုပ်စုတွေကလည်း အိုင်ဒီယိုလိုဂျီ နိုင်ငံရေးတွေနဲ့ ဒိုက်ယာလက်တစ်အမြင်ကို ပေါင်းစည်းဖို့ရာ နှစ်မြှုပ်ကြတယ်။ ဒီလို လက်ဝဲ၊ လက်ယာ ခွဲခြားမှုရဲ့ ဆွဲဆောင်နိုင်စွမ်းရှိတဲ့ အရာတစ်ခုအဖြစ် နိုင်ငံရေးအိုင်ဒီယာတွေရဲ့ အရောင်းအဝယ်နယ်မြေကနေ ဆင်းသက်လာတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် လက်ဝဲ၊ လက်ယာအစီအစဉ်ကိုယ်၌က အိုင်ဒီယိုလိုဂျီတွေပါပဲ။ ဒီခွဲခြားမှုက အလယ်အလတ် ဒါမှမဟုတ် အစွန်းရောက် ဒါမှမဟုတ် အိုင်ဒီယိုလိုဂျီတစ်ခုရဲ့ အန္တရာယ်ရှိနိုင်တဲ့ စွမ်းအားစသဖြင့် ချီးမြှောက်ပေးတဲ့ ရည်ရွယ်ချက်ကို ထမ်းဆောင်တယ်။ အိုင်ဒီယိုလိုဂျီတွေကြားထဲမှာ ရွေ့လျားဖို့ဟာ တဖြည်းဖြည်းချင်းသွားရမယ့် ဖြစ်စဉ်တစ်ခုပဲ။ ပြီးတော့ ပြတ်သားရှင်းလင်းတဲ့ တခြားသော ရွေးချယ်စရာတွေကိုလည်း ပေးအပ်တယ်။

အထက်ပါ လက်ဝဲလက်ယာအစီအစဉ်ဟာ ယနေ့ကာလမှာ ရှုပ်ထွေး

လာပြီဖြစ်တဲ့အတွက် မမှန်ကန်တော့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဟာ သူတို့ကို ကုစားဖို့အတွက် မိုက်ခရိုနဲ့ မတ်ခရိုအိုင်ဒီယိုလိုဂျီစိစစ်မှုနှစ်ခုစလုံး လိုအပ်ပါတယ်။ မိုက်ခရို စိစစ်မှုဆိုတာက အိုင်ဒီယိုလိုဂျီတွေကို ရုပ်ရင်းအထိ ခွဲခြားချဉ်းကပ်တာဖြစ်တယ်။ ဒါက အိုင်ဒီယိုလိုဂျီတွေကို စုစည်းနိုင်မယ့် နည်းလမ်းတစ်ခုပဲ။ သူတို့က ရုပ်ရင်းတွေ အပြန်အလှန်ဆက်သွယ်ရေးနဲ့ အိုင်ဒီယိုလိုဂျီတွေ အချက်ချင်းကြားက ဆက်သွယ်ချက်တွေကို ပေးအပ်တယ်။ မတ်ခရိုစိစစ်မှုဆိုတာကတော့ အိုင်ဒီယိုလိုဂျီကို အချိန်ကာလနဲ့ နေရာဒေသအပေါ် ကျော်ဖြတ်လွန်မြောက်လာပြီးတဲ့ "အစဉ်အလာတွေ"အဖြစ် ကြည့်တာပဲ။ ဒီအစဉ်အလာတွေက သူတို့ရဲ့ ရှုထောင့်တွေဟာ နိုင်ငံရေးအရှိတရားရဲ့ အစိတ်အပိုင်းဖြစ်လာတယ်လို့ ယူကြတယ်။ ချဉ်းကပ်ပုံနှစ်ခုဟာ တစ်ခုနဲ့တစ်ခု ဖြည့်ဆည်းပေးကြတယ်။ တူညီတဲ့ အရာတစ်ခုတည်းကို အခြားတစ်ဖက်ကနေလှည့်ပြီး ချဉ်းကပ်နိုင်ဖို့ ပေးအပ်တယ်။ အိုင်ဒီယိုလိုဂျီအများစုက ရှုပ်ထွေးတယ်။ သူတို့ရဲ့ အယူအဆဆိုင်ရာအဆောက်အအုံကို စတင်ကိုင်တွယ်စရာ အယူအဆတွေ အမျိုးမျိုးရှိကြောင်း ကျွန်တော်တို့ သိခဲ့ပြီးပြီ။ သူတို့ကို အလွန်အကျူးလွယ်ကူအောင်လုပ်ပြီး ခြုံငုံပြောဆိုလို့ မရနိုင်ဘူး။ ဥပမာ လစ်ဘရယ်ဝါဒဆိုတာ အဓိကအားဖြင့် လွတ်လပ်မှုနဲ့ ပတ်သက်တယ်။ ကွန်ဆာဗေးတစ်ဝါဒက မူလအခြေအနေကို ထိန်းသိမ်းခြင်းပဲစသဖြင့် အတိုချုံးပစ်လို့ မရနိုင်ပါဘူး။ သူတို့အားလုံးမှာ အဓိကမဏ္ဍိုင် အယူအဆတွေ အပြွတ်လိုက် အခိုင်လိုက် ခင်းကျင်းပြသထားတယ်။ အခြားအယူအဆတစ်ခုကို မထိခိုက်စေဘဲနဲ့ သူတို့ထဲမှာ ဘယ်အရာကိုမှ ကြီးကျယ်အောင် မလုပ်နိုင်ဘူး။ အထက်မှာပြောတဲ့ အချိုးကျမှု နိယာမကနေ ကျွန်တော်တို့ကို သင်ကြားပေးတာတစ်ခုက လွတ်နေတဲ့နေရာတွေကို ဖြည့်ဖို့ရာ အယူအဆတစ်ခုဟာ သူ့ကိုယ်သူ ချဲ့ထွင်မယ်ဆိုရင် အခြားအရာတွေကို ချေမွအဆုံးသတ်ရမယ် ဒါမှမဟုတ် သူ့ရဲ့ နယ်ပယ်အဝန်းအဝိုင်းထဲ မြိုချထားမှ ဖြစ်မယ်။

လစ်ဘရယ်ဝါဒ

လစ်ဘရယ်ဝါဒမှာ အဓိကမဏ္ဍိုင် အယူအဆတွေ အများကြီးပါဝင်



တယ်။ အားလုံးဟာ ယနေ့ထုတ်ဖော်ပြောဆိုချက်တွေအတွက် မရှိမဖြစ်လိုအပ်တယ်။ လူသားဟာ ကြောင်းကျိုးဆင်ခြင်မှုရှိတယ်ဆိုတဲ့ ယူဆချက်ကိုပဲ ကြည့်ပါ။ ဒါဟာ လူသားရဲ့ လုပ်ဆောင်ချက်အတွေးတွေရဲ့ အကန့်အသတ်အချို့အတွင်းက လွတ်လပ်မှု၊ လူသားနဲ့ လူမှုရေးတိုးတက်မှုအပေါ် ယုံကြည်မှု၊ တစ်သီးပုဂ္ဂလ လူသားဟာ လူမှုရေးဆိုင်ရာ အဓိကယူနစ်၊ တစ်ဦးတည်း ရွေးချယ်မှုပြုလုပ်နိုင်သူ၊ လူမှုဆက်ဆံရေးသဘာဝနဲ့ လူသားရဲ့ ချစ်ခင်ကြင်နာမှုကို သာမန်အဖြစ် သတ်မှတ်ခြင်း၊ သီးခြား သစ္စာစောင့်သိမှုထက် အထွေထွေအကျိုးအမြတ်တွေအပေါ် တောင်းဆိုမှုစတဲ့ အရာတွေဟာ လစ်ဘရယ်ဝါဒရဲ့ အခြေခံအယူအဆ အသေးကလေးတွေပါပဲ။

အစဉ်အလာတစ်ခုအနေနဲ့ လစ်ဘရယ်ဝါဒဟာ လူသားနဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ရပ်တန့်မသွားဘူး၊ ဂျွန်စတူးအပ်မီးလ်ရဲ့ အရေးအသားတွေမှာ ဆိုသလို မြို့ပြယဉ်ကျေးမှုဖွံ့ဖြိုးတဲ့ နိုင်ငံတော်အဖြစ် တိုးတိုးပြီး ဖြစ်လာမယ်။ ဒီဖွံ့ဖြိုးမှုဟာ လူတွေ ဘာမျှချည်နှောင်မခံရဘဲ လုပ်ဆောင်နိုင်တာ၊ သူတို့စိတ်ဆန္ဒကို လွှမ်းမိုးထိန်းချုပ်မခံရတာတွေဖြစ်ပေါ်စေတဲ့ လွတ်လပ်မှုအနားမှာပဲ လှည့်ပတ်နေတာပါ။ ၂၀ ရာစုတစ်လျှောက်လုံးမှာတော့ လူတွေကို မျှမျှတတ ဆက်ဆံရေးအတွေးအခေါ်ဟာ ဥပဒေအရ ညီမျှစွာအကာအကွယ်ရခွင့်၊ ဆက်ဆံခံရခွင့်တွေနဲ့အတူ လစ်ဘရယ်ဝါဒ မိသားစုအတွင်းမှာ ဖွံ့ဖြိုးလာတယ်။ ဒီကာလမှာ စီးပွားရေးအခွင့်အလမ်းတွေ ညီမျှစေတာ၊ လိင်ခွဲခြားဆက်ဆံမှုကို လျှော့နည်းစေတာ၊ ဗဟုယဉ်ကျေးမှုနဲ့ အမျိုးမျိုးကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုတွေကို လေးစားပေးတာ၊ နိုင်ငံတွေအတွင်းနဲ့ အချင်းချင်းကြားမှာ ယုံကြည်မှုတိုးပွားလာတာတွေပါ လစ်ဘရယ်ဝါဒနဲ့အတူ ဖွံ့ဖြိုးလာတယ်။ လူသားဆိုတာထက် "ကောင်းမွန်စွာ နေထိုင်ရှင်သန်ခွင့်ရသော လူသား" (ဝါ) ကောင်းကျိုးချမ်းသာဟာ လူသားဝါဒ နိုင်ငံရေးစနစ်ထဲမှာ အဓိကကျတဲ့ အရာဖြစ်လာပြီး သူ့ရဲ့ ပြည်သူတွေကို သစ္စာပြုပေးထားတဲ့ အကျိုးကျေးဇူးပါပဲ။

လစ်ဘရယ်ဝါဒရဲ့ အောင်မြင်မှုဟာ တဖြည်းဖြည်းနဲ့မှ အရှိန်အဟုန်ပြင်းလာတာ။ လစ်ဘရယ်ဝါဒက ပေးအပ်တဲ့ "လွတ်လပ်သော လူသား" ဆိုတဲ့ အသိက နယ်ချဲ့အုပ်ချုပ်မှုကနေ ကိုလိုနီနယ်တွေ လွတ်မြောက်ဖို့ရာ

အသီးအပွင့်တွေ မွေးဖွားပေးလိုက်တယ်။ မင်းဆိုးမင်းညစ်နဲ့ ခွဲခြားဆက်ဆံမှုတွေကနေ ဘေးဖယ်ထုတ်ခံ အုပ်စုတွေ နိုင်ငံရေးအရ လွတ်မြောက်ဖို့ရာ ကြိုးပမ်းမှုမှာ တိုက်ရိုက်ကျကျ ထည့်ဝင်တယ်။ လစ်ဘရယ်ဒီမိုကရေစီအတွင်း နိုင်ငံရေးသမားတွေကို ခွဲခြားလုပ်ကိုင်မှုတွေလုပ်ဖို့အတွက် အာဏာပေးမထားဘူး။ နိုင်ငံရေးအရ တာဝန်ယူမှုနဲ့ တာဝန်ကျေမှုဟာလည်း စံတစ်ရပ်ဖြစ်တယ်။ ဒီသဘောတွေကြောင့် လစ်ဘရယ်ဝါဒက လူမှုရေးဆိုင်ရာ ပြုပြင်မှုတွေကို ကြီးကြီးမားမား တိုးပွားစေတယ်။ ဝဲလ်ဖဲလ်စတိတ်ကို အထွတ်အထိပ်ရောက်စေတယ်။ ဗြိတိန်မှာ ၁၉၀၆ နဲ့ ၁၉၁၄ ကြား လစ်ဘရယ်အစိုးရတွေလုပ်ခဲ့တဲ့ သက်ကြီးပင်စင်ဥပဒေ၊ ကျန်းမာရေးနဲ့ အလုပ်လက်မဲ့ အာမခံတွေက သက်သေခံတယ်။ ဒါတွေကို လစ်ဘရယ်ဝါဒသစ်က နှီးဆွလိုက်တာပါ။ နိုင်ငံတကာဆက်ဆံရေးမှာတော့ ပထမကမ္ဘာစစ်အပြီး ပြန်လည်အခြေတကျဖြစ်ရေးအတွက် အမေရိကန်သမ္မတ ဝု(ဒ်) ရိုးဝီလ်ဆင်ရဲ့ မူ(၁၄)ချက်က ကမ္ဘာ့အစီအစဉ်သစ်ကို ထိတွေ့တယ်။ ပထမပိုင်းမှာ လက်တွေ့အကောင်အထည်ဖော်ဖို့ ကျဆုံးခဲ့ပေမယ့် ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို တည်ဆောက်အပြီး နောင်မျိုးဆက်တစ်ဆက်အကြာမှာတော့ ပဲ့တင်ထပ်ခဲ့တယ်။ ခုဆိုရင်တော့ ယခင်က အကြွင်းမဲ့အာဏာရှင်တွေ အုပ်စိုးတဲ့ နိုင်ငံတွေဆီကိုပါ တဖြည်းဖြည်း ပျံ့နှံ့နေပါပြီ။ လူ့အခွင့်အရေးပြည့်ဝပြီး အစိုးရရဲ့အာဏာကို တင်းတင်းကြပ်ကြပ် ကန့်သတ်ထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံတွေကြောင့် သက်ဆိုင်ရာ အစိုးရကို ဂုဏ်သိက္ခာတတ်စေတဲ့အပြင် ပြည်သူတွေကလည်း သဘောကျကြတယ်။ လေးစားဖွယ်ရာ ဥပဒေစိုးမိုးမှုရှိတဲ့ စနစ်တိုင်းဟာ လစ်ဘရယ်အစဉ်အလာရဲ့ အောင်ပွဲတစ်ခုဖြစ်တယ်။ သမ္မတရုစဗဲ့ရဲ့ ၁၉၃၀ ခုနှစ်များ New Deal ဟာ လစ်ဘရယ်တွေအနေနဲ့ ပြည်သူတွေကိုမျှတမှုနဲ့ လွတ်လပ်မှုရစေဖို့ အစိုးရက ဝင်ရောက်စွက်ဖက်ဖို့ လိုအပ်ကြောင်း ဝန်ခံတဲ့ ဥပမာကောင်းတစ်ခုပဲ။ ဆန့်ကျင်ဘက်ပြောရရင် လစ်ဘရယ်အစဉ်အလာ နောက်ထပ်လမ်းကြောင်းတစ်ခုမှာ လွတ်လပ်တဲ့ ဈေးကွက်နဲ့ စီးပွားရေး စွန့်ဦးတီထွင်မှုတွေ တိုးတက်လာစေဖို့ရာ အထောက်အပံ့တွေကို တွေ့ရမယ့်အစား နိုင်ငံတော်ရဲ့ ဗျူရိုကရက်တစ်ယန္တရားဟာ ထိရောက်မှု မရှိဘူးဆိုတဲ့ သဘောတွေလည်း ရှိနေတယ်။



နိုင်ငံရေးဆိုင်ရာ တော်လှန်ပြောင်းလဲမှုတွေထက်တောင်မှပိုပြီး ကမ္ဘာကြီးကို ပြောင်းလဲပေးခဲ့သလို ပိုပြီးလည်း ကြာရှည်ခံခဲ့တဲ့ မှတ်ကျောက်တစ်ချို့ လစ်ဘရယ်ဝါဒမှာ ရှိပါသေးတယ်။ ဒီလိုပဲ လစ်ဘရယ်အစဉ်အလာမှာ အားလုံးက သိလောက်အောင် ဆုတ်ဆုတ်ဆိုင်းဆိုင်းဖြစ်ခဲ့တာလည်း ရှိပါတယ်။ ဥပမာအားဖြင့် ၁၉၂၀ ခုနှစ် ဂျာမန်သမ္မတနိုင်ငံဟာ ဟစ်တလာရဲ့ အာဏာမြင့်မားလာတာကို မတားဆီးနိုင်လောက်အောင် အားနည်းပျော့ညံ့ခဲ့တယ်။ လစ်ဘရယ်တွေရဲ့ ယောက်ျား အဓိကဘက်လိုက်တဲ့ အမြင်ဟာလည်း မိန်းမတွေရဲ့ လွတ်လပ်မှုအတွက် ဓမ္မဓိဋ္ဌာန်ကျကျလုပ်နိုင်ဖို့ရာ နှေးကွေးခဲ့လွန်းတယ်။ တစ်ဖက်သားအပေါ် သည်းခံနားလည်ပေးနိုင်စွမ်းကို တန်ဖိုးထားပါတယ်ဆိုတဲ့ လစ်ဘရယ်ဝါဒတောင်မှ သူတို့နဲ့မတူတဲ့ ရန်သူတွေရဲ့ ကိုယ်ကျင့်တရားအဆင့်အထိ မဆင်းနိုင်ခဲ့ဘူး။ လူ့အဖွဲ့အစည်းအတွင်းမှာပဲ သူတို့နဲ့မတူတဲ့ လစ်ဘရယ်မဟုတ်တဲ့ ယဉ်ကျေးမှုတွေနဲ့ ရင်ဆိုင်ရတဲ့အခါ သူတို့ကြားမှာ ရှုပ်ထွေးမှုတွေ တိုးပွားလာမယ်။ ဂရမ်ချီနဲ့ဆန့်ကျင်ပြီး ပြောရရင်တော့ ဖြစ်ပေါ်နေတဲ့ ဘယ်အမှတ်မှာမဆို နားလည်ဖို့အရေးကြီးတာက သိမ်းသွင်းထိန်းချုပ်တဲ့ အိုင်ဒီယိုလိုဂျီတွေထက် သိမ်းသွင်းထိန်းချုပ်မှုမလုပ်တဲ့ အိုင်ဒီယိုလိုဂျီတွေက ပိုများများ တည်ရှိနေတယ် ဆိုတာပါပဲ။

## ဆိုရှယ်လစ်ဝါဒ

ဆိုရှယ်လစ်ဝါဒဟာ အဓိက အိုင်ဒီယိုလိုဂျီဆိုင်ရာ မိသားစုဝင်နောက်ထပ်တစ်ဦးပဲ။ ဆိုရှယ်လစ်ဝါဒ သေဆုံးသွားပြီလို့ ကြေညာဖို့တော့ စောလွန်းပါလိမ့်မယ်။ အိုင်ဒီယိုလိုဂျီတွေ ရောယှက်သွားမှုအပေါ်နဲ့ ၂၀ ရာစုကာလအပေါ် သူ့ရဲ့ အကျိုးသက်ရောက်မှုက ကြီးမားလွန်းတဲ့အတွက် စဉ်းစားစရာပါပဲ။ သူ့ရဲ့ အဓိကမဏ္ဍိုင်အယူအဆတွေကတော့ အောက်ပါအရာတွေကို ပေါင်းစပ် ထားတာဖြစ်တယ်။

ပထမ၊ ဆိုရှယ်လစ်ဝါဒက "အုပ်စု"ကို အခြေခံအကျဆုံး ယူနစ်အဖြစ်မြင်တယ်။ ဆိုရှယ်လစ်တွေအတွက်ကတော့ လူသားဟာ လူသားနဲ့ လူသားမဟုတ်တဲ့ ပတ်ဝန်းကျင်နှစ်ခု ပေါင်းစပ်ဖွဲ့စည်းထားတာဖြစ်တယ်။ ဒီတော့

လူတန်းစားဆိုတာ လူသားသဘာဝဖွံ့ဖြိုးဖို့၊ လူသားဆန်မှုကို ထုတ်ဖော်ပြနိုင်ဖို့အတွက် လိုအပ်တဲ့ ရုပ်ပိုင်းနဲ့ လူမှုရေးကုန်ပစ္စည်းတွေ မရှိတဲ့သူ၊ ကုန်ပစ္စည်းနဲ့ ကင်းကွာနေတဲ့ အုပ်စုပဲ။ မာ့က်စ်ဝါဒီမဟုတ်တဲ့ ဆိုရှယ်လစ်အများစုမှာ "လူတန်းစား"ကတော့ သူတို့ရဲ့ လူ့အဖွဲ့အစည်းဝင်ကို သီးခြားအမှတ်လက္ခဏာကောင်းတစ်ခုပေးအပ်မယ့် "ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံ" တစ်ခုပဲ။ ဒုတိယက ဆိုရှယ်လစ်ဝါဒမှာ ညီမျှမှုအတွက်၊ အထက်အောက်ဖိစီးမှုတွေကို ဘေးဖယ်ထုတ်ဖို့အတွက်၊ လူသားရဲ့ အခြေခံလိုအပ်ချက်အရကုန်ပစ္စည်းဖြန့်ဝေဖို့အတွက် ပြင်းထန်တဲ့ စိတ်ဆန္ဒတစ်ခုရှိတာပါပဲ။ တတိယတစ်ခုကတော့ ဆိုရှယ်လစ်ဝါဒက အလုပ်၊ လုပ်အား၊ တီထွင်ဖန်တီးမှု၊ ထုတ်လုပ်မှု၊ ဒါမှမဟုတ် တက်ကြွမှုစတဲ့ ဝေါဟာရတွေကို လူသားသဘာဝရဲ့ အခြေခံအကျဆုံး စုစည်းပေါင်းဖွဲ့ထားတဲ့ လက္ခဏာအဖြစ် ထုတ်ပြတယ်။ ပြီးတော့ ယင်းအရာတွေနဲ့ လူမှုအဖွဲ့အစည်းရဲ့ အခြေခံအကြောင်းအရာတွေကို ဖွဲ့စည်းတည်ဆောက်တယ်။ စတုတ္ထကာလတိုမှာ ဆင်းရဲမွဲတေမှုကို အမြစ်ပြတ်သုတ်သင်ဖို့နဲ့ ကာလရှည်မှာတော့ လူသားသဘာဝရဲ့ ရုပ်ပိုင်းနဲ့ အသိပညာပိုင်းမှာ အားလုံးလွတ်လပ်စွာ ပါဝင်နိုင်ဖို့အပေါ် အခြေခံပြီး ဆိုရှယ်လစ်ဝါဒက လူသားလောက သာတူညီမျှရေးအတွက် စံပြစိတ်ကူးတစ်ခုတောင့်တတယ်။ ပဉ္စမတစ်ခုက သမိုင်းဆိုင်ရာဖြစ်စဉ်ကို အကျိုးရှိတဲ့ အဆုံးသတ်အဖြစ် လူသားရဲ့စွမ်းရည်က လမ်းညွှန်ပေးနိုင်တယ်ဆိုတဲ့ ကတိအပေါ်မှာထားတဲ့ ယုံကြည်မှုကို ဆိုရှယ်လစ်ဝါဒက ခံယူတယ်။ ဆိုရှယ်လစ်ဝါဒက အနာဂတ်ဦးတည်ချက်ကို အရေးတယူထားပြီး ပစ္စုပ္ပန်ကာလနဲ့ အတိတ်ကာလကို ပြင်းပြင်းထန်ထန် ဝေဖန်တယ်။ တစ်ခါတစ်ရံမှာ ဆိုရှယ်လစ်ရေးသား ပို့ချမှုက သမိုင်းကို တပ်လှန့်လိုက်ပြီးမှ ရပ်တန့်လို့မရနိုင်တော့လောက်အောင် ဖြစ်သွားတယ်။ ပြီးတော့ သူ့ရှေ့က အရာမှန်သမျှအားလုံးကို ဖျက်ပစ်လိုက်ပြီး အနာဂတ်ကိုတောင် ပေါက်ကွဲထွက်သွားစေတယ်။ ဥပမာအားဖြင့် ဆိုရှယ်လစ်ဝါဒရဲ့ အင်အားကြီးတဲ့ အပြောင်းအလဲတစ်ခုဖြစ်တဲ့ မာ့က်စ်ဝါဒပဲ။ တစ်ခါတစ်ရံ မှာတော့ ဆိုရှယ်လစ်ဝါဒဟာ တဖြည်းဖြည်းနဲ့ ပြုတ်တောင်းသွားပြီး စိတ်စေတနာ ကောင်းရှိတဲ့ လူတွေရဲ့ အကူအညီကို လိုအပ်တယ်။



ဆိုရှယ်လစ်ဝါဒအစဉ်အလာက ဥရောပနိုင်ငံတွေကို စက်မှုတော်လှန်ရေးကြောင့် ပေါ်ပေါက်လာတဲ့ အလုပ်သမားတန်းစားရဲ့ တောင်းဆိုမှုတွေကို အသေအချာနားထောင်ဖို့ မှာကြားပြီး ၁၉ ရာစုအကုန်လောက်မှာ ထွက်ခွာသွားတယ်။ ဆိုရှယ်လစ်ဝါဒဟာ ဗဟုသဘော မြောက်မြားစွာရှိတယ်။ သူ့ထဲက ရှုထောင့်အမြင်အများစုက ယူတိုးပီးယားဆန်တယ်။ မင်းမဲ့ဆိုရှယ်လစ်ဝါဒီတွေက အပြန်အလှန်မှီခိုမှုနဲ့ ကိုယ်ကျိုးမဖက်ရေးဝါဒအပေါ် အခြေခံတည်ဆောက်ထားတဲ့ လူမှုရေးအစီအစဉ်နဲ့ နိုင်ငံရေးအစီအစဉ်ကို လုံးဝဖျက်သိမ်းပစ်ဖို့ အိပ်မက်တွေ မက်ကြတယ်။ မာ့က်စ်ဝါဒအရိပ်အာဝါသရှိတဲ့ ဆိုရှယ်လစ်တွေကတော့ မိသားစု၊ ပုဂ္ဂလိကပိုင်ပစ္စည်း၊ အလုပ်ခွဲခြားလုပ်ကိုင်မှုတွေကို လုံးဝဖျက်သိမ်းထားတဲ့ ဘုံလူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ဖို့ ကြိုးစားကြတယ်။ ပြင်သစ်နဲ့ ဗြိတိသျှဆိုရှယ်လစ်တွေဖြစ်တဲ့ ချားလ်စ်ဖူးရီးယားနဲ့ ရောဘတ်အိုဝင်တို့ ကတော့ အစွန်းရောက် ညီမျှမှုနိယာမတွေအပေါ် အခြေခံထားတဲ့ အဖွဲ့အစည်းတစ်ရပ် တည်ဆောက်တယ်။ ဆင်ဒီကယ်လစ်တွေကတော့ နိုင်ငံတော်ကို သူတို့အနေနဲ့ သဘာဝနိုင်ငံရေးနဲ့ စီးပွားရေးယူနစ်လို့ မြင်ထားတဲ့ အလုပ်ရုံတွေနဲ့ အစားထိုးဖို့ဆန္ဒရှိတယ်။

အခြားဆိုရှယ်လစ်ရှုထောင့်တွေကတော့ လစ်ဘရယ်ဒီမိုကရေစီနဲ့ အင်စတီကျူးရှင်းတွေကို လက်ခံကြတယ်။ ဒါပေမယ့် နိုင်ငံတော်အတွက် အသုံးပြုဖို့ပဲ။ ဒီအတွက် သူတို့ရဲ့ ရည်ရွယ်ချက်က လူ့အဖွဲ့အစည်းကို တဖြည်းဖြည်းနဲ့ ပြန်တည်ဆောက်မယ်ပေါ့လေ။ သူတို့ထဲမှာ ဝက်ဘ်နဲ့ ဂျော့ခ်ျဘားနက်ရှောတို့ ခေါင်းဆောင်တဲ့ ဗြိတိန်က ဖေဘီယန်လူ့အဖွဲ့အစည်းဝင်တွေ ပါဝင်တယ်။ ရှောတို့က ဈေးပေါပေါနဲ့ လူပိန်းကြိုက်အရေးအသားတွေကနေ ဆိုရှယ်လစ်အိုင်ဒီယိုလိုဂျီကို လူအများသိမြင်လာစေတဲ့နည်းတွေ ဖွံ့ဖြိုးအောင်လုပ်ခဲ့ကြတယ်။ သူတို့က သိပ္ပံနဲ့ အသိဉာဏ်ကို စာရင်းဇယားတွေကနေတစ်ဆင့် ရှာဖွေလုပ်ကိုင်တယ်။ လူသားဟာ ဆင်းရဲခြင်း၊ မကျန်းမာခြင်းနဲ့ ပျင်းရိငိုက်မြည်းခြင်းဆီကို ရောက်ရှိသွားရပုံကိုတောင် စာရင်းဇယားတွေနဲ့ လေ့လာတယ်။ ဂျာမန်ဆိုရှယ်လစ် ဘန်းစတိုင်းဟာ ဥရောပအသိပညာရှင်တွေရဲ့ ခေါင်းဆောင်ပါပဲ။ သူတို့ ဆိုရှယ်ဒီမိုကရက်တွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ကိုင်ဆောင်ရွက်ရင်း ဒီမိုကရေစီလမ်းကြောင်း တဖြည်း

ဖြည်း ပြောင်းလဲမှု၊ ညီမျှမှုနဲ့ တစ်သီးပုဂ္ဂလ လွတ်လပ်မှုတွေ တိုးပွားမှုကို ပြင်းထန်စွာယုံကြည်ကြတယ်။

ဆိုရှယ်လစ်အစဉ်အလာကနေ ချက်ချင်းထွက်လာနိုင်တဲ့ နိုင်ငံရေးအကျိုးဆက်တစ်ခုက လူတန်းစားအကျိုးကို ဆောင်ရွက်မယ်ဆိုတဲ့ ဆိုရှယ်လစ်ပါတီတွေ ပေါ်ထွက်လာတယ်။ ဒီတော့ သူတို့ဟာ လွှမ်းမိုးကြီးစိုးနေတဲ့ လက်ရှိနိုင်ငံရေးအစီအစဉ်တွေဟာ အနာဂတ်မှာ ဘယ်လိုဖိနှိပ်မှုတွေ ဖြစ်လာနိုင်သလဲအပေါ် သူတို့ရဲ့ယုံကြည်ချက်ကို စူးစမ်းတာမျိုး မလုပ်တော့ဘူး။ ပစ္စုပ္ပန်ကာလထဲက ဂုတ်သွေးစုပ်ခံရတဲ့ အုပ်စုတွေရဲ့ ပါဝါကိုသာ အဓိကထားပြီး အငြင်းအခုံ လုပ်တယ်။ လူမှုရေးနဲ့ နိုင်ငံရေးဘဝထဲမှာ အလုပ်သမားတွေ ပိုထိရောက်တဲ့ ပါဝင်မှုနဲ့ သူတို့ရဲ့ အခွင့်အရေးကို လေးစားမှုဟာ အဓိကကျတဲ့ ဆိုရှယ်လစ်နိဂုံးတွေ ဖြစ်လာတယ်။ ဆိုရှယ်လစ်ဝါဒက ကြီးမားတဲ့ မစွမ်းဆောင်နိုင်မှုကို လူစုပြီး အော်ဟစ်နေတာမျိုးပဲ။ ပြီးတော့ ကြီးကျယ်ခမ်းနားတဲ့ ပုံသဏ္ဌာန်ပြောင်းလဲမှုကို မျှော်လင့်တယ်။ အုပ်စိုးသူလူတန်းစားကိုလည်း ခံစစ်အတွင်း နိုင်ငံရေးအရ တွန်းပို့လိုက်တယ်။ ထုတ်လုပ်မှုနည်းလမ်းတွေ၊ ဖြန့်ချိရေးတွေနဲ့ လဲလှယ်ရေးတွေကို ပြည်သူပိုင်သိမ်းခြင်းဟာ သူတို့ရဲ့ စစ်မှန်တဲ့ နိုင်ငံရေးရည်မှန်းချက်တွေ ဖြစ်လာတယ်။ အလယ်အလတ် ဆိုရှယ်လစ်ပါတီတွေ ၂၀ ရာစု အလယ်လောက် အာဏာရလာတုန်းကတော့ သူတို့ရဲ့ အစီအစဉ်တွေထဲမှာ အစိတ် အပိုင်းတစ်ရပ်လောက်သာ ပါတယ်။ ဒါပေမယ့် ဝဲလ်ဖဲလ်စတိတ်တွေကို ဖွံ့ဖြိုးအောင် လက်တွေ့လုပ်ကြတဲ့အခါမှာတော့ ဆိုရှယ်လစ်အများစုဟာ တိုးတက်တဲ့ လစ်ဘရယ်အိုင်ဒီယိုလိုဂျီတွေနဲ့ ပေါင်းဖက်လာတယ်။ ဒီသဘောကလည်း ပါတီနဲ့ အိုင်ဒီယိုလိုဂျီကြားထဲမှာ ဆက်နွယ်နေတယ်ဆိုတဲ့ အမြင်နဲ့ ဆန့်ကျင်ဘက် ဥပမာပါပဲ။ ဆိုရှယ်လစ်ပါတီတွေက ဝဲလ်ဖဲလ်စတိတ်တွေကို ကမ္ဘာကြီးထဲ ယူဆောင်လာကြဖို့ တောင်းဆိုတယ်ဆိုပေမယ့်လည်း ဒါဟာ ပုဂ္ဂလလူသားရဲ့ ကောင်းကျိုးချမ်းသာအတွက် လူထုနဲ့ ပုဂ္ဂလိကကြားက တာဝန်ယူမှုကို ညှိပေးတာနဲ့ စားသုံးသူရဲ့ ရွေးချယ်မှုကို နိုင်ငံတော်ရဲ့ စည်းမျဉ်းတွေနဲ့ ရောယှက်တာဖြစ်တဲ့အတွက် လစ်ဘရယ်ဆိုင်ရာတည်ဆောက်မှုဆိုတာ ထင်ရှားတယ်။ ဆိုရှယ်လစ်ပါဝါက မူလအရင်းခံ လစ်ဘရယ်အိုင်ဒီယိုလိုဂျီအစီအစဉ်



အတွက် လှုပ်ရှားနိုင်မယ့် ကြွက်သားတွေ ပေးအပ်တယ်။ ပြီးတော့ ဝဲလ်ဖဲလ်စတိတ် အိုင်ဒီယိုလိုဂျီဝါဒီအများစုဟာ လစ်ဘရယ်နဲ့ ဆိုရှယ်လစ်ကို ရောယှက်ပေါင်းစပ်တယ်။

ကွန်ဆာဗေးတစ်ဝါဒ

အနောက်တိုင်း အိုင်ဒီယိုလိုဂျီမိသားစုမှာ တတိယအဓိကကျတဲ့ အိုင်ဒီယိုလိုဂျီကတော့ ကွန်ဆာဗေးတစ်ဝါဒပဲ။ ဒါကတော့ဖြင့် အိုင်ဒီယိုလိုဂျီမဟုတ်ဘူးလို့ မကြာခဏ ငြင်းဆိုသူတွေရှိပေမယ့် အဲဒီငြင်းဆိုမှုတွေကိုယ်၌က နိုင်ငံရေးလောကရဲ့ သီးခြားအမြင်တစ်ခုပဲ။ ပြီးတော့ ဒီတောင်းဆိုမှုထဲမှာ ဖွဲ့စည်းတည်ဆောက်ထားတဲ့ အယူအဆအတိုတွေ ပါတယ်။ ကွန်ဆာဗေးတစ်တွေ သူတို့ရဲ့ ယုံကြည်မှုစနစ်သဘာဝကို တစ်လွဲဖတ်ရှုတဲ့ အကြောင်းတရားက ဘာလဲ? ကွန်ဆာဗေးတစ်ဝါဒကို အခွင့်အရေးသမားတွေအဖြစ်မြင်ရတဲ့ အကြောင်းတရားဟာ သူ့ရဲ့အတွင်းပိုင်းက ရှေ့နောက်ညီညွတ်မှုကို ရှုပ်ဖျက်ထားတဲ့ သီးသန့်အယူအဆဆိုင်ရာ ဖိုင်တွဲထဲမှာ တည်ရှိနေလို့ပဲ။ ဝေဖန်သူတွေက ကွန်ဆာဗေးတစ်ဝါဒဟာ ၁၉ ရာစုထဲမှာသာဆိုရင် ဝင်ရောက်စွက်ဖက်ရေးကို ထောက်ခံသူတွေ ဘယ်လိုလုပ်ဖြစ်နိုင်ပါ့မလဲလို့ ဆိုကြတယ်။ တကယ်က သူတို့ဟာ လူမှုရေးအစီအစဉ်ကို ကာကွယ်သူတွေ သက်သက်ပါပဲ။ ဒါပေမယ့် ၂၀ ရာစုမှာတော့ ကွန်ဆာဗေးတစ်တွေဟာ သူတို့ကိုယ်သူတို့ ဈေးကွက်လွတ်လပ်မှုကို ထောက်ခံသူ၊ အစိုးရက အနည်းငယ်သာ ဝင်ရောက်စွက်ဖက်ရေးကို လိုလားသူတွေအဖြစ် သတ်မှတ်ပြန်တယ်။ ဒီသဘောကို သမိုင်းအခြေခံတဲ့ အဖြေပေးရရင်တော့ ကွန်ဆာဗေးတစ်အစဉ်အလာဟာ သူနဲ့ လုံးဝကွဲပြားခြားနားတဲ့အရာအဖြစ် တဖြည်းဖြည်းအသွင်ပြောင်းလဲသွားတယ်လို့ပဲ ဆိုရမယ်။ ကွန်ဆာဗေးတစ်ဝါဒမှာ အသေကိုင်စွဲထားတဲ့ ဦးတည်ချက်မရှိဘူး။ သူတို့က အင်စတီကျူးရှင်းတွေရဲ့ ပေါ်လစီကို ထင်ဟပ်ကြရုံသက်သက်ပဲ။ ဒီအတိုင်းပါပဲ။ ဗြိတိန်မှာ ကွန်ဆာဗေးတစ်ပါတီက ကိုယ့်ဘာသာကိုယ်ကျေနပ်နေရာကနေ၊ စက်ရုံအလုပ်သမားတွေရဲ့ အကျပ်အတည်းနဲ့ ဝဲလ်ဖဲလ်ကိစ္စတွေရဲ့ တလှိမ့်လှိမ့်တောက်လာတဲ့ ကုန်ကျစရိတ်အရေးတွေမှာ တက်ကြွတဲ့ အခန်းကဏ္ဍကနေ ပါလာတယ်။ ဥရောပ

မှာတော့ ခရစ်ယာန်ဒီမိုကရက်တွေဟာ ကတ်သလစ်ဘာသာရေးလွှမ်းမိုးတဲ့ အရင်းအမြစ်ကနေ ထွက်လာတယ်၊ နောက်တော့ ကတ်သလစ် လွှမ်းမိုးခံရတာကြောင့် သူတို့ရဲ့ စီးပွားရေးနဲ့ နိုင်ငံရေးဟာ နောက်ကျနေတာကို တွေ့ရပြီး အမျိုးသားအကျိုးစီးပွားအခြေခံနဲ့ ပြန်ညှိယူလိုက်တယ်။ ဒီတော့ ဥရောပအမျိုးသားရေးဝါဒ အစဉ်အလာကို လက်ယာအစွန်းရောက်တယ်လို့ သတ်မှတ်လာတဲ့အခါမှာတော့ ကွန်ဆာဗေးတစ်တွေမှာ ပြဿနာတက်လာတယ်။ သူတို့ကိုင်စွဲထားတဲ့ ကွန်ဆာဗေးတစ်ရဲ့ "သာမန်အလယ်အလတ်" ဟာ ရွှေ့လျားစရာ နေရာကျဉ်းကျဉ်းကလေးသာ ကျန်တော့တယ်။

ဒါပေမယ့် ဟိုပြောင်းဒီပြောင်းနဲ့ ဟန်ပြကွန်ဆာဗေးတစ် အိုင်ဒီယိုလိုဂျီရဲ့ ဖမ်းဆုပ်ရခက်ခဲမှုအတွက် နောက်ထပ်တစ်ခု ရှိပါတယ်။ ကွန်ဆာဗေးတစ်ဝါဒရဲ့ အဓိကမဏ္ဍိုင်အယူအဆတွေကို ကြည့်ရာမှာ ဝေဖန်သူတွေက မှားယွင်းတဲ့နေရာကို ကြည့်ရှုခဲ့ရတာ ဖြစ်ကောင်း ဖြစ်နိုင်တယ်။ ဒါကြောင့် ကွန်ဆာဗေးတစ်ဝါဒရဲ့ အချိန်ကာလအတန်ကြာ ကိုင်စွဲထားတဲ့ အစဉ်ပုံစံတစ်ခု ထွက်မလာခဲ့တာပေါ့လေ။ ဝေဖန်သူတွေက ကွန်ဆာဗေးတစ်ဝါဒရဲ့ အိုင်ဒီယိုလိုဂျီကို ရှာဖွေတဲ့အခါ လူသားနဲ့ပတ်သက်တဲ့ လစ်ဘရယ်နဲ့ ဆိုရှယ်လစ်ဝါဒ အတွေးအခေါ် အခြေခံတွေကို ဆန့်ကျင်နှိုင်းယှဉ်ပြီးသာ ရှာဖွေနေခဲ့ကြတယ်။ တစ်သီးပုဂ္ဂလ လူသားနဲ့ နိုင်ငံတော်ကြားထဲက ဆက်သွယ်ချက်ကိုသာ ရှာဖွေတယ်။ ဒီတော့ ဘာမှရှာမတွေ့တော့ဘူး။ ကွန်ဆာဗေးတစ်အတွေးအခေါ်မှာ လူသားသဘာဝ၊ နိုင်ငံတော်နဲ့ တစ်သီးပုဂ္ဂလကြားထဲက ဆက်သွယ်ချက်တွေဟာ တည်ငြိမ်ပြီး အဆက်အစပ်ရှိတဲ့ ပြောင်းလဲမှုကို ထုတ်ဖော်မပြသထားဘူး။ ဒါကြောင့် ဒီအရာတွေအတွက်လည်း အဓိကမဏ္ဍိုင်အယူအဆမရှိနိုင်ဘူး။ ဒါပေမယ့် ကွန်ဆာ ဗေးတစ်တွေရဲ့ အဆိုမှန်သမျှမှာ ဘုံတူနေတဲ့အရာတစ်ခုကတော့ ပြောင်းလဲမှုအပေါ် စိုးရိမ်ပူပန်မှုနဲ့ သဘာဝဆိုင်ရာ ပြောင်းလဲမှုနဲ့ သဘာဝမဟုတ်တဲ့ ပြောင်းလဲမှုကြား ကွဲပြားခြားနားအောင်လုပ်ဖို့ တိုက်တွန်းမှုပါပဲ။ ဒုတိယအယူကတော့ လူ့အဖွဲ့အစည်းဟာ စုစည်းညီညွတ်စွာနဲ့ အဆက်အစပ်ရှိရှိ ဖြစ်ထွန်းပြောင်းလဲနေတယ်ဆိုတဲ့ ပုံစံအပေါ်မှာ တည်ဆောက်ထားတယ်။ စုစည်းညီညွတ်စွာ ဖြစ်ထွန်းပြောင်းလဲမှုကသာလျှင် ပုံမှန်နဲ့ လုံခြုံမှုလည်းရှိရှိ တရားဝင်လည်းဖြစ်တဲ့ ပြောင်း



လဲမှုလို့ ယူကြတာ၊ နောက်ထပ်တစ်ခုကတော့ ဥပဒေအပေါ် တည်ဆောက်ထားတဲ့ လူမှုရေးအစီအစဉ်ကို ယုံကြည်တာပါပဲ။ ဒါကြောင့် လူသားရဲ့ စိတ်ဆန္ဒထဲကို မထိုးဖောက်နိုင်ဘူး။ အချိန်ကြာလာတာနဲ့အမျှ အထက်မှာ ရှင်းပြခဲ့သလို အစီအစဉ်ရဲ့ ပါရာဒိုင်းအလိုက် ပြောင်းလဲသွားတယ်။ လူသားအရင်းအမြစ်ရဲ့ အပြင်ဘက်က အရာတွေကို အခြေခံတဲ့ လူမှုရေးအစီအစဉ်ကို ကွန်ဆာဗေးတစ်တွေက ဦးတည်လာတယ်။ ဘုရားသခင်၊ သဘာဝတရား၊ သမိုင်း၊ ဇီဝဗေဒ၊ စီးပွားရေးစတဲ့ အရာတွေဟာ ကွန်ဆာဗေးတစ်တွေ ပိုပြီး အမြစ်တွယ်နေတဲ့ အရာတွေပါပဲ။

ကွန်ဆာဗေးတစ်ဝါဒ မြောက်မြားစွာဟာ ဘာသာရေးကို သူတို့ခံယူမယ့် နိုင်ငံရေးယုံကြည်ချက်တွေ၊ ကိုယ်ကျင့်တရားအမြင်တွေနဲ့ အဓိက ပင်မအရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုတယ်။ ပြီးတော့ ဘာသာရေးနဲ့ တားမြစ်ပိတ်ပင်မှုတွေကို အသုံးပြုပြီး နိုင်ငံရေးအစီအစဉ်အပေါ် ပြဋ္ဌာန်းတယ်။ တကယ်တော့ အဓိကဘာသာကြီးတွေနဲ့ ကွန်ဆာဗေးတစ်ဝါဒကြားထဲက ဆက်သွယ်ချက်မှာ ပြဿနာတွေရှိနေတယ်။ အထူးသဖြင့် သူတို့ရဲ့ ဘာသာရေးယုံကြည်ချက်တွေကို ပြင်းပြင်းထန်ထန်ကိုင်စွဲသူ ခရစ်ယာန်၊ မူစလင်နဲ့ ဂျူးတို့အကြားထဲမှာပါပဲ။ သူတို့ဟာ နိုင်ငံတော်ကို ဘာသာရေးယုံကြည်မှုဘောင်ထဲကို ထည့်ဖို့ ဆန္ဒကြီးမားလေ ပြဿနာကကြီးလေပါပဲ။ သဘာဝတရားကတော့ "တည်ရှိပြီး တဲ့အရာ"ကို သဘာဝအဖြစ် မှတ်ယူနိုင်ဖို့ အလုပ်လုပ်တဲ့အတွက် လူကြိုက်များတဲ့ အိုင်ဒီယိုလိုဂျီ လူလုပ်ပစ္စည်းပါပဲ။ "သမိုင်း" ကတော့ အစဉ်အလာပုံသဏ္ဍာန်ထဲမှာ ရောက်ရှိလာတာပါပဲ။ သမိုင်းကယနေ့ပစ္စုပ္ပန်က အမွေဆက်ခံတဲ့ အတိတ်ကာလထဲ တဖြည်းဖြည်းတွေ့ကြုံရင်း ဖြစ်ပေါ်လာတဲ့ အသိပညာတစ်ရပ် အဖြစ် တောင်းဆိုတယ်၊ ဇီဝဗေဒနဲ့ စီးပွားရေးဟာ သိပ္ပံပညာနဲ့ ထုတ်ဖော်ပြသမှု နှစ်ခုပါ။ သူတို့က ကွန်ဆာဗေးတစ်တွေ လောကီအမှန်တရားရဲ့ အခြေအနေ အဆင့်အတန်းကို လေ့လာဆည်းပူးနိုင်ဖို့ရာ ထုဆစ်ပါတယ်။

ကွန်ဆာဗေးတစ်ဝါဒဟာ အင်အားကြီးမားတဲ့ နိုင်ငံရေးအစဉ်အလာတစ်ခုပဲ၊ အကြောင်းကတော့ လူသားဆန်တဲ့ အင်နားရှားသဘောကို တောင်းဆိုတဲ့အတွက်ပါပဲ။ ပြီးတော့ ကွန်ဆာဗေးတစ်ဝါဒက နိုင်ငံရေး၊

စီးပွားရေး၊ လူမှုရေးဆိုင်ရာနေရာ ရရှိထားပြီးသူတွေကို အကာအကွယ်ပေးတယ်။ သူတို့ဟာ သူတို့ရဲ့ အကျိုးအမြတ်တွေကို ကိုယ်ပိုင်ရှာဖွေခဲ့သည်ဖြစ်စေ၊ အမွေ ဒါမှမဟုတ် အင်အားသုံးရယူခဲ့သည်ဖြစ်စေ တစ်စိတ်တစ်ပိုင်းခွဲပေးဖို့ရာ တွန့်ဆုတ်နေတာတောင်မှ ခွင့်လွှတ်ပေးတယ်။ ဒါကြောင့် "အကြောက်တရား"ဟာ ကွန်ဆာဗေးတစ်ဝါဒရဲ့ တွန်းအားပဲ။ ကွန်ဆာဗေးတစ်တွေရဲ့ သီအိုရီက သူ့အပေါ် ထောက်ခံသူတွေကို ဘာဒုက္ခမှ မပေးဘူး။ ကွန်ဆာဗေးတစ်ဝါဒက ပရိုဂရက်စစ်နဲ့ ပြုပြင်ရေး အိုင်ဒီယိုလိုဂျီတွေ တောင်းဆိုသလို ကြီးကျယ်ခမ်းနားတဲ့ အသိပညာဆိုင်ရာနဲ့ စိတ်ကူးကွန့်မြူးမှုဆိုင်ရာ အားထုတ်မှုတွေ မလိုအပ်ဘူး။ ဆိုလိုတာက ကမ္ဘာလောကကို လက်ရှိဖြစ်နေတာထက် ပိုကောင်းတဲ့ လောကကြီးဖြစ်အောင် မှန်းဆဖို့ မလိုအပ်ဘူး။ သူ့ရဲ့ နည်းလမ်းက သူ့ကိုထိမှသာ ပြန်လည်တုံ့ပြန်တတ်တဲ့ သဘောရှိတယ်။ ဒီလိုတုံ့ပြန်မှုဆိုင်ရာနည်းလမ်းကို စံပုံစံအိုင်ဒီယိုလိုဂျီနှစ်မျိုးအနေနဲ့ တွေ့ရမယ်။ ပထမတစ်ခုက ကွန်ဆာဗေးတစ် အိုင်ဒီယိုလိုဂျီဟာ သာမန်အားဖြင့် မြုံနေတတ်ပေမယ့် ဆန့်ကျင်ဘက်အိုင်ဒီယိုလိုဂျီရဲ့ ပေါ်လစီနိယာမတွေနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့ရတဲ့အခါမှာ နိုးကြွလာတယ်။ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံခြင်းဟာ ကွန်ဆာဗေးတစ်ဝါဒထဲမှာ တည်ဆောက်ပြီးသွားပြီ။ ဒုတိယလက္ခဏာတစ်ခုက အယူအဆပိုင်းဆိုင်ရာမှာ တန်ပြန်နိုင်မယ့် အစုအဝေး စုစည်းထားဖို့ပါပဲ။ အထူးသဖြင့် လူမှုရေးအစီအစဉ်ကို ခြိမ်းခြောက်ဆုံးသော အရာရယ်လို့ ကွန်ဆာဗေးတစ်တွေက မြင်လာပြီဆိုရင် တိုက်ရိုက်ကျကျ ဆန့်ကျင်ဖို့ တန်ပြန်အယူအဆတွေ အဆင့်အလိုက် စုဆောင်းထားတာ ဖြစ်တယ်။ ၁၉ ရာစုကာလက ဂန္တဝင်လစ်ဘရယ်ဝါဒီတွေဟာ နိုင်ငံရေးဆိုင်ရာ လွတ်မြောက်မှုကို တိုးပွားအောင်လုပ်တုန်းက ကွန်ဆာဗေးတစ်တွေက ပဒေသရာဇ်တွေရဲ့ တာဝန်တွေကို ဆွဲထုတ်လာတယ်။ ပြီးတော့ လစ်ဘရယ်တွေရဲ့ အပြုအမူကို "မညီမျှမှု"ဆိုတဲ့ အယူအဆနဲ့ သမုတ်တယ်။ ၁၉ ရာစုအကုန်နဲ့ ၂၀ ရာစု အတော်များများမှာ ဆိုရှယ်လစ်တွေက ပြည်သူပိုင်သိမ်းရေးနဲ့ လူမှုရေးဆိုင်ရာပြုပြင်မှု စိတ်ဝင်စားတဲ့အခါ ကွန်ဆာဗေးတစ်တွေက ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးကို သူတို့ရဲ့ အိုင်ဒီယိုလိုဂျီအခန်းအလယ်ကို ဗရွတ်တိုက်ဆွဲထုတ်လာတယ်။ ၁၉၃၀ ခုနှစ်များမှာ ဖက်ဆစ်တွေက လမ်းမပေါ်မှာ အကြမ်းဖက်ကြတဲ့အခါ၊ ကွန်ဆာဗေးတစ်တွေက ဥပဒေစိုးမိုးမှုနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဘက် ပြန်လှည့်ကြတယ်။ ဆိုရှယ်ဒီမိုကရက်တွေ အစီအစဉ်တကျ စီးပွားရေးဆိုတာကို ထောက်ခံလုပ်ဆောင်လာတဲ့အခါ သက်ချာနဲ့ ရီဂင်ဝါဒီကွန်ဆာဗေးတစ်တွေက နိုင်ငံသားတို့ရဲ့ လွတ်လပ်စွာရွေးချယ်မှုကို တပ်လှန့်ပြီး ဒါကိုပဲ စားသုံးသူတွေအဖြစ် ရည်ရွယ်ချက်ရှိရှိ ပြန်အဓိပ္ပာယ်ဖွင့်ဆိုကြတယ်။ အထက်ပါဖြစ်ရပ်တွေ အပေါ်မှာသာ မကဘူး၊ ကွန်ဆာဗေးတစ်တွေဟာ သူတို့ရဲ့ ရှေးရိုးစွဲမှုအတွက်ပါ ယူသုံးတာပါပဲ။ ဒီသဘာဝက အခြားသော အိုင်ဒီယိုလိုဂျီတွေရဲ့ အယူအဆနဲ့ အိုင်ဒီယာတွေကို စိမ့်ဝင်ပျံ့နှံ့စေတယ်။ ဒါပေမယ့် ကာလတရားတစ်ခုမှာ သူတို့လေးစားတဲ့ အိုင်ဒီယိုလိုဂျီကို ကွန်ဆာဗေးတစ် စည်းမျဉ်းနိယာမတွေရဲ့ အဓိကမဏ္ဍိုင်အပေါ် အခြိမ်းခြောက်ဆုံးအရာအဖြစ်တော့ မတုံ့ပြန်ဘူး။ သူ့ဘေးနားကပ်လျက်ရှိတဲ့ အယူအဆအစီအစဉ်ထဲမှာ အလျှော့အတင်းလုပ်ခြင်းက ကွန်ဆာဗေးတစ်တွေကို သူတို့ရဲ့ အူတိုင်အသိဖြစ်တဲ့ လုံလုံခြုံခြုံပြောင်းလဲရေးနဲ့ လူမှုရေးအစီအစဉ်အတွက် ထိန်းသိမ်းဖို့ လူသားဆန္ဒရဲ့ အကြမ်းဖက်မှုကနေ ကာကွယ်ရာမှာ အကူအညီပေးတယ်။ သူ့အပေါ် အပြင်းအထန်ဝေဖန်သူတွေက အိုင်ဒီယိုလိုဂျီအခွင့်အရေးသမားအဖြစ် သတ်မှတ်ကြတာဟာလည်း တကယ်ပဲ ကိုက်ညီလှပါတယ်။

ကွန်ဆာဗေးတစ်ဝါဒ၊ လစ်ဘရယ်ဝါဒနဲ့ ဆိုရှယ်လစ်ဝါဒတို့ဟာ နိုင်ငံရေးတိုက်ပွဲတစ်ခုမှာ အတူတွေ့ကြတဲ့အခါ အလယ်အလတ်ကျပါတယ်ဆိုတဲ့ လစ်ဘရယ်ဝါဒနဲ့ အစီအစဉ်ကျနတဲ့ ပြုပြင်ရေးသမား ဆိုရှယ်လစ်ဝါဒနှစ်ခုဟာ လူပြိန်းတွေလို တစ်ဦးနဲ့တစ်ဦး ရန်ဆောင်ကြတော့တာပါပဲ။ သူတို့ရဲ့ ဆက်စပ် ဆက်သွယ်နေတဲ့ နီးစပ်မှုဟာ ရန်လိုမှုကို ခလုတ်ဖိချပစ်လိုက်တာ။ သူတို့ကြားထဲက ကွဲပြားခြားနားချက်တွေကို သရော်ကြဖို့လည်း တွန်းအားပေးတယ်။ တကယ်ပါပဲ ဆိုရှယ်လစ်ဝါဒရဲ့ မာ့က်စ်ဝါဒရှုထောင့်အမြင်နဲ့ လစ်ဘရယ်ဝါဒရဲ့ ပုဂ္ဂလိကလွတ်လပ်မှု အဓိကရှုထောင့်အမြင်နှစ်ခုဟာ အခြေခံအကျဆုံး အောက်ခြေမှာ တူညီကြတယ်။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီနှစ်ခုရဲ့ အဓိကခန္ဓာကိုယ်ကတော့ ဒီမိုကရေစီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ အကျိုးစီးပွားမရသူတွေရဲ့ ဒုက္ခအပေါ် အသိအမှတ်ပြုခြင်းစတဲ့

ပြဿနာရပ်တွေနဲ့ ထပ်နေကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လစ်ဘရယ်ဝါဒက ဆိုရှယ်လစ်ဝါဒကို ဗျူရိုကရက်တစ်ဆန်တဲ့အရာ၊ လက်တွေ့မကျတဲ့အရာ အဖြစ် ခြယ်မှုန်းတယ်။ ဆိုရှယ်လစ်တွေကတော့ လစ်ဘရယ်အဖြစ်ဆုံးတွေ တောင်မှ စွန့်လွှတ်လိုက်ပြီးပြီဖြစ်တဲ့ အတ္တဝါဒရဲ့ လက်နက်တစ်ခုအဖြစ် ရှုချလက်စားချေတယ်။ ဒါပေမယ့် ဒီနှစ်ခုဟာ အသစ်ထွက်ပေါ်လာတဲ့ ဖက်ဆစ်ဝါဒနဲ့ ကွန်မြူနစ်ဝါဒကြားက အသေအကြေ တိုက်ပွဲကိုတော့ မယှဉ်နိုင်ပါဘူး။ ဒီနှစ်ခုဟာ နှစ်ဆယ်ရာစုအလယ်ဝန်းကျင်လောက်က အိုင်ဒီယိုလိုဂျီနယ်ပယ်ကို လွှမ်းမိုးထားနိုင်ခဲ့တယ်။ အကြွင်းမဲ့ အာဏာပိုင်အိုင်ဒီယိုလိုဂျီတွေ ပေါ်ထွက်လာမှုဟာ သူတို့ရဲ့ ကျယ်ပြန့်လာတဲ့ အိုင်ဒီယိုလိုဂျီကို မူဝါဒ တရားသေအယူအဆ၊ အပိတ်စနစ်အဖြစ် အားဖြည့်လာတယ်။ သူ့အပေါ် မလိုလားတဲ့ ပြည်သူတွေကိုတောင်မှ ထိခိုက်နာကျင်စေခဲ့တယ်။

## အကြွင်းမဲ့အာဏာပိုင် အိုင်ဒီယိုလိုဂျီများ

အီတလီဖက်ဆစ်အာဏာရှင် ဘမ်နီတိုမူဆိုလီနီက "အကြွင်းမဲ့အာဏာပိုင်"ဆိုတဲ့ အသိကို နှစ်ခြိုက်စွာ အသုံးချခဲ့တယ်။ ဒီဝေါဟာရက လူမှုရေးဆိုင်ရာ စိုးရိမ်ပူပန်မှုနဲ့ နိုင်ငံရေးစုစည်းညီညွတ်မှုရဲ့ ကျယ်ပြန့်ပုံကို ထုတ်ဖော်ညွှန်ပြနေတဲ့အတွက်ပါပဲ။ အကြွင်းမဲ့အာဏာပိုင်ဝါဒဟာ လူမှုရေးနဲ့ တစ်သီးပုဂ္ဂလလူသားဘဝရဲ့ နယ်ပယ်မှန်သမျှမှာ စိုးမိုးနိုင်ခွင့်ကို နိုင်ငံတော်က ရရှိဖို့ရာ အကူအညီပေးရင်းကနေပဲ လူထုနဲ့ ပုဂ္ဂလိကစက်ဝန်းကြားက နေရာလွတ်ထဲမှာ ပြိုကျသွားတယ်။ ဟမ်းနအားရင့်ကတော့ အကြွင်းမဲ့အာဏာပိုင်ဝါဒကို သာမန်နိုင်ငံသားတွေအနေနဲ့ သူတို့ဟာ ဥပဒေရဲ့ ဘယ်အခြမ်းဖက်မှာ ရှိသလဲဆိုတာကို ဘယ်တော့မှ မသိတော့ဖို့အတွက် ကြိုးစားရင်းက တရားဝင်ခြင်းနဲ့ တရားမဝင်ခြင်းကြားက ကွဲပြားခြားနားချက်ကို ဖြိုချလိုက်တဲ့အရာအဖြစ် မြင်တယ်။ ဥပဒေဟာ အုပ်ချုပ်သူတွေရဲ့ ဆန္ဒအလိုက် ပြောင်းလဲပေးနေရတယ်။ ဒီသဘောကပဲ ကြောက်မက်ဖွယ်ရာ အခြေအနေကို အမြဲတည်တံ့စေခဲ့တာပါ။ ဖက်ဆစ်ဝါဒဟာ ခက်ထန်ကြမ်းတမ်းပြီး ရန်လိုတဲ့ အမျိုးသားရေးဝါဒနဲ့ ပေါင်းစပ်လိုက်တယ်။ နိုင်ငံတော်နဲ့ နောက်လိုက်လူမိုက်တွေရဲ့ အစီအမံနဲ့အတူ ပေါင်းစပ်လိုက်ကြတာပါ။ ခေါင်းဆောင်ရဲ့ အယူ



သည်းမှုကနေ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာကောင်းတဲ့ အကြမ်းဖက်မှုနဲ့ မျိုးဆက်တစ်ခုကို ပြန်လည်မွေးထုတ်မယ်ဆိုတဲ့ ဒဏ္ဍာရီတစ်ခုဟာ အတိတ်ကာလ ကြီးကျယ်ထွန်းပြောင်းခဲ့တဲ့ ရောမလိုမျိုး ပြန်လည်ရှင်သန်ထမြောက်လာတယ်။ ပြီးတော့ အမျိုးသားနိုင်ငံတော်ကို ပြန်လည်မွေးဖွားပေးဖို့ ကတိပြုတယ်။ ဂျာမန်အမျိုးသားဆိုရှယ်လစ်ဝါဒဟာ သူ့ရဲ့ အိုင်ဒီယိုလိုဂျီအပိုင်းမှာရော၊ လက်တွေ့ကျတဲ့ နားလည်ခြင်းမှာပါ ပိုပြီးစနစ်ကျတယ်။ နှစ်ပေါင်းတစ်ထောင်လောက်ကြီးပြီးဖြစ်တဲ့ ဂျာမန်လက်အောက်မှာ အာယန်လူမျိုးတွေရဲ့ စုစည်းညီညွတ်မှုမျိုးရရှိရမယ်လို့ဆိုပြီး လူမျိုးရေးဆိုင်ရာ ဒဏ္ဍာရီတစ်ခုကိုပါ ပေါင်းထည့်လိုက်တယ်။ ဂျူးလူမျိုးတွေကိုလည်း လူသားအဖြစ် အရည်အသွေး မပြည့်မှီတဲ့ သတ္တဝါအဖြစ် လျှော့ချတယ်။ နောက်ပိုင်း ဂျူးလူမျိုးသန်းပေါင်းများစွာကို အမြစ်ပြတ်သုတ်သင်တယ်။

အခြားတစ်ဖက်မှာလည်း ကွန်မြူနစ်ဝါဒဟာ ပိုပြီး ဖမ်းဆုပ်ရခက်တဲ့ အိုင်ဒီယိုလိုဂျီတစ်ခု ဖြစ်နေခဲ့တယ်။ ကွန်မြူနစ်ဝါဒဟာ ဆိုရှယ်လစ်မိသားစုကနေ ဆင်းသက်လာတယ်။ မာ့က်စ်ဝါဒီတွေက စံပြစိတ်ကူး လူ့အဖွဲ့အစည်းကို ကိုင်စွဲပြီး ဘာသာဗေဒအားဖြင့် ဆိုရှယ်လစ်ဝါဒီနဲ့ ကွန်မြူနစ်ဝါဒီကို အပြန်အလှန်ဖလှယ်ပြီး သုံးတတ်ကြတယ်။ တကယ်တော့ ကွန်မြူနစ်ဝါဒဟာ ဆိုရှယ်လစ်အစဉ်အလာထဲက ဆန့်ကျင်ခွဲထွက်လာတဲ့ သားပေါက်ကလေးပဲ၊ ဒီလိုသုံးရင် ဆိုရှယ်ဒီမိုကရက်တွေက မကြိုက်ကြပေမယ့် အနောက်လူ့အဖွဲ့အစည်းအတွင်းက ဆိုရှယ်လစ်ဝါဒ ဆန့်ကျင်သူတွေကတော့ ကျေကျေနပ်နပ် လက်ခံကြတယ်။ ကွန်မြူနစ်ဝါဒနဲ့ အီလစ်ဆန်ပြီး အကြွင်းမဲ့အာဏာပိုင်သဘော သဘာဝလက္ခဏာတွေဟာ လီနင်ရဲ့လက်အောက် ဆိုဗီယက်ပြည်ထောင်စုမှာ ထွက်ပေါ်လာတယ်။ ပြီးတော့ စတာလင်ရဲ့လက်အောက်မှာ တော်လှန်ရေးဆိုတဲ့ ခေါင်းစဉ်တပ်ပြီး ကွန်မြူနစ်ဝါဒဆန့်ကျင်သူ ပေါင်းမြောက်မြားစွာက အသက်ခံခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါ အရှေ့ဥရောပကို ဖုံးနှံ့သွားပြီး ကွန်မြူနစ်ဝါဒဟာ ပိုပြီး ဗျူရိုကရက်တစ်ဆန်လာတယ်၊ ကွန်ဆာဗေးတစ် ဆန်လာတယ်။ သူတို့ရဲ့ အရေးအသားတွေထဲမှာ ဘုံလူ့အဖွဲ့အစည်းအတွက် လူထုရဲ့တက်ကြွစွာ ပါဝင်အားထုတ်မှုကို ကိုယ်စားပြုထားတယ်။ အထွေထွေစိတ်ဆန္ဒဆိုတဲ့ အတွေးအခေါ်ကို

PDF CREATOR - NYEYADHAMMA@GMAIL.COM



လည်း အသုံးပြုကြတယ်။ ဘာပဲပြောပြော ကွန်မြူနစ်ဝါဒဟာ ဖိနှိပ်တဲ့အခါမှာ ကြမ်းတမ်းရက်စက်တဲ့နည်းတွေကို ထိန်းသိမ်းထားပြီး တစ်သီးပုဂ္ဂလသဘာဝ၊ လွတ်လပ်မှုနဲ့ လူ့အခွင့်အရေးတွေကို စနစ်တကျ ချိုးဖောက်တယ်။ ဒီလိုနဲ့ ကွန်မြူနစ်ဝါဒဟာ သူ့ရဲ့ မူလအရင်းအမြစ် ခမ်းနားကြီးကျယ်တဲ့ လူမှုရေးအမြင်ကနေ သွေဖယ်လိုက်တယ်။ ယနေ့ကာလမှာ ကွန်မြူနစ်ဝါဒရဲ့ ပါဝါအကြီးဆုံး ထုတ်ဖော်ပြသချက်ကိုတော့ တရုတ်ပြည်မှာ တွေ့ရမယ်။ တရုတ်ကွန်မြူနစ်ဝါဒက အီလစ်နိုင်ငံရေးသမားတွေကို ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှု၊ လယ်သမားတော်လှန်ရေးတို့ကို ခံယူမှုဖို့အတွက် အဓိကအခန်းကဏ္ဍကနေ လမ်းညွှန်ပေးတယ်။ အခုအခါမှာတော့ အကန့်အသတ်ရှိတဲ့ ဈေးကွက်လွတ်လပ်မှုဆိုတာနဲ့ တွဲဖက်ပြီး စမ်းသပ်လုပ်ကိုင်နေကြတယ်။

အိုင်ဒီယိုလိုဂျီ ရုပ်ရင်းအရ အကြွင်းမဲ့အာဏာပိုင် အိုင်ဒီယိုလိုဂျီတွေ အသုံးပြုတဲ့ အယူအဆတွေရဲ့ အဓိပ္ပာယ်နဲ့ ယင်းအယူအဆတွေကြားထဲက ဆင်တူမှုဟာ တင်းကြပ်လွန်းပြီး အလျှော့အတင်းမရှိဘဲ တရားသေသဘော ဆောင်တယ်။ "ဩဇာအာဏာ"အယူအဆဟာ နိုင်ငံတော်နဲ့ တွဲဖက်နေတယ်။ "ခေါင်း ဆောင်"ဆိုတာကတော့ တစ်ခုတည်းသော အသိပညာ၊ တရားဝင်မှုနဲ့ တွဲဖက်နေတယ်။ "လွတ်လပ်မှု"ရဲ့ အဓိပ္ပာယ်ကတော့ အခြားသော အိုင်ဒီယိုလိုဂျီတွေရဲ့ ပုံဖျက်ထားတဲ့ အနေအထားကနေ လွတ်မြောက်ခြင်းပဲ။ တာဝန်ယူမှု၊ အခွင့်အရေးနဲ့ နားလည်လက်ခံမှုစတဲ့ အယူအဆတွေဟာ နိုင်ငံရေးအဘိဓာန်ထဲကနေ ဖယ်ရှားခံလိုက်ရတယ်။ ဒါကို ဂျော့ချ်အော်ဝဲလ်က သူ့ရဲ့ ၁၉၈၄ ဝတ္ထုမှာ "စစ်သည် ငြိမ်းချမ်းရေးဖြစ်သည်၊ လွတ်လပ်မှုသည် ကျွန်မြုနစ်ဖြစ်သည်။ မိုက်မဲခြင်းသည် ခွန်အားဖြစ်သည်"လို့ ရဲရင့်စွာ သရော်ထားတယ်။

ကွန်မြူနစ်ဝါဒအရ အိုင်ဒီယိုလိုဂျီဟာ အရင်က ဖြစ်ပျက်ခဲ့သမျှ အနေအထားနဲ့ မတူတော့ဘဲ စကားလုံးတွေရဲ့ စစ်ပွဲရယ်လို့တောင် ဖြစ်လာတယ်။ စကားလုံးစစ်ပွဲကနေမှတစ်ဆင့် ပြည်သူတွေဟာ သူတို့ရဲ့ စစ်မှန်တဲ့ နိုင်ငံရေးအသံရှာမလား ဒါမှမဟုတ် ဘာမှမပြောဘဲ ငြိမ်ငြိမ်နေမလားဆိုတဲ့ ရွေးချယ်မှုကိုလုပ်ရတယ်။

နာဇီဝါဒနဲ့ ဖက်ဆစ်ဝါဒရဲ့ ချဲ့ထွင်လာမှု အဆုံးအသတ်၊ သူတို့ရဲ့



တွန်းကန်ထွက်လာတဲ့ ယုံကြည်မှုနဲ့ အပြုအမူတို့ဟာ စစ်ပွဲတကာ စစ်ပွဲတွေထဲမှာ အဆိုးရွားဆုံးကမ္ဘာစစ်ကို ဖြစ်ပျက်စေတယ်။ ဒါကို ခမ်းနားကြီးကျယ်တဲ့ စနစ်တွေကြားထဲက သေခြင်းတရားအယူအဆနဲ့ ပတ်သက်တဲ့ အိုင်ဒီယိုလိုဂျီတိုက်ပွဲအဖြစ် မြင်နိုင်တယ်။ ထိပ်တိုက်ရင်ဆိုင်မှုဟာ ၁၉၅၀ နဲ့ ၆၀ ခုနှစ်များက စစ်အေးတိုက်ပွဲအထိ ချဲ့ထွင်ဆန့်ကျင်ခဲ့တယ်။ ကွန်မြူနစ်ဝါဒဟာ ဖက်ဆစ်ဝါဒကို အစားထိုးဝင်ရောက်လာပြီး အနောက်တိုင်းတန်ဖိုးတွေရဲ့ အစားထိုးလို့မရတဲ့ ရန်သူဖြစ်လာတယ်။ အလယ်အလတ် အိုင်ဒီယိုလိုဂျီတွေလည်း "အိုင်ဒီယိုလိုဂျီ" ဆိုတာကို ပစ်ပယ်ဖို့ဖြစ်လာတော့တယ်။ အကြောင်းက "အိုင်ဒီယိုလိုဂျီ"ကို မာ့က်စ်ဝါဒီတွေ အနက်ပြန်သလို အာရုံမှောက်မှားစေတဲ့ အရာအဖြစ်သာ မကဘူး။ အိုင်ဒီယိုလိုဂျီဟာ တကယ့်စစ်မှန်လွန်းလို့ ခြိမ်းခြောက်နေတဲ့အရာအဖြစ် အိုင်ဒီယိုလိုဂျီအမြင်ကို အကြွင်းမဲ့အာဏာပိုင် အိုင်ဒီယိုလိုဂျီနဲ့ တရင်းတနှီး တွဲဖက်လိုက်တာကြောင့် ကြီးကြီးမားမား တောက်လောင်လာခဲ့တယ်။ အကြွင်းမဲ့အာဏာပိုင်အုပ်ချုပ်ရေးကျဆုံးမှုက အိုင်ဒီယိုလိုဂျီဟာ သူ့ဘာသာသူ ဖျက်ဆီးလိုက်သလို ဖြစ်လာတယ်။ ပြီးတော့ "အိုင်ဒီယိုလိုဂျီ နိဂုံး"လို့ပြောမယ့် ဂိုဏ်းအတွက် ခဲယမ်းမီးကျောက်တွေ ပေးလိုက်တယ်။ ဆန့်ကျင်ဘက်ဆိုရရင် ၂၀ ရာစုရဲ့ နောက်ထပ် ရာစုနှစ်ဝက်အကြာ ယနေ့ပစ္စုပ္ပန်ရဲ့ သာမန်အိုင်ဒီယို လိုဂျီဆိုတာထက် ခြွင်းချက်အားဖြင့် ဖြစ်ပေါ်လာတဲ့ အိုင်ဒီယိုလိုဂျီတွေအဖြစ် စတင်သတ်မှတ်နေကြပါပြီ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

## အခန်း(၇)
## မိုက်ခရို အိုင်ဒီယိုလိုဂျီများ

ခမ်းနားကြီးကျယ်တဲ့ အိုင်ဒီယိုလိုဂျီအစဉ်အလာ ဒါမှမဟုတ် အဆိပ်အတောက်ပြင်းတဲ့ အိုင်ဒီယိုလိုဂျီတွေသာလျှင်ရှိတယ်လို့ နားလည်ထားရင် မှားပါလိမ့်မယ်။ တစ်ခါတရံမှာ ထင်ရှားတဲ့ အိုင်ဒီယိုလိုဂျီပုံသဏ္ဍာန် ပြန်လည်ဖွဲ့စည်းမှုဟာ တည်ရှိပြီးသား အိုင်ဒီယိုလိုဂျီနှစ်ခုထဲကနေ မလိုအပ်တာတွေ ဖယ်ထုတ်ပစ်လာတယ်။ တစ်ချို့ကိစ္စတွေမှာ အပြည့်အဝဖွံ့ဖြိုးနေပြီဖြစ်တဲ့ အိုင်ဒီယိုလိုဂျီက သူ့လောက်မဖွံ့ဖြိုးသေးတဲ့ အိုင်ဒီယိုလိုဂျီကို အိမ်ရှင်အဖြစ် လက်ခံပြုမူမယ်။ အပြည့်အဝမဖွံ့ဖြိုးသေးတဲ့ အိုင်ဒီယိုလိုဂျီကလည်း သူ့ဘာသာသူ ရပ်တည်ကောင်းရပ်မယ်။ ကျွန်တော်တို့ဟာ အနောက်တိုင်းကမဟုတ်တဲ့ အိုင်ဒီယိုလိုဂျီ မြောက်မြားစွာဟာ ဥရောပနဲ့ မြောက်အမေရိက အိုင်ဒီယိုလိုဂျီ သိမ်းသွင်းထိန်းချုပ်မှုရဲ့ အရိပ်အောက်မှာ အဖိနှိပ်ခံထားရတယ်ဆိုတာကိုလည်း မမေ့သင့်ပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅ နှစ်လောက် နိုင်ငံရေးအိုင်ဒီယိုလိုဂျီတွေရဲ့ စံပုံစံဟာ အရင်ကလို မသိမသာ မမြင်သာတော့ဘဲ နိုင်ငံရေးအတွေးအခေါ် ပုံသဏ္ဍာန်သစ်အငယ်စားတွေအဖြစ် ပေါ်ပေါက်လာခဲ့တယ်။ ဒီလိုပေါ်ပေါက်လာမှုဟာ အိုင်ဒီယိုလိုဂျီတွေရဲ့ သဘာဝနဲ့ အိုင်ဒီယိုလိုဂျီတွေအပေါ် ကျွန်တော်တို့ရဲ့ မြင်ပုံလမ်းကြောင်းကို ပြောင်းလဲစေခဲ့သလား?

ဒီမေးခွန်းအတွက် အဖြေကို ယတိပြတ်ပေးဖို့ရာ မဖြစ်နိုင်ပါဘူး။ တစ်ဖက်ကလည်း ကျွန်တော်တို့ဟာ "ဂလိုဘယ်"လို လျော့ရဲရဲနိုင်လှတဲ့ စကားလုံးနဲ့ သရုပ်ဖော်ခံထားရတဲ့ ကမ္ဘာကြီးထဲမှာ နေနေကြတာပါ။ "ဂလိုဘယ်"ကြောင့် လူတွေက ယူနီဗာဆယ်(ဝါ)ဂလိုဘယ်အိုင်ဒီယိုလိုဂျီဆိုတာကြီးကို စိတ်ကူးနဲ့တွေးပြီး ကြောက်လာစေတယ်။ အကြောင်းက ဂလိုဘယ်အိုင်ဒီယိုလိုဂျီဆိုတာ လီဗိုက်စ်ဂျင်း၊ မတ်ဒိုနယ်၊ ဟမ်ဘာဂါ၊ ကိုကာကိုလာ၊ မိုက်ခရိုဆော့ဖ်စနစ်တွေအပေါ် စားသုံးခြင်းနဲ့ လွတ်လပ်စွာကုန်သွယ်ခြင်းဆိုတဲ့ အမေရိကန်အရင်းရှင်ဝါဒက လွှမ်းမိုးထိန်းချုပ်ထားတဲ့ အိုင်ဒီယိုလိုဂျီသာလျှင် ဖြစ်ကောင်းဖြစ်နေမှာ စိုးရိမ်နေတဲ့အတွက်ပဲ။ အခြားတစ်ဖက်ကလည်း အိုင်ဒီယိုလိုဂျီတွေဟာ ပိုပြီးအကွဲကွဲအပြားပြားနဲ့ အဆောက်



အအုံမဲ့သွားပြီး ပိုင်းစစိတ်မွှာလာတယ်။ နိုင်ငံရေးအဖြေတွေကို ပေးဖို့ရာမှာလည်း ယာယီအခိုက်အတန့်လောက်သာ ပေါင်းစပ်တော့တယ်။ ဒီလိုချော်ထွက်လာတာကြောင့် ပစ္စုပ္ပန်ကာလမှာ အိုင်ဒီယိုလိုဂျီတွေရဲ့ မစွမ်းနိုင်မှုကို မြင့်တင်လိုက်ပုံပေါ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ အိုင်ဒီယိုလိုဂျီတစ်ခု မဟုတ်ဘူး။ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ နိုင်ငံရေး နယ်နိမိတ်တွေ ပြိုကျသွားတာကို ဖော်ပြနိုင်တဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဖြစ်စဉ်တစ်ခုပဲ။ ဒါမှမဟုတ် ကမ္ဘာကြီးအနှံ့စားသုံးခြင်းနဲ့ ထုတ်လုပ်ခြင်းပုံစံတစ်မျိုး ပျံ့နှံ့လာတာ၊ တရားမျှတမှုအတွက် တောင်းဆိုမှုဟာ ပထဝီနယ်မြေဒေသနဲ့ မဆိုင်တော့တာကိုပါ ညွှန်ပြနိုင်တယ်။ လစ်ဘရယ်ဝါဒမှာ အရင်းခံဖြစ်တည်လာတဲ့ အိုင်ဒီယိုလိုဂျီဦးတည်ချက်တွေအဖြစ် ဂလိုဘယ်လိုက်ဇေးရှင်းဟာ လှုံ့ဆော်ခံကောင်း ခံရနိုင်တယ်။ ဒါပေမယ့် ဒီလိုမြင်ရင်တော့ လစ်ဘရယ်အစဉ်အလာရဲ့ စွယ်စုံသဘာဝကို ကျဉ်းကျဉ်းမြောင်းမြောင်း မြင်တာ၊ ကိုယ်စားပြု မှားယွင်းတာပါပဲ။

မကြာသေးခင်က "လွတ်လပ်သော ဈေးကွက်"နိုးထလာခြင်းဟာ ကွန်ဆာဗေးတစ်တွေရဲ့ ထပ်ခိုးအောက်ကနေ ထွက်ပေါ်လာတယ်။ ဒါကို လစ်ဘရယ်ဝါဒကနေ ပဲ့ထွက်လာတဲ့ အစွန်းရောက်လွတ်လပ်မှုဝါဒအဖြစ် သတ်မှတ်ကြတယ်။ အစဉ်အလာအိုင်ဒီယိုလိုဂျီအတွင်းမှာတောင်မှ လာပြီး ရွှေ့လျားနေတတ်တယ်။ အခြားလစ်ဘရယ်မဏ္ဍိုင် အယူအဆတွေနဲ့မတူဘဲ လွတ်လပ်မှုဟာ အကန့်အသတ် အတားအဆီးမရှိတဲ့ စားသုံးသူရွေးချယ်မှု ဖြစ်လာတယ်။ ဒီအချက်ကြောင့်ပဲ လစ်ဘရယ်ဝါဒထဲက လိုးထုတ်ယူပြီး ထူးထူးခြားခြား ရောယှက်ထားတဲ့အရာတစ်ခု ဖြစ်နေတယ်။ သူက တည်ရှိဆဲ စီးပွားရေးမညီမျှမှုကို တားမြစ်ပိတ်ပင်ဖို့လုပ်သလို၊ နိုင်ငံတော်ရဲ့ ထိန်းချုပ်မှုဟာ လူမှုရေးဒုက္ခတွေကို ကုသဖို့ ဖြစ်နိုင်ခြေဆိုတာကိုလည်း လက်မခံပေးဘူး။ ကွန်မြူနတီဆိုတဲ့ ထီးရိပ်အောက်မှာ မကြာခဏ ခိုလှုံတယ်။ နောက်အဲဒီမှာ ကွန်မြူနတီအတွင်းမှာရှိတဲ့ ဈေးကွက်က ကွန်မြူနတီကို ပိုပြီး သိပ်သည်းကျစ်လစ်လာစေတယ်။ ယုံကြည်မှုနဲ့ လူမှုရေးသိပ်သည်းခိုင်မာမှုကိုပါ ပေးအပ်တယ်။

အိုင်ဒီယိုလိုဂျီတွေ ပိုင်းစစိတ်မွှာခြင်းက တစ်ခုခုကိုစပြီး အလုပ်လုပ်

နိုင်ဖို့ ဖမ်းဆုပ်ရခက်ခဲတဲ့ အဆောက်အအုံတစ်ခုလုံး သဘောကို ပေးအပ်တယ်။ ပိုင်းစစိတ်မွှာသွားခြင်းကြောင့် အိုင်ဒီယိုလိုဂျီရဲ့ စံပြပုံစံ အဆောက်အအုံမှာ အများကြီးပြောင်းလဲသွားတာတော့ မဟုတ်ဘူး။ အိုင်ဒီယိုလိုဂျီတွေ ပိုင်းစစိတ်မွှာလာတယ်ဆိုရင်ပဲ လူထုက အိုင်ဒီယိုလိုဂျီဟာ တစ်စစီပြုတ်ထွက်ကုန်ပြီ၊ ဒါကြောင့် လျှင်မြန်စွာနဲ့ ပြန်စုရုံးရမယ်ဆိုတာ သိမှတ်နားလည်တယ်။ "တတိယလမ်းကြောင်း အုပ်စု"အိုင်ဒီယိုလိုဂျီ ပေါ်ပေါက်လာခြင်းဟာ အထက်ပါ ဥပမာပဲ။ ဆိုရှယ်လစ်ဒီမိုကရက်တစ်၊ ကွန်ဆာဗေးတစ်နဲ့ လစ်ဘရယ်နိယာမတွေကို စုပြုထုပ်ပိုးပြီး အိုင်ဒီယိုလိုဂျီအသစ်(ဝါ)နိုင်ငံရေး ပရိုဂရမ်အသစ်တစ်ခုအဖြစ် ပုံ့နှံ့စေတယ်။ တတိယလမ်းကြောင်းဆိုတာ လစ်ဘရယ်အရင်းရှင်ဝါဒနဲ့ နိုင်ငံ တော်ဆိုရှယ်လစ်ဝါဒကြားထဲက အရာလို့ ယူဆရမယ်။ "အခွင့်အရေး"ကို အခြေပြုထားတဲ့ လစ်ဘရယ်ယုံကြည်မှုနဲ့ တာဝန်ယူမှုကို အခြေပြုထားတဲ့ ကွန်ဆာဗေးတစ်၊ ဆိုရှယ်လစ်ယုံကြည်မှုကို ပေါင်းစပ်ထားတာပါ။ အခွင့်အရေးတွေကို တာဝန်ယူရမယ့် အပြုအမူကနေ တစ်ဆင့် ဝယ်ယူရမယ့် အခွင့်ထူးတွေအဖြစ် စီးပွားဖြစ်ကူးသန်းရောင်းဝယ်တယ်။ သူက ရောယှက်ထားတဲ့ စီးပွားရေးပုံစံကို ထောက်ခံတယ်။ ပုဂ္ဂလိကဘဝရဲ့ စည်းမျဉ်းနဲ့ ဦးဆောင်မှုတွေအပေါ် ဟန်ချက် ညီထိန်းချုပ်မှုတော့ ရှိရမယ်ပေါ့လေ။ တစ်ဖက်မှာ ဗဟိုက လွှမ်းမိုးထားတဲ့အာဏာနဲ့ ဖခင်လွှမ်းမိုးတဲ့ နိုင်ငံတော်ကို ဖန်တီးနေစဉ်မှာပဲ၊ အခြားတစ်ဖက်မှာ နိုင်ငံသားတွေရဲ့ ကိုယ်ကျင့်တရားပြည့်ဝဖို့ အားထုတ်ပြီး သူတို့ရဲ့ ဗဟုသဘော တစ်သီးပုဂ္ဂလသဘာဝတွေကို ထုတ်ဖော်ပြနိုင်ဖို့ တွန်းအားပေးတယ်။ တစ်ဖက်က အလုပ်ကောင်းကောင်းကြိုးစားသူဟာ ကောင်းကျိုးပိုခံစားရမယ်လို့ ဆိုရင်းက အများသာတူညီမျှခြင်း ဝဲလ်ဖဲလ်ရဲ့ အမိကကျမှုကို ဟောပြောတယ်။ အစဉ်အလာ မိသားစုတန်ဖိုးစံတွေကို မှီခိုနေစဉ်မှာပဲ တစ်ဖက်က မော်ဒန်အသွင်ပြောင်းလဲဖို့ရာ မရပ်မနား ကြိုးပမ်းတယ်။ ဒီလို မတည်မငြိမ်အရောအနှောဟာ သက်တမ်းတိုကောင်း တိုမယ်၊ ဒါပေမယ့် အီလစ်အစိုးရတွေရဲ့ ကိုင်တွယ်ထိန်းချုပ်မှု၊ လူသိရှင်ကြား ထုတ်ဖော်ပြောဆိုမှုအတွင်း အရောအနှောတွေကို ကောင်း ကောင်းအသုံးချကြတယ်။

"တတိယလမ်းကြောင်း" အိုင်ဒီယိုလိုဂျီဟာ လူတွေက တမင်သက်သက်လုပ်ထားတဲ့ အိုင်ဒီယိုလိုဂျီ အစုအပေါင်းပဲ။ ဒီလို အိုင်ဒီယိုလိုဂျီဟာ အိုင်ဒီယိုလိုဂျီ ဖန်တီးမှုအရင်းအမြစ်အသစ်တွေ တိုးပွားလာတာကြောင့် အမြဲတမ်းလိုလို အန္တရာယ်ဖြစ်လာတယ်။ လူထုမီဒီယာကလည်း ဒီလိုအိုင်ဒီယိုလိုဂျီတွေကို စိတ်မချရဖြစ်အောင် လုပ်ပါကယ်။ အိုင်ဒီယိုလိုဂျီရဲ့ အဆောက်အအုံအသေးလေးတွေက ကွန်ဆာဗေးတစ်အမျိုးသားရေးဝါဒထဲကို ပြန်ဆုတ်သွားတဲ့ ပြည်ဝင်မှုဆန့်ကျင်ရေး အဖွဲ့အစည်းတွေလိုမျိုး အတိုက်အခံအုပ်စုတွေကိုသာလျှင် စူးစိုက်ထားတယ်။ သတင်းစာ ခရူးဆိတ်တိုက်ပွဲတွေအပေါ်လည်း အဓိက ဗဟိုပြုထားမယ်။ တစ်သီးပုဂ္ဂလဘဝ နေထိုင်မှုပုံစံ၊ လွတ်လပ်မှုပြဿနာရပ်တွေနဲ့ ဆက်စပ်နေတဲ့ ဆေးဝါးအပျော့တွေအပေါ် ဥပဒေပြုပေးဖို့ ပြောမယ်။

ဝေလျှင်လို အပျက်အစီးကြောင့်ဖြစ်လာတဲ့ လူထုရဲ့ လက်တလော စိတ်ခံစားချက်တွေအနားမှာ တည်ရှိနေမယ်။ ပြီးတော့ အပြန်အလှန်တာဝန်ယူမှု၊ ရှားပါးကုန်စည်တွေကို တကယ်လိုအပ်သူဆီသာ ဖြန့်ချိရေးစတဲ့ ပြဿနာရပ်ကို ဖြေရှင်းလာစေတယ်။ ဒီပြဿနာရပ်တွေကို ဖြေရှင်းပုံတွေဟာ ငါတို့(ဝါ)ဖြန့်ချိသူနဲ့ သူတို့(ဝါ)အဖြန့်ချိခံကြားမှာ ခွဲခြားထားတဲ့ တင်းကြပ်တဲ့ နယ်နိမိတ်ဘောင်တွေကို ပြိုပျက်သွားစေလိမ့်မယ်။ ဆင်ခြင်တုံတရားရှိပြီး လွတ်လပ်တဲ့ ကွန်မြူ နတီတစ်ခုအနေနဲ့ အိုင်ဒီယိုလိုဂျီကို စီမံခန့်ခွဲလာနိုင်မယ်။ အိုင်ဒီယိုလိုဂျီဟာ အုပ်စိုးသူတွေရဲ့ တစ်ဖက်သတ်အရာ မဟုတ်တော့ဘူး။ အပြန်အလှန် တာဝန်ယူမှုတွေကြားမှာ ပုံသဏ္ဌာန်မြောက်မြားစွာ တိုးပွားလာမယ်။ ဂရမ်ချီရဲ့ အမြင်တွေဟာ အိုင်ဒီယိုလိုဂျီမှာ အရင်းအမြစ်မြောက်မြားစွာရှိနေတာကို ပြနေတယ်။

### အိုင်ဒီယိုလိုဂျီ ရုပ်ရင်းသစ်များ

အိုင်ဒီယိုလိုဂျီတွေ ပြိုကွဲသွားခြင်းကိုယ်၌က သံသယရှိစရာ ကိစ္စတစ်ချို့ကြောင့်ပဲ ပုဂ္ဂလိကအတ္တအတွက် ပြောင်းလဲလာပြီး တစ်သီးပုဂ္ဂလဆန်ဆန်အသုံးချနေတဲ့ အရာအဖြစ် အိုင်ဒီယိုလိုဂျီကို မြင်ကြသူတွေရှိပါတယ်။ ဒီလို အိုင်ဒီယိုလိုဂျီမျိုးက ခေတ်ပြိုင်လူ့အဖွဲ့အစည်းတွေရဲ့ ဗဟုဝါဒနဲ့ လစ်ဘရယ်ပြောင်းလဲခြင်းကို ထည့်ဝင်မှုတစ်ခုတော့ လုပ်ပါတယ်။ အခုထက်ထိတိုင်အောင်

ကျွန်တော်တို့ဟာ အိုင်ဒီယိုလိုဂျီပေါင်း တစ်သန်းလောက်အကြောင်းကို ပြောလာကြတယ်ဆိုရင်ပဲ ကျွန်တော်တို့ဟာ သာမန်အသိကို စွန့်လွှတ်လိုက်တာပါပဲ။ သတင်းအချက်အလက်နဲ့ ဆွေးနွေးငြင်းခုံစရာ အကြောင်းအရာသစ်ကြီး ပေါ်ပေါက်လာတာတောင်မှ ရှင်းလင်းပြတ်သားတဲ့ ကောက်ချက်ကို မပေးခဲ့ဘူး။ အင်တာနက်ဟာ အိုင်ဒီယိုလိုဂျီတွေထုတ်လုပ်ခြင်းမှာ တော်လှန်ရေးတစ်ရပ် ပေးအပ်ကြောင်း၊ လူအုပ်စုတွေကို ရေးသားပို့ချမှုတစ်ခု ထွက်ပေါ်လာလောက်အောင် အလိုအလျောက် အုပ်စုတစ်စုနဲ့တစ်စု ပြောင်းလဲသွားစေနိုင်ကြောင်း ကျွန်တော်တို့ကို ထပ်ခါတလဲလဲ ပြောလာကြပါတယ်။ တကယ်တော့ အင်တာနက်ကို အိုင်ဒီယိုလိုဂျီ တီထွင်ဖန်တီးသူအဖြစ်မြင်ဖို့ရာ အလွန်စောနေပါသေးတယ်။ သူတို့ဟာ နိုင်ငံရေးဘာသာစကားနဲ့ ပေါ်လစီတွေကို ပြိုင်လိုစိတ်ရှိသလား၊ မရှိသလားဆိုတာအတွက် ပိုပြီး လူသိထင်ရှားနဲ့ ဇဟိုချက်ကျကျ ပျံ့နှံ့စေဖို့ရာ လိုအပ်တဲ့အတွက်ပါပဲ။

အိုင်ဒီယိုလိုဂျီကြီးတွေ ပိုင်းစ စိတ်မွှာကွဲထွက်သွားပြီလို့ ပြောသူတစ်ဦးကတော့ လူမှုရေးဆိုင်ရာ နေရာရွေ့လျားမှု၊ အစဉ်အလာ လူမှုရေးအဆောက်အအုံတွေ ပြိုကွဲမှုကြောင့်လို့ မြင်တယ်။ ဒီအမြင်ဟာ ပို့စ်မောက်ဝါဒီတွေ၊ အဆောက်အအုံလွန်ဝါဒီတွေကြားမှာ အများဆုံးရှိတတ်ပါတယ်။ လာမယ့်အခန်းမှာ သူတို့ရဲ့ အမြင်တွေကို တွေ့ရမှာပါ။ ဒါပေမယ့် သိမ်းသွင်းထိန်းချုပ်မှုလုပ်တဲ့ အမျိုးသားရေးဝါဒ ဒါမှမဟုတ် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ မရေရာတဲ့ အကျိုးသက်ရောက်မှုတွေကို ဆန့်ကျင်စိန်ခေါ်သူတွေကြားထဲမှာလည်း ပျံ့နှံ့တာပါပဲ။ စိန်ခေါ်သူတွေက သီးခြားပြဿနာရပ်တွေ ဒါမှမဟုတ် သီးခြားပြဿနာရပ်တွေ အစုအပေါင်းကို အာရုံစိုက်နေကြတဲ့အချိန်မှာတောင် ဒေသတွင်း အိုင်ဒီယိုလိုဂျီတွေ ပေါ်ထွက်လာတာကို လက်ခုပ်လက်ဝါး တီးကြပါတယ်။ ၂၀ ရာစု နှောင်းပိုင်းက လူမှုရေးလှုပ်ရှားမှု အသစ်တွေဟာ ဥပမာပါပဲ။ သူတို့တွေက ပင်မရေစီးနဲ့မတူတဲ့ ဘဝနေထိုင်မှုပုံစံတွေ၊ ကိုယ်တိုင်ကိုယ်ကျပါဝင်တဲ့ ဒီမို ကရေစီ၊ ဂေဟဗေဒဆိုင်ရာ တာဝန်ယူမှုနဲ့ လူမှုရေးအုပ်စုတွေ အပြောက်အမြားကြား လူမှုလိင်နဲ့ လူမျိုးစုသီးခြားအမှတ်လက္ခဏာတွေအပေါ် ညီမျှတဲ့လေးစားမှုကို အားပေးတယ်။ ပိုင်းစစိတ်မွှာခြင်းက တစ်သီးပုဂ္ဂလလူသားအချင်းချင်းကြား ရေပြင်ညီမျဉ်းအတိုင်း



ဆက်ဆံရေးကို အားနည်းစေတဲ့အတွက် ထိန်းချုပ်ကိုင်တွယ်ခြင်းလုပ်ရာမှာ လူတွေကို ချိနဲ့သွားစေတယ်။ လစ်ဘရယ်ဒီမိုကရေစီလို့ ခေါ်နေကြတဲ့ လူ့အဖွဲ့အစည်းတွေထဲမှာ တင်မရာတွေနဲ့ စောင့်ကြည့်ခြင်း အလွန်တရာကြီးမားလာတာကိုပဲ စူးစမ်းလေ့လာကြည့်ပါ။ ဗျူရိုကရက်တစ် တာဝန်ယူမှုရဲ့ ယန္တရားကနေတစ်ဆင့် လူထုရဲ့ဘဝကို အဆက်မပြတ် လည်ပတ်ထိန်းချုပ်ထားတယ်။ စောင့်ကြည့်တဲ့အတွက် ပြစ်မှုတွေလည်း လျော့ကျသွားပါတယ်ဆိုတဲ့ အကာအကွယ်တစ်ခုတည်းနဲ့ လုပ်နေကြတယ်။ အခုဆိုရင်ဖြင့် လစ်ဘရယ်စနစ်တွေကို အတော်အတန် စိန်ခေါ်သွားတဲ့ အကြွင်းမဲ့အာဏာပိုင် အိုင်ဒီယိုလိုဂျီတွေတောင်မှ အိပ်မက်မမက်ခဲ့တဲ့ ပုဂ္ဂလိကဘဝထဲ ချိုးဖောက်ဝင်ရောက်မှုတွေကို တက်ခနိုလိုဂျီက ပေးအပ်နေပါပြီ။

အိုင်ဒီယိုလိုဂျီ လေ့လာသူတွေအတွက်လည်း ပြဿနာအသစ်တွေ ထွက်ပေါ်လာတယ်။ ပုံထွက်လာတဲ့ အိုင်ဒီယိုလိုဂျီ အပိုင်းအပြတ်ကလေးတွေကို လေ့လာဖို့ရာ သင့်တော်တဲ့ စီစဉ်ပုံဟာ ဘာလဲ၊ ပြန်လည်နိုးထလန်းဆန်းလာတဲ့ အိုင်ဒီယိုလိုဂျီ မိသားစုတွေဖြစ်တဲ့ ကွန္တီယဝါဒ၊ ဂေဟဗေဒ အခြေခံနိုင်ငံရေးအတွေးအခေါ်နဲ့ အမျိုးသားရေးဝါဒကို လေ့လာဖို့ရာ စီစစ်ပုံဟာ ဘာလဲ? လေ့လာပုံတစ်ခုတည်းနဲ့ အားလုံးကို လေ့လာနိုင်မယ်လို့တော့ မတောင်းဆိုနိုင်ပါဘူး။ ကောင်းပါပြီ။ အပိုင်းအပြတ်နဲ့ အတိုင်းအတာပုံစံတွေဟာ အိုင်ဒီယိုလိုဂျီ မဟုတ်ပါဘူးလို့ပဲ ဆိုပါစို့။ ပရိဘောဂအစုံလိုက်မဟုတ်ဘဲ အခန်းလွတ်ထဲက စားပွဲနဲ့ ကုလားထိုင်လေးတစ်ခုဟာ အခန်းကို ပြည့်စုံအောင်ဖြည့်ဖို့ရာ မတတ်နိုင်တဲ့ သနားဖွယ်ရာ အပိုင်းအပြတ်ကလေးဖြစ်နေပါလိမ့်မယ်။ ဒါပေမယ့် အခန်းထဲက ထိုင်ခုံနဲ့စားပွဲကိုပဲ ထောင်တစ်ခုရဲ့ ပုံရိပ်အဖြစ် မြင်ကြည့်ပါ။ ထိုင်ခုံနဲ့ စားပွဲထက် အခန်းဟာ ထိန်းချုပ်ခံနဲ့ ထိန်းချုပ်နေတဲ့ ရည်ရွယ်ချက် သဘောဆောင်တဲ့ အခန်းဖြစ်ပါလိမ့်မယ်။ ဒီသုတာမှာ ထွန်းကားတဲ့ အနည်းဆုံးဝါဒဟာ ပစ္စည်းတွေကို တတ်နိုင်သမျှနည်းနည်းနဲ့ ရသပေါ်အောင် လုပ်တတ်ပါတယ်။ အနည်းဆုံးဝါဒဆိုရင်တော့ ထိုင်ခုံနဲ့ စားပွဲလောက်ကိုသုံးပြီး ရသခံစားချက်ပေါ်အောင် ထုတ်ပေးပါလိမ့်မယ်။ ဒီတော့ အိုင်ဒီယိုလိုဂျီ အပိုင်းအပြတ်ဆိုတာကိုလည်း တစ်ခုတည်းသော အိုင်ဒီယိုလိုဂျီရည်ရွယ်ချက်ရှိတဲ့ လူအုပ်စုက သူတို့အကျိုးအမြတ်

အတွက် အိုင်ဒီယိုလိုဂျီအဖြစ် သုံးပါလိမ့်မယ်။ ပထမဆုံး လေ့လာစူးစမ်း ကြည့်ဖို့လိုတာက၊ ဘယ်အိုင်ဒီယိုလိုဂျီ အပိုင်းအဖြတ်ရဲ့ ပုံစံတွေဟာ ပိုမို ကျယ်ပြန့်စွာ လက်ခံပေးနိုင်တဲ့ အိုင်ဒီယိုလိုဂျီ အရင်းအမြစ်တွေ ပါဝင်သလဲ ဆိုတာကိုပါပဲ။ ဒုတိယအချက်ကတော့ အိုင်ဒီယိုလိုဂျီ အပိုင်းအဖြတ်နဲ့ ပြန် လည်နိုးထလာတဲ့ ပုံစံအသစ်တွေမှာ ယခင်ကနဲ့ ကွဲပြားခြားနားတဲ့ အိုင်ဒီယို လိုဂျီ ရှုပ်ရင်းအသစ်တွေ တည်ရှိနေပုံကို ကြေညာဖို့ပါပဲ။ 'အိုင်ဒီယိုလိုဂျီ ရှုပ်ရင်းသစ်'လို့ အမည်ပေးကြပါတယ်။

အိုင်ဒီယိုလိုဂျီ ရှုပ်ရင်းသစ်ဆိုတာ ပင်မရေစီးထဲက အိုင်ဒီယိုလိုဂျီ တွေလိုပဲ၊ သီးခြားလက္ခဏာတွေကို ခွဲထုတ်ပြနိုင်တဲ့ ရှုပ်ရင်းတွေရှိတယ်။ ပင်မရေစီး အိုင်ဒီယိုလိုဂျီတွေနဲ့ မတူတာကတော့ အကန့်အသတ်ခံထားရတဲ့ အရာတွေ ဖြစ်နေတာပဲ။ သူက ပိုမိုကျယ်ပြန့်တဲ့ ပတ်ဝန်းကျင်အဆက်အစပ် ထဲ ကျွန်တော်တို့ ပါဝင်စေချင်တဲ့ အယူအဆများစွာ ဖယ်ထုတ်ခြင်းဖြင့် လည်းကောင်း၊ အစားထိုးခြင်းဖြင့်သော်လည်းကောင်း အလုပ်လုပ်တယ်။ မတ်ခရိုအိုင်ဒီယိုလိုဂျီကြီးတွေ ကိုင်စွဲထားတဲ့ မေးခွန်းတွေကိုတော့ အပြည့် အဝ မကိုင်စွဲနိုင်ဘူး။ သူ့ရဲ့ ရည်ရွယ်ချက်နဲ့ နယ်ပယ်ထဲမှာ အကန့်အသတ်နဲ့ နေတယ်။ အမျိုးသားရေးဝါဒကိုပဲ ကြည့်ပါ။ သူဟာ နိုင်ငံတစ်ခုရဲ့ ထူးခြားတဲ့ အဖိုးထိုက်တန်မှု၊ လူသားရဲ့ သီးခြားအမှတ်လက္ခဏာကို ပုံဖော်သူအဖြစ် အဓိကအာရုံစိုက်တဲ့ အိုင်ဒီယိုလိုဂျီပဲ။ အခြားတစ်ဖက်ကလည်း မကြာခဏ ဆိုသလို အခြားသောနိုင်ငံတွေရဲ့ အဖိုးထိုက်တန်သော အရာတွေထက် သူတို့ရဲ့ သာလွန်ကြီးမြတ်မှုကို အလေးအနက်ထားသလို၊ နိုင်ငံတစ်ခုဟာ သူ့နိုင်ငံသားတွေရဲ့ အပြုအမူအပေါ် ပြုလုပ်ဖန်တီးနေတာဟာ မှန်ကန် ကြောင်း သက်သေပြဖို့ကြိုးစားတယ်။ တကယ်တမ်းလက်တွေ့မှာတော့ အဲဒီ လို ဟုတ်ချင်မှဟုတ်မယ်။ ဘယ်သူက ဘာရရမယ်၊ ဘယ်အချိန်မှာ ရရမယ်၊ ဘယ်လိုရရမယ်ဆိုတာ နိုင်ငံရေးရဲ့ အဓိကမေးခွန်းလို ဖြစ်နေတယ်။ တကယ် တမ်းက ရှားပါးပြီး အရေးပါတဲ့ ကုန်ပစ္စည်းတွေကို တရားမျှတစွာ ဖြန့်ဝေနိုင် တဲ့ အစီအစဉ်တစ်ခု အသေအချာ ထုတ်ပေးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ နိုင်ငံရဲ့ ကိုယ့်ကိုယ်ကိုပြဋ္ဌာန်းမှု ဒါမှမဟုတ် ပြင်ပအုပ်ချုပ်မှုကနေ လွတ်မြောက် ရေးလို့ ဒလပ်စပ်ပြောနေစဉ်မှာပဲ၊ ဒီလိုပြောတဲ့ အမျိုးသားနိုင်ငံဟာ နိုင်ငံ



တော်ရဲ့ အကြွင်းမဲ့အာဏာနဲ့ အုပ်ချုပ်ရေးကိုသာလျှင် ပြောနေတာ။ သူတို့ ဟာ တစ်သီးပုဂ္ဂလလွတ်လပ်မှုနဲ့ အခွင့်အရေး၊ လူထုနဲ့ ပုဂ္ဂလိက နယ်မြေ ကြားထဲက ဆက်ဆံရေးတွေကိုတော့ ဘာမှမပြောကြဘူး။

တကယ်တော့ သီးသန့်လူမျိုးစုတစ်ခုက ရန်လိုနေတဲ့ နိုင်ငံရေးစနစ် တစ်ခုကို ဆန့်ကျင်ပြီး သူတို့ရဲ့ ကိုယ်ပိုင်အမျိုးသားပြည်နယ်တစ်ခုကို မတောင်းဆိုတဲ့အခါကျမှသာလျှင် အမျိုးသားရေးဝါဒ ရှားရှားပါးပါး ပေါ် ပေါက်လာမှာဖြစ်တယ်။ ဒါမှမဟုတ်လည်း တည်ရှိပြီးသား အမျိုးသားနယ် တွေဟာ ပြင်ပရန်သူရဲ့ ခြိမ်းခြောက်ခံရမှသာ ပေါ်ပေါက်လာမှာဖြစ်တယ်။ ဒါတောင်မှ သူ့ရဲ့ ယိုင်နဲ့နဲ့ ပုံသဏ္ဍာန်အတွင်းကနေသာလျှင် ပေါ်ပေါက်မှာ ပါ။ အမျိုးသားရေးဝါဒဟာ ပိုမိုကျယ်ပြန့်တဲ့ အဓိက အိုင်ဒီယိုလိုဂျီတွေ အတွင်းမှာ ခိုလှုံနေတာမျိုး မတွေ့ရဘူး။ ကွန်ဆာဗေးတစ်တွေကတော့ အမျိုးသားရေးဝါဒီတွေ အမျိုးသားရေးဝါဒသမိုင်းကို တီထွင်လမ်းဖောက်ကြ ပြီဆိုတာနဲ့ သူတို့ရဲ့ အခန်းထဲမှာ နေရာလွတ်ကို ပျော်ပျော်ရွှင်ရွှင် ရှာပေးလိမ့် မယ်။ ဖက်ဆစ်တွေကတော့ သူတို့ရဲ့ တကယ့်အစစ်အမှန် ရန်သူနဲ့ စိတ်ကူး ထဲက ရန်သူကို တိုက်ရိုက်ဆန့်ကျင်မယ့် စစ်ဝါဒဟာ တရားမျှတကြောင်း ထုတ်ဖော်ပြသဖို့ရာ အမျိုးသားရေးဝါဒကို အမြတ်ထုတ် အသုံးချတယ်။ လစ် ဘရယ်ဝါဒတောင်မှ တစ်ချို့သော အခိုက်အတန့်မှာ အမျိုးသားရေးဝါဒ ဝေါဟာရနဲ့ အဓိပ္ပာယ်ခြင်း တူလာသေးတယ်။ သူတို့ မကြာခဏဆိုသလို ထွက်ပြေးနေတဲ့ ဝေါဟာရနဲ့ တူလာတာပါ။ သဘောကတော့ လစ်ဘရယ် ဝါဒဟာ ကိုယ့်ကိုယ်ကိုယ် အုပ်စိုးခွင့်ကို တားမြစ်ပိတ်ပင်လိုက်ပြီး အမျိုးသား နိုင်ငံရေးတွေကို သူတို့ရဲ့ ကိုယ်ပိုင်နိုင်ငံတော်ကို သူတို့ပိုင်ဆိုင်ခွင့်အပေါ် အကြွင်းမဲ့ ယူနီဗာဆယ်အခွင့်အရေးကို ထောက်ခံလာတာမျိုးမှာပါပဲ။

ဒါပေမယ့် အိုင်ဒီယိုလိုဂျီရှုပ်ရင်းတွေမှာလည်း ကွဲပြားခြားတဲ့ပုံစံ တွေ ရှိပါသေးတယ်။ ဂေဟဗေဒဝါဒမှာ ဒီသဘောကို တွေ့နိုင်တယ်။ ဂေဟဗေဒ ဝါဒီတွေဟာ လူမှုလိင်ပြဿနာရပ်ကို အိုင်ဒီယိုလိုဂျီ အငြင်းပွားဖွယ်ရာမှာ အရေးကြီးဆုံးပါဝင်နေတဲ့ ပစ္စည်းအဖြစ် မှတ်ယူကြတယ်။ ပြီးတော့ ဖခင် ကြီးစိုးတဲ့ ပါဝါဆက်ဆံရေးပုံစံ တည်ရှိမှုဟာ မှာက်စ်မှာ လူတန်းစားပဋိပက္ခ ဖြစ်သလိုပဲ ကြီးမားတဲ့ကွဲပြားမှုကို ဖြစ်စေတယ်။ ဂေဟဗေဒဝါဒက နယ်နိမိတ်

အကန့်အသတ်နဲ့ ပတ်သက်တဲ့ မေးခွန်းကို ကျွန်တော်တို့ နောက်ထပ်တစ်ဖန် ရင်ဆိုင်လာရအောင် လုပ်တယ်။ (၁) အဓိကအိုင်ဒီယိုလိုဂျီ အုပ်စုတွေဟာ ဘာလဲ။ အိုင်ဒီယိုလိုဂျီတွေရဲ့ နယ်ပယ်ကို အကောင်းဆုံးဖုံးအုပ်နိုင်မယ့် မြေပုံရဲ့ အဓိကလက္ခဏာတွေက ဘာလဲ? ၂၀ ရာစု ဣတ္ထိယဝါဒီအများစုဟာ သူတို့ရဲ့အဆိုတွေကို လစ်ဘရယ်နဲ့ ဆိုရှယ်လစ်နိယာမတွေအပေါ် ချဲ့ထွင်ခြင်းအဖြစ် မှတ်ယူလာတယ်။ အစွန်းရောက် ဣတ္ထိယဝါဒီတွေကလည်း တည်ရှိဆဲ နိုင်ငံရေးအယူအဆတွေနဲ့ ပြဿနာရပ်တွေက အမှန်တကယ် အရေးပါတဲ့ပြဿနာကို ကျွန်တော်တို့ရဲ့ စိတ်ဝင်စားမှုတွေ သွေဖယ်သွားအောင် လုပ်ဖို့ရာ အခွန့်တက်လာကြတယ်။ ယခင်က ဘေးမသီရန်မခ သုံးစွဲခဲ့တဲ့ 'အခွင့်အရေး'ဆိုတာဟာ ဣတ္ထိယဝါဒကြောင့် 'ယောကျ်ားတွေရဲ့ အခွင့်အရေး' သာလျှင် ဖြစ်လာတယ်။ နိုင်ငံရေးအာဏာကိုလည်း ယောကျ်ားလွှမ်းမိုးတဲ့ အာဏာအဖြစ် ပိုမိုကောင်းမွန်စွာ နားလည်လာတယ်။

အကြွင်းမဲ့ ယူနီဗာဆယ်/သီးသန့်၊ ယဉ်ကျေးမှု/သဘာဝ၊ စိတ်/ခန္ဓာ၊ ဆင်ခြင်မှု/စိတ်လှုပ်ရှားမှုစတဲ့ နှစ်ခုတွဲ ဆန့်ကျင်ဘက်စည်းမျဉ်းတွေရဲ့ ပုံစံဟာ ယောကျ်ား/မိန်းမဆိုတဲ့ နှစ်ခုတွဲ ဆန့်ကျင်ဘက်ကိုပါ ထင်ဟပ်နိုင်တယ်။ နှစ်ခုတွဲ ဆန့်ကျင်ဘက်တွေမှာ ရှေ့ဘက်ကအရာတွေဟာ လိုလားအပ်တဲ့ လက္ခဏာတွေရှိပြီး ဒုတိယအရာတွေကတော့ ကစဉ့်ကလျား အစီအစဉ်မဲ့တယ်။ ဒါကြောင့် နိုင်ငံရေးဘာသာစကားတွေကို ပြန်လည်နေရာချ စီစဉ်ပြီး၊ ယင်းကနေမှတစ်ဆင့် လူမှုရေးအလေ့အကျင့် ပြန်လည်ပြုလုပ်ခြင်းဟာ ဣတ္ထိယဝါဒီရဲ့ ရည်ရွယ်ချက်ပါပဲ။ အစဉ်အလာ အိုင်ဒီယိုလိုဂျီ စိစစ်မှုရှုထောင့်ကနေ ကြည့်ထားတဲ့ အိုင်ဒီယိုလိုဂျီ ရုပ်ရင်းတွေရဲ့ပုံစံကို ဣတ္ထိယဝါဒက ကွဲပြားခြားနားစွာ အနက်ပြန်မှာ ဖြစ်တယ်။ ဣတ္ထိယဝါဒရဲ့ ဖော်ပြချက်အရတော့ အိုင်ဒီယိုလိုဂျီရုပ်ရင်းတွေမှာ အယူအဆအမျိုးမျိုး ပါဝင်သင့်တယ်။ ဂရုစိုက်မှု၊ ပြုစုပျိုးထောင်ခြင်း၊ စာနာထောက်ထားမှု၊ ကိုယ်ကျိုးမကြည့်ခြင်းစတဲ့ အယူအဆရဲ့ အစိတ်အပိုင်းလို့ဆိုရမယ့်အရာတွေ ပါဝင်သင့်တယ်။ ဘာသာစကားရဲ့ ထိန်းချုပ်မှုအပေါ် အိုင်ဒီယိုလိုဂျီအရ ရှန်းကန်တိုက်ပွဲဝင်မှုဟာ လွတ်လပ်မှု၊ တရားမျှတမှုစတဲ့ လွှမ်းမိုးကြီးစိုးဆဲ နိုင်ငံရေး အယူအဆတွေရဲ့ အဓိပ္ပာယ်အပေါ်ကို ယှဉ်ပြိုင်တိုက်ခိုက်ရမှာ ဖြစ်တယ်။



ဒါတင်မကဘူး။ နိုင်ငံရေးနဲ့မဆိုင်ဘဲ အစဉ်အလာရိုးရာအရ ကိုင်စွဲထားတဲ့ အယူအဆတွေပါ ပြောင်းလဲသွားဖို့ ကြိုးစားရမှာဖြစ်တယ်။ အရာအားလုံးကို ယောကျ်ားကြီးစိုးတဲ့ မြေပုံထဲက ထုတ်ယူပစ်ရမယ်လို့ ဣတ္ထိယဝါဒတွေက တောင်းဆိုတယ်။

အိုင်ဒီယိုလိုဂျီတွေဟာ အနောက်တိုင်းနဲ့ပဲဆိုင်သလား?

အိုင်ဒီယိုလိုဂျီတွေ ကျိုးပဲ့သွားခြင်းနဲ့ ပြန်လည်စီစဉ်ခြင်းဟာ အိုင်ဒီယိုလိုဂျီရှုခင်းကို လှုပ်ခါသွားစေတယ်။ စိန်ခေါ်ခံရတဲ့ အိုင်ဒီယိုလိုဂျီကြီးတွေဟာ သူတို့ကိုယ်သူတို့ အကြွင်းမဲ့ ယူနီဗာဆယ်အဖြစ် တင်ပြကြတယ်။ ဒါပေမယ့် တစ်ကြိမ်မှာတော့ အကြွင်းမဲ့ ယူနီဗာဆယ်ဟာ မေးခွန်းထုတ်ခံရတယ်။ တစ်ကြိမ်ကျပြန်တော့လည်း အကြွင်းမဲ့ ယူနီဗာဆယ်အိုင်ဒီယိုလိုဂျီတွေဟာ သီးခြားယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကနေ လွတ်မြောက်လာတဲ့ အရာအဖြစ် အသိအမှတ်ပြုခံရတယ်။ ရုတ်တရက်ဆိုသလို အနောက်တိုင်းကမဟုတ်တဲ့ အိုင်ဒီယိုလိုဂျီတွေကို သတိပြုခံရဖို့၊ ပေါ်ပေါက်လာဖို့အတွက် လမ်းဖွင့်ပေးထားတယ်။ ဒါဟာ ဗဟုယဉ်ကျေးမှုဝါဒရဲ့ အောင်ပွဲတစ်စိတ်တစ်ဒေသပဲ။ အနောက်တိုင်းမဟုတ်တဲ့ အမြင်တွေ ကျွေးနိုင်၊ ဆန့်နိုင်ဖို့ရာ နိုင်ငံရေးရလဒ်တစ်ခုပဲ။ တစ်ခါက အနောက်တိုင်းမဟုတ်တဲ့ အမြင်တွေဟာ အနောက်ရဲ့အမြင်တွေထက် နိမ့်ကျတယ်လို့ ခံစားခဲ့ရဖူးတယ်။ နိုင်ငံရေးနဲ့ အသိပညာဆိုင်ရာဖွံ့ဖြိုးမှုရဲ့ အစောပိုင်းအဆင့်လောက်ပဲရှိတယ်လို့ ယူဆခဲ့ကြဖူးပါတယ်။ အရှေ့တိုင်းအိုင်ဒီယိုလိုဂျီ မြောက်မြားစွာမှာ အနောက်တိုင်းအိုင်ဒီယိုလိုဂျီကို သူတို့သိသမျှ အတိုင်းအတာလောက် ဟိုစပ်ဒီစပ် ရောနှောထားသလို၊ ဒေသခံယဉ်ကျေးမှုဆိုင်ရာ ပါရာဒိုင်းတွေလည်း ပါဝင်တယ်။ ဂျပန်နိုင်ငံရေးက သူတို့ရဲ့ လစ်ဘရယ်ထဲမှာ ကျယ်ပြန့်တဲ့ ကွန်ဆာဗေးတစ်လှုပ်ရှားမှုတွေ ထည့်စပ်ထားသလို၊ ရိုးရာအစဉ်အလာပုံစံကို အဆင့်မြင့် တက်ခနိုလိုဂျီဘဝနေထိုင်မှုပုံစံနဲ့ ရောယှက်ထားတယ်။ တက်ခနိုလိုဂျီက အနောက်တိုင်းရဲ့ ဈေးကွက်တွေအပေါ် သတိနဲ့ မိတ်ဆက်ပေးတယ်။ တစ်ဖက်မှာလည်း ဂျပန်ဒေသခံ၊ ယဉ်ကျေးမှုတွေက သူတို့အပေါ် စံပုံစံသွပ်သွင်းလာမယ့် အနောက်တိုင်း တစ်သီးပုဂ္ဂလဝါဒကို ဆန့်ကျင်ထိန်းချုပ်ပြန်တယ်။

ဘာသာရေးအစွန်းရောက်ဝါဒ ပေါက်ထွက်လာခြင်းက အိုင်ဒီယိုလိုဂျီ လေ့လာသူတွေအတွက် အတော်ကလေး စိတ်ဝင်စားဖို့ကောင်းတဲ့ ပဟေဠိတစ်ပုဒ် ဖြစ်လာတယ်။ ဘာသာရေးဟာလည်း အိုင်ဒီယိုလိုဂျီပဲလား? တူညီတဲ့ လက္ခဏာများရှိတယ်ဆိုရင်တော့ဖြင့် ကွန်မြူနစ်ဝါဒကို လောကီဆန်တဲ့ ဘာသာရေးတစ်ခုအဖြစ် ဖော်ပြရလိမ့်မယ်။ ဒီမေးခွန်းအတွက်ကတော့ ဘာသာရေးဟာ အိုင်ဒီယိုလိုဂျီဖြစ်တယ်၊ မဖြစ်ပါဘူးဆိုတဲ့ အဖြေနှစ်ခုစလုံး ပေးရလိမ့်မယ်။ ဘာသာရေးဟာ လူထုပေါ်လစီကို ထိန်းချုပ်ဖို့ အပြိုင်အဆိုင် ကြိုးပမ်းတာ၊ နိုင်ငံရေးရပ်ဝန်းရဲ့ လူမှုရေးဆိုင်ရာ အစီအစဉ်တွေအပေါ် လွှမ်းမိုးဖို့ကြိုးစားတဲ့အခါမျိုးမှာမှ ဘာသာရေးဟာ နိုင်ငံရေး အိုင်ဒီယိုလိုဂျီတွေ ဖြစ်လာတယ်။ ဒီလိုလုပ်နေတာတောင် ဒါဟာ လိုအပ်လို့ ဖြစ်ပေါ်နေတာအဖြစ် မှတ်ယူနိုင်ပြီး အိုင်ဒီယိုလိုဂျီအဖြစ် စဉ်းစားဖို့ရာ လုံလောက်တဲ့ အခြေအနေမရှိသေးဘူး။ ဘာသာရေးဟာ အင်အားကြီးမားတဲ့ အတိုက်အခံအုပ်စုတစ်ခုလိုလည်း ထမ်းဆောင်မယ် ဆိုပါစို့၊ ဒါဟာလည်း အိုင်ဒီယိုလိုဂျီတစ်ခုဖြစ်လာအောင် မလုပ်ပေးနိုင်သေးဘူး။ အိုင်ဒီယိုလိုဂျီရုပ်ရင်းသစ်တစ်ခုတောင်မှ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ပြဿနာရပ်တစ်ခုကို ဖြေရှင်းဖို့ ရှာဖွေနေတဲ့ အုပ်စုက အိုင်ဒီယိုလိုဂျီ အပိုင်းအပြတ်တစ်ခုကို အမိကစုးစိုက်ထားမယ်၊ ပြီးတော့ သူတို့ရဲ့ပြဿနာအတွက် ဘာသာရေးနဲ့ ကျင့်ဝတ်ဆိုင်ရာ ထုံးတမ်းစဉ်လာကို ယဉ်ကျေးမှုတစ်ခုအဖြစ် စောင့်ထိန်းမှ ဖြစ်မယ်လို့ အဖြေထုတ်မယ်ဆိုရင်တော့ ဘာသာရေးဟာ အိုင်ဒီယိုလိုဂျီရုပ်ရင်းသစ်တစ်ခု ဖြစ်လာနိုင်ပါတယ်။ ဘာသာရေးအစွန်းရောက်ဝါဒက သူ့ကိုယ်သူ ကမ္ဘာလောကကြီးထဲက တပ်ဆုပ်သွားပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုနိုင်တယ်၊ ဒါမှမဟုတ် ယူတိုးပီးယားလောကအမြင်ထဲမှာ သူတို့မရှိတော့ဘူးလို့ ပြောနိုင်တယ်။ ဒီလိုပြောခြင်းကလည်း အိုင်ဒီယိုလိုဂျီရုပ်ရင်းသစ်နဲ့ တနည်းတဖုံ ပတ်သက်ဆက်နွယ်နေတာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ဘာသာရေးအစွန်းရောက်ဝါဒဟာ နိုင်ငံရေးအဖြစ် ကြီးကြီးမားမား အသက်သွင်းလို့ရတယ်။ ပြီးတော့ သူက အကြွင်းမဲ့အာဏာပိုင် အိုင်ဒီယိုလိုဂျီရဲ့ ဝိသေသလက္ခဏာတွေထဲက တစ်ချို့ကို မွေးစားနိုင်တယ်။ ဒီအထဲက တစ်ခုကတော့ သူတို့အပေါ် မယုံကြည်သူတွေကို ပြင်း



ပြင်းထန်ထန် ရန်လိုတာပဲ၊ နောက်ထပ်တစ်ခုကတော့ အကြွင်းမဲ့အာဏာပိုင် အိုင်ဒီယိုလိုဂျီနဲ့ အခြေခံအကျဆုံး ရုပ်ရင်းမှာ လာပြီးတူနေတာပါပဲ၊ သူတို့ရဲ့ အခြေခံဟာ တရားသေတင်းကြပ်ပြီး အလျှော့အတင်းမရှိတဲ့ အမိပ္ပာယ်တွေ အပေါ်မှာ တွယ်ကပ်နေတာဖြစ်တယ်၊ လောကီအကြွင်းမဲ့ အာဏာပိုင်အမြင်က ဘာသာဗေဒတွန်းအားတွေရဲ့ တည်ဆောက်ခံရမှုကြောင့် သူတို့မှာရှိတဲ့ အယူအဆတွေရဲ့ အမိပ္ပာယ်တွေထဲမှာ ပိတ်လှောင်ခံရတယ်။ ဘာသာရေး အစွန်းရောက်ဝါဒကလည်း သူတို့ရဲ့ ဘာသာရေးစာသားတွေကြောင့် အဲဒီလိုပဲ ပိတ်လှောင်ခံရတယ်။ ဘာသာရေး အစွန်းရောက်ဝါဒထဲက အမြင့်မြတ်ဆုံး လူတွေဟာ အမှန်တရားကို သယ်ဆောင်သူ၊ ထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်သလို၊ လောကီအိုင်ဒီယိုလိုဂျီတွေထဲမှာတော့ ဒီအခန်းကဏ္ဍကို အသိပညာရှင်တွေက ယူတယ်။

အိုင်ဒီယိုလိုဂျီ ခွဲခြမ်းစိတ်ဖြာရာမှာ ဘာသာရေးဟာ အိုင်ဒီယိုလိုဂျီ ဟုတ်မဟုတ်ရဲ့ တကယ့်ပြဿနာအစစ်က ကွဲပြားခြားနားမှုဆိုင်ရာ မေးခွန်းပါပဲ။ ဥပမာ အစ္စလာမ်နိုင်ငံရေးက အိုင်ဒီယိုလိုဂျီတစ်ခု အလုပ်လုပ်လည်ပတ်ပုံတွေကို ပိုင်ဆိုင်တယ်။ အိုင်ဒီယိုလိုဂျီက နိုင်ငံရေးဆိုင်ရာ ကိုယ်စားလှယ်အစုအပေါင်းတစ်ရပ်ကို ထုတ်ပေးတယ်၊ တခြားတစ်ဖက်မှာလည်း လူသားရဲ့ သီးခြားအမှတ်လက္ခဏာ ကွဲကွဲပြားပြားမရှိဘဲ တစ်ခုနဲ့တစ်ခု တူညီနေတာကို ထိန်းသိမ်းထားပြန်တယ်၊ ပထမတစ်ခုက နိုင်ငံရေးမှာဖြစ်နေပြီး ဒုတိယတစ်ခုက ဘာသာရေးမှာ ဖြစ်နေတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အစ္စလာမ်နိုင်ငံရေးဟာ ခေတ်ပြိုင်အိုင်ဒီ ယိုလိုဂျီတွေရဲ့ အထူးသီးသန့်ဆန်မှုကိုတော့ မပိုင်ဆိုင်ဘူး။ အိုင်ဒီယိုလိုဂျီရဲ့ အထူးသီးသန့်ဆန်မှုဆိုတာက အိုင်ဒီယိုလိုဂျီလို့ခေါ်တဲ့ အရာတစ်ခုဟာ ထင်ရှားမှု၊ အသွင်ပြောင်းမှု၊ အတွေးအခေါ်စနစ်တစ်ခု၊ သူ့ရဲ့ ကိုယ့်ကိုယ်ကိုယ် ပိုင်စိုးမှုရှိတဲ့ အစိတ်အပိုင်းတစ်ခုခုတော့ဖြင့် ရှိနေတာမျိုးပဲ။ ၁၉ ရာစုလောက်ကနေစပြီး အမိကနိုင်ငံရေး အိုင်ဒီယိုလိုဂျီတွေဟာ ကျွန်တော်တို့ရဲ့ ဘာသာရေးယုံ ကြည်ချက်ကနေ ကင်းဝေးတဲ့ အတွေးအခေါ်စနစ်တစ်ခုအဖြစ် ထွက်လာတယ်။ ခုတော့ဖြင့် အနုပညာနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ စိတ်ကူးတွေ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ စိတ်ကူးတွေဟာ အတိုင်းအတာတစ်ခုအထိ ကိုယ့်ကိုယ်ကိုယ် ပိုင်စိုးမှုရှိလာတယ်။

အိုင်ဒီယိုလိုဂျီက ဘာသာရေးနဲ့ကင်းဝေးပေမယ့် အနောက်တိုင်း နိုင်ငံရေးအတွေးအခေါ်တွေကတော့ ဘာသာရေးယုံကြည်မှုတွေနဲ့ ကြီးကြီးမားမား အပြန်အလှန်ရောယှက်နေလေ့ရှိတယ်။ ခေတ်သစ် 'အနောက်တိုင်း' ဆိုတဲ့ အရာက အတွေးအခေါ်စနစ်ကို ထည့်ဝင်ပေးနိုင်တဲ့အရာက အတွေးနဲ့ အတွေးကြောင့်ဖြစ်လာတဲ့ အပြုအမူထဲမှာ အထူးပြုထားတာတွေကို ကွဲပြားအောင်လုပ်ပေးတာပဲ။ ဘာသာရေးအစွန်းရောက်ဝါဒမှာတော့ သူတို့ရဲ့ ဘာသာရေးအထောက်အပံ့နဲ့ ကွဲပြားခြားနားတဲ့ နိုင်ငံရေးအိုင်ဒီယိုလိုဂျီတွေ ထွက်ပေါ်လာအောင် လုပ်ပေးနိုင်ဖို့ရာ နေရာလွတ်မရှိပါဘူး။ ဒီလိုပဲ နိုင်ငံရေးစည်းမျဉ်းတွေရဲ့ မကောင်းမှုကနေလွတ်အောင် ရှန်းပေးထားတဲ့ ဘာသာရေးဆိုင်ရာ အနက်ပြန်မှုလည်း သူတို့မှာ မရှိပြန်ဘူး။ နိုင်ငံရေးအိုင်ဒီယိုလိုဂျီနဲ့ ယုံကြည်မှုစနစ် အမျိုးမျိုးကြားမှာ နယ်နိမိတ်အကန့်အသတ်တောင် ကင်းမဲ့နေတယ်။ ဒီလိုကင်းမဲ့နေတာကိုက ကိုယ်ယုံကြည်ရာကို ရွေးချယ်မှုဆိုတာမှာ ကန့်သတ်ခံနေရတယ်ဆိုတာကို ပြနေတာပဲ။

ပင်မရေစီးအိုင်ဒီယိုလိုဂျီရဲ့ ခေတ်ဟာ မကုန်သေးပါဘူး။ သူတို့ရဲ့ အဓိကမဏ္ဍိုင် မီဒီယာတွေပတ်လည်မှာ ဝန်းရံနေတဲ့ အခြားသောလမ်းကြောင်းတွေထဲကို အသက်ဝင်ပြောင်းလဲသွားဖို့အတွက် သူတို့ဟာ နှောင့်နှေးနေမှာ မဟုတ်ဘူး။ တကယ်လို့ အဲဒီလိုအပြောင်းအလဲသာ မရှိရင်တော့ အိုင်ဒီယိုလိုဂျီတစ်နေရာတည်း အသေဖြစ်ပြီး ရပ်တန့်သွားပါလိမ့်မယ်။ ဒါပေမယ့် နိုင်ငံရေးစနစ်၊ ပုံစံ၊ ပါဝါတွေရဲ့ အတက်အကျအပြောင်းအလဲမှာ အိုင်ဒီယိုလိုဂျီ သွင်ပြင်သစ်တွေအတွက် အခန်းနေရာလွတ်ကို ပေးအပ်ပါလိမ့်မယ်။ အိုင်ဒီယိုလိုဂျီဟာ အဆုံးသတ်သွားမှာ မဟုတ်ဘူးဆိုတာကတော့ ထင်ရှားပါတယ်။ ၁၉၉၀ ခုနှစ်များက 'သမိုင်းနိဂုံးချုပ်ပြီ'လို့ပြောတဲ့ အကြားအမြင်ဟောကိန်းများရဲ့ ကြေညာချက်လို အိုင်ဒီယိုလိုဂျီတစ်ခုခုက အနိုင်ရသွားတယ်ဆိုတာလည်း မရှိတော့ပါဘူး။ အိုင်ဒီယိုလိုဂျီတစ်ခုက အနိုင်ရသွားပြီး သမိုင်းနိဂုံးချုပ်သွားတာ အမှန်ဆိုရင် 'သမိုင်း'ဆိုတဲ့အရာမှာ အဆုံးသတ်နေရာတစ်ခု ရှိနေမယ့်ပုံပါပဲ။ လူသားရဲ့ စိတ်ကူးကွန့်မြူးမှုတွေဟာလည်း နွမ်းနယ်ရပ်တန့်သွားရတော့မယ့်ပုံပဲ။

## အခန်း(၈)
## ရေးသားပို့ချမှုဆိုင်ရာ အရှိတရားများ

## အခန်း(၈)
## ရေးသားပို့ချမှုဆိုင်ရာ အရှိတရားများ

အိုင်ဒီယိုလိုဂျီ ပိုင်းစစိတ်မွှာသွားခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ထင်မြင်ချက်တွေက အိုင်ဒီယိုလိုဂျီ သီအိုရီအသစ်တွေကို ဖွံ့ဖြိုးလာစေတယ်။ ပညာရှင်တစ်ချို့က အိုင်ဒီယိုလိုဂျီ အပိုင်းအစတွေကို လေ့လာဖို့ ပိုပြီးတိမ်းညွတ်တယ်။ တစ်ချို့ကတော့ အိုင်ဒီယိုလိုဂျီတွေ ဒလစပ်ပြောင်းလဲခြင်းရဲ့ နောက်ကွယ်မှာ ဘာတွေတည်ရှိသလဲဆိုတာကို သိချင်ကြပြီး ဒီအသိကြောင့် မာ့က်စ်ဝါဒအမြင်ဟောင်းကို ပြန်ပြီးနှိုးဆွကြတယ်။ ပြီးတော့ အဲဒီအိုင်ဒီယိုလိုဂျီအောက်မှာ လမ်းကြောင်းတစ်ခုဖောက်နိုင်ရင် ဘာကိုမြင်ရမလဲဆိုတာကို စိတ်ဝင်စားကြသေးတယ်။

ရေးသားပို့ချမှု သီအိုရီ

မိုက်ခရိုအိုင်ဒီယိုလိုဂျီလေးတွေအပေါ် အာရုံစူးစိုက်တယ်ဆိုတာ ယေဘုယျအားဖြင့် ဘာသာစကားအသုံးတွေကို အသေးစိတ် စူးစမ်းလေ့လာခြင်းပဲ။ အထူးသဖြင့် နိုင်ငံရေးဘာသာစကားတွေကို အသေးစိတ်လေ့လာတယ်။ အဲဒီလို အသေးစိတ်လေ့လာတဲ့ ပညာရပ်တွေထဲက ပညာရပ်တစ်ခုကတော့ ရေးသားပို့ချမှု(ဝါ)အရေးအသားစိစစ်မှုပညာ (discourse analysis) ပါပဲ။ ဖွင့် ဆိုရှင်းလင်းသိပ္ပံပညာ၊ အဓိပ္ပာယ်ပညာနဲ့ ပို့စ်မော်ဒန်လေ့လာမှုစတဲ့ ပညာရပ်တွေထဲမှာ တိုးပွားဖြစ်ထွန်းလာတာပါ။ အရေးအသားစိစစ်မှုပညာရဲ့ နောက်ကွယ်က အဓိက အတွေးအခေါ်ကတော့ ဘာသာစကားဆိုတာ အပြန်အလှန် အကျိုးသက်ရောက်မှုရဲ့ ဆက်သွယ်မှုဆိုင်ရာ အစုအဝေးဖြစ်ပြီး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်ချက်တွေနဲ့ နားလည်မှုတွေကို ပုံဖော်တယ်၊ လည်ပတ် စေတယ်ဆိုတဲ့ အတွေးအခေါ်ပါပဲ။ ကျွန်တော်လေ့လာစူးစမ်းခဲ့တဲ့ ယခင်ချဉ်းကပ်ပုံတွေလိုပါပဲ၊ အရေးအသားစိစစ်မှုပညာဟာ သူ့ရဲ့ နယ်နိမိတ်အားဖြင့် တစ်ခုတည်းသော အရာပုံစံမျိုးပေါက်တယ်။ ဆက်သွယ်မှုနယ်ပယ်တစ်ခုလုံး ခြုံငုံမိနိုင်ဖို့ ကြိုးစားတယ်။ ပညာရပ်ရဲ့ အစိတ်အပိုင်းအချို့ကို ကြည့်ပြီးပြောရင်တော့ အတွင်းသား



အကြောင်းအရာ စိစစ်ခြင်းလို့ပဲ ဆိုရမယ်။ သာမန်စကား ပြောတွေထဲမှာရှိတဲ့ အစဉ်ပုံစံတွေ(patterns)ကို စနစ်တကျ လေ့လာစူးစမ်တယ်။ တခြားလမ်းကြောင်းတွေကတော့ အရေးအသားနဲ့ စကားပြောတွေထဲမှာ လှုပ်ရှားပြောင်းလဲနေတဲ့ ယဉ်ကျေးမှုဆိုင်ရာ သဘောထားတွေကို လေ့လာတယ်။ ဆိုလိုတာက အရေးအသားနဲ့ ပြောစကားတွေထဲက လူမှုလိင်၊ လူမျိုးစုသဘာဝ၊ ပါဝါတွေနဲ့ ပတ်သက်တဲ့ ထင်မြင်ယူဆချက်တွေ၊ ပြီးတော့ ဒီထင်မြင်ယူဆချက်တွေဟာ လူတွေရဲ့ဘဝကို ဘယ်လိုလွှမ်းမိုးထားသလဲဆိုတာကို လေ့လာတာပါပဲ။ အရေးအသား စိစစ်မှုပညာမှာ နောက်ထပ် ထပ်မံခွဲထွင်နေတဲ့ အစိတ်အပိုင်းတွေ အများကြီးရှိပါသေးတယ်။ အရေးအသား စိစစ်မှုပညာမှာ အင်စတီကျူးရှင်း အလေ့အကျင့်ကို ရေးသားပို့ချမှုအဖြစ် မှတ်ယူထားတာလည်းရှိတယ်။

ဒီသဘောက အရေးအသားစိစစ်မှုဟာ ယနေ့လူမှုရေးသိပ္ပံပညာရှင်ပေါင်းများစွာရဲ့ ပညာရပ်အတွင်းမှာ လွှမ်းမိုးနေရာယူလာတဲ့ 'သီးခြားအမှတ်လက္ခဏာ'အပေါ် မေးခွန်းထုတ်စေတယ်။ လူ့အဖွဲ့အစည်းတွေဟာ သူတို့ကိုယ်သူတို့ ဘယ်လိုမြင်ကြသလဲ။ (ဥပမာ- သူတို့ရဲ့ အောင်မြင်မှုတွေအပေါ်မှာ သူတို့ ကိုယ်သူတို့ ဂုဏ်ယူနေကြသလား၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကို ဘာမှန်းမသိဖြစ်နေကြသလား၊ ကိုယ်ကျင့်တရားဆိုင်ရာ လျော့ရဲလာကြသလား)၊ အဲဒီလို စုစည်းလာတာကို ပြောဖို့ရာ သူတို့သုံးစွဲတဲ့ ဇာတ်လမ်းတွေကရော ဘာလဲ? သူတို့တွေအပေါ် စုစည်းမှုအတွက် အထင်အရှားထည့်ဝင်လိုက်တဲ့အရာဟာ ဘာလဲ (ဥပမာ- ငါတို့ရဲ့ အကြပ်အတည်းကာလမှာ ဒါဟာ အကြပ်အတည်းကို ကျော် ဖြတ်ဖို့အတွက် အဓိကအရင်းအမြစ်ပဲ၊ ဒါမှမဟုတ် ဒါဟာ တည်ဆောက်ထားတဲ့ နိုင်ငံရေးထုံးတမ်းစလေ့တွေကို ကျွန်တော်တို့ ယုံကြည်ကိုးကွယ်လာစေတဲ့ အရင်းအမြစ်ပဲ)၊ 'ငါတို့'နဲ့ 'သူတို့' ကြား ကွဲပြားခြားနားအောင် ဘယ်လိုပုံဖော်ထားရသလဲ? (ဥပမာ- ပထဝီနယ်နိမိတ်က လူ့အဖွဲ့အစည်းကို ကန့်သတ်ထားသလား ဒါမှမဟုတ် အရည်ပြားအရောင်က လူ့အဖွဲ့အစည်းတွေကို ထိထိရောက်ရောက် ခွဲခြားပေးသလား)။ လေးနက်အောင်ပြောဖို့အတွက် ဘယ်ဘာသာဗေဒနဲ့ အလင်္ကာပစ္စည်းတွေကို ရွေးပြီးသုံးတတ်ကြသလဲ ဒါမှမဟုတ် ရေးသားပို့ချထားတဲ့ လူ့အဖွဲ့အစည်းကို သိစိတ်ရှိရှိနားလည်ဖို့ မသိစိတ်အတွင်းကနေ ပုံရိပ်တွေ ဖွဲ့စည်းဖို့

ဘယ်အလကာ်ာတိုသုံးသလဲ (ဥပမာ- 'ချစ်သူ့လမင်း' 'စိမ်းစိုပြီး သာယာတဲ့ ကုန်းမြေ' 'ယောကျ်ားကိုရှိသေ')။ လူမှုရေးနဲ့ နိုင်ငံရေးအုပ်စုတွေဟာ ခေတ်ပြိုင်တမ္ဘာကို ပိုပြီး လျှင်မြန်စွာပြောင်းလဲပစ်တော့ကာ၊ အရေးအသားတွေရဲ့ သက်တမ်းတိုခြင်းနဲ့ ကြာရှည်မခံခြင်းဟာ ပိုပြီးပေါ်လွင်လာတယ်။ အရေးအသားတွေ ဖောင်းပွလာခြင်းက ဉာဏ်အလင်းပွင့်လောက်က လွှမ်းမိုးခဲ့တဲ့ အရေးအသားတွေကို ဝင်ရောက်အစားထိုးလိုက်တယ်။ တဖြည်းဖြည်း တုံ့ဆိုင်းဆိုင်းဖြစ်နေတဲ့ ဖြစ်စဉ်ထဲမှာဆိုပေမယ့်လည်း ဖိုဆန်မှုသဘာဝနဲ့ အထက်အောက်ဖိစီးထားတဲ့ လူမျိုးစုသဘာဝတွေဟာ စိန်ခေါ်ခံရတယ်။ ပြီးတော့ နောက်ဆုတ်သွားတယ်။ ပြန်လည်ပုံသွင်းလာတယ်။

အရေးအသား စိစစ်မှုသီအိုရီတွေက မှာက်စ်ဝါဒ အိုင်ဒီယိုလိုဂျီအပေါ် ပြန်လည်လေ့လာတယ်။ အဲဒီနောက်မှာတော့ အရေးအသား(ဝါ) ရေးသားပို့ချမှု တွေဟာ အိုင်ဒီယိုလိုဂျီရဲ့ ဖျက်စီးဆုံးရှုံးစေတတ်တဲ့ အကျိုးသက်ရောက်မှုကို ခြယ်မှုန်းပြဖို့ နောက်ဆုံးပေါ်နည်းလမ်း ဖြစ်လာတယ်။ ရေးသားပို့ချမှုတွေဟာ ဘာသာဗေဒဆိုင်ရာ ဘောင်နဲ့အတူ တစ်သီးပုဂ္ဂလ လူသားနဲ့ လူအုပ်စုတွေကို ထောင်ချောက်ဆင်တယ်။ ဆက်သွယ်မှုပုံစံတွေအတွင်းမှာ တစ်ခုခုကို ဖုံးအုပ်ဖို့၊ လိမ်လည်လှည့်ဖျားဖို့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်တယ်။ ရေးသားပို့ချမှုတွေထဲမှာ ဖိနှိပ်သိုသိပ်မှုနဲ့ ရန်လိုမှုတွေ ပေါက်ဖွားနေတယ်။ ပြီးတော့ အကောင်းပကတိဟန်နဲ့ လည်ပတ်တယ်။ ရေးသားပို့ချမှုထဲမှာ လူတစ်ယောက်ရဲ့ စကားနဲ့ စာသားတွေဟာ ယင်းလူသားရဲ့ ကိုယ်ပိုင်အတွေးအခေါ်က ထွက်လာပြီး မှန်ကန်ခိုင်လုံတဲ့ ထုတ်ဖော်ချက်တွေရယ်လို့ မှားယွင်းစွာ ယူဆလာစေတယ်။ အန္တရာယ်ပိုပြီး နည်းပါးတယ်ထင်ရတဲ့ ရေးသားပို့ချမှုတွေတောင်မှ သူတို့ ဘာလဲဆိုတာကို ထုတ်ဖော်နေတယ်။ သဘောကတော့ အန္တရာယ်နည်းပုံပေါက်တဲ့ ရေးသားပို့ချမှုဟာ လူသားရဲ့အတွေးနဲ့ အပြုအမူအပေါ် စံပုံစံသွပ်သွင်းမှုရှိတယ်၊ လူသားတွေရဲ့ အပြန်အလှန် ပြုမှုဆက်ဆံပုံတွေကို အကြွင်းမဲ့ ယူနီဖာဆယ်စည်းမျဉ်းတွေ၊ စံပုံစံတွေနဲ့ သွပ်သွင်းလိုက်တယ်။ ရေးသားပို့ချမှုတွေဟာ သူတို့ထုတ်ဖော်ထားတဲ့ ယဉ်ကျေးမှုဆိုင်ရာ ထိန်းချုပ်မှုတွေကို 'လူသားဘာဝ ဖြစ်တည်မှု' အပေါ် ပျံ့နှံ့အောင် စိမ့်ဝင်အောင် လုပ်လိုက်တယ်။ မိရှယ်ဖူးကိုး ဆိုသလို



ပြောရရင် ရေးသားပို့ချမှုဟာ ပါဝါပဲ။ ဒီအမြင်က ကားလ်မာ့က်မြင်ခဲ့တဲ့ အိုင်ဒီယိုလိုဂျီကိုပဲ လူမှုရေးဗေဒအမြင်တွေထဲကို ချဲ့ထွင်လိုက်တာဖြစ်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် သီးခြားအမှတ်လက္ခဏာက လူတန်းစားနေရာကို အစားထိုးဝင်ယူလိုက်ပြီး အုပ်စုရဲ့ ကံကြမ္မာကို ပုံဖော်ပေးမယ့် နယ်ပယ်ထဲက အရာဖြစ်လာတယ်။ လူသားတစ်ဦးရဲ့ သီးခြားအမှတ်လက္ခဏာကို ဝင်ရောက်ထိန်းချုပ်မှုအပေါ် တိုက်ပွဲဟာ လူမှုရေးပါဝါတွေ အပြန်အလှန်ဆက်သွယ်မှုထဲ ပျံ့နှံ့လာတယ်။ မီနာဟာ သူမကိုယ်သူမ ဇီဝဓာတုဗေဒ ပညာရှင်အဖြစ် အဓိက မှတ်ယူတယ်။ တခြားတစ်ယောက်ကတော့ သူမကို ဟိန္ဒူအဖြစ် သတ်မှတ်တယ်။ ရောဘတ်က စေတနာ့ဝန်ထမ်း ကွန်မြူနတီအလုပ်သမားဘဝကို ကျေနပ်ဝမ်းသာတယ်။ တခြားသူတစ်ဦးကတော့ ဒီအလုပ်မှာ ပထမဆုံး လူမည်းယောကျ်ားအဖြစ် မြင်တယ်။ ရေးသားပို့ချမှုစိစစ်သူတွေရဲ့ ရည်ရွယ်ချက်က ဒီလိုဆက်သွယ်မှုတွေက တိုးမြှင့်ပေးလိုက်တဲ့ အမြင်တွေရဲ့ သဘာဝကို ထုတ်ဖော်ပြဖို့ ဖြစ်တယ်။ ဘာသာစကားကို အဆုံးအစမရှိတဲ့ ဖြစ်နိုင်ခြေတွေထည့်ထားတဲ့ သေတ္တာကြီးအဖြစ် မြင်နိုင်တယ်။ သူ့မှာ ကျွန်တော်တို့ကို အမှန်တရား၊ မှန်ကန်မှု ဒါမှမဟုတ် အသိပညာဆီ တိုက်ရိုက်ညွှန်ပြနိုင်တဲ့ တိကျတဲ့ဆုံမှတ်မရှိဘူး။ မီနာနဲ့ ပတ်သက်တဲ့ သူမဟာ ဘာပါလို့ ထုတ်ဖော်ပြောဆိုမှုတိုင်းဟာ ကန့်သတ်ခံထားရပြီး လွဲချော်နေတယ်။ တစ်နေရာတည်းမှာ အံသေနေတာမျိုးမဟုတ်ဘဲ အစဉ်အဆက်ပြောင်းလဲနေတဲ့ သဘောကြောင့် အစီအစဉ်သစ်တွေ ဖြစ်လာတယ်။ တကယ်လို့ ယခုချဉ်းကပ်မှုကို မီနာနဲ့ ပတ်သက်သမျှ ထုတ်ဖော်ပြောဆိုမှု (ဝါ)အကန့်အသတ်ထဲကို ထည့်လိုက်မယ်ဆိုရင် ဘာသာစကားဟာ တစ်ခုတည်းသော အရှိတရားဖြစ်လာမှာပဲ၊ အရှိတရားဆိုတာ ရေးသားပို့ချမှုတွေက အရှိတရားဖြစ်ပါစေတော့လို့ ခန့်အပ်လိုက်တဲ့အရာကလေး သက်သက်ပါပဲ။ အရှိ တရားဆိုတာ ရေးသားပို့ချမှုဆိုင်ရာ တည်ဆောက်ချက် (discursive construct) တစ်ခုပဲ။ ပြီးတော့ ဓမ္မဓိဋ္ဌာန်ကျခြင်းဆိုတာ ပညာရှင်တွေအတွက် တောင်မှ စိတ်ကူးသက်သက်နဲ့ရှိတယ်လို့ ထင်ထားတဲ့အတွက် လိုက်လံရှာဖွေကြည့်နေရတဲ့ အရာတစ်ခုပဲ။

### အိုင်ဒီယိုလိုဂျီနှင့် ရေးသားပို့ချမှု

အိုင်ဒီယိုလိုဂျီကို သီအိုရီထုတ်ကြည့်ဖို့ရာ ရေးသားပို့ချမှုရဲ့ ဘယ်အရာက လာပြီးပတ်သက်နေသလဲ? ရေးသားပို့ချမှုနဲ့ အိုင်ဒီယိုလိုဂျီနှစ်ခုစလုံးကို အဓိကအားဖြင့် ပါဝါဆက်သွယ်ချက်တွေနဲ့ ပတ်သက်တဲ့အရာအဖြစ် မြင်ကြ သူတွေရှိပါတယ်။ သူတို့က ရေးသားပို့ချမှုဟာ အိုင်ဒီယိုလိုဂျီလည်ပတ်လုပ်ဆောင်နေတဲ့ အရာအတွင်းကနေတစ်ဆင့် ပေါ်ထွက်လာတဲ့ ဆက်သွယ်မှုဆိုင်ရာ အလေ့အကျင့်တွေအဖြစ် မြင်တယ်။ ဘာသာစကားဟာ အဓိပ္ပာယ်တွေထုတ်ပေးတဲ့ ကြားခံမီဒီယံမျှသာဖြစ်တယ်လို့ မြင်သူတွေလည်း ရှိပါတယ်။ သူတို့အတွက်ကတော့ ရေးသားပို့ချမှုဟာ အိုင်ဒီယိုလိုဂျီအယူအဆကို အစားထိုးလိမ့်မယ်။ ဒါမှမဟုတ် နိုင်ငံရေးဆန်မှုကနေ တစ်စိတ်တစ်ဒေသ လျှော့ချလိမ့်မယ်လို့ ယူတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ ဒီဆက်သွယ်မှုပုံစံကို 'အိုင်ဒီယိုလိုဂျီဟာ ရေးသားပို့ချမှု ပုံသဏ္ဌာန်တစ်ခုဖြစ်တယ်။ ဒါပေမယ့် ရေးသားပို့ချမှုရဲ့ အတွေးအခေါ်ထဲမှာ သူ့တစ်ခုလုံးပါဝင်နေတာမဟုတ်ဘူး'လို့ ပြန်ဖော်မြူလာ ထုတ်ကြည့်လို့ရပါတယ်။ ရေးသားပို့ချမှု စိစစ်သူတွေဟာ အရှိတရားရဲ့ ကိုယ်စားပြုခြင်းကို လုံးဝစွန့်လွှတ်ရမယ်၊ ပြီးတော့ အရှိတရားအပေါ် တည်ဆောက်ခြင်းတစ်ခုတည်း လေ့လာရမယ်။ အိုင်ဒီယိုလိုဂျီတွေကတော့ ဒီပုံစံနှစ်ခုစလုံးနဲ့ အလုပ်လုပ်တာဖြစ်တယ်။ အိုင်ဒီယိုလိုဂျီတွေက သမိုင်း၊ နိုင်ငံရေးဆိုင်ရာ အဖြစ်အပျက်တွေနဲ့ အပြန်အလှန်သက်ရောက်တယ်။ ဒါပေမယ့် အဲဒီလိုထိန်းသိမ်းနေစဉ်အတွင်းမှာပဲ သူကိုယ်စားပြုတဲ့ အရှိတရားရဲ့ လက္ခဏာအချို့ကို အလေးအနက်ထားပြီး အခြားအရှိတရားတွေကိုတော့ အလေးအနက်မထားဘူး။ ဒီနှစ်ခုကြားမှာ အရှိတရားနှစ်ခုကွာဟသွားအောင် ဒဏ္ဍာရီဆန်မှုတွေ၊ စိတ်ကူးကွန့်မြူးမှုဆိုင်ရာ အဖြစ်အပျက်တွေ ပေါင်းထည့်လိုက်သေးတယ်။ အိုင်ဒီယိုလိုဂျီအပျော့ဖြစ်တဲ့ စိတ်ကူးကွန့်မြူးခြင်းနဲ့ ကမ္ဘာလောကကြီးအပေါ် ကြမ်းကြမ်းတမ်းတမ်း ထိန်းချုပ် မှုကြားထဲမှာလည်း လည်ပတ်အလုပ်လုပ်တယ်။

ရေးသားပို့ချမှုတစ်ခုအပေါ် စိစစ်မှုရဲ့ အရှုပ်အထွေးကို အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်း (၁၇၇၆) ထဲက ကောက်ကြားတဲ့စာပိုဒ်ကို ယူပြီး ဖော်ပြနိုင်တယ်။

ကျွန်ုပ်တို့သည် သဘာသာသူ မှန်ကန်ကြောင်း သက်သေပြနိုင်



သော ဤအမှန်တရားတို့ကို ကိုင်စွဲ၏။ ဘုရားသခင်က လူသားမှန်သမျှကို ညီမျှစွာ ဖန်တီးထားသည်။ လူသားတိုင်း၌ မွေးရာပါ အခွင့်အရေးများကို ဘုရားသခင်က ပေးအပ်ထားသည်။ ထိုအရာများမှာ အသက်ရှင်သန်မှု၊ လွတ်လပ်မှုနှင့် ပျော်ရွှင်မှုတို့ ဖြစ်၏။

နိုင်ငံရေးဒဿနပညာရှင်ကတော့ အထက်ပါအရေးအသားတွေကို ရှုပ်ထွေးတဲ့ ဖော်ပြချက်တစ်ခုအဖြစ် ထင်လိမ့်မယ်။ အရေးအသားတွေမှာ ထည့်ဝင်ထားတဲ့ အမြင်တွေကတော့-

(၁) အခြေခံကျတဲ့ လူသားရဲ့ ဂုဏ်သတ္တိတွေဟာ အကြွင်းမဲ့ယူနီဗာဆယ်သဘာဝရှိတယ်။

(၂) ကောင်းခြင်းတရားပေါင်းများစွာဟာ လူသားလွန် အထွတ်အမြတ်ထားစရာနဲ့ သက်ဆိုင်တယ်။

(၃) အမှန်တရားနဲ့ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ပါဝါကို ယုံကြည်နေတယ်

(၄) လူသားတွေအားလုံး တူညီတယ်ဆိုတဲ့ အခြေအနေတစ်ရပ်လည်းရှိနေတယ်

(၅) တစ်သီးပုဂ္ဂလလူသားတွေအပေါ် အခြေခံပြီး အခွင့်အရေးတွေကို အပ်နှင်းထားတယ်

ဒါဟာ စာပိုဒ်ပါအရေးအသားတွေဟာ ဘယ်လိုအရာတွေလဲဆိုတဲ့ ဖော်ပြချက်ပါပဲ။ နိုင်ငံရေးဒဿနပညာရှင်တွေကတော့ ကိုယ်ကျင့်တရားဆိုင်ရာ အချက်အလက်တွေလို့ ခေါ်ပါလိမ့်မယ်။ ဒါ့အပြင် ဒီအရေးအသားတွေဟာ ကမ္ဘာလောကကြီးရဲ့ အမြင်တွေထဲကနေထွက်ပြီး ယခုအခါမှာ ဆုပ်ကိုင်ပြလို့ရတဲ့ အလေ့အကျင့်တွေ ဖြစ်နေပါပြီ။

ရေးသားပို့ချမှုကို စိစစ်သူကတော့ စာပိုဒ်ပါ အရေးအသားအတွက် အတော်ကလေး ကွဲပြားခြားနားတဲ့ ဖတ်ရှုပုံတစ်ခုကို ပေးပါလိမ့်မယ်။

(၁) စာပိုဒ်ပါ အရေးအသားဟာ ကွဲပြားခြားနားမှုကို အသိအမှတ်ပြုဖို့ရာ ငြင်းပယ်တဲ့ လူသားရဲ့ သီးခြားအမှတ်လက္ခဏာကို တည်ဆောက်တယ်၊ တစ်ဖက်ကလည်း စာပိုဒ်ပါ အမှန်တရားတွေကို လက်မခံသူတိုင်းဟာ သူ့ကိုယ်သူ ဒါမှမဟုတ် သူမကိုယ်သူမ လူသားဆန်မှုကို ချိုးဖောက်သူအဖြစ်

PDF CREATOR - NYEYADHAMMA@GMAIL.COM



ထားရမှာဖြစ် ကြောင်း အချက်ပြနေတယ်။

(၂) စာပိုဒ်ပါ အရေးအသားတွေဟာ ပါဝါထုတ်ဖော်ပြသချက်တစ်ခုသာ ဖြစ်တယ်။ ယင်းက အမေရိကန်ပြည်ထောင်စုကို တည်ထောင်သူတွေရဲ့ ရည်ရွယ်ချက်ကို ထမ်းဆောင်ပေးတယ်။ တစ်ဖက်က လူသားကို ပြီးပြည့်စုံတဲ့ ပုံရိပ်တစ်ခုအဖြစ် ပြောင်ပုံဖော်ရင်း၊ သွယ်ဝိုက်ရည်ညွှန်းနေတာက သူတို့ရဲ့ စံပြစိတ်ကူး နာမည်အောက်မှာ အင်အားကို အသုံးပြုခြင်းဟာ တရားမျှတကြောင်း ထုတ်ဖော်တယ်။

(၃) စာပိုဒ်ဟာ အထက်ပါ ရည်ရွယ်ချက်တွေကို 'ကျွန်ုပ်တို့'ဆိုတဲ့ ဘုံဝေါဟာရနဲ့ အရေးပါတဲ့ ဝေါဟာရတွေကို စာလုံးကြီးသုံးခြင်းစတဲ့ ဘာသာဗေဒဆိုင်ရာ နည်းပရိယာယ်တွေ အသုံးပြုပြီး ရရှိလိုက်တာဖြစ်တယ်။

(၄) စာပိုဒ်ပါ အရေးအသားက ကျွန်တော်တို့ဟာ မွေးလာတဲ့ အခိုက်အတန့်ကနေစပြီး ဘယ်လိုလုပ်ပြီး ကျွန်တော်တို့ရယ်လို့ ဖြစ်လာသလဲနဲ့ ပတ်သက်ပြီး ဇာတ်လမ်းအတိုကလေးတစ်ခုကို ပြောတယ်။ ပြီးတော့ အရေးအသားဟာ ၁၈ ရာစု အမေရိကန်စာဖတ်သူတွေ အကြိုက်တွေ့နိုင်မယ့် ဝေါဟာရတွေ အခြေပြုပြီး စာကြောင်း တည်ဆောက်ထားတယ်။ ယနေ့ခေတ်ပြိုင် စာဖတ်သူတွေကတော့ ဒီကျယ်ပြန့်တဲ့ ဝေါဟာရတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် ထပ်တူစွဲတော့မှာ ဖြစ်တယ်။

(၅) အရေးအသားဟာ လိင်အပေါ် ခွဲခြားထားတယ်။ ယောက်ျားကို အခွင့်ထူးပေးထားတယ်။

အိုင်ဒီယိုလိုဂျီ စိစစ်သူတွေဟာ ရေးသားပို့ချမှု စိစစ်သူအများစုနဲ့ သဘောချင်းတူပါလိမ့်မယ်။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီ စိစစ်သူတွေက စာပိုဒ်ထဲက နိုင်ငံရေးအနက်အဓိပ္ပာယ်တွေကို တိုက်ရိုက်ကျကျ စစ်ဆေးတာကို ပို ကြိုက်လိမ့်မယ်။ ပြီးတော့ အိုင်ဒီယိုလိုဂျီဆိုင်ရာ အငြင်းပွားဖွယ်ရာမရှိတဲ့ တက်ခနိတွေကို ဖော်ပြမယ့် အဆောက်အအုံငယ်လေးတွေကိုလည်း သဘော



ကျမယ်။ လွတ်လပ်ရေး ကြေညာစာတမ်းမှာ တွေ့ရမယ့် နိုင်ငံရေးအနက်အဓိပ္ပာယ်တွေကို တိုက်ရိုက်စိစစ်ကြည့်ရရင်-

(၁) အသိပညာအရဖြစ်စေ ဒါမှမဟုတ် ကြောင်းကျိုးဆင်ခြင်မှုအရဖြစ်စေ အမြဲစိန်ခေါ်ခံရပေမယ့်လည်း တစ်ချို့သော ယုံကြည်ချက်တွေ စိုးရိမ်နေတာ လူတွေကို ညီမျှစွာဖန်တီးထားတာ မှန်ကန်ကြောင်း အထင်အရှား သက်သေပြနေပါတယ်လို့ ဆိုထားပြီး ဘယ်သူမှ မထိုးဖောက်နိုင်တဲ့ ဒိုင်းကြီးသဖွယ် လူသားအပေါ် အကာအကွယ်ပေးနေပါတယ်လို့ ဆိုတာ။

(၂) အင်အားကြီးမားတဲ့ ယဉ်ကျေးမှုဆိုင်ရာ အထောက်အပံ့တွေနဲ့အတူ ဖြစ်တည်နေတဲ့ စနစ်တွေမှာ ခြေကုပ်ယူထားတဲ့ နိုင်ငံရေးယုံကြည်ချက်တွေ ဥပမာ-ကောင်းကင်ဘုံရဲ့ အရှိန်အဝါကိုယူပြီး လူမှုရေးအစီအစဉ်ကိုပဲ ပုံဖော်နေသလိုလို အရာမျိုးပါနေတာ။

(၃) လူသားရဲ့ လက္ခဏာထဲက သူတို့လိုချင်တဲ့ အရာကိုယူပြီး ဒီအရာသည်သာလျှင် လူသားရဲ့ အဓိက အနှစ်သာရလက္ခဏာ ဖြစ်တယ်လို့ဆိုတာ။ ဒီလိုဆိုပြီး လူမှုရေးယုံကြည်ချက်ကို တောင်းဆိုဖို့ ကြိုးစားတာ။ လူသားဟာ သူ့ရဲ့ ကံကြမ္မာကို သူပိုင်ဆိုင်တယ်။ ဒါကြောင့် ပိုင်ဆိုင်သင့်တယ်ဆိုတာမျိုး။

(၄) လူသားတွေရဲ့ ကွဲပြားခြားနားမှုဟာ သဘာဝတရားကို ချိုးဖောက်ထားတယ်ဆိုတဲ့ အမြင်အပေါ် တည်ဆောက်ထားတဲ့ လူသားဆက်ဆံရေးစနစ်အပေါ် ထောက်ခံတာ။

(၅) 'လွတ်လပ်ရေး ကြေညာစာတမ်း'ကို အားကောင်းတဲ့ အလင်္ကာတွေနဲ့ ဖန်တီးထားပြီး ဖတ်သူအပေါ် အထင်ကြီးလာအောင်လုပ်တာ။

ဒါ့အပြင် အိုင်ဒီယိုလိုဂျီ စိစစ်သူဟာ စာပိုဒ်ရဲ့ သမိုင်းဆိုင်ရာ အရင်းအမြစ်တွေကိုတည်ဆောက်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒီနေရာမှာ မေးခွန်းတစ်ခု မေးဖို့လိုတာက လွှမ်းမိုးကြီးစိုးဆဲ အိုင်ဒီယိုလိုဂျီ အကွဲအပြားတွေ

PDF CREATOR - NYEYADHAMMA@GMAIL.COM

ပေါ်ပေါက်လာပုံ သမိုင်းဟာ 'အဓိပ္ပာယ်မှန်သမျှဟာ ဘာသာစကားသက်သက်ရဲ့ ထုတ်ကုန်' ဆိုတဲ့ အရေးအသား စိစစ်သူများရဲ့ အယူနဲ့ ဘယ်လိုများ တွဲဖက်မလဲဆိုတာပါပဲ။

အဓိပ္ပာယ်မှန်သမျှဟာ ဘာသာစကားသက်သက်ရဲ့ ထုတ်ကုန်ဆိုတဲ့ အယူမှာ အဓိကကျတာက သူတို့ရဲ့အဆို 'ဘာသာဗေဒဆိုင်ရာ အလှည့်အပြောင်း' ဝေါဟာရပါပဲ။ သူ့ရဲ့အဓိပ္ပာယ်က ဘာသာဗေဒဆိုင်ရာ ဗဟုသဘော ကွဲပြားခြားနားမှုနဲ့ ဘာသာစကားဂိမ်းနှစ်ခုဟာ အဓိပ္ပာယ်တွေရဲ့ အဆုံးအစမရှိ ဖြစ်နိုင်ခြေတွေကို ခွင့်ပြုပေးထားတယ်။ ဒါကြောင့် အဓိပ္ပာယ်တစ်ခုကို အသေကိုင်စွဲလို့ မရနိုင်ဘူးဆိုတဲ့ သဘောပါပဲ။ ဒါဟာ ပညာရှင်တွေကို အဓိပ္ပာယ်ကောက်ချင်သလို ကောက်ဖို့ ခွင့်ပေးတာမျိုး ဖြစ်သွားစေသလား? အခန်း(၄)နဲ့ (၁)မှာ တစ်ဖက်ကနေလှည့်ပြီး တွေးခဲ့ဖူးတာကတော့ အိုင်ဒီယိုလိုဂျီ အဓိပ္ပာယ်ဆိုတာ လောဂျစ်နဲ့ ယဉ်ကျေးမှုဆိုင်ရာ ထိန်းချုပ်မှုနှစ်ခု တွေ့ဆုံတဲ့ကြားထဲမှာ တည်ရှိတယ်ဆိုတဲ့ အမြင်ပါပဲ။ အိုင်ဒီယိုလိုဂျီ အလေ့အကျင့်ထဲမှာတော့ သူတို့ တရားဝင်ခွင့်ပြုထားတဲ့ အဓိပ္ပာယ်တွေက ဘာသာဗေဒ အလှည့်အပြောင်းကြောင့် အဓိပ္ပာယ်တွေ အဆုံးအစမရှိ များပြားနေတာကို တန့်သတ်ပစ်လိုက်တယ်။ အတိုချုံးပြောရရင်တော့ အိုင်ဒီယိုလိုဂျီ အဓိပ္ပာယ်ဆိုတာ သူ့ကို ဖော်မြူလာချ ထုတ်လုပ်သူတွေ၊ ဘာသာဗေဒဆိုင်ရာ အလျှော့အတင်းတွေနဲ့ သမိုင်း ဆိုင်ရာ ပတ်ဝန်းကျင်အဆက်အစပ် သုံးခုတွေ့ဆုံတဲ့ အဆက်အထုံးတစ်ခုပဲ။ သူ့မှာ ခန့်မှန်းလို့မရနိုင်တဲ့ အခြေအနေရှိပေမယ့် အတန့်အသတ်မဲ့တဲ့ အဓိပ္ပာယ်နဲ့ အကြောင်းအရာမျိုးရှိနေတာတော့ မဟုတ်ဘူး။

နိဂုံးချုပ်ပြောရရင် အရေးအသား စိစစ်သူတွေက ဘာသာစကားဆိုတာ ဘာသာစကားဂိမ်းထဲမှာ ပိတ်မိနေသူ(ဝါ)အသုံးပြုသူကို အသုံးပြုနိုင်သမျှ အခွင့်အလမ်းကိုသာ ပေးအပ်ထားတဲ့အရာအဖြစ် ကိုင်တွယ်တယ်။ အိုင်ဒီယိုလိုဂျီ စိစစ်သူတွေနဲ့တော့ ဆန့်ကျင်ဘက်ပါပဲ။ အိုင်ဒီယိုလိုဂျီ စိစစ်သူတွေက မြောက်မြားစွာသော အဓိပ္ပာယ်တွေအပေါ် အနက်အမျိုးမျိုးပြန်နိုင်ခြင်းဆိုတဲ့ အရာတွေကြားထဲက တစ်သီးပုဂ္ဂလလူသားရဲ့ ရွေးချယ်မှုအခန်းကဏ္ဍကို ပိုပြီးတော့ အလေးထားတယ်။ အိုင်ဒီယိုလိုဂျီနယ်ပယ်



အတွင်း ကွဲပြားခြားနားခြင်းရဲ့ ဗဟုသဘာဝကိုလည်း ပိုပြီးလေးစားတယ်။ ရေးသားပို့ချမှု သီအိုရီတွေကတော့ ကွဲပြားခြားနားမှုရဲ့ ဗဟုသဘောဆိုတာထက် ကမ္ဘာလောကကြီးကို ငါနဲ့ အခြားသောအရာဆိုတဲ့ နှစ်ခုတွဲ ဆန့်ကျင်ဘက်အစုံလောက်ကနေသာလျှင် ကြည့်ကြတာဖြစ်တယ်။

ပို့စ်မာ့က်စ်ဝါဒ

ပို့စ်မာ့က်စ်ဝါဒီတွေဟာ အိုင်ဒီယိုလိုဂျီတွေအပေါ် လေ့လာဖို့ရာ နောက်တွန်းအားတစ်ခု မကြာသေးခင်ကမှ ပေးအပ်လာတယ်။ ပို့စ်မာ့က်စ်ဝါဒီတွေက အိုင်ဒီယိုလိုဂျီဆိုတာ တစ်စုတစ်ဝေးတည်းသော ပါဝါကို ထိန်းသိမ်းထားဖို့ရာ နည်းလမ်းတစ်ခုအဖြစ် မှတ်ယူဆဲပဲ။ တစ်စုတစ်ဝေးတည်းလို့ သုံးပေမယ့် လူတန်းစားအခြေခံသက်သက်အပေါ် ထိန်းသိမ်းထားတာမျိုး ဆက်မလုပ်တော့ဘူး။ အဆောက်အအုံလွန် ဝါဒီဆိုတာ ဆန့်ကျင်ဘက်နှစ်ခုတွဲ အဆောက်အအုံတွေ၊ ဘာသာဗေဒနဲ့ နိုင်ငံရေးဝေါဟာရတွေရဲ့ အကြွင်းမဲ့ယူနီဗာဆယ်သဘာဝကို စိန်ခေါ်သူတွေ ဖြစ်တယ်။ သူတို့ရဲ့ ခွဲခြမ်းစိတ်ဖြာနည်းထဲမှာ ဒီကောန်စထရပ်ရှင်း ပရိယာယ်ပါဝင်တယ်။ ဒီကောန်စထရပ်ရှင်းဆိုတာကတော့ ဘာသာစကားဟာ အရှိတရားကို ကိုယ်စားပြုပေးတယ်ဆိုတဲ့ ယူဆချက်ကို ဖြိုခွဲပြတာပါပဲ။ ဘာသာစကားတစ်ခု ရပ်တည်နေရတဲ့ ဆန့်ကျင်ဘက်အတွဲတွေ၊ ကွဲပြားခြားနားချက်တွေအပေါ် မှားယွင်းစွာ နားလည်လက်ခံကျင့်သုံးနေကြပုံကို ဖွင့်ပြပါတယ်။ သူ့ရဲ့ အစိတ်အပိုင်းထဲမှာ ဖွင့်ဆိုရှင်းလင်းမှု ပညာရပ်ရဲ့ ချဉ်းကပ်ပုံအချို့ကို တွေ့ရတယ်။

အသိပညာဆိုင်ရာ လှုပ်ရှားမှုကနေ ထွက်ပေါ်လာပြီး အိုင်ဒီယိုလိုဂျီ ခွဲခြမ်းစိတ်ဖြာတဲ့နေရာမှာ ထင်ရှားသူတွေထဲက နှစ်ဦးကတော့ အန့်နက်စတိုလာကလို့နဲ့ ချန်တဲလ်မူဖီးတို့ပါပဲ။ သူတို့နှစ်ဦးဟာ အခန်း(၂)မှာ ဆွေးနွေးခဲ့ဖူးတဲ့ အာသူဆောရဲ့နေရာကိုကျော်ပြီး ဆွေးနွေးငြင်းခုန်ခဲ့ကြတယ်။ ရုပ်ကြမ်း မာ့က်စ်ဝါဒီတွေရဲ့ နာမ်ပိုင်းအပေါ်ထပ် အဆောက်အအုံထက် ရုပ်ပိုင်းအပေါ် ဦးစားပေးပုံကို သူတို့က တကယ့်အစစ်အမှန် ဆက်သွယ်မှုပုံစံထက် ရေးသားပို့ချမှုတစ်ခုအဖြစ် ဆွေးနွေးခဲ့တယ်။ အလေ့အကျင့်မှန်သမျှဟာ ရေးသားပို့ချမှုဆိုင်ရာတွေချည်းပဲလို့ ဆိုတာ။ ရေးသားပို့ချမှုဆို

တာက ကမ္ဘာလောကကြီးကို ကျွန်တော်တို့ ဘယ်လိုနားလည်ရမလဲဆိုတဲ့ အသိအမြင်ဖြစ်ပေါ်လာဖို့ အရာမှန်သမျှပါပဲ။ ကမ္ဘာလောကကြီးထဲ ဘာဖြစ်ပါတယ်လို့ တောင်းဆိုမှုနဲ့ လုံးဝကွဲပြားပါတယ်။ လူမှုရေးအစီအစဉ်ဆိုတာ ကြိုတင်တည်ရှိနေတာ မဟုတ်ဘူး။ တည်ဆောက်ထားတာ ဖြစ်တယ်။ ဒါကြောင့် ပိုင်းစစိတ်မှာခြင်းထက် အရာရာအားလုံး အစီအစဉ်တကျဖြစ်စေတဲ့ အိုင်ဒီယိုလိုဂျီ ဆင်တူမှုတွေ ရှိနေတာ၊ အိုင်ဒီယိုလိုဂျီတွေ ပိုင်းစစိတ်မှာနေတယ်ဆိုတဲ့ အမြင်ဟာ လူမှုရေးအရ တည်ဆောက်ခံထားရတယ်ဆိုတဲ့ အဆောက်အအုံလွန်ဝါဒနဲ့ ပို့စ်မော့က်စ်အမြင်ထဲမှာ မရှိဘူး။

မော့က်စ်ဝါဒလိုမျိုးပဲ၊ ပို့စ်မော့က်စ်ဝါဒီတွေဟာ အိုင်ဒီယိုလိုဂျီကို စိစစ်တဲ့အခါ လူ့အဖွဲ့အစည်းရဲ့ ကိုယ်ပိုင်အရှိတရားနဲ့ ပတ်သက်တဲ့ ပြဿနာရပ်နဲ့ တွဲဖက်ထားတယ်။ တစ်ပြိုင်နက်တည်းမှာပဲ တစ်သီးပုဂ္ဂလလူသား(ဝါ) လူမှုအတ္တနဲ့ သီးခြားအမှတ်လက္ခဏာအပေါ်ကိုပါ မေးခွန်းထုတ်ကြတယ်၊ အထူးသဖြင့် လာကလို့နဲ့ မူဖီးတို့နှစ်ဦးဟာ ကျွန်တော်တို့ခေါ်ဝေါ်ကြတဲ့ လူ့အဖွဲ့အစည်းဆိုတဲ့ ဝေါဟာရဟာ ဝေဝါးနေတယ်၊ ဆုပ်ကိုင်မိဖို့ မလွယ်ဘူး၊ ဝေါဟာရနဲ့ တည်ဆောက်ထားတဲ့ ဘာမှန်းမသိတဲ့အရာအတွက် တည်ငြိမ်မှုနဲ့ စနစ်ဆိုတဲ့အရာကို ဒီလိုမရှိတဲ့ အရာကြီးအတွက် တီထွင်ရသေးတယ်၊ ပြီးတော့ လူ့အဖွဲ့အစည်းဆိုတာ ဝေါဟာရသက်သက်သာ ဖြစ်တယ်၊ သူက ကိုယ်စားပြုပေးပြီး ဆုပ်ကိုင်ပြလို့ မရဘူးလို့ ဆိုတယ်။ ဒီတော့ ဝေါဟာရသက်သက်(ဝါ)ဗလာဖြစ်နေတဲ့ အညွှန်းပြုလို့ ဆိုရမယ်။ ဗလာဖြစ်နေတဲ့ အညွှန်းပြုဟာ ပြင်ပလောကထဲက အရှိတရားကို ကိုယ်စားမပြုနိုင်ဘူး။ ဒါပေမယ့် ပြင်ပလောကထဲက အရာမှာ ပစ္စုပ္ပန်ကျတဲ့အမြင်မရှိဘဲ အတိတ်ကာလ တန်ဖိုးစံ၊ တွေ့ကြုံခံစားမှုတွေသာလျှင် လွှမ်းမိုးနေအောင်တော့ လုပ်နိုင်တယ်၊ ဒါကြောင့် ဆန္ဒပြသူတွေက 'လွတ်လပ်မှု'အတွက် ချီတက်ကြတဲ့အခါ ဘယ်လိုအကျိုးဆက် ဖြစ်ပျက်လာမယ်ဆိုတာ မထင်ရှားတော့ဘူး။ ဘယ်လိုလွတ်လပ်မှုမျိုးရမလဲပေါ့။ ဒီနေရာမှာ 'လွတ်လပ်မှု'ဟာ လူ့အဖွဲ့အစည်းအနေနဲ့ ပြည့်ပြည့်ဝဝ ဘယ်တော့မှမရနိုင်တဲ့ တစ်စုံတစ်ရာအဖြစ် ညွှန်းတယ်။ ဒါပေမယ့် 'လွတ်လပ်မှု'အော်ဟစ်သံက သူဟာ တည်တော့ တည်ရှိနေပါတယ်ဆိုတဲ့ ထင်ယောင်ထင်မှားကို ထုတ်ပေးတယ်။ ပြီးတော့ လွတ်လပ်မှု



အပေါ် အခြေခံတည်ဆောက်ထားတဲ့ လူ့အဖွဲ့အစည်းကို ရရှိနိုင်တယ်ဆိုတဲ့ ထင်ယောင်ထင်မှားကိုပါ ထုတ်ပေးတော့တာပဲ။ အံ့ဩဖို့ကောင်းတဲ့ အမှန်တရားတစ်ခုကတော့ လူ့အဖွဲ့အစည်းတွေဟာ မလွတ်လပ်ပါဘူးဆိုတဲ့ အမှန်တရားကိုတော့ ဖုံးအုပ်ထားတာပဲ။

ပို့စ်မော့က်စ်ဝါဒီတွေအတွက်က အဲဒီလို လူမှုရေးအစီအစဉ် စိတ်ကူးယဉ်ထုတ်လုပ်ခြင်းကို အဓိက တာဝန်ယူလုပ်ပေးတာဟာ အိုင်ဒီယိုလိုဂျီရဲ့ အခန်းကဏ္ဍပါပဲလို့ မြင်တာပါ။ အကြောင်းကတော့ လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းဆိုတာ စိတ်ကူးယဉ်တည်ဆောက်ထားတဲ့ လက်ခံမှုပဲ၊ လက်ခံမှုကို အရှိတရားရယ်လို့ မြင်လာစေဖို့လိုအပ်တာတော့ အမှန်ပဲ။ ဒီတော့ အိုင်ဒီယိုလိုဂျီဆိုတာ လိုအပ်တဲ့ ထင်ယောင်ထင်မှားတစ်ခုခုကို ပေးအပ်တဲ့ အရာတစ်ခုပဲ။ စလာဗိုဇီဇက် လေ့လာစူးစမ်းသလိုဆိုရရင် ဒေးအော့ဆိုတာကြီးဖြစ်နေမှသာလျှင် အိုင်ဒီယိုလိုဂျီဟာ နောက်ဆုတ်နေရတာဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အိုင်ဒီယိုလိုဂျီဟာ အမြဲတမ်း အသစ်သစ်တွေဖြစ်ထွန်းနေတဲ့ အခြေအနေတစ်ရပ်ပဲ။ အဟောင်းတစ်ခု ပျောက်ကွယ်သွားတဲ့အခါ အညွှန်းပြုအသစ်တွေကို သူတို့ဖုံးကွယ်ထားတဲ့ ဖြစ်စဉ်အပေါ် ဆက်လက်ထိန်းသိမ်းဖို့ရာ တီထွင်ဖို့လိုအပ်တယ်။ ဒါပေမယ့် အခုဆိုရင် ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်တွေအားလုံးကို အိတ်ထဲက ထုတ်လိုက်ပြီးဖြစ်တော့ကာ မျက်နှာဖုံးအနောက်မှာ ဘာဆိုဘာမှ မကျန်တော့ဘူး။ ဇီဇက်က ပြင်သစ်လာကန် စိတ်ခွဲပညာသီအိုရီကို အခြေခံပြီး မသိနိုင်တဲ့အရာကို တွေးတောဆင်ခြင်ခြင်းကြောင့်ဖြစ်လာတဲ့ ကြောက်မက်ဖွယ်ရာအရာဟာ လူသားတွေရဲ့ စိတ်ကူးယဉ် ပင့်ကူအိမ်ထဲမှာ ယက်ကန်ကန်ဖြစ်သွားစေတယ်လို့ ဆိုတယ်။ ငါအတ္တနဲ့ အခြားသောအရာနှစ်ခုကြားထဲက အရာဟာ တစ္ဆေသူရဲတစ်ကောက်လို ကိုင်တွယ်ဖမ်းဆုပ်ရခက်တဲ့ အခြေအနေတစ်ခုပဲ။ အခြားသောအရာဆိုတာကလည်း လျှို့ဝှက်ဆန်းကြယ်တဲ့ အရာတစ်ခုပဲ။ ငါ(ဝါ)လူမှုအတ္တကတော့ စိတ်ပိုင်းဆိုင်ရာ သက်သောင့်သက်သာဖြစ်ဖို့ အကြောင်းပြချက်အတွက် အချိန်ကာလခဏသာလျှင်ခံတဲ့ သီးခြားအမှတ် လက္ခဏာတစ်ခုပဲ။ လစ်ဘရယ်တွေပြောတဲ့ ကိုယ့်ကိုယ်ကိုယ် အကြွင်းမဲ့ပိုင်စိုးတဲ့ တစ်သီးပုဂ္ဂလဆိုတာမျိုးဟာ မဖြစ်နိုင်တော့ဘူး။ အနည်းငယ်ဆုံးအနေနဲ့ ကိုယ့်ကိုယ်ကိုယ်

အကြွင်းမဲ့ပိုင်စိုးမှုဟာ ကာလတရားရဲ့ ပြောင်းလဲမှုမှာ တတိတိ ကိုက်စားဝါး မြိုခံရမှာ ဖြစ်တယ်။ နဂိုကတည်း အသစ်ဖြစ်ထွန်းပြောင်းလဲနေပြီး အရှိတရားဆိုင်ရာမဟုတ်တဲ့ အိုင်ဒီယိုလိုဂျီဖြစ်တဲ့အတွက် ထင်ယောင်ထင်မှား ဖြစ်တယ်။ ပုံဖျက်ထားတယ်လို့ မဆိုနိုင်တော့ဘူး။ အမှန်တရားဆိုတာ မရှိပါဘူးလို့ဆိုနေမှ အမှန်တရားကို ပုံဖျက်နေတယ်လို့ ဘယ်လိုလုပ်ဆိုနိုင်မှာလဲ။ အကယ်၍များ သန့်စင်ပြီး ရိုးစင်းတဲ့ အရှိတရားကို မချဉ်းကပ်နိုင်ဘူး၊ စိတ်ကူးမကြည့်နိုင်ဘူးဆိုမှ ဘယ်လိုလုပ် ယင်းအရာတွေကို ပုံဖျက်ထားနိုင်မလဲ? ကျွန်တော်တို့က အရှိတရားကို အခြားအရာတစ်ခုပါလို့ သိမြင်နေတဲ့အခါ ဘယ်လိုလုပ် အရှိတရားကို သိနိုင်မလဲ? ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့များ အမှန်တရားဆိုတာ မရှိဘူးဆိုရင် အမှန်တရား ချို့ယွင်းမှု(ဝါ)အမှားဆိုတာလည်း ဘယ်လိုလုပ်ရှိနိုင်မလဲ။ အိုင်ဒီယိုလိုဂျီကို အမှားလို့ ပြစ်တင်ရှုတ်ချနေမယ့်အစား အိုင်ဒီယိုလိုဂျီဆိုတာ လူတွေ ကမ္ဘာလောကကြီးအပေါ် အမှန်တကယ် အနက်ပြန်နိုင်မယ့် လမ်းကြောင်းတွေကို ညွှန်ပြပေးတဲ့အရာအဖြစ် အသိအမှတ်ပြုသင့်ပါတယ်။ အိုင်ဒီယိုလိုဂျီဆိုတာ ရေးသားပို့ချမှုကို ဓမ္မဓိဋ္ဌာန် အချက်အလက်အဖြစ် မှားယွင်းစွာ ဖော်ထုတ်ပြနေတယ်လို့တော့ ကျွန်တော်တို့ ပြောကောင်းပြောနိုင်ပါတယ်၊ ဒါပေမယ့် ရေးသားပို့ချမှုဟာ ခဏသာလျှင် သက်တမ်းရှည်တဲ့အတွက် ဇိဇက်ရဲ့ အလိုအရဆိုရရင်တော့ အိုင်ဒီယိုလိုဂျီဟာ လူမှုရေးဘဝမှာ တည်ငြိမ်မှုကို သင့်တင့်လျောက်ပတ်အောင် ဘယ်တော့မှ မတည်ဆောက်နိုင်ဘူးလို့ပဲ ဆိုရမယ်။

ပိုပြီးကျယ်ပြန့်တဲ့ အသိအရတော့ ပို့စ်မော်ဒန်ဝါဒီတွေနဲ့ အဆောက်အအုံလွန်ဝါဒီတွေက အိုင်ဒီယိုလိုဂျီကို ဖြုပ်မဲ့စတ္တဇဆန်တဲ့ နည်းပညာဝေါဟာရတစ်ခုအဖြစ် သုံးစွဲတယ်။ သူကိုယ်၌က ထင်ရှားတဲ့ အဓိပ္ပာယ်ရယ်လို့ မရှိတဲ့ အညွှန်းပြုတစ်ခု ဖြစ်လာတယ်၊ သူ့ရဲ့ရည်ရွယ်ချက်က တရားသေအယူဝါဒနဲ့ လေ့လာပုံပညာရပ်တွေကို စွန့်ပစ်သင့်တဲ့ ခေတ်ကာလထဲကို ရောက်လာပါပြီလို့ ပညာရှင်တွေကို အကြံပေးနေတယ်။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီထဲမှာ အဖျက်သဘောဆောင်တဲ့ မော်ဒန်ဝါဒ အဓိပ္ပာယ်တွေကို ထိန်းသိမ်းထားတယ်၊ ဒီတော့ အိုင်ဒီယိုလိုဂျီဟာ ကမ္ဘာလောကကြီးထဲက လူတွေဆီ အရှိတရားကို တင်ပြတဲ့အခါ ရှုပ်ရှုပ်ထွေးထွေး နည်းလမ်းတွေနဲ့



အလုပ်လုပ်နေတဲ့သဘောတော့ ရှိတယ်။ ပြီးတော့ လူတွေကို ချုပ်ချယ်တင်းကြပ်တဲ့ အဆောက်အအုံတွေထဲမှာ နေထိုင်ဖို့ရာ ဖိအားပေးတယ်ဆိုတာမျိုးတွေလည်း ရှိတယ်၊ စိတ်ပိုင်းဆိုင်ရာအရ လိုအပ်တဲ့ အရာတွေကိုလည်း ဖြည့်ဆည်းပေးတယ်။ အိုင်ဒီယိုလိုဂျီကို ဝေဖန်သူမျိုးဆက်သစ်များ မွေးဖွားလာတယ်။ ဒါပေမယ့် ရှေ့ကရှိပြီးသား အိုင်ဒီယိုလိုဂျီအမြင်တွေကနေ သိသိသာသာ ခွဲမထွက်နိုင်ဘူး၊ ဒါပေမယ့် ယူတိုးပီးယားလည်း မဆန့်ပြန်ဘူး၊ အဖြေတွေလည်း မပေးဘူး။ ကျွန်တော်တို့ရဲ့ ယုံကြည်မှုလောကကြီး တစ်ခုကနေတစ်ခု ရွေ့လျားသွားတာကို သတိထားမိရုံပဲ။ ပြီးတော့ ကျွန်တော်တို့ကို ယုံကြည်လာစေတဲ့အရာဟာ ယုံကြည်မှုကိုင်စွဲထားသူတွေကို လူသားသဘာဝ လျော့ကျသွားအောင်တော့ မလုပ်ဘူး။

အိုင်ဒီယိုလိုဂျီအပေါ် အဆောက်အအုံလွန်ဝါဒအမြင်ဟာ အစွန်းရောက်တယ်။ အဆောက်အအုံလွန်ဝါဒရဲ့ အိုင်ဒီယိုလိုဂျီအမြင်ဟာ တင်းကြပ်တယ်။ အဆောက်အအုံလွန်ဝါဒအမြင်ရဲ့ အတွင်းသားမှာကိုက အချက်အလက်မှန်သမျှ၊ ထင်မြင်ယူဆချက်မှန်သမျှ၊ ဘောင်မှန်သမျှကို ငြင်းပယ်တဲ့သဘောရှိပြီးသားပဲ။ တစ်ချိန်တည်းမှာပဲ ဒီသဘောကြောင့် သူ့ကို လက်တွေ့ကျင့်သုံးမှုတွေ ကြားထဲမှာ အားနည်းချက်ကြီးဖြစ်နေတယ်။ ဘယ်လူ့အဖွဲ့အစည်းမှာမဆို ရေးသားပို့ချမှုရဲ့ ဖြစ်နိုင်ခြေသဘောတွေကို သူ့ရဲ့သမိုင်းက ပြန်ကန့်သတ်တယ်။ ပြီးတော့ ယဉ်ကျေးမှုဆိုင်ရာ ထိန်းချုပ်မှုတွေကလည်း ကန့်သတ်တားဆီးတယ်။ ဒါပေမယ့် ရေးသားပို့ချမှုမှန်သမျှဟာ သိမ်းသွင်းထိန်းချုပ်မှုကို လုပ်တာမဟုတ်ဘူး။ ရေးသားပို့ချမှုပေါင်းများစွာဟာ ကာလတရား ဒါမှမဟုတ် နေရာဒေသ တစ်စုံတစ်ရာမှာ တစ်ခုနဲ့တစ်ခု အမြဲအပြိုင်အဆိုင် ဖြစ်ကောင်းဖြစ်နေမယ်၊ ဒါပေမယ့် ပို့စ်မော်ဒန်ဝါဒက ရေးသားပို့ချမှုတွေ အဓိပ္ပာယ်အမျိုးမျိုးထွက်လာမှာကို တားဆီးလိုက်သလိုတော့ ရှိတယ်၊ အကြောင်းက သူတို့ဟာ မော်ဒန်ဝါဒ အစဉ်အလာအတွင်းက တစ်ခုတည်းသော အိုင်ဒီယိုလိုဂျီပုံစံကို သဘောကျနေကြတဲ့ အတွက်ပဲ။ တကယ်တော့ ဒီလိုသဘောကျနေတာကိုက ရေးသားပို့ချမှုဆိုင်ရာ တည်ဆောက်ချက်တစ်ခုပဲ။ အိုင်ဒီယိုလိုဂျီကို သီးသန့်လမ်းကြောင်းတစ်ခုအတွင်းကနေ ကျွန်တော်တို့ကို နားလည်လာစေတယ်။

## အခန်း(၉)
## အမြင်အာရုံနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ အိုင်ဒီယိုလိုဂျီ

အခုထက်ထိ ကျွန်တော်ဟာ စာသား၊ ပြောစကားနဲ့ ဘာသာစကားမှာတွေ့ရတဲ့ အိုင်ဒီယိုလိုဂျီတွေအကြောင်းကို ကိုင်တွယ်ပြီးပါပြီ။ နောက်ထပ် အိုင်ဒီယိုလိုဂျီအကြောင်းအရာသုံးခုကို လေ့လာကြည့်ပါဦးမယ်။ ပထမတစ်ခုက အိုင်ဒီယိုလိုဂျီဟာ နှုတ်ပြောမဟုတ်တဲ့ ပုံသဏ္ဌာန်များစွာထဲမှာ ပေါ်ပေါက်တယ်။ ဒုတိယတစ်ခုက အိုင်ဒီယိုလိုဂျီဟာ မတ္တဖော်အလက်ာတွေထဲမှာ၊ နိုင်ငံရေး ဘာသာစကားအဖြစ် အနက်မပြန်နိုင်တဲ့ အဖြစ်အပျက်တွေထဲမှာ ပါဝင်တယ်။ ဒါကိုတော့ တက်(စ်)ဆိုင်ရာ ရေးသားပို့ချမှု (textual discourse)လို့ ခေါ်ပါတယ်။ တတိယကတော့ အိုင်ဒီယိုလိုဂျီဟာ ကြောင်းကျိုးဆင်ခြင်မှုနဲ့ ကြောင်းကျိုးဆင်ခြင်မှုကင်းမဲ့ခြင်း၊ သိမှတ်နားလည်မှုနဲ့ မသိစိတ်စတဲ့ အရာတွေထဲမှာသာ မကဘူး၊ စိတ်လှုပ်ရှားမှုပုံစံတွေထဲမှာလည်းရှိတယ်ဆိုတဲ့ အချက်တွေပါပဲ။

### ရုပ်ပုံများအတွင်းမှ အိုင်ဒီယိုလိုဂျီ

သမိုင်းတစ်လျှောက်လုံးမှာ ကြည့်ရှုနိုင်တဲ့ ပစ္စည်းတွေ၊ ရုပ်ပုံတွေကနေတစ်ဆင့် အိုင်ဒီယိုလိုဂျီတွေကို ထုတ်လွှင့်ပေးခဲ့ကြပါတယ်။ ခါတိုင်းနဲ့မတူ၊ လွန်ခဲ့တဲ့ ရာစုနှစ်လောက်ကစပြီး တယ်လီဗွီးရှင်းနဲ့ ရုပ်ရှင်၊ အနုပညာနဲ့ ကြော်ငြာတွေဟာ အရင်းရှင်ထုတ်လုပ်ရေးလုပ်ငန်းအဖြစ် တိုးတက်ဖွံ့ဖြိုးလာတယ်။ ဒီတော့ ကြည့်စရာ ရှုစရာအမြင်အာရုံဆိုင်ရာ သတင်းအချက်အလက်တွေဟာ နိုင်ငံရေးဆိုင်ရာ ထုတ်ဖော်ချက်တွေ၊ ဒါမှမဟုတ် ခံစားချက်တွေကို သယ်ဆောင်လာတယ်။ ရောမတွေဟာ အမြင်အာရုံအခြေခံတဲ့ ဒရမ်မာပြဇာတ်ရဲ့ သဘောကို သိနားလည်ခဲ့ကြပြီးပြီပဲ။ ဒီလိုပဲ အေးစက်စက်နိုင်ပြီး အင်အားကြီးမားပြင်းထန်တဲ့ နာဇီနုရင်ဘတ်ချီတက်ပွဲရဲ့ အမြင်အာရုံဆိုင်ရာ အိုင်ဒီယိုလိုဂျီနဲ့လည်း ထိတွေ့လာခဲ့ကြပါပြီ။ နာဇီနုရင်ဘတ်စုရုံးမှုမှာ တန်းစီထားပုံက ခေါက်ချိုးညီတယ်၊ ရာထူးအဆင့်အတန်းအလိုက် အချိုးအစားကျနလှပတယ်။ ခေါင်းဆောင်လုပ်သူ ဟစ်တလာရဲ့ အလက်ာပေါ်ကြွယ်တဲ့



မိန့်ခွန်းနောက်ခံမှာ ကြီးမားခံ့ညားတဲ့ နာဇီတံဆိပ်အလံတော်ကြီး၊ ကျယ်လောင်တဲ့ သံပြိုင်အော်ဟစ်သံစတဲ့ အရာတွေက နာဇီအတွေးအခေါ်တွေရဲ့ အဓိကမဏ္ဍိုင်အယူအဆကို ချက်ချင်းထုတ်ပြပြီး အိုင်ဒီယိုလိုဂျီအဖြစ်နဲ့ ကမ္ဘာကြီးကို ဆက်သွယ်တယ်။ တစ်စုတစ်စည်းတည်းရှိတဲ့ လူထု၊ ခေါင်းဆောင်နဲ့ ပြည်သူတို့ရဲ့ ဆက်ဆံရေး၊ အမျိုးသားရေးကို ထင်ဟပ်မှု၊ လူထုရဲ့ ထုတ်ဖော်ထင်ဟပ်ချက်တွေ တစ်စုတစ်စည်းတည်းဖြစ်လာခြင်းဆိုတဲ့ အိုင်ဒီယိုလိုဂျီပါပဲ။ ဒီတော့ နုရင်ဘတ်စုရုံးမှုထဲက ထွက်လာတဲ့ အတွေးအခေါ်တွေကို ဦးခေါင်းနဲ့သာ မကဘူး၊ စိတ်ခံစားချက်နဲ့ပါ တစ်ပြိုင်နက်တည်း စုပ်ယူကြတယ်။ ပြီးတော့ ဒီလိုကြီးကျယ်ခမ်းနားတဲ့ အစဉ် အလာထုံးစံထဲမှာ ပါဝင်ရတဲ့ တွေ့ကြုံခံစားမှုဟာ မမေ့နိုင်လောက်အောင်ပဲလို့ ဖြစ်လာတော့တာပဲ။

အိုင်ဒီယိုလိုဂျီမိသားစုတွေအတွက် အရေးအပါဆုံးအရာက ရုပ်ပုံတွေပါပဲ။ ငြိမ်းချမ်းရေးရုပ်ပုံလွှာအဖြစ် ချိုးဖြူငှက်ဟာ လစ်ဘရယ်ကျတဲ့ နိုင်ငံတကာ သင်္ကေတအဖြစ် သုံးတယ်။ ဆိုရှယ်လစ်လှုပ်ရှားမှုတွေကတော့ အနီရောင်ကို သူတို့ရဲ့သင်္ကေတအဖြစ် သုံးတယ်။ နိုင်ငံရေးအရ ထုတ်ဖော်ပြောပြနေတဲ့ အရောင်ပေါ့လေ။ ဆိုဗီယက်ကွန်မြူနစ်တွေကတော့ ကြီးမားတဲ့ အလုပ်သမား ရုပ်တုတွေ၊ ပိုစတာတွေကို သူရဲကောင်းဆန်တဲ့ အလုပ်သမားပုံရိပ်အဖြစ် ပေါ်လွင်အောင် အသုံးပြုကြတယ်။ ဗြိတိသျှကွန်ဆာဗေးတစ်တွေက ခွေးဘီလူးကို တစ်ခုခုအပေါ် တိုက်ခိုက်ချင်တဲ့ အရိပ်အယောင်ရှိလာတဲ့အခါ အသုံးပြုကြတယ်။ ဒါပေမယ့် မျက်မြင်ပုံရိပ်တွေဟာ ငြိမ်သက်ချင် ငြိမ်သက်နေမယ် ဒါမှမဟုတ် ရွေ့လျားနေမယ်။ ပိုပြီးလည်း သိမ်မွေ့ကြတယ်။ ပြီးတော့ သူတို့ရဲ့ အဓိကအိုင်ဒီယိုလိုဂျီ မိသားစုကြီးတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတာ မဟုတ်ဘူး။ လန်ဒန်မြေအောက်ပိုစတာတွေ၊ နိုင်ငံတကာ စာနာထောက်ထားရေးအဖွဲ့တွေ ကနေပြတဲ့ နှိပ်စက်ညှဉ်းပန်းခံရတဲ့ လူတွေရဲ့ ဓာတ်ပုံတွေ၊ ရသခံစားမှုကို နိုးဆွပေးတဲ့ လူထုအဆောက်အအုံတွေရဲ့ ဗိသုကာဖွဲ့စည်းပုံတွေ၊ 'ရဲ'စုဆောင်းရေးအတွက် အလုပ်ကြော်ငြာက 'ရဲ'ပုံကို ဘယ်လိုအသားအရောင်မျိုးသုံးမလဲ ဆိုတာတွေဟာ နိုင်ငံရေး သတင်းအချက်အလက်တွေကို သယ်ဆောင်ပေးတယ်။

ကြည့်စရာပုံအများစုဟာ ရည်ရွယ်ချက်ရှိရှိ ဒီဇိုင်းထုတ်ထားတဲ့ အနုပညာမြောက် နည်းပညာတွေဖြစ်စေ၊ ဒါမှမဟုတ် ဘာရည်ရွယ်ချက်မှ အထူးတလည်မရှိတဲ့ ပုံတွေပဲဖြစ်ပါစေ သူပေးချင်တဲ့ အိုင်ဒီယိုလိုဂျီကို သိမြင်လာအောင် လုပ်ပါတယ်။ အိုင်ဒီယိုလိုဂျီပါလာဖို့ကတော့ တစ်ချို့သော လက္ခဏာတွေကို ပိုင်ဆိုင်ထားဖို့တော့ လိုတာပေါ့လေ။ အဲဒီလက္ခဏာတွေ ထဲက တစ်ခုကတော့ ရိုးစင်းမှုပဲ။ တကယ်လို့ လူထုစားသုံးခြင်းဆီကို ရည်ရွယ်ထားတဲ့ နိုင်ငံရေးတက်စ်တွေဟာ ကြွေးကြော်သံတွေလို၊ ဆောင်ပုဒ်တွေလို အရာတွေကနေတစ် ဆင့် လွယ်ကူအောင်လုပ်ဖို့လိုမယ်ဆိုရင် ပုံတွေနဲ့သာ ကိုယ်စားပြုဖော်ပြမယ်ဆိုရင် ဒီထက်တောင်မှ ပိုပြီးလွယ်ကူဦးမယ်။ အိုင်ကွန်းတွေ၊ အမှတ်အသားတွေနဲ့ လိုဂိုတွေဟာ သူတို့တွေရဲ့ အဓိပ္ပာယ်ကို လူတွေ ပိုပြီး အလွယ်တကူ ကြေကြေညက်ညက် နားလည်သွားစေနိုင်ပြီး အထင်ကြီး လာစေနိုင်တဲ့ နည်းလမ်းတွေပဲ။ ကွန်မြူနစ်တွေရဲ့ တူနဲ့ တံစဉ်ပုံကိုပဲ တွေး ကြည့်ပါဦး။ အင်အားနဲ့ လုပ်အားကို ပေါင်းစပ်ပြထားတယ်။ ပြီးတော့ ဒီပုံ တွေက လူတွေရဲ့ မျက်လုံးထဲမှာ သိသာထင်ရှားတဲ့ အချက်အလက်ကို ပေးနေ ဖို့လည်း လိုတယ်။ တခြားအချက်အလက်တွေနဲ့ မရောထွေးစေရဘူး။ သံရုံး တစ်ခုအပေါ်မှာ လွှင့်နေတဲ့ အလံကို တွေးကြည့်ပါဦး။ နိုင်ငံခြားနယ်မြေမှာ အလံဟာ သူတို့ရဲ့ အမျိုးသားရေးဆိုင်ရာ ကောင်းကင်ဘုံပဲ။ နောက်ထပ် လက္ခဏာတစ်ခုက အမှတ်ရအောက်မေ့ဖွယ်ရာ သဘောပဲ။ ဒီပုံတွေရဲ့ အကျိုး သက်ရောက်မှုကို ကြာရှည်ထိန်းသိမ်းပေးထားနိုင်မယ့် အချိန်ကာလတရား ပါပဲ။ ပုံရိပ်တစ်ခုဟာ ကျောက်ဆူးတစ်ခုလို အမြစ်တွယ်နေဖို့ အရေးကြီး တယ်။ သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ အခြေခံအကျဆုံးအရာ ဖြစ်နေရမယ်။ ဒါမှ သူပေးချင်တဲ့ အိုင်ဒီယိုလိုဂျီကို အားဖြည့်ပေးနိုင်မယ်။ လူအုပ်ထဲကနေ ရွေးထုတ်နေတဲ့ လော့ဒ်ကစ်ချနားရဲ့ မျက်လုံးနဲ့ လက်ချောင်းလေးတွေကို တွေးကြည့်ပါဦး။ သူ့ပုံက 'ခင်ဗျားနိုင်ငံဟာ ခင်ဗျားကို လိုအပ်နေတယ်'ဆိုတဲ့ အိုင်ဒီယာကို အပြည့်အဝပေးထားတယ်။ နောက်ဆုံးလက္ခဏာတစ်ခုက တော့ ပုံတွေဟာ ရသ(ဝါ)စိတ်လှုပ်ရှားခံစားမှုအားဖြင့် ကျေနပ်သာယာမှုကို ပေးသလား၊ စိတ်အနှောင့်အယှက်ဖြစ်မှုကိုပဲ ပေးသလားဆိုတာ မရေမရာ ဖြစ်နေတာမျိုးပဲ။



အရာအတော်များများကတော့ ကြည့်ရှုသူရဲ့ အာရုံကို စိတ်ဝင်စား အောင်ဆွဲဆောင်ဖို့ရာ အကူအညီပေးနိုင်တာပဲ မဟုတ်လား။ ဗီယက်နမ်ရဲ့ ဗုံးတွေကြားထဲက အလုအယက်ထွက်ပြေးလာတဲ့ ဗီယက်နမ်မိန်းကလေး တစ်ယောက်ရဲ့ ဓာတ်ပုံကိုပဲ တွေးကြည့်ပါဦး။ ဓာတ်ပုံဟာ ဗီယက်နမ်မိန်းမ ပုံသာဖြစ်ပြီး ဘာမှမဟုတ်ပါဘူးလို့ ပြောသူဟာ လွဲမှားပါတယ်။ အကြောင်း ကတော့ ဗီယက်နမ်စစ်နဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုတွေဟာ ဖြစ်ပေါ်နေလို့ပါပဲ။ ဒီတော့ ဓာတ်ပုံဟာ အိုင်ဒီယိုလိုဂျီအလုပ်ကို လုပ်လာတယ်။ တကယ်က မျက်မြင်ကြည့်ရှုစရာပုံတွေဟာ စိတ်လှုပ်ရှားမှုဖြစ်ပေါ်လာအောင် တွန်းအား ပေးတဲ့နေရာမှာ အရေးကြီးပါတယ်။

မျက်မြင်ကြည့်ရှုစရာ ပုံတွေဟာ လူထုဆက်သွယ်ရေး ပိုဖွံ့ဖြိုးလာ လေလေ ပိုပြီး အလုပ်လုပ်လည်ပတ်လေ၊ အခွန့်တက် မေးခွန်းထုတ်လေ ပါပဲ။ လူထုမီဒီယာက အတိတ်ကာလထဲမှာ မသိမြင်နိုင်ခဲ့တဲ့ အရာတွေကို ထိုးဖောက်ပြီး၊ လှုံ့ဆော်စည်းရုံးနိုင်စွမ်းရှိတဲ့ အိုင်ဒီယိုလိုဂျီတွေကို သယ် ဆောင်လာမယ်။ အကြွင်းမဲ့ အာဏာပိုင်ဖက်ဆစ်ဝါဒဟာ လူမှုရေးဘဝရဲ့ ရှုထောင့်တိုင်းမှာ ပျံ့နှံ့တည်ရှိလာတာဟာ တိုက်ဆိုင်မှုမဟုတ်ဘူး။ သူ့ရဲ့ အင်အားအရှိဆုံးပုံသဏ္ဌာန်ကို ဂျာမန်ဖြူရိုကရေစီနဲ့ စက်မှုဖွံ့ဖြိုးမှု အရင်း အမြစ်အပေါ် အခြေခံရင်း တည်ဆောက်လာတာပါ။ ဟစ်တလာရဲ့ အလက်ာ ဆိုင်ရာ စကားပြောစွမ်းရည်ဟာ သူ့ရဲ့ စကားပြောရစ်သမ်နဲ့ အဖိအဖော့တွေ ကနေတစ်ဆင့် ဂျာမန်လူထုကို စိတ်အားတက်ကြွစေတာကို မေ့ထားလို့မရပါ ဘူး။ ဒါဆိုရင်တော့ ဓာတ်ပုံတွေ၊ ရုပ်ရှင်နဲ့ ဓလေ့ထုံးတမ်းအခမ်းအနားတွေ ရဲ့ ပုံစံတွေ၊ အတွင်းသားအကြောင်းအရာတွေထဲမှာ လူထုရဲ့ စိတ်လှုပ်ရှားမှု ပုံသဏ္ဌာန်အမျိုးမျိုးကို သိမ်းသွင်းထိန်းသိမ်းနိုင်တဲ့ စိတ်လှုပ်ရှားမှုဆိုင်ရာ အိုင်ဒီယိုလိုဂျီတွေ အလုပ်လုပ်ပုံကို တွေ့နိုင်ပါပြီ။ ဒါတင်မကဘူး စိတ်လှုပ် ရှားမှုဆိုင်ရာ အိုင်ဒီယိုလိုဂျီဟာ ထိရောက်တာမြန်ပါတယ်။ ဒါပေမယ့် လူ တစ်ယောက်အတွက် ကြာရှည်ခံတဲ့ အကျိုးကျေးဇူးကို လုပ်ပေးနိုင်၊ မနိုင် ဆိုတာကတော့ သံသယရှိဖို့ ကောင်းတယ်။ အမှန်တကယ်တော့ နိုင်ငံရေး သမားတွေလိုပဲ ကြော်ငြာ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ပိုစတာတွေဟာ ချက်ချင်း လက်ငင်း အကျိုးသက်ရောက်မယ့် အိုင်ဒီယိုလိုဂျီတွေကိုသာ ပိုပြီးကြိုက်ကြ

တယ်။ ဒီလို တခြားအကျိုးအမြတ်တွေအတွက် ကြာရှည်ထိန်းသိမ်းထားနိုင်စွမ်းကိုတော့ မကြာခဏ စွန့်လွှတ်လိုက်ရကောင်း စွန့်လွှတ်လိုက်ရပါမယ်။

အိုင်ဒီယိုလိုဂျီတွေရဲ့ ရုပ်ရင်းအမြင်မှာ ဆွေးနွေးခဲ့၊ လက်ခံခဲ့ရတာတွေကို မျက်မြင်ကြည့်ရှုစရာ သင်္ကေတတွေမှာပါဝင်တဲ့ အိုင်ဒီယိုလိုဂျီက အားနည်းသွားအောင်လုပ်လိုက်တယ်။ အခန်း(၄)မှာ ဖော်ပြထားခဲ့ဖူးသလို မျိုး အိုင်ဒီယိုလိုဂျီတွေဟာ အစွန်အဖျား အယူအဆတွေကနေ အဓိကမဏ္ဍိုင်ဆီ ကူးပြောင်းလိုက်၊ အဓိကမဏ္ဍိုင်ဟာ အစွန်အဖျားနဲ့ ရောယှက်လိုက်၊ ပြန်ကူးပြောင်းလိုက် ဖြစ်နေတာ။ အဲဒီနောက် များပြားလှတဲ့ အိုင်ဒီယိုလိုဂျီတွေဟာ သူ့ရဲ့ အတွင်းပိုင်းမှာ အဆက်မပြတ် ပြောင်းလဲနေတာစတဲ့ သဘောတွေ အားနည်းသွားတာ ဖြစ်တယ်။ တစ်နည်းအားဖြင့် မျက်မြင်ကြည့်စရာပုံရိပ်တွေ စိတ်လှုပ်ရှားမှုဆိုင်ရာ အိုင်ဒီယိုလိုဂျီမှာ ဒီသဘောတွေ မရှိဘူး။ ဓာတ်ပုံတွေ၊ ပိုစတာတွေ၊ ကြော်ငြာတွေ အဆုံးသတ်ပြီးသား နောက်ဆုံးထုတ်ကုန်တွေပဲ။ ဟုတ်ပါတယ်။ မျက်စိနဲ့ ကြည့်လို့ရတဲ့ အရာတွေရဲ့ ကိုယ်စားပြုခြင်းဟာ ပြင်းထန်တဲ့ တုံ့ပြန်မှုကို အပြုသဘောအရဖြစ်စေ၊ ဒါမှမဟုတ် အဖျက်သဘောအရဖြစ်စေ နှိုးဆွမှာပဲ။ ပြီးတော့ အနက်ပြန်ခြင်း အမျိုးမျိုးကိုလည်း လုပ်မှာပါပဲ။ ဒါပေမယ့် သူတို့ရဲ့ သင်္ကေတဆိုင်ရာ ကိုယ်စားပြုခြင်းဟာ ဘာသာစကား ဒါမှမဟုတ် ကျွန်တော်တို့ကိုယ်တိုင် ကြိုက်သလို အနက်ပြန်လို့ရအောင် ပွင့်နေတဲ့အရာ(ဝါ)တကၠစ်တွေနဲ့ မတူပါဘူး။ မျက်စိနဲ့ကြည့်လို့ရတဲ့ အရာတွေရဲ့ သင်္ကေတဆိုင်ရာ ကိုယ်စားပြုခြင်းက ကျွန်တော်တို့ရဲ့ မျက်လုံးကို အသားကျနေအောင်လုပ်ပြီး ကျွန်တော်တို့ရဲ့ အမြင်အာရုံကို သူလိုချင်တဲ့ပုံသဏ္ဍာန်တွေ ကန့်သတ်ပစ်လိုက်တယ်။ ကြွေးကြော်သံတွေကတော့ ခြွင်းချက်ပေါ့လေ။ ဘာပဲပြောပြော ဒီလိုပုံသဏ္ဍာန်တွေနဲ့ ကန့်သတ်ထားတော့ကာ တုံ့ပြန်မှုတွေဟာ ယင်းပုံပါအရာကို ပြန်ပြောင်းလဲဖို့ ကြိုးစားချင် ရင်တောင် အနုပညာရှင်တွေဆီသွားပြီး ပန်းချီနဲ့ ပိုစတာတွေကို ကိုယ်လိုချင်တဲ့ အိုင်ဒီယိုလိုဂျီအတိုင်း ပြင်ပေးဖို့သွားပြီး မခိုင်းနိုင်ဘူး။ ဥပမာ-တွန်စတီကျူးရှင်းကို ပြင်ဖို့အတွက် လွှတ်တော်တွင်းတိုက်ပွဲနဲ့ လူထုဆန္ဒပြပွဲတွေမသုံးဘဲ ဓာတ်ပုံတစ်ခုခု၊ ပိုစတာတစ်ခုခုကနေ ဖော်ပြရုံသက်သက်နဲ့ မပြင်နိုင်ဘူး။ လူသားဟာ အရေးအသားနဲ့ ပြောစကားတွေကို ပြောင်းလဲ



ပစ်ခြင်း၊ စိန်ခေါ်ခြင်းမှသာလျှင် ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ပျိုးထောင်ခဲ့ရတာ။ အကြောင်းကတော့ ဘာသာ ဗေဒအရည်အသွေးဟာ လူတွေ လက်ရှိနေထိုင်နေတဲ့ လူထုယဉ်ကျေးမှုတွေထဲမှာ ပိုပြီးအရေးကြီးတဲ့အတွက်ပါပဲ။ ပြီးတော့ အတွေးအခေါ် အိုင်ဒီယာ တွေဟာ ဘာသာစကားကနေသာလျှင် ပထမဆုံး ထွက်လာတဲ့အတွက်ပါပဲ။ ဒါပေမယ့် စာသားတွေမှာလည်း အမြင်အာရုံဆိုင်ရာ စီစဉ်မှုတွေရှိပြီး အဓိပ္ပာယ်တစ်စုံတစ်ရာကို ပေးအပ်တယ်။ သတင်းစာရဲ့ စာမျက်နှာတစ်မှာ ဘယ်ခေါင်းစဉ်ကိုထားသင့်၊ ဘယ်လိုစာလုံးပုံစံအရွယ်အစားသုံးသင့်သလဲဆိုတာဟာ သူ့ခေါင်းစဉ်အောက်က အကြောင်းအရာရဲ့ ထင်ရှားမှုကို ညွှန်ပြနေတယ်။ မျက်မြင်ပုံတွေဟာ အိုင်ဒီယိုလိုဂျီစနစ်တွေနဲ့ ထပ်တူညီတဲ့အရာတော့ မဟုတ်ဘူး။ သူတို့ဟာ သူတို့ကျင်လည်တဲ့ စနစ်တွေထဲကို အလေးအနက်ထားစရာ အဓိပ္ပာယ်တွေထုတ်ပေးဖို့ ပုံစံငယ်လေးတွေ၊ ယူနစ်ကလေးတွေ၊ အပိုင်းအဖြတ်ကလေးတွေ ဖြစ်တယ်။

နိုင်ငံရေးအဆိုတွေကို တိုက်ရိုက်သယ်လာတဲ့ ဘာသာစကားသုံးစွဲမှုနဲ့ တခြားနယ်ပယ်ထဲက ပုံရိပ်တွေကို အခြေခံပြီး အလုပ်လုပ်တဲ့ မတ္တာဖော် အလင်္ကာသုံးစွဲပုံနှစ်ခုကြားမှာ နေရာတစ်ခုရှိတယ်။ ဒါကို ထင်ရှားအောင် ပြောရရင် ဒဏ္ဍာရီနဲ့ ပုံပြင်ဆိုတဲ့ အရာနှစ်ခုလိုပါပဲ။ နှစ်ခုစလုံးဟာ ရှုထောင့်အမြင်တွေကို စားသုံးတဲ့ နည်းလမ်းတွေပဲ။ သူတို့ဟာ အဓိက လူမှုရေးအတွေးအခေါ်တွေအတွက် ဆွဲဆောင်မှုရှိပြီး စိတ်ကူးကွန့်မြူးဖွယ်ရာကောင်းတဲ့ မျက်နှာဖုံးလှလှလေးတွေ ပေးတယ်။ အဲဒီမျက်နှာဖုံးထဲမှာ နူတ်ပြောဆိုင်ရာ ဖော်ပြမှုပုံစံတွေအဖြစ်နဲ့ အယောင်ဆောင်ထားတယ်။ တစ်ဖက်ကလည်း ဒဏ္ဍာရီနဲ့ ပုံပြင်တွေဟာ ကိုယ့်နိုင်ငံရဲ့ ယုံကြည်မှုအဆောက်အအုံတွေကို အဓိပ္ပာယ်ဖွင့်ဆိုပေးတဲ့ အရာအဖြစ် မြင်ကောင်း မြင်နိုင်တယ်။ လူ့အဖွဲ့အစည်းတိုင်း ချစ်ခင်နှစ်သက်စွာ ထိန်းသိမ်းစောင့်ရှောက်ပြီး တန်ဖိုးထားစရာယဉ်ကျေးမှု အမွေအနှစ်တွေအဖြစ် မျိုးဆက်တစ်ခုကနေတစ်ခု လက်ဆင့်ကမ်းပေးတယ်။ မာဒီယာဗယ်လီက ရောမသမ္မတနိုင်ငံရဲ့ ကောင်းမွှသဘောတွေကို သရုပ်ဖော်ပြသဖို့ ရိုမျူးလပ်စ်ကို ပြန်သတိရလိုက်သလိုမျိုးပဲ။ အမေရိကန်ကို ခရီးရှည်ထွက်ခဲ့တဲ့ ပိုင်အိုနီးယားတွေ၊ မိုဟာမက်ရဲ့ ခရီးရှည်တွေ၊ အာသာဘုရင်ရဲ့ ဒဏ္ဍာရီတွေ၊ ပြီးတော့ သမ္မာကျမ်းစာစတဲ့ အရာတွေ

အားလုံးဟာ ရှာဖွေတူးဖော်ထားရတာပါ။ အိုင်ဒီယိုလိုဂျီဆိုင်ရာ အဆုံးသတ်တွေအတွက် အခြေခံအုတ်မြစ် ဖြစ်ထွန်းလာဖို့အတွက် ရှာဖွေလက်ဆင့်ကမ်းလာခဲ့ကြတာတွေပါပဲ။ တက်စ်တွေက ကျွန်တော်တို့ရဲ့ စိတ်ထဲက အတွေးအခေါ် အိုင်ဒီယာတွေကို မကြာခဏ နှီးဆွရုံတင်မကဘူး၊ ရုပ်ပုံတွေဖြစ်လာတော့လည်း ကြည့်ရှုစရာပုံတွေရဲ့ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်တယ်။

အိုင်ဒီယိုလိုဂျီအခြေခံသော စိတ်လှုပ်ရှားမှုများ

ပုံရိပ်တွေနဲ့ ဒဏ္ဍာရီတွေက အဓိပ္ပာယ်တွေ ထုတ်လုပ်ပေးနိုင်တဲ့သဘာဝရှိပြီး စိတ်လှုပ်ရှားမှုကိုပါ နှီးဆွပေးတယ်။ ဒီတော့ အိုင်ဒီယိုလိုဂျီတွေထဲမှာ စိတ်လှုပ်ရှားမှုနဲ့ စိတ်ခံစားချက်တွေရဲ့ အရေးပါပုံကိုပါ ထုတ်ဖော်ပြသနေတယ်။ အိုင်ဒီယိုလိုဂျီလေ့လာမှုက စိတ်လှုပ်ရှားမှုတွေဟာ အခန်းကဏ္ဍနှစ်ရပ် ထမ်းဆောင်တယ်ဆိုတာကို အသိအမှတ်ပြုတယ်။ လက်တွေ့အသုံးချအဆင့်မှာ သတင်းအချက်အလက်(ဝါ)အိုင်ဒီယိုလိုဂျီအဆိုတွေရဲ့ လက်နက်ကိရိယာအဖြစ် အသုံးချတယ်။ ပိုပြီးနက်ရှိုင်းတဲ့ အဆင့်မှာတော့ အိုင်ဒီယိုလိုဂျီတွေဟာ ပြင်းထန်တဲ့ စိတ်လှုပ်ရှားခံစားမှုတွေကို တရားဝင်လက်ခံပေးဖို့ရာ နိုင်ငံရေးအတွေးအခေါ်တွေရဲ့ အဓိကပုံသဏ္ဍာန် ဖြစ်တယ်။ နိုင်ငံရေးထုတ်ဖော်ချက် ပုံသဏ္ဍာန်တွေလည်းပဲ ဖြစ်တယ်။ အိုင်ဒီယိုလိုဂျီက လူမှုရေး-နိုင်ငံရေးအပြုအမူဟာ တစ်ခုလုံးဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုအရပဲဖြစ်စေ ကြောင်းကျိုးဆင်ခြင်မှုပြုတယ်၊ ဒါမှမဟုတ် တွက်ချက်မှန်းဆနိုင်တယ်ဆိုတဲ့အချက်ကို ထင်ဟပ်တယ်။ ဒါတင်မကဘူး၊ နိုင်ငံရေးအပြုအမူတွေဟာ အဆင့်မြင့်မားပြီး အဓိကဇပဟိုချက်ကျတဲ့ စိတ်လှုပ်ရှားမှုဆိုင်ရာဆိုတာကိုလည်း ထင်ဟပ်ပြပါတယ်။ လက်တွေ့အသုံးချရေးဝါဒီတွေနဲ့ အခြားသော နိုင်ငံရေးအစီအမံတွေဟာ လူသားဘဝရဲ့ အရေးပါတဲ့ အထက်ပါမျက်နှာပြင်ကို မျက်စိလျှမ်းသွားကြတဲ့အခါ နိုင်ငံရေးဆိုင်ရာ နယ်ပယ်ကိုစိတ်ဒုက္ခတွေ ပိုတိုးပွားလာစေတော့တာပါပဲ။

စိတ်လှုပ်ရှားမှုနဲ့ စိတ်လှုပ်ရှားမှုတွေကို ကိုင်တွယ်ခြင်းဟာ နိုင်ငံရေးအကြောင်းတွေးတဲ့အခါ အပြစ်အနာဆာရှိတဲ့ တွေးတောပုံတွေလို့ မဆိုနိုင်



ဘူး။ သူတို့တွေ အစွန်းရောက်သွားမှသာလျှင် လူအုပ်စု အစုအပေါင်းကိုသွေးရူးသွေးတမ်း ဖြစ်သွားစေတာပါ။ ဒါပေမယ့် စိတ်လှုပ်ရှားမှုတွေအတွက် ထွက်ပေါက်ဖွင့်ပေးဖို့ဆိုတာ ကြောင်းကျိုးဆင်ခြင်မှုကင်းမဲ့ခြင်း မလိုအပ်ပါဘူး။ ဂျာမန်လူမှုရေးဗေဒပညာရှင် မာ့က်စ်ဗီဘာက လက်တွေ့အသုံးချကြောင်းကျိုးဆင်ခြင်မှုနဲ့ တန်ဖိုးအခြေခံ ကြောင်းကျိုးဆင်ခြင်မှုရယ်လို့ ခွဲခြားခဲ့တာဟာ နာမည်ကြီးပါပဲ။ ပထမတစ်ခုကို အစနဲ့ အဆုံးရှိတဲ့ ကြောင်းကျိုးဆင်ခြင်မှုတစ်ခုအဖြစ် သုံးတယ်။ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်တွေမှာ အကျိုးသက်ရောက်မှုအရှိဆုံး၊ အကုန်အကျအများဆုံးတွေကို တိုင်းတာနိုင်ဖို့ရာ မှတ်ကျောက်လည်း ဖြစ်တယ်။ ဒုတိယတစ်ခုကတော့ ရှိနေတဲ့ တန်ဖိုးတွေမှာ ထုတ်လုပ်လိုက်တဲ့ အရာနဲ့ ကုန်ကျစရိတ်(ဝါ)ပေးဆပ်ရမယ့် အတိုင်းအတာပါပဲ။ အိုင်ဒီယိုလိုဂျီအခြေခံတွေမှာ ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါ စေ့စပ်ညှိနှိုင်းလို့ လုံးဝမရတဲ့ ထင်မြင်ယူဆချက်ဟာ တန်ဖိုးအခြေခံကြောင်းကျိုးဆင်ခြင်မှုရဲ့ ဥပမာတွေပါပဲ။ ဆိုလိုတာက သူတို့အကုန်လုံးဟာစိတ်လှုပ်ရှားမှုကုတ်အင်္ကျီကို အကာအကွယ်လုပ်ပြီး ဝတ်ဆင်ထားလေ့ရှိပါတယ်။ လစ်ဘရယ်တွေတောင်မှ လွတ်မြောက်မှုရဲ့ ကောင်းကျိုးကို အလွန်အကျူး ချီးမြှောက်ရင်း၊ ပြီးတော့ လွတ်လပ်မှု ခရူးဆိတ်စစ်ပွဲကို တောင်းဆိုရင်း စိတ်လှုပ်ရှားမှု ကုတ်အင်္ကျီကို ဝတ်ဆင်လာရတာပါပဲ။ ခွဲခြမ်းစိတ်ဖြာဒဿနပညာရှင်တွေက တရားမှုအယူအဆကို လက်ဝဲ၊ လက်ယာ ဘယ်ဘက်မှမသွားတဲ့ အလယ်အလတ်အယူအဆ မသတ်မှတ်ချင်မှာ လစ်ဘရယ်တွေကတော့ တရားမှုမှာ စိတ်လှုပ်ရှားမှုတွေပါဝင်နေတယ်လို့ ဆိုတယ်။ လစ်ဘရယ်တွေဆိုမယ့် စိတ်လှုပ်ရှားမှုတွေဖြစ်တဲ့ စာနာထောက်ထားမှု၊ သေချာရေရာတဲ့ ယုံကြည်မှု၊ ကရုဏာစိတ်စတဲ့ ဝေါဟာရတွေနဲ့ တရားမှုကို ထည့်ဝင်မှာဖြစ်တယ်။ ပြီးတော့ လစ်ဘရယ်ရေးသားပို့ချမှုတွေနဲ့အတူ လူထုရဲ့ စိတ်ကူးတွန့်မြူးခြင်းကို ရှာဖွေမှာဖြစ်တယ်။ ဒါပေမယ့် လစ်ဘရယ်တွေက စိတ်လှုပ်ရှားမှုကို ချဉ်းကပ်စစ်ဆေးတဲ့အခါ ဆင်ခြင်မှုအခြေခံပြီး ခေါင်းအေးအေးထားသုံးတယ်။

အိုင်ဒီယိုလိုဂျီအပေါ် ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုဆိုင်ရာ တွယ်ကပ်ထားတဲ့ နောက်ထပ်အရာတစ်ခုက အကြွင်းမဲ့ အာဏာပိုင်ဝါဒ အဆောက်

အဖုံတွေပါပဲ။ ကျွန်တော်တို့ သိကြတဲ့အတိုင်းပါပဲ။ အကြွင်းမဲ့ အာဏာပိုင် အိုင်ဒီယိုလိုဂျီဟာ ဘာသာဗေဒနဲ့ နိုင်ငံရေးဆိုင်ရာ တရားသေပြဌာန်းချက်တွေနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံရေးအယူအဆတွေရဲ့ အမိပ္ပာယ်တွေကနေ ထွက်လာတာဖြစ်တယ်။ အမိပ္ပာယ်တွေကို ထိန်းချုပ်တော့ကာ စိတ်လှုပ်ရှားခံစားမှုကိုလည်း ကြိုးကိုင်ထိန်းချုပ်ထားတယ်။ ပိုပြီး ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားလာလေလေ၊ အိုင်ဒီယိုလိုဂျီတစ်ခုကို ပိုပြီး ယုံကြည်စွဲလန်းလာလေပဲ။ ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုတွေက ဝင်ရောက်အစားထိုးလေလေ၊ ပြင်ပက ဘာသာဗေဒထိန်းချုပ်မှုကို ပိုလိုအပ်လေလေပါပဲ။ အကြွင်းမဲ့ အာဏာပိုင်ဝါဒက အမိပ္ပာယ်တွေအပေါ် ကြိုတင်ပြီး ထိန်းချုပ်ထားတဲ့ အိုင်ဒီယိုလိုဂျီကို အထောက်အပံ့ပေးတယ်။ ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုတွေဟာလည်း အလျှော့အတင်းမရှိ ကြွပ်ဆတ်မာကျောနေတယ်။ သဘောတူညီညွတ်မှုကိုရှာဖို့ စိတ်ဆန္ဒလည်း မပါလာတော့ဘူး။ ဒီလို မနှစ်သက်ဖွယ်ရာတွေအဖြစ်သာ ဖြစ်ပေါ်နေတော့ကာ အိုင်ဒီယိုလိုဂျီဟာ ပြိုကွဲဖို့ ဖြစ်လာရတော့တာပါပဲ။ ပြင်းထန်တဲ့ ဒါမှမဟုတ် ကြမ်းတမ်းချင်လည်း ကြမ်းတမ်းမယ့် စိတ်လှုပ်ရှားမှုဆိုင်ရာ အပြုအမူတွေဟာ အိုင်ဒီယိုလိုဂျီအတွင်းပိုင်းမှာ သူ့ဘာသာသူ အသစ်ဖြစ်တိုးပွားလာမယ့် အယူအဆတွေကို တားဆီးတယ်။ ဘယ်အိုင်ဒီယိုလိုဂျီကမှ သူ့မှာရှိတဲ့ စိတ်လှုပ်ရှားမှုဆိုင်ရာတွေထဲက သန့်စင်ပြီး ထွက်မလာနိုင်ဘူး။ လူသားအပြုအမူတွေရဲ့ ရှုပ်ထွေးတဲ့ အရှိတရားတွေနဲ့လည်း မဆက်စပ်ပေးနိုင်ဘူး။ လူသား လူ့အဖွဲ့အစည်းရဲ့ စိတ်လှုပ်ရှားမှုဆိုင်ရာတွေကို ပညာရှင်တွေအနေနဲ့ လစ်လျူမရှုသင့်ဘူး။ လူ့အဖွဲ့အစည်းရဲ့ စိတ်လှုပ်ရှားမှုကို စူးစမ်းလေ့လာ၊ လေးစားတန်ဖိုးထားတာမရှိဘဲနဲ့ ဘယ်ပညာရှင်ရဲ့ နိုင်ငံရေးအတွေးအခေါ် စိစစ်ချက်ကဖြင့် ပြီးပြည့်စုံသွားတယ်ဆိုတာမျိုး မရှိနိုင်ဘူး။

အခန်း(၁၀)

နိဂုံး

အိုင်ဒီယိုလိုဂျီမရှိရင် နိုင်ငံရေးဟာ ဘာကြောင့် အလုပ် မလုပ်နိုင်ရသလဲ?

# အခန်း(၁၀)
# နိဂုံး
# အိုင်ဒီယိုလိုဂျီမရှိရင် နိုင်ငံရေးဟာ ဘာကြောင့် အလုပ် မလုပ်နိုင်ရသလဲ?

တကယ်လို့ ရေးသားပို့ချမှု၊ စိတ်လှုပ်ရှားမှု၊ ဝေဖန်ရေး၊ ယဉ်ကျေးမှုစတဲ့ အရာအားလုံးဟာ အိုင်ဒီယိုလိုဂျီအယူအဆနဲ့ ရောယှက်နေတယ်၊ ပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင်အမှတ်လက္ခဏာကိုလည်း တောင်းဆိုကြပြန်တယ်ဆိုရင် ယင်းအရာတွေထက် ကျယ်ပြန့်တဲ့ 'နိုင်ငံရေး'ဟာ အိုင်ဒီယိုလိုဂျီထဲမှာ ပိုပြီး တန်ခိုးအာဏာကြီးထွားနေတဲ့ ဦးစားပေးအရာတစ်ခုများ ဖြစ်မလား? ဆိုလိုတာက 'အိုင်ဒီယိုလိုဂျီ'ဟာ 'နိုင်ငံရေးအိုင်ဒီယိုလိုဂျီ'ဆိုတာအတွက် အတိုချုံးဖလှယ်သုံးတဲ့အရာ တစ်ခုလား? 'အယူအဆတစ်ခု'ဟာ ယဉ်ကျေးမှုစတဲ့ အခြားသော 'အယူအဆ'တွေနဲ့ သိသာထင်ရှားတဲ့ ကွဲပြားခြားနားချက်မရှိတော့ဘူးဆိုတဲ့ အထက်ပါအသိဟာ အဓိပ္ပာယ်ရှိပါ့မလား။ အိုင်ဒီယိုလိုဂျီအယူအဆမှာ အကောင်းအဆိုးရောယှက်နေတဲ့ သမိုင်းရှိတယ်။ ပြီးတော့ အပြုနဲ့ အဖျက်သဘော အနက်တွေကြားထဲမှာ ဝေဖန်စိစစ်မှုနဲ့ အနက်ပြန်စိစစ်မှု နှစ်ခုကြားထဲမှာ ပြိုကွဲနေတယ်။ ဒီလိုမျိုး ပြိုကွဲနေတာကြောင့်ဖြစ်လာတဲ့ ဆုံးဖြတ်ရ မရေရာမှုကြောင့် ပညာရပ်နယ်ပယ်အမျိုးမျိုးကြားမှာ သုံးချင်သလို သုံးနိုင်အောင် ပြန့်ကြနေသလား? တကယ်တော့ စကားလုံးတွေမှာ အဓိပ္ပာယ်တွေ မြောက်မြားစွာရှိနေတာကို ကျွန်တော်တို့ သိကြပါတယ်။ ဒါဟာ အိုင်ဒီယိုလိုဂျီကို လေ့လာပုံပညာရပ်မှာ အဓိကကျတဲ့ အမြင်တစ်ခုပါပဲ။ အိုင်ဒီယိုလိုဂျီဆိုတာ တခြားသော ပညာရပ်တွေက အငှားယူသုံးခဲ့တဲ့ ဝေါဟာရ၊ မကြာခဏဆိုသလို ယူငင်သိမ်းပိုက်ထားတဲ့ ဝေါဟာရတစ်ခုပါပဲ။ ဖရင့်ဖုကျောင်းတော် မာ့က်စ်ဝါဒီနဲ့ ပို့စ်မာ့က်စ်ဝါဒီတွေရဲ့ အနက်ပြန်ဖွင့်ဆိုထားပုံကို ချွင်းချက်ထားပြီးပြောရရင် အိုင်ဒီယိုလိုဂျီဝေါဟာရကို သမိုင်းပညာရှင်တွေက အတွေးအခေါ်စနစ်တစ်ခု ဒါမှမဟုတ် 'ဖွဲ့စည်းတည်ဆောက်ထားတဲ့ အတွေးအခေါ်အစုအဖွဲ့'အဖြစ် လျော့လျော့ရဲရဲ သုံးစွဲတယ်။ ယဉ်ကျေးမှုဆိုင်ရာ လေ့လာသူတွေကတော့ လွှမ်းမိုးကြီးစိုးထားတဲ့ အဆောက်



အအုံကို ရည်ညွှန်းထားတဲ့ ဝေဖန်ရေးအယူအဆတစ်ရပ်အနေနဲ့ သုံးတယ်။ အိုင်ဒီယိုလိုဂျီအယူအဆကို ဒီလိုမြင်တဲ့ အမြင်အများစုဟာ နိုင်ငံရေးထဲကနေ ဝေးရာထွက်ခွာနေတဲ့ အိုင်ဒီယိုလိုဂျီရဲ့သဘောကို ထည့်ဝင်နေကြတာ ဖြစ်တယ်။ အထူးသဖြင့် အခန်း(၄)နဲ့ (၅)မှာပြောခဲ့တဲ့ မိုက်ခရိုနိုင်ငံရေး စိစစ်မှုတွေကနေ ကင်းဝေးအောင် လုပ်နေတာဖြစ်တယ်။ နိုင်ငံရေးကို လေ့လာသူများသာလျှင် အိုင်ဒီယိုလိုဂျီရဲ့ မျက်နှာပြင်အများစုကို တီးခေါက်မိတယ်။ သူတို့က အယူအဆတစ်ခုရဲ့ အသုံးကျပုံကို အမြင့်မားဆုံး ဖော်ပြနိုင်တယ်။ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံကျတဲ့ ခြေလှမ်းအဖြစ်နဲ့ အိုင်ဒီယိုလိုဂျီကို အခွင့်ထူးပေးထားသလို၊ အိုင်ဒီယိုလိုဂျီရဲ့ နောက်ထပ် ဆက်လက်ဖွံ့ဖြိုးမယ့် စွမ်းအားတွေကိုလည်း လေ့လာစုံစမ်းတယ်။

ဒီစာအုပ်မှာ ကျွန်တော်က အိုင်ဒီယိုလိုဂျီကို နိုင်ငံရေးဆိုင်ရာဖြစ်လာဖို့အတွက် ကြိုးစားအားထုတ်ထားတယ်။ အကြောင်းကတော့ အိုင်ဒီယိုလိုဂျီက ပါဝါကို အများဆုံးလည်ပတ်အလုပ်လုပ်ပေးသလို၊ နိုင်ငံရေးစာမျက်နှာမှာ အိုင်ဒီယိုလိုဂျီ မရှိမဖြစ် တည်ရှိနေတယ်။ ပြီးတော့ နိုင်ငံရေးလေ့လာမှုများကလည်း အိုင်ဒီယိုလိုဂျီကို သူတို့ရဲ့ ဗဟိုချက်အဖြစ် ခန့်အပ်ထားလို့ပါပဲ။ သူတို့က အိုင်ဒီယိုလိုဂျီဆိုတဲ့ ဝေါဟာရအပေါ်ကို သူတို့လိုချင်တဲ့ အပြုအမူသွင်ပြင်တွေအတွက် သင့်တင့်သလိုညှိပြီး သုံးကြပါသေးတယ်။ အိုင်ဒီယိုလိုဂျီရဲ့ နက်ရှိုင်းစွာရှုပ်ထွေးနေတဲ့ သဘာဝနဲ့ သူ့ရဲ့ အဓိကမဏ္ဍိုင်လက္ခဏာတွေရဲ့ သီးခြားအမှတ်လက္ခဏာ ပြောင်းလဲညှိယူပေးတတ်ပုံ အားလုံးက သူဟာ နိုင်ငံရေးအတွက် အခြေခံကျတဲ့ ကျောထောက်နောက်ခံဖြစ်ကြောင်း ကျွန်တော်တို့ကို လမ်းညွှန်ပေးတယ်။ နိုင်ငံရေးရဲ့သဘောကို နားလည်လာအောင် ထုတ်ဖော်ပြသပေးတဲ့ နယ်မြေအပွင့်တစ်ခု၊ နိုင်ငံရေးရဲ့ လက္ခဏာအစုအဝေးမှန်သမျှ ချိတ်ဆက်နိုင်တဲ့ နယ်မြေ အပွင့်တစ်ခုလည်း ဖြစ်တယ်။ နိုင်ငံရေးရဲ့ လက္ခဏာတွေကို ခွဲခြမ်းသတ်မှတ်ဖို့ နည်းလမ်းတွေက အိုင်ဒီယိုလိုဂျီဆိုတဲ့ ဝေါဟာရ အသုံးပြုမှသာလျှင် ရမှာဖြစ်တယ်။ ဒါဟာလည်း အိုင်ဒီယိုလိုဂျီ(ဝါ) 'အယူအဆတစ်ခု'အပေါ် အကြွင်းမဲ့ ထုတ်ဖော်ပြသမှုလုပ်တာမျိုးတော့ မဟုတ်ဘူး။ 'အယူအဆ'ရဲ့ သဘာဝကိုယ်၌က အငြင်းပွားဖွယ်ရာနဲ့ အသစ်သစ်ဖြစ်ထွန်းပြောင်းလဲတဲ့ သဘာဝရှိနေတယ် မဟုတ်လား?

အမှန်တကယ်တော့ အိုင်ဒီယိုလိုဂျီလေ့လာမှုကို နိုင်ငံရေးအတွေး အခေါ်လေ့လာမှုမှာ အကျိုးအမြတ် အဖြစ်ထွန်းစေဆုံးအရာအဖြစ်နဲ့ အသိ အမှတ် ပြုခံရတယ်။ ဆိုလိုတာကို အိုင်ဒီယိုလိုဂျီလေ့လာမှုကသာလျှင် နိုင်ငံ ရေးကွန်မြူနတီတွေနဲ့ ပတ်သက်ပြီး လက်တွေ့ကျကျ တွေးတောနိုင်သလို၊ ကွန်မြူနတီတွေ အတွင်းကနေလည်း တွေးတောနိုင်တယ်။ နိုင်ငံရေးနယ် ပယ်မှာ စိတ်ဝင်စားသူ ဘယ်သူမဆိုအတွက် အိုင်ဒီယိုလိုဂျီလေ့လာမှုဟာ ကိုယ့်ကိုယ်ကိုယ် ပေးအပ်ထားတဲ့ အရာတွေထဲက ရွေးချယ်ရတဲ့အရာမျိုး မဟုတ်ဘူး။ အိုင်ဒီယိုလိုဂျီလေ့လာမှုက သူတို့လမ်းကို သူတို့ဖောက်ပြီး သူတို့ ရဲ့ လူမှုရေးပတ်ဝန်းကျင်ကို နားလည်လာအောင်လုပ်ပေးတဲ့ စိတ်ကူးအခေါ် တွေ၊ သင်္ကေတတွေအပေါ်ကို အဓိက အာရုံစိုက်တယ်။ အိုင်ဒီယိုလိုဂျီက နိုင်ငံရေးအက်တာတွေနဲ့ အလေ့အကျင့်တွေ၊ အင်စတီကျူးရှင်းတွေကို သတင်း အချက်အလက်တွေ ပေးတယ်။ ပြီးတော့ သူတို့ရဲ့ ကိုယ်ကျင့်တရားအမြင်နဲ့ မျှော်လင့်ချက်တွေကိုလည်း ပိုပြီးခိုင်မြဲအောင် လုပ်ပေးတယ်။ အိုင်ဒီယိုလိုဂျီ ဟာ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ချင်လုပ်မယ်၊ ဒါမှမဟုတ် မလုပ်ချင် မလုပ်ဘူး။ သူက အပြင်ဘက်က အရာတစ်ခုခုကို ကိုယ်စားပြုချင် ပြုမယ်၊ မပြုချင် မပြုဘူး။ ဒါပေမယ့် စစချင်းမှာတော့ ကျွန်တော်တို့ လုပ်ချင်တဲ့ အရာကို တစ်စစီ ခွဲခြမ်းစိတ်ဖြာမကြည့်ခင်၊ ထင်ယောင်ထင်မှားဖြစ်မှုကို ထုတ်ဖော်မပြခင်မှာ ကိုယ်လုပ်ချင်တဲ့ အရာအပေါ်ကို နိုင်ငံရေးအရ နား လည်ဖို့ရာ လိုသလား၊ မလိုဘူးလားဆိုတာ ဘာပြဿနာမှ မဟုတ်လှပါဘူး။ အိုင်ဒီယိုလိုဂျီတွေကို လေ့လာစူးစမ်းဖို့က နိုင်ငံရေးရဲ့ နှလုံးသည်းပွတ်ကို ထိုးဖောက်ကြည့်ဖို့သာ ဖြစ်တယ်။ ပြီးတော့ အဲဒီလိုထိုးဖောက်တဲ့နေရာမှာ စေတနာရှိရှိလုပ်သူကိုသာ လိုချင်ပြီး နဂိုကတည်းက အိုင်ဒီယိုလိုဂျီဟာ နိုင်ငံ ရေးအတွက် အရေးမပါဘူးလို့မြင်ထားတဲ့ အမြင်မျိုးနဲ့ ထိုးဖောက်ကြည့်တာ မျိုး မလိုအပ်ဘူး။ နိုင်ငံရေးဆိုတာ အဓိကအားဖြင့် စုပေါင်းဆုံးဖြတ်ချက်ပြု လုပ်ခြင်းနဲ့ အဓိကသက်ဆိုင်ပြီး အဲဒီလို ဆုံးဖြတ်ချက်တွေရဲ့ ရှေ့မှာ ကြုံတင် ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ နောက်မှဖြစ်ပျက်လာမယ့် ပဋိပက္ခတွေကို ထိန်းညှိပေးတာတွေကို လုပ်ရတယ်။ နိုင်ငံရေးအကြောင်း တွေးတောခြင်း ဟာ အထက်ပါဦးတည်ချက်တွေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ တွေးခေါ်ခြင်း



ပါပဲ။

အငြင်းပွားဖွယ်ရာ ပဋိပက္ခတွေကို တဖြည်းဖြည်းဖယ်ထုတ်ပြီး တွေးတဲ့ အတွေးနဲ့ အဲဒီလို လေ့လာပုံဟာ နိုင်ငံရေးသီအိုရီအတွက် အဓိက မကျိုင်ကျတဲ့ တွေးခေါ်ပုံမျိုးပါပဲ။ နိုင်ငံရေးဟာ လူမှုရေးဆိုင်ရာ ပြုမူလှုပ်ရှား မှုတစ်ခုဖြစ်နေတဲ့အတွက် ဒီလိုတွေးပုံဟာ အရေးကြီးတာပါ။ ဒီလိုပဲ နိုင်ငံ ရေးနဲ့ ပတ်သက်တဲ့ တွေးခေါ်ခြင်းဟာလည်း လူမှုရေးဆိုင်ရာ ပြုမူလှုပ်ရှားမှု တစ်ရပ်ပါပဲ။ ဒီပြုမူလှုပ်ရှားမှုက နိုင်ငံရေးရဲ့အပြင်ဘက်က အရာမဟုတ်ဘူး။ ဆိုလိုတာက နိုင်ငံရေးဒဿနပညာရှင်တွေ ထုတ်ဖော်ပြောဆိုတတ်ကြတဲ့ ထင်မြင်ချက်လိုမျိုး မဟုတ်ဘူး။ ထင်မြင်ချက်ဆိုတာ နိုင်ငံရေးရဲ့ အပြင်ဘက် အရာသာလျှင် ဖြစ်တယ်။ လူမှုရေးဆိုင်ရာ ပြုမူလှုပ်ရှားမှုဆိုတာ သူကိုယ်၌ က နိုင်ငံရေးအတွေးအခေါ်နဲ့ အပြုအမူအတွဲကြီး ဖြစ်နေတာပါ။ အိုင်ဒီယို လိုဂျီမှန်သမျှဟာ နိုင်းရ နိုင်ငံရေး သိပ္ပံပညာရှင်တွေ ခွဲခြားသတ်မှတ်သလိုမျိုး 'နိုင်ငံရေးရဲ့ ပြင်ပအရာ'တော့ မဟုတ်ဘူး။ နိုင်ငံရေးရဲ့ ပြင်ပအရာဆိုတဲ့ သဘောက သူက အချိန်တိုင်း အချိန်တိုင်း အကျိုးအမြတ် လောကတစ်ခုခုကို ဝင်ရောက်စွက်ဖက်နေတာ။ အိုင်ဒီယိုလိုဂျီဟာ 'ပြင်ပ အရာဖြစ်ခြင်း'ထက်စာ လျှင် ပစ္စုပ္ပန်ကာလ တရားအတွင်းမှာရှိတဲ့ နိုင်ငံရေးအရ ဖယ်ခွာကြည့်မြင်လို့ မရတဲ့ ရှုထောင့်တစ်ရပ်သာလျှင် ဖြစ်တယ်။

ဒါပေမယ့် အိုင်ဒီယိုလိုဂျီဟာ နိုင်ငံရေးနယ်ပယ်ထဲမှာ သက်သောင့် သက်သာသာ တည်ရှိတယ်ဆိုရင်တောင် ရေးသားပို့ချမှုမှန်သမျှ အိုင်ဒီယို လိုဂျီဖြစ်တယ်ဆိုတဲ့ အဖျက်သဘောအမြင်ရှိတဲ့ ဖရင့်ဖူ ဝေဖန်ရေးသီအိုရီအမြင် ကို ဘယ်လိုတုံ့ပြန်မလဲ? အိုင်ဒီယိုလိုဂျီကို ရေးသားပို့ချမှုနဲ့ ခွဲခြားပြီး မပြော နိုင်တာကြောင့် သူကပေးအပ်မယ့် အကျိုးအမြတ်တွေကို သံသယရှိသွား လိမ့်မယ်။ လူသားတွေရဲ့ ရေးသားပို့ချမှုမှာ အိုင်ဒီယိုလိုဂျီ ရှုထောင့်တစ်ရပ်ရှိ နေတယ်လို့ ပိုပြီးတိတိကျကျ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ရေးသားပို့ချမှုကို အိုင်ဒီယိုလိုဂျီ ရှုထောင့်တစ်ရပ်သက်သက်အဖြစ် လျှော့ချမပေးနိုင်ဘူး။ တက်စ်တစ်ခုမှာ တစ်ခုထက်ပိုတဲ့ အဓိပ္ပာယ်တွေရှိနေတယ်ဆိုတဲ့ ဖွင့်ဆိုရှင်း လင်း ရှုထောင့်အမြင်ကို ကျွန်တော်တို့ လက်ခံထားကြတယ်။ စာပေအရပဲ ဖြစ်ဖြစ်၊ ရသနဲ့ ကျင့်ဝတ် အရပဲဖြစ်ဖြစ် အဓိပ္ပာယ်အမျိုးမျိုးထွက်လာမယ်လို့

လက်ခံထားတော့ကာ 'ရှုထောင့်တစ်ရပ်တည်းသက်သက်'အဖြစ် လျှော့ချတာမျိုးနဲ့ လွဲနေတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ အိုင်ဒီယိုလိုဂျီရှုထောင့်တွေအားလုံးဟာ ညီတူညီမျှ အနက်ထွက်နေတာ ဒါမှမဟုတ် အသိပညာအားဖြင့် ဆွဲဆောင်မှုရှိနေတာမျိုး မဟုတ်ဘူးလို့တော့ ဝန်ခံထားသင့်တယ်။

အိုင်ဒီယိုလိုဂျီကို နိုင်ငံရေး၊ စုပေါင်းဆုံးဖြတ်ချက်တွေနဲ့ ဆက်စပ်ကြည့်ပုံကို ထိန်းသိမ်းထားခြင်းဟာ အထက်ပါ စုပေါင်းဆုံးဖြတ်ချက်တွေဟာ စုစည်း ညီညွတ်စွာဖြစ်ပေါ်လာတယ်ဆိုပြီး အမြင်မမှားဖို့တော့ အရေးကြီးတယ်။ ဒီလိုဆိုတဲ့အတွက် ကျွန်တော်က အဆောက်အအုံလွန်ဝါဒီတွေရဲ့ စိတ်ဝင်စားတဲ့ တစ်ခုလုံး သဘောပြီးပြည့်စုံမှုမရှိတဲ့ အိုင်ဒီယိုလိုဂျီတွေရယ်လို့ ယူဖို့ဆိုလိုတာ မဟုတ်ဘူး။ အဲဒီမပြီးပြည့်စုံပြီး တစ်ပိုင်းတစ်စဖြစ်နေတဲ့ အိုင်ဒီယိုလိုဂျီဟာ အိုင်ဒီယိုလိုဂျီဆိုင်ရာပြိုကွဲခြင်းကို ဖြစ်ပေါ်စေတယ်လို့လည်း မယူဘူး။ ပို့စ်မော်ဒန် လူမှုရေးဘဝရဲ့ လက္ခဏာတွေထဲက အရေးပါတဲ့အရာတစ်ခုက 'ကွဲပြားခြားနားခြင်း' သဘော တိုးပွားလာတာပါပဲ။ ထောင်ပေါင်းမြောက်မြားစွာ ကွဲပြားတဲ့ အလုပ်တာဝန်တွေ၊ အခန်းကဏ္ဍတွေ၊ ဖွံ့ဖြိုးမှုဆိုင်ရာလမ်းကြောင်းတွေ ဖြစ်ပေါ်နေတာ။

အိုင်ဒီယိုလိုဂျီ ဝေါဟာရတွေထဲမှာ ကျွန်တော်တို့ဟာ 'တစ်သီးပုဂ္ဂလပုံစံပြောင်းလဲခြင်း'နဲ့ ထိပ်တိုက်ရင်ဆိုင်ရမယ်။ တက္ကိကဗေဒအရဆိုရင်တော့ 'တစ်သီးပုဂ္ဂလပုံစံပြောင်းလဲခြင်း'ဆိုတာ တစ်သီးပုဂ္ဂလရဲ့အတွင်းမှာ ယူနီဗာဆယ်သဘာဝ ကိန်းအောင်းနေပြီး ယူနီဗာဆယ်သဘာဝကိုပဲ လူသားကသူ့ရဲ့ တစ်သီးပုဂ္ဂလ သဘာဝရယ်လို့ မှတ်ယူထားတာဖြစ်တယ်။ ဆိုလိုတာကစိတ်ကူး အတွေးအခေါ် အများအပြားကြား လူသားရဲ့ ရွေးချယ်နိုင်စွမ်းကိုပုဂ္ဂလိက ရွေးချယ်မှုအပေါ် နှစ်ခြိုက်တဲ့ ယဉ်ကျေးမှုနဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေက လူသိရှင်ကြား တရားဝင်ဖြစ်လာအောင် လုပ်တာပဲ။ လစ်ဘရယ်ဝါဒကို သရုပ်ဖော်ဖို့ မရင့်ကျက်သေးပါဘူးရယ်လို့ ကျွန်တော်တို့ ထိန်းသိမ်းထားစဉ်မှာပဲ။ 'ပုဂ္ဂလိက ပုံစံပြောင်းလဲခြင်း'ဖြစ်လာဖို့ရာ လစ်ဘရယ်ဝါဒရဲ့ သီးသန့်လက္ခဏာတစ်ခုကို ကျွန်တော်တို့ ဖော်ပြကောင်း ဖော်ပြမယ်။

အဆောက်အအုံဆိုင်ရာ ခြားနားမှု၊ ဗဟိုချက် အခြေပြုလည်ပတ်အလုပ်လုပ်နေတဲ့ လူမှုအဆောက်အအုံတွေကို အတူတကွ စုစည်းဆုပ်ကိုင်



ပေးဖို့ရာ လစ်ဘရယ်ဝါဒဟာ အခြားအိုင်ဒီယိုလိုဂျီထက်ပိုပြီး သင့်တော်ပုံရတယ်။ လစ်ဘရယ်ဝါဒဟာ ဇေ့စပ်ညှိနှိုင်းလို့မရတဲ့ မဏ္ဍိုင်အတွေးတစ်ချို့အတွင်း လည်ပတ်အလုပ်လုပ်တယ်။ ဒါပေမယ့် တစ်သီးပုဂ္ဂလပုံစံ အသွင်ပြောင်းခံထားရမှုတွေနဲ့အတူ ဖြစ်ထွန်းနေတဲ့ လူ့အဖွဲ့အစည်းအတွက်လည်း လစ်ဘရယ်ဝါဒမှာ ကြောင်းကျိုးဆင်ခြင်မှုကို အခြေခံထားတဲ့ ကိုယ်ချင်းစာမှုတွေ၊ ဗဟုဝါဒတွေ ကံကောင်းထောက်မစွာ ပါဝင်နေတယ်။

လစ်ဘရယ်ဝါဒဟာ အယူအဆတစ်ခုရဲ့ သဘောသတက်တစ်ခုလုံးကို အပြည့်အဝ မထိန်းသိမ်းထားနိုင်တဲ့ ဖြစ်နိုင်ခြေနဲ့သာ အလုပ်လုပ်နေရပေမယ့် တစ်ဖက်မှာကျပြန်တော့ ဘုရားမဲ့ အမြင်ကိုတော့ ဖိနှိပ်ထိန်းချုပ်ကယ်။ တကယ်လို့ အထက်ပါအတိုင်း အိုင်ဒီယိုလိုဂျီဟာ ဆန့်ကျင်ဘက်နှစ်ခုကို တစ်ပြိုင်နက်တည်းလုပ်နေပြီဆိုရင် သူက ကွဲပြားခြားနားမှုကို တတ်နိုင်သမျှ လက်ခံပေးချင်တာကြောင့်ပဲ ဖြစ်မယ်။ ပြီးတော့ သူနဲ့သက်ဆိုင်သမျှအရာတွေကို ဗဟုဝါဒထဲ ခေါ်ဆောင်မယ်။ ဒါကြောင့်လည်း လစ်ဘရယ်ပေါ်ထွက်လာမှုဟာ တစ်သီးပုဂ္ဂလ အသွင်ပြောင်းလဲခြင်း ကြီးထွားလာဖို့ ခွင့်ပြုပေးတဲ့သဘော ရောက်နေတယ်။ လစ်ဘရယ်ဝါဒသမိုင်းအပေါ် ကျွန်တော်တို့ရဲ့ သိထားပုံကလည်း သမိုင်းထဲက အလားတူအဆင့်ပုံစံမျိုးပဲ။ လစ်ဘရယ်ဝါဒဟာ အနာဂတ်မှာ ထပ်ခါတလဲလဲ ဖြစ်ပေါ်လာဦးမယ်ဆိုတဲ့ မရဲတရဲစိတ်မျိုးတော့ ရှိပါတယ်။ ဒါတွေအားလုံးက လစ်ဘရယ်ဝါဒကို မြှောက်ပင့်ပြောဆိုနေတာ မဟုတ်ဘူး။ ဒါပေမယ့် မော်ဒန်နဲ့ ပို့စ်မော်ဒန်အခြေအနေနဲ့ကိုက်ညီမှုသဘာဝကိုသာ ထောက်ပြဖို့ပါပဲ။ ဆန့်ကျင်ဘက်ပြောရရင်တော့ ယနေ့ကာလမှာ လစ်ဘရယ်အရင်းရှင်ဝါဒက ဂလိုဘယ်ဝါဒရယ်လို့ ဖြစ်ပေါ်လာဖို့ လေလံပစ်နေခြင်းဟာ သူခံယူထားတဲ့ တစ်သီးပုဂ္ဂလ အိုင်ဒီယိုလိုဂျီကတော့ဖြင့် အမှန်တကယ်မဟုတ်ပါဘူးဆိုတာကို ပြနေတယ်။ သူကစားသုံးသူရဲ့ရွေးချယ်ခွင့်ကို ခွင့်ပြုပေးတယ်။ ဒါပေမယ့် ဈေးကွက်၊ စွန့်ဦးစီးပွားရေးလုပ်ငန်းများရဲ့ ဦးဆောင်မှုတွေကနေတစ်ဆင့် အသေအချာ ဂရုတစိုက် ထိန်းချုပ်တယ်။ အကျိုးဆက်ကတော့ စားသုံးသူရဲ့ တကယ့်လွတ်လပ်တဲ့ ရွေးချယ်မှု၊ အမျိုးမျိုး ကွဲပြားခြားနားမှုသဘာဝကို လက်ခံပေးခြင်းဆိုတာထက် တစ်ပုံစံတည်းဆင်တူနေတဲ့ ပုံစံသစ်တစ်မျိုး ထွက်ပေါ်လာ

တာပဲဖြစ်တယ်။ လစ်ဘရယ်အရင်းရှင်ဝါဒက တခြားသော လစ်ဘရယ်မဟုတ်တဲ့ အိုင်ဒီယိုလိုဂျီတွေနဲ့ ဘုံတူနေတဲ့ အိုင်ဒီယိုလိုဂျီအနေအထားကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားသေးတယ်။ တစ်သီး ပုဂ္ဂလနိုင်ငံသားတွေရဲ့ ရင့်ကျက်မှုကိုလည်း သူထုတ်လုပ်ထားတဲ့ တစ်ပုံစံတည်းသော ဆင်တူမှုပုံစံသစ်လောက် တန်ဖိုးမထားဘူး။ ဒီတော့ တကယ့်လစ်ဘရယ်ဝါဒ, အရင်းခံဖော်ထုတ်ထားတဲ့ စီးပွားရေးနဲ့ နိုင်ငံရေးအုပ်စိုး သူတွေကို ဆန့်ကျင်ဘက်တိုက်ခိုက်မယ့်သဘော မရှိတော့ဘူး။

ဒီနေရာမှာ မေးခွန်းထုတ်ရမှာက နိုင်ငံရေးအတွေးအခေါ်ဟာ ပိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးပေးတယ်ဆိုတဲ့ အမြင်ရှိသူတွေကို အိုင်ဒီယိုလိုဂျီလေ့လာမှုက ဘာများလုပ်ပေးနိုင်သလဲ ဆိုတာပါပဲ။ မေးခွန်းကိုယ်၌ကိုယ်က အဖြေကို ပြောပြနေပါတယ်။ ကျွန်တော်တို့က ဒီမေးခွန်းအတိုင်းပဲ မနုဿဗေဒကိုပါ မေးကြည့်နိုင်တယ်။ ယဉ်ကျေးမှုဆိုင်ရာ အဆက်အစပ်ထဲက လူသားရဲ့အပြုအမူကို လေ့လာစူးစမ်းတာဟာ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းကို ဖန်တီးပေးမလားဆိုတာမျိုးပေါ့လေ။

တန်ဖိုးထားစရာတွေ၊ အဖြစ်အပျက်တွေအတွက် မှန်ကန်တဲ့ တန်ဖိုးဖြတ်ခြင်းဟာ ကောင်းမွန်တဲ့ လေ့လာစူးစမ်းခြင်းကြောင့် ဖြစ်လာတာပါ။ မှန်ကန်ကောင်းမွန်တဲ့ လေ့လာစူးစမ်းချက်ကို တန်ဖိုးထားရမယ့်နေရာမှာ အနက်ပြန်ခြင်းထက်တော့ မလျော့ပါဘူး။ ဒါကြောင့်လည်း ဖရင့်ဖုကျောင်းတော်ရဲ့ မာ့က်စ်ဝါဒ ဝေဖန်ရေးရှုထောင့်ကနေ အိုင်ဒီယိုလိုဂျီချဉ်းကပ်ပုံဟာ အရေးပါနေတာဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အားလုံးခြုံကြည့်ရင်တော့ ဒဿနပညာလို ပညာရပ်နယ်ပယ်သုံး ဘာသာစကား အိုင်ဒီယိုလိုဂျီ ထုတ်လုပ်သူဖြစ်လာဖို့ ကောင်းမွန်တဲ့ ဒီဇိုင်းဖန်တီးမခံထားရပါဘူး။ ဒီလိုပဲ အိုင်ဒီယိုလိုဂျီတွေဟာလည်း ဒဿနဆိုင်ရာ အဆိုတွေကို လုံလောက်စွာ မထုတ်လွှင့်နိုင်ပါဘူး။ နိုင်ငံရေးအတွေးအခေါ်တွေကို အိုင်ဒီယိုလိုဂျီဆိုင်ရာဖြစ်အောင် လုပ်လိုက်တဲ့အရာဟာ ဘာသာဗေဒလိုအပ်ချက်၊ ပြီးတော့ အယူအဆတွေရဲ့ အငြင်းပွားဖွယ်ရာ အဓိပ္ပာယ်တွေကြားထဲမှာမှ အနက်ပြန်ခြင်း အခြေခံအရ အဓိပ္ပာယ်တစ်ခုခုကို ရွေးချယ်မှုတွေနဲ့ ဆက်စပ်နေတယ်။ ဒီလိုမှသာလျှင် အစုအပေါင်း နိုင်ငံရေးအပြုအမူလုပ်ဆောင်ချက်တွေ ဖြစ်လာနိုင်တဲ့



ဘာသာစကားအပေါ် ထိန်းချုပ်နိုင်မှာဖြစ်တယ်။ အိုင်ဒီယိုလိုဂျီဆိုင်ရာ ကန့်ကွက်မှုတွေဖြစ်ပေါ်လာမယ့် အနေအထားအပေါ် ပညာရှင်ဆန်ဆန် အကြောင်းပြချက်တစ်ခုပါပဲ။ ပြီးတဲ့ အိုင်ဒီယိုလိုဂျီတွေထဲက အငြင်းပွားဖွယ်ရာတွေကို တဖြည်းဖြည်းလျော့ချဖို့ ကန့်ကွက်မှုတွေနဲ့ တစ်ဖက်ကနေ အပြိုင်လုပ်နေတာကိုပါ တွေ့နိုင်ပါတယ်။ အိုင်ဒီယိုလိုဂျီ ခွဲခြမ်းစိတ်ဖြာမှုကလည်း တစ်ဖက်ကနေ အဓိပ္ပာယ်တွေ အများအပြားထွက်အောင် လုပ်ဦးမှာပဲ။ ဒီတော့ အနည်းဆုံးအနေနဲ့ မမျှော်မှန်းနိုင်တဲ့ အရာတွေအောက်က မလွတ်မြောက်ဖို့ရာ ခဲယဉ်းသွားတယ်။ အိုင်ဒီယိုလိုဂျီထဲက အဓိပ္ပာယ်မြောက်မြားစွာနဲ့ အငြင်းပွားဖွယ်ရာတွေကို လျော့ချပစ်ခြင်းဟာ ယင်းအိုင်ဒီယိုလိုဂျီကို အထောက်အောက်ဖိစီးမယ့် အဆင့်အတန်းဖြစ်လောက်အောင် တန်ဖိုးဖြတ်လိုက်တယ်။ ပြီးတော့ အိုင်ဒီယိုလိုဂျီ ရပ်တည်ချက်တွေရဲ့ ဗဟုသဘောကို တန်ပြန်စိန်ခေါ်တော့တာပဲ။ ဒါပေမယ့် အငြင်းပွားဖွယ်ရာတွေကို လျော့ချပစ်လိုက်တာကြောင့် အိုင်ဒီယိုလိုဂျီဟာ အဓိပ္ပာယ်တစ်ခုတည်းဖြစ်သွားပြီး အထက်အောက်ဖိစီးမယ့် အနေအထားကို ဘယ်လိုပဲရောက်နေပါစေ၊ လူ့အဖွဲ့အစည်းရဲ့ အမြင်တစ်ခုတည်း မဟုတ်တောင်မှ ပြန်ကန့်ကွက်မယ်။ အိုင်ဒီယိုလိုဂျီကတော့ သူ့ရဲ့မျက်နှာပြင်အောက်မှာ တည်ရှိနေမှာပါပဲ။ တန်ပြန်ကန့်ကွက်မှုတွေကို တရားဝင်ဖြစ်လာစေဖို့၊ ပြီးတော့ ဆွေးနွေးငြင်းခုံမှုတွေကို ဗဟုသဘောဆန်လာဖို့က ကြောင်းကျိုးလက်ခံနိုင်ဖွယ်ရာ အိုင်ဒီယိုလိုဂျီဆိုင်ရာ သဘောမတူညီမှုတွေကို သာမန်ဖြစ်ရိုးဖြစ်စဉ်အဖြစ် လက်သင့်ခံပေးရပါမယ်။

## နိုင်ငံရေးအရင်းအမြစ်လိုမျိုး အိုင်ဒီယိုလိုဂျီ

အိုင်ဒီယိုလိုဂျီဟာ နိုင်ငံရေးအတွေးအခေါ်ရဲ့ ရှုထောင့်တစ်ရပ်အနေနဲ့သာ လိုအပ်တယ်ဆိုရင် ဘာကြောင့် အိုင်ဒီယိုလိုဂျီဟာ ပင်မနိုင်ငံရေးစီးကြောင်းထဲမှာ အဓိကကျနေရသလဲ? အိုင်ဒီယိုလိုဂျီရဲ့ အဓိကနေရာကသူ့ရဲ့ လက္ခဏာလေးခုကနေထွက်လာတဲ့ အကျိုးဆက်ရလဒ်ကြောင့် ဖြစ်တယ်။ ပထမလက္ခဏာတစ်ခုက အိုင်ဒီယိုလိုဂျီတွေဟာ နိုင်ငံရေးအတွေးအခေါ်တွေကို ထုတ်ဖော်ပြတဲ့ အစဉ်အလာပုံသဏ္ဍာန်တွေ ဖြစ်တယ်။

နိုင်ငံရေးဆိုတာ အစုအပေါင်း ရည်မှန်းချက်တွေရရှိဖို့ လူ့အဖွဲ့အစည်းတစ်ခုနဲ့ လူ့အဖွဲ့အစည်းတွေအတွင်းက ပဋိပက္ခကို ထိန်းညှိပေးဖို့နဲ့ ပတ်သက်နေတယ်။ အိုင်ဒီယိုလိုဂျီဆိုတာ ပွင့်လင်းတဲ့ ထင်မြင်ယူဆချက်တွေ၊ အဓိကအရေးပါတဲ့ အိုင်ဒီယာတွေကို ပိုမိုတောက်ပလာစေမယ့် နိုင်ငံရေးအတွေးအခေါ်ရဲ့ အစီအစဉ်တွေပါပဲ။ ပြီးတော့ ကျွန်တော်တို့ဟာ လူ့အဖွဲ့အစည်းတစ်ခုရဲ့ နေ့စဉ် နိုင်ငံရေးအတွေးအခေါ်နဲ့ သူတို့အရေးပါပုံ၊ ကျယ်ပြောပျံ့နှံ့ပုံကို နားမလည်မချင်း၊ မလေးစားမချင်း၊ နိုင်ငံရေးရဲ့သဘာဝကို လုံလုံလောက်လောက် ရှင်းပြနိုင်မှာ မဟုတ်ဘူး။ အိုင်ဒီယိုလိုဂျီဟာ အစဉ်အလာပုံသဏ္ဌာန်တစ်မျိုးဖြစ်တဲ့အခါကြတော့ကာ ကျွန်တော်တို့သိဖို့ လိုအပ်တာထက် ဘယ်တော့မှ ကျော်ပြီးမလုပ်ပေးနိုင်သလို၊ သူ့ကို အစဉ်အလာလုပ်ပုံနဲ့ ရောယှက်ကြည့်လို့လည်း မဖြစ်ဘူး။ ထူးခြားတဲ့ အရာတစ်ခုအဖြစ်လည်း ခွင့်မပြုသင့်ဘူး။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီဟာ လူ့အဖွဲ့အစည်းတစ်ခုရဲ့ နိုင်ငံရေးနှလုံးခုန်သံတွေ ဆက်လက်ခုန်နေဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံတစ်ခုကိုတော့ ပေးအပ်တယ်။

ဒုတိယတစ်ခုက အိုင်ဒီယိုလိုဂျီတွေဟာ နိုင်ငံရေးအတွေးအခေါ်မှာမှ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အမျိုးအစားတွေပဲ။ သူတို့က နိုင်ငံရေးလုပ်ဆောင်ချက်တွေ မပေါ်ပေါက်စေဘဲ ဆုံးဖြတ်ချက်တွေ ပြုလုပ်ချမှတ်နိုင်တဲ့ဘောင်တွေကို ပေးအပ်တယ်။ အိုင်ဒီယိုလိုဂျီတွေဟာ အုပ်စိုးသူထောင့်ကနေကြည့်ရင် ပါဝါရဲ့ အသုံးချပစ္စည်းပဲ။ ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းဝင်တွေရဲ့ အမြင်ဘက်ကကြည့်ရင် ရွေးချယ်မှုတွေကို ခွန်အားရှိရှိ ပြုလုပ်နိုင်လာစေတဲ့ ကိရိယာတစ်ခုခုပဲ။ အဲဒီနောက်မှာတော့ အိုင်ဒီယိုလိုဂျီတွေဟာ ကျယ်ပြန့်တဲ့ လူထုအပေါ် လွှမ်းမိုး ဖို့ရာ ဒီဇိုင်းဆင်ထားရတယ်။ ဒါမှမဟုတ် အနည်းဆုံးအနေနဲ့ အဓိကနိုင်ငံရေး အုပ်စုတွေကို လူထုပေါ် လစီပြုလုပ်ရာမှာ လမ်းညွှန်ပေးဖို့ရာ ပုံစံတစ်ခုပဲ။ လွှမ်းမိုးတယ်ဆိုတဲ့နေရာမှာ ဘယ်သူက အိုင်ဒီယိုလိုဂျီအငြင်းပွားဖွယ်ရာတွေကို ဖယ်ရှားသန့်စင်ပြီး သူလိုချင်တဲ့ အမြင်နဲ့ အလုပ်လုပ်နိုင်သလဲဆိုတာကို အသေအချာ မပြောနိုင်ဘူး။ ကျွန်တော်တို့အားလုံးဟာ လူ့အဖွဲ့အစည်းထဲမှာ အမှန်တကယ် လိုလားနှစ်သက်ဖွယ်ရာ အိုင်ဒီယိုလိုဂျီအဆိုတွေကို ဖော်ပြကြဖို့ လိုအပ်တာပါပဲ။ ဆိုလိုတာက



အချိန်ကာလ အမှတ်တစ်မှတ်မှာ အိုင်ဒီယိုလိုဂျီတစ်စုံတစ်ရာကို ဂရုတစိုက်တော့ဖြင့် ရွေးချယ်ရမှာဖြစ်တယ်။ တစ်ခါတရံမှာ အိုင်ဒီယိုလိုဂျီတွေဟာ ဆယ်စုနှစ်များစွာ ကြာတယ်။ နှစ်ဆယ်ရာစု လက်ရာအမျိုးအစားတစ်ခုဖြစ်တဲ့ နီယိုလစ်ဘရယ်ဝါဒဟာ ၁၉၄၀ ခုနှစ်များလောက်ကတည်းက အစေ့အညှောက်ပေါက်လာပြီး ၁၉၈၀ ခုနှစ်များအရောက်မှာ ပွင့်လာခဲ့တယ်။ အိုင်ဒီယို လိုဂျီတွေမှာ 'လွှမ်းမိုးနိုင်စွမ်းဂုဏ်သိက္ခာ'ရှိပုံရပါတယ်။ အကြောင်းက သူတို့တွေမှာ လက်တွေ့ကျတဲ့ တင်သွင်းမှုတွေရှိသလို၊ သူတို့အပေါ် ယုံကြည်စွဲလမ်းတဲ့ အဆောင်အယောင်ရှိတဲ့ အုပ်စုတွေက ခံယူတတ်ကြတယ်။ ပြီးတော့ သူတို့ရဲ့ အိုင်ဒီယိုလိုဂျီတွေကို အမျိုးသားရေးနဲ့ အမျိုးသားရေးအစိတ်အပိုင်းတွေထဲမှာ ထုတ်လုပ်လာကြလို့ပါပဲ။ နောက်တစ်ခုက အိုင်ဒီယိုလိုဂျီတွေကို ပါဝါတည်ဆောက်ချက်အဖြစ် အချို့ကကြောက်ရွံ့ပြီး၊ မနှစ်မြို့ကြတာကိုလည်း ကြည့်နိုင်ပါတယ်။

တတိယတစ်ခုက အိုင်ဒီယိုလိုဂျီတွေဟာ စိတ်ကူးကွန့်မြူးနိုင်စွမ်းရှိတဲ့ ဖန်တီးမှုရဲ့ ဥပမာတွေပဲ။ ပြီးတော့ အဲဒီလို အခန်းကဏ္ဍကနေပြီး နိုင်ငံရေးစနစ်ကြီးတစ်ခုကို ခြေကုပ်ယူထားတဲ့ စိတ်ကူးစံ အရင်းအမြစ်တွေနဲ့ အခွင့်အလမ်းတွေကို ပေးအပ်တယ်။ ထင်ထင်ရှားရှားတွေ့နိုင်တာက အိုင်ဒီယိုလိုဂျီမှာ အဆက်အစပ်ရှိမှုနဲ့ ရှေ့နောက်ညီညွတ်မှုပမာဏ အနည်းငယ်တော့ဖြင့် လိုအပ်တာပဲ။ ပြီးတော့ သူတို့ကို ကိုယ်ကျင့်တရားဆိုင်ရာ အင်အားလို့ ယူဆကြရင် သူတို့ဟာ ကြီးမားတဲ့ အကျိုးသက်ရောက်မှုတွေ ရရှိလာနိုင်တာပဲဖြစ်တယ်။ ဒီအမြင်ကြောင့် အိုင်ဒီယိုလိုဂျီကို လောဂျစ်ပညာ၊ ကိုယ်ကျင့်ဒဿနတွေနဲ့ ရောစပ်ထားတာ အဖြစ်တောင်မှ မြင်နိုင်တယ်။ ဒါပေမယ့် အိုင်ဒီယိုလိုဂျီရဲ့ သဘာဝတွေအဖြစ် အမြဲအသစ်ဖြစ်နေတာ၊ စမ်းသပ်လုပ်ကိုင်နေရတာ၊ အမြင်အာရုံဆိုင်ရာ သဘောရှိတာ၊ တည်ဆောက်မှုသဘောရှိတာတွေကနေ ဖယ်ခွာပြီး မြင်လို့မရဘူး။ အိုင်ဒီယိုလိုဂျီတွေဟာ လူသားရဲ့ စိတ်ထဲကထွက်လာတဲ့ ထုတ်ကုန်တွေဖြစ်တဲ့အတွက် ပြောင်းလဲလွယ်တဲ့ ဒါမှမဟုတ် အန္တရာယ်ရှိတဲ့သဘာဝကိုလည်း တွေ့ရမယ်။ အိုင်ဒီယိုလိုဂျီဟာ လူ့အဖွဲ့အစည်းတစ်ခုက ရွေးချယ်နိုင်တဲ့ လူမှုရေးလက္ခဏာတွေနဲ့ စွမ်းအားရှိတဲ့ အခွင့်အလမ်းမျိုးစုံကို ပေးအပ်သလို ရသဆိုင်ရာ စွမ်းရည်၊ စိတ်ပိုင်း

ဆိုင်ရာ ကျေနပ်သာယာခြင်း၊ အသိပညာဆိုင်ရာ စီရင်ဆုံးဖြတ်ချက်တွေလည်း ရောယှက်ထားတယ်။ အနည်းဆုံးအနေနဲ့ အိုင်ဒီယိုလိုဂျီ ရုပ်ရင်းတွေရဲ့ ပုံသဏ္ဌာန်ပြောင်းလဲရွေ့လျားနိုင်စွမ်းက စိတ်ကူးကွန့်မြူးမှု ပါဝါကို ပေးအပ်ပြီး တွေ့ကြုံခံစားမှုနဲ့ နားလည်ခြင်းကို ပုံသဏ္ဌာန်အသစ်တွေမှာ ပြန်လည်ပေါင်းစပ်ပေးတတ်တယ်။

စတုတ္ထတစ်ခုက အိုင်ဒီယိုလိုဂျီတွေဟာ အလွယ်တကူ ဆက်သွယ်နိုင်စွမ်းရှိဖို့ လိုအပ်တယ်။ သူတို့ကို လူထုက လွယ်လွယ်ကူကူ ထွေးပိုက်နိုင်ဖို့ရာ ဆွဲဆောင်နိုင်ရမယ်။ သူတို့ဟာ ပညာရပ်ဝေါဟာရထူးတွေထဲမှာ ကိန်းဝပ်မနေသင့်ဘူး။ အမြဲတမ်းပွင့်လင်းနေရမယ်။ နိုင်ငံရေးအဆုံးသတ် ရည်မှန်းချက်တွေအပေါ် ယေဘုယျဆွေးနွေးငြင်းခုန်မှုကို ထည့်ဝင်ဖို့ရာ လိုအပ်တယ်။ သူတို့ဟာ အမြင်အာရုံအရရော၊ ဖတ်ရှုစရာ တက်စ်တွေအရပါ ပုံစံအမျိုးမျိုးထဲမှာ တွေ့ရ တတ်တယ်ဆိုတာ သတိရသင့်တယ်။ အိုင်ဒီယိုလိုဂျီ ပညာရှင်အတွက်ကတော့ တခြားသော ပညာရှင်တွေကို ရှုပ်ရှုပ်ထွေးထွေးမရှိတဲ့ အရေးအသားတွေနဲ့ ဆွဲဆောင်နိုင်ဖို့ပဲ၊ ပြီးတော့ နိုင်ငံရေးဒဿနပညာရှင်ရဲ့ မဟာစာအုပ်တွေတောင်မှ သူတို့ကိုယ်သူတို့ အိုင်ဒီယိုလိုဂျီစွမ်းအင်မျိုး ရရှိချင်တယ်ဆိုရင် လွယ်ကူအောင် ပြန်လည်ရေးသားရှင်းလင်းပြတဲ့ နိဒါန်းမျိုးတွေကို စောင့်မျှော်နေရတာပါပဲ။

အိုင်ဒီယိုလိုဂျီတရားသေဝါဒရဲ့ သီအိုရီအဟောင်းတွေက အခုဆိုရင် လွဲသာပြောင်းသာရှိတဲ့ အိုင်ဒီယိုလိုဂျီအသစ်တွေကို ပေးအပ်နေပါပြီ။ အိုင်ဒီယိုလိုဂျီအသစ်တွေက ယနေ့ ပစ္စုပ္ပန်နိုင်ငံရေးလောကကို ပုံဖော်နေရုံသာ မကဘူး။ သူ့ရဲ့အနာဂတ်ကိုပါ ပုံဖော်နေပါတယ်။ တကယ်လို့ ကျွန်တော်တို့ဟာ အရသာ ပြည့်ဝတဲ့ အနာဂတ်ကို လိုချင်တယ်ဆိုရင်တော့ တရားသေစွဲမြဲမှုကို တော်လှန်နိုင်စွမ်းရှိတဲ့ 'ဖြစ်နိုင်ခြေတွေ'ကို ပြုစုပျိုးထောင်ပေးရမယ်။ ပြီးတော့ ယနေ့ပစ္စုပ္ပန်ရဲ့ အိုင်ဒီယိုလိုဂျီတွေအတွင်းက အန္တရာယ်ဖြစ်စေတဲ့အရာတွေကို ထိန်းချုပ်ထားဖို့တော့ လိုပါလိမ့်မယ်။

# စာရေးသူ၏ ပုံနှိပ်ထုတ်ဝေပြီး လက်ရာများ

၁။ မော်ဒန်စာပေဝေဖန်ရေးနှင့် သီအိုရီ

၂။ ပို့စ်မော်ဒန်လောကအမြင်

၃။ ဂန္တဝင်များကို ပြန်လည်ဖတ်ရှုခြင်း

၄။ စာပေဆိုတာဘာလဲ

၅။ တက္ကသိုလ်နှင့် စာပေသီအိုရီ

၆။ မောင်ချောနွယ်လေ့လာချက်

၇။ ပို့စ်မော်ဒန်စာပေသမိုင်း

၈။ ခေတ်ပြိုင်သမိုင်းဒဿနနှင့် အယူအဆများ

၉။ မြန်မာမကျော်တဲ့ ကမ္ဘာကျော်စာရေးဆရာများ

၁၀။ တရားမျှတမှုနှင့် ပါဝါ

PDF CREATOR - NYEYADHAMMA@GMAIL.COM

Michael Freeden

IDEOLOGY a very short introduction

မင်းခက်ရဲ့ အိုင်ဒီယိုလိုဂျီ

# အိုင်ဒီယိုလိုဂျီ

## မင်းခက်ရဲ့

Min Khet Yei IDEOLOGY

MGKartz